ပဲခူးမြို့

ရွှေဂူ-
ဆရာတော်အရှင်ဉာဏ
လင်္ကာရ
၏။

# ရွှေဂူကျင့်ဝတ်

## ( အကျယ်-ကျမ်းကြီး )

ပဲခူးမြို့နယ်လုံးဆိုင်ရာ
**ဝိနယတံ့ခွန်ပရိယတ္တိစာမေးပွဲကြီး**
သာမဏေရသီလသိက္ခာတန်းအတွက် ပြဋ္ဌာန်းသည်

၁၃၄၄ ခုနှစ်

သတ္တမအကြိမ်

ဓမ္မဒါန

၁၇၃၂၆

ပဲခူးမြို့ ဦးကြည်ညွှန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
ရွှေဂုံတိုင်လမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဆရာတော်အသျှင်ဉာဏာ
လင်္ကာရ
၏။

# ရွှေဂုဏ်ကျော့ဝတ်

၂၉၄.၃၁၁
ဉာဏာ
၁၇၃၂၆

## (အကျယ်-ကျမ်းကြီး)

ပဲခူးမြို့နယ်လုံးဆိုင်ရာ
# ဝိနယတံ့ခွန်ပရိယတ္တိစာမေးပွဲကြီး
သာမဏေရသီလသိက္ခာတန်းအတွက် ပြဋ္ဌာန်းသည်

ပုံနှိပ်ခြင်း

၁၃၁၀-ခု၊ ပထမအကြိမ် အုပ်ရေ ၃၀၀၀။
၁၃၂၅-ခု၊ ဒုတိယအကြိမ် အုပ်ရေ ၃၀၀၀။
၁၃၃၁-ခု၊ တတိယအကြိမ် အုပ်ရေ ၂၅၀၀။
၁၃၃၆-ခု၊ စတုတ္ထအကြိမ် အုပ်ရေ ၂၀၀၀။
၁၃၃၉-ခု၊ ပဉ္စမအကြိမ် အုပ်ရေ ၂၀၀၀။
၁၃၄၁-ခု၊ ဆဋ္ဌမအကြိမ် အုပ်ရေ ၂၀၀၀။
၁၃၄၄-ခု၊ သတ္တမအကြိမ် အုပ်ရေ ၂၀၀၀။

၁၉၈၂—မေလ

# မဏ္ဍဒါန

ထုတ်ဝေသူ .... ဦးထိန်ဝင်း၊ ကင်းပွတ်ခွင့်အမှတ် (၂၀၃)
အမှတ်-၁၀၇၊ စိန်ဂျွန်းလမ်း၊ ရန်ကုန်။
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၀၂၆)
မျက်နှာဖုံး ခွင့်ပြုချက် (၀၁၈၆)

ပုံနှိပ်သူ .... ဦးတင်မောင်(၀၂၅၆-မြ) စာပေပေါင်းကူး ပုံနှိပ်တိုက်
အမှတ်-၉၀၊ အေ.ဘီ၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်
တောင်ဥက္ကလာပမြို့။ ဖုန်း—၅၇၉၁၅



ဝိနယတံခွန် ပရိယတ္တိစာမေးပွဲ

နာယက ရွှေဂူဆရာတော်ပုံ

# ရွှေဂူရှင်ကျင့်ဝတ် အကျယ်ကျမ်း

## ဖြစ်ပေါ်လာခြင်း နှင့်

# ကျမ်းပြု မဟာထေရဂုဏ်ရည်

## (က) အကျယ်ကျမ်းဟု အက္ခရတံဆိပ် ခပ်နှိပ်ပုံ

အထက်ပါ ကျမ်းဂန်ကို စီရင်ရေးသားခဲ့သော ကျမ်းပြုဆရာတော်ဘုရားသည် ဗြိတိသျှခေတ် နောက်ပိုင်းနှင့် ဂျပန်ခေတ်တို့အတွင်း တောင်ငူနန်းမြို့ ဓမ္မိကာရာမ ရွှေဂူကျောင်းတိုက်၌ သီတင်းသုံး နေထိုင်ခဲ့ပါသည်၊ ထိုစဉ်အခါ တိုက်နယ်တဝိုက် ပတ်ဝန်းကျင်ရှိ ရဟန်းများနှင့် သာမဏေတို့အား ရှင့်ကျင့်ဝတ်နှင့် ဒွေမာတိကာ (ဝိနယစာမေးပွဲ) ကို ဖြစ်နိုင်သည့်နည်းဖြင့် ကျင်းပပေးခဲ့ပါသည်၊ ယင်းနှင့် မရှေးမနှောင်းပင် ပဲခူးမြို့နယ်လုံးဆိုင်ရာ ရွှေခြူး ဝိနယပရိယတ္တိစာမေးပွဲကိုလည်း ကျင်းပခဲ့ပါသည်၊ ဆရာတော်သည် အဆိုပါ စာမေးပွဲ နှစ်ဌာနလုံးတို့၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်၊ ၎င်းစာမေးပွဲတို့၌ သာမဏေများတန်းအတွက် ရှင့်ကျင့်ဝတ် ပါဠိ+အနက် စာအုပ်မျှပင် ရှားပါးခိုက်နှင့် ကြုံရသောကြောင့် ပါဠိ+အနက်မျှ စာသားဖြင့် ရွှေဂူ ရှင့်ကျင့်ဝတ်ကျမ်းငယ်ကို ရေးသားရိုက်နှိပ်ပြီး စာမေးပွဲဝင်တို့အား ထုတ်ဝေလှူဒါန်းခဲ့ပါသည်။

**မှတ်ချက်။** ။အဓိပ္ပာယ်စသည်တို့အတွက် ညောင်လေးပင် ရှင့်ကျင့်ဝတ်ကို ပြဋ္ဌာန်းခဲ့ပါသည်။

ထို့နောက် ကျမ်းပြုဆရာတော်သည် ပဲခူးမြို့ ဓမ္မိကာရာမ ရွှေဂူကျောင်းတိုက်၌ ကျောင်းထိုင် ( ပဓာန ) အဖြစ် သီတင်းသုံးခဲ့စဉ်— (ရွှေခြူး ဝိနယပရိယတ္တိစာမေးပွဲ) ပြဋ္ဌာန်းကျမ်းစာအဖြစ် မူလရှင့်ကျင့်ဝတ်ကျမ်းငယ် စာသားကျဉ်းကို အကျယ်ဖွင့်ဆို ရေးသားပြီးနောက်

ဇက်တင်ပုံနှိပ်ကာ ... ခြုံး ပိနယစာမေးပွဲ (၁၀)ကြိမ်မှ အစပြု၍လည်းကောင်း၊ ယင်း စာမေးပွဲအဆက် ၂၇ ကြိမ်မှ စသည့် ဝိနယတံခွန် ပရိယတ္တိ စာမေးပွဲ၏ သာမဏေရသီလသိက္ခာတန်း ပြဋ္ဌာန်းကျမ်းစာ သတ်မှတ်၍လည်းကောင်း ထုတ်ဝေခဲ့ပါသည်။

အထက်—ဆိုအပ်ခဲ့သောနည်းဖြင့် ရွှေဂူကျောင်းတိုက်ဟူသော ဌာနကို အစွဲပြုပြီး—ရွှေဂူဟူ၍လည်းကောင်း၊ မူလရှင့်ကျင့်ဝတ်ကျမ်းကျဉ်း၏ အကျယ်အဖွင့် ဖြစ်သောကြောင့် (အကျယ်ကျမ်း) ဟူ၍လည်းကောင်း၊ နှစ်ရပ်ပေါင်း (ရွှေဂူရှင့်ကျင့်ဝတ် အကျယ်ကျမ်း)ဟု— အက္ခရာ ကမ္ပည်း တံဆိပ် ခပ်နှိပ်ပျက်ပင် (၇) ကြိမ်ရိုက် တိုင်အောင် ထုတ်ဝေနေသဖြစ်ပါသည်၊ နောင်(ဝိနယတံခွန် ပရိယတ္တိစာမေးပွဲကြီး) ကျင်းပနေသရွေ့လည်း (သာမဏေရသီလသိက္ခာတန်း)အတွက် ပြဋ္ဌာန်းကျမ်းစာအဖြစ် တည်နေရစ်ပါလိမ့်မည်။

## (ခ) ကျင့်နည်းပုံ ရေးစီရင်ပုံ

ဝိနယတံခွန် ပရိယတ္တိအခြေပြုစာမေးပွဲ-သာမဏေရသီလသိက္ခာတန်း အတွက် ကြိုးပမ်းခဲ့သည့် ဤ (ရွှေဂူရှင့်ကျင့်ဝတ် အကျယ်ကျမ်း)သည် သာမဏေတန်းအဖို့ ပြဋ္ဌာန်းချက်ဖြစ်သော်လည်း ကျမ်းဂန်စာသားများမှာ သာမဏေတို့ သင်ခန်းစာတွင်မကပါပဲ ရဟန်းတော်များပင် လေ့လာကြည့်ရှု အာရုံပြုထိုက်သော ဝိနည်းဆိုင်ရာ ဆောင်ပုဒ်လင်္ကာ အပြာဖြာတို့ဖြင့် တန်ဆာဆင်ထားသောကြောင့်လည်း သာသနာတော်ထမ်းများအတွက် အိတ်ဆောင်တခု လက်စွဲပြုလျက် လေးမြတ်ကြည်ဖြူ အားကိုးအားထားမှု ပြုထိုက်သည့် ကျမ်းမြတ်တဆူ ဖြစ်ပါပေသည်။

## (ဂ) တန်ဆာဆင်ထားသည့် ကျမ်းတို့မှာ

ဝိနည်း ပိဋကတ်တော်ဆိုင်ရာ ပါဠိ+အဋ္ဌကထာ+ဋီကာကြီး (၄) ကျမ်း၊ ယောဇနာကျမ်းများ၊ ပစ္စေကဗုဏ္ဏာပိုင်းမှာ ဝိသုဒ္ဓိမဂ် အဋ္ဌ-ကထာ၊ ၎င်းမဟာဋီကာ၊ လိင်္ဂဏ်ပိုင်းဟို၌ ခုဒ္ဒကပါဌ အဋ္ဌကထာ သုတ္တန်ပိဋကတ်ဆိုင်ရာများ၊ ကျမ်းဂန်ပေါင်း(၁၄)ကျမ်းတို့မှ လိုအပ်ထိုက်သက်ရာ ယည့်သွင်း ထားသည့်အပြင် (ယေရဝါဒ) သရဏဂုံခန်း

( ဘာဂ္ဂမအကြိမ် )

ဝိနိစ္ဆယတို့မှာမူ—နိုင်ငံ၌ ထိတ်ထိတ်ကြဲ ဆရာတော်ဘုရားကြီး (၅)ပါး တို့၏ အယူအဆ အဆုံးအဖြတ်များကိုပါ တိတိကျကျ ထည့်သွင်းဖော်ပြ ထားပါသည်၊ သို့ပါ၍ ကျမ်းဂန်အမည်အလိုက် မွန်မြတ်ထိုက်တန်သော ဝိနည်းအရသာများကို တအုပ်တည်းဖြင့်ပင် သင့်တော်သလောက် လွယ် လင့်တကူ ကြည်ဖြူလှစွာ ရယူသုံးဆောင် နိုင်ပါပေသည်။

**မှတ်ချက်။** ။ဝိနည်း ဗဟုသုတတွေ များသောကြောင့် အကျယ်ကျမ်း ဟုလဲ ဆိုသင့်ထိုက်ပေသည်။

## (ဿ) ကျမ်းဆရာ သာသနာပြုဂုဏ်ရည်

ကျေးဇူးရှင် ကျမ်းပြုဆရာတော်ဘုရားသည် ပင်ကိုယ်မာတ်ခံကပင် သီလသိက္ခာတို့ လွန်စွာမြတ်နိုး အားကိုးအားထားပြုသလောက် သိက္ခာ ပိုင်းဆိုင်ရာ လိုက်နာကျင့်သုံးမှုမှာလည်း အငြိအစွန်းမခံ-ချွတ်ယွင်းချက် ကင်းနိုင်သမျှ ကင်း၍ သန့်ရှင်းစင်ကြယ်အောင် သတိချပ်ကာ ကျင့် ဆောင်အပ်ပါပေသည်၊ သီတင်းသုံးဖော် တပည့်တပန်း ရှင် ရဟန်းတို့ သာသနာဘက် အသားတက်အောင်လည်း ဖျောင်းဖျောင်းဖျဖျ လမ်း မှန်ချ ဆုံးမမှုဖြင့် သာသနာပြုခဲ့ပါသည်၊ စာမေးပွဲဆိုင်ရာ သာသနာ ပြုပုံမှာလည်း အဂတိတရား အရှင်းပယ်ရှားပြီး အောင်စာရင်း၌ ပုဂ္ဂိုလ်မှန် နေရာမှန်ကျအောင် အထူးစီစစ်ကာ သာသနာပြုခဲ့ပါသည်။

ရွှေခြူး ဝိနယစာမေးပွဲ (၂၆)ကြိမ်မှ စ၍ ဝိနယတံခွန် ပရိယတ္တိစာ မေးပွဲ (၃၄)ကြိမ်ထိအောင် ဆရာတော်(ဥက္ကဋ္ဌ)တာဝန်ဖြင့် သာသနာ ပြုခဲ့သော ထိုစဉ်မှ ယခု(၄၂)ကြိမ်တိုင်အောင် ဆိုင်ရာအခြေခံ ဝိနည်း တတ် ရဟန်းတော်များနှင့် သာမဏေတို့သည် အနာဂတ် သာသနာ တော်ကြီးအတွက် ပခုံးပြောင်း လက်ဆင့်ကမ်း ထမ်းဆောင်မည့် ဝန် ထမ်းကောင်းတွေ စုပြီးသား ဆောင်းပြီးသားဆိုသလို ရှိနေပြီး ဖြစ်နေ ကြပေလိမ့်မည်၊ သို့ သာသနာအတွက် အဆက်ပျည်စွာ ရှိနေရစ်မှာဖြစ် သောကြောင့် ဆရာတော်ဘုရား၏ သက်တော်(၇၀)ခုနှစ်ဆယ်နှစ် ဘဝ တဇာတ် အဆုံးသတ်အောင်အထိ မိမိ၏ပန္နာ စက်ယန္တရားကြီးကို စာ မေးပွဲ စာပြန်ပွဲစသော ပရိယတ္တိသာသနာပြု လုပ်ငန်းတို့၌ မနားမနေ

အပြဲဆိုလကဲ့သို့ လှုပ်ရှားခဲ့ခြင်းမျိုးသည် သာမန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ် သာသနာပြုဓာတ်ခံ ရင့်သန်သည့် ပုဂ္ဂိုလ်ထူးတို့၏ အရာသာ ဖြစ်ချေသည်၊ သို့ကြောင့်ပင် ဆရာတော် သာသနာပြုအမှု၌ ပါဝင်ကြကုန်သော ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ ဆေးလိပ်ခုံ အမျိုးသမီးများ အစားစားတို့မှာ လောက သံသရာ ကောင်းကျိုးတွေတွေ သက်ရောက်စေသဖြင့် ရရှိခံစားကြရပါပေသည်။

ဆရာတော်ဘုရား၏ ကိုယ်စားမှုဖြင့် သာသနာပြုနေသဲ အဆက်ကျန် သာသနာတို့မှာ—

(က) ပခုက္ကူတိုင်း (ဂ) မြို့နယ်လုံးဆိုင်ရာ ဝိနယတံခွန်ပရိယတ္တိ အခြေပြုစာမေးပွဲ၊

(ခ) ၃၂-နှစ် လေးလရောက် (၃၂၄) ကြိမ်မြောက် ဝိနယသာကစ္ဆာ၊

(ဂ) သီလရှင်ဆရာလေးများ ပိဋကတ်အခြေပြု စာမေးပွဲ၊

(ဃ) တော်သလင်းလပြည့် ရောက်တိုင်း သီလရှင်များ ဝတ်စုံပိတ် လှူဒါန်းပွဲ၊

(င) ဤ ရွှေဂူရှင့်ကျောင်းဝတ်အကျယ်ကျမ်းက ဆရာဘုရားကိုယ်စား ပြုလျက် ပခုက္ကူတိုင်း (ဂ) မြို့နယ်လုံးနှင့် ကကူ စစ်ကိုင်း၊ မြင်းခြံ၊ မန္တလေး၊ ကော့ကရိတ် စသည်တို့၌ (၆) ကြိမ်ရှိက် (၁၄၅၀၀)ကျော်သောင်းလေးထောင်ငါးရာ အုပ်ရေပေါင်း ပုံနှိပ်ကာ သာသနာပြုတုန်း ပြုခိုက် ရှိနေပါသည်။

ယင်းသို့ ဆရာတော်ဘုရား၏ အဆက်ကျန်သာသနာတို့၏ တည်တံ့ ကြည်လင်ပြီး စည်ပင်ပြန့်ပွား ရှင်သန်ဆဲ ရှိနေကြသည်မှာလည်း ဆရာတော်ဘုရား၏ သိက္ခာတော်(၅၀)တို့ ကာလပတ်လုံး ကျင့်ကြံပွားများ ကြိုးစားခဲ့သော သီလ သမာဓိ ပညာဟူသည့် ထူးခြားစုံလင် ထိုက်တန်သော ဂုဏ်အင်တို့၏ ရောင်ပြန်ဟပ် အရှိန်အဝါတို့က ကောင်းစွာသင့် ရောက် ပင့်ထောက် နေကြသောကြောင့်ပင် ကျင်းပပူဇော်ပွဲတို့၌

(သတ္တမအကြိမ်)

သာသနာပြု ဒကာ, ဒကာမတို့၏ ပီတိလျှမ်း၍ ရွှင်လန်းစွာဖြင့် သဒ္ဒါစေတနာပန်းအငုံတို့သည် ကားကားစွင့်စွင့် တိုးကာတိုးကာပွင့်လန်းလာကြပါပေသည်၊ ထို့ကြောင့် အားရဝမ်းသာ ကျက်သရေမင်္ဂလာ ရှိလှသည့် အခမ်းအနားကြီးကို ကျင်းပ ပူဇော်နိုင်ခဲ့ကြပါသည်။

ဆရာတော်ဘုရား ကျန်းမာရေး မကောင်းလှပါပဲ သာသနာစိတ်ထား မြင့်မားစွာဖြင့် အားထုတ်ရေးသားခဲ့သော ဤ(ရွှေဂူရှင့်ကျင့်ဝတ်အကျယ်ကျမ်း)သည် နောင် ရောက်လတ္တံ့ သာသနာတော်ကြီးအတွက် နေတမူ လတန္ရှုန်းဟု ပမာယူလျက် သာသနာခေတ် ကုန်ဆုံးသည့်နှစ်တိုင်အောင်ပင် သာသနာထမ်း ရဟန်း-သာမဏေတို့လက် အဆက်ဆက်ဖြင့် သွက်လက်ရောင်ဝါ ထွန်းပြောင် တည်နေရစ်ပေလိမ့်မည်ဟု ရည်မျှော်မှန်းဆ တောင့်တမိပါသည်၊ ဤမျှဆိုခဲ့သော (ဝစနက္ကမ) ရေးသားပြီးပြင် စကားရပ်အစဉ်ဖြင့် ကျမ်းပြု ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ်ရည် အလီလီကို စုံညီအောင်တင်ပြခြင်းငှာ အရာမဟုတ်သည့်အတွက်တာကြောင့် ဆိုအပ်ခဲ့သမျှဖြင့်ပင် တုံ့ပြန်ကျေးဇူးဆပ်ကာ အဆုံးသတ်လိုက်ပါသတည်း။

ဝိနယသာကစ္ဆာ အဖွဲ့ဝင်
အရှင်တပါး

( သတ္တမအကြိမ် )

# နိဒါန်း

ပဲခူးမြို့ ရွှေဂူကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ကျေးဇူးရှင် ရွှေဂူဆရာတော်ဘုရား ရေးသားပြုစုသည့် ဤရွှေဂူရှင့်ကျင့်ဝတ် အကျယ် ကျမ်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀-ခန့်မှ ယခုအချိန် ကျအောင် စာအုပ်ရေ ထောင်ပေါင်းများစွာဖြင့် အထက်, အောက် မြန်မာပြည် အနှံ့အပြား လှည့်လည်ကျက်စား၍ ဗုဒ္ဓရှင်တော်မြတ်ဘုရား သာသနာ ၏ ယဉ်ကျေးမှု အခြေခံ အုတ်မြစ်ချပ်ကို ချမှတ် သာသနာ ပြုလျက်ရှိ ပါသည်။

ပထမဦးစွာ မူလသီတင်းသုံးခဲ့ရာ သထုံခရိုင် ဟောင်ဇန်းမြို့ ရွှေဂူ ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ရွှေဂူ စာမေးပွဲ၌လည်းကောင်း၊ ဒုတိယ ပရိယတ္တိသာသနာကို လွန်စွာ အားပေးလေ့ရှိသော ပဲခူးမြို့ ကလျာဏီ သိမ်တော်ကြီး မှ,တည် ဒါယကာ ရွှေခြူး ဦးသူတော်+ ဒေါ်မြတင် ဟူသော သာသနာ့ဝန်ဆောင် ဒါယကာတို့က တာဝန်ယူ ကျင်းပပြုလုပ်သော ရွှေခြူး ဝိနယပရိယတ္တိ စာမေးပွဲ၌လည်းကောင်း၊ တတိယ ပဲခူးမြို့၏ ဂုဏ်သရေရှိ လူကြီးမင်းများ ဖြစ်ကြ၍ ပရိယတ္တိ သာသနာတော်ကို အားပေး ချီးမြှောက်လိုသော ဆန္ဒမွန် အားသည်း သည့် ဥက္ကဋ္ဌကြီး ဦးဘဝင်း အမှူးပြုသော ဝိနယတံခွန် ပရိယတ္တိစာမေး ပွဲကြီး၌လည်းကောင်း ပြဋ္ဌာန်းပြီး နှစ်စဉ် သာသနာပြုလျက် ရှိပေသည်။

ဝိနယတံခွန် ပရိယတ္တိ စာမေးပွဲဆိုသည်မှာ ပဲခူးမြို့နယ်ရှိ ပဓာန နာယက ဆရာတော်ကြီး ၁၂-ပါးတို့ ကြီးမှူး၍ လူဒါယကာ ဝန်ဆောင် အဖွဲ့မှ နှစ်စဉ် နှစ်တိုင်း ပြာသိုလတွင် စာဖြေသံဃာ ၆၀၀-ကျော် ၇၀၀-နီးပါးတို့အား အမှတ်(၁)အ·ထ·က ပဲခူးမြို့တွင် ကျင်းပပြုလုပ် သော သာသနာ့ ရေသောက်မြစ် အသက်သွေးခဲ ဖြစ်သော ဝိနည်း **စာမေးပွဲကြီး** ဖြစ်ပါသည်။

**( သတ္တမအကြိမ် )**

ဝိနည်းကို အဆင့်အတန်း အလိုက် တဲခွန်စိုက် တတ်မြောက်စေ၍ သာသနာတော်ကျိုးကို သည်ပိုး ထမ်းဆောင်မည့် ရှင်, ရဟန်းများ ဆတက်ထမ်းပိုး တိုးပွားပေါ်တွန်းရေးကို ဦးတည်၍ ကျင်းပခဲ့သည်မှာ ယခု အကြိမ်အထိ ၃၇-နှစ်, ၃၇-ကြိမ် ရှိခဲ့ပြီ၊ ထို့ကြောင့်လည်း ပြဋ္ဌာန်းစာဖြစ်သော ဤ ရွှေဂူ ရှင်ကျင့်ဝတ် အကျယ်ကျမ်းကို ထပ်ခါ ထပ်ခါ ရိုက်နှိပ်ထုတ်ဝေ သာသနာပြုကြရပေသည်။

ထိုမျှမကသေး မြင်းခြံ, စစ်ကိုင်း စသော သာသနာ့နယ်မြေ အရပ် ရပ်သို့လည်း ဒေသစာရီ ကြွချီကာ သာသနာပြုလျက် ရှိပါသည်၊ ဤသို့ဖြင့် နှစ်ပေါင်း ၄၀-ကာလ ခရီးကို ကျော်ဖြတ်ပြီး ယခုချိန်ထိ သာသနာတော် တည်းဟူသော ကောင်းကင်ပြင်ဝယ် တင့်တယ် ထွန်းလင်း တောက်ပခြင်းရှိ၍ ဆရာရော တပည့်ပါ လေ့လာကြည့်ရှု မှတ်သား သင်ယူနေကြသည့် ဤ ရွှေဂူရှင်ကျင့်ဝတ် အကျယ်ကျမ်း ကို ထပ်မံပုံနှိပ်ရန် အမှန်လိုအပ်နေပြီ ဖြစ်သဖြင့် ကျေးဇူးရှင် ဒုတိယ ရွှေဂူ ဆရာတော်ဘုရား၏ တာဝန်ပေးချက်အရ ဆရာတော်၏ လောကီကို အမှုမထားဘဲ လောကုတ္တရာကိုသာ ဂရုစိုက်၍ သာသနာကျိုးကို ဆတက် ထမ်းပိုး သည်ပိုးတော်မူသော ဂုဏ်တော် အရပ်ရပ်နှင့် ဤကျမ်းကို ပေါင်ပေါင်ပန်းပန်း ပြုစုတော်မူသော မဟာသာဟ ဝီရိယခာတ် အဖုံဖုံ အလုံးစုံတို့ကို ရှိခိုးကော်ရော် ပူဇော် မြတ်နိုးသော အားဖြင့် ယခု သတ္တမအကြိမ် အုပ်ရေ(၂၀၀၀)ကို ထပ်မံပြင်ဆင်၍ ပုံနှိပ်ထုတ်ဝေအပ် ပါကြောင်း။

**ကြိုင်လင်း**

သာသနဓဇသိရီပဝရ ဓမ္မာစရိယ

ဘုန်းမေတ္တာ ကြိုင်လင်းစာပေဌာန၊ ပဲခူးမြို့။

( သတ္တမအကြိမ် )

# မှီရာကျမ်းဂန်များ

၁။ ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာ ယောဇနာ သဒ္ဒါ စသော ကျမ်းများ။

၂။ ရှေးဆရာတော်တို့ စီရင်ရေးသား ထုတ်ဝေထားသော ရှင့်ကျင့်ဝတ် အမျိုးမျိုး။

၃။ ဝိနည်းတော်ဆိုင်ရာ ရှေးဆရာတို့ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယကျမ်း အမျိုးမျိုး။

## ရေးသားစီစဉ်ပုံ

ရှင်သာမဏေကလေးများ စာမေးပွဲကို အဓိကထား၍ ရေးသားရသဖြင့် သိခဲမည်ထင်စရာ စသည်တို့၌ အမေးသွင်း၍ အဓိပ္ပာယ် ရှင်းပြထားပါသည်၊ သီးခြားလေ့ကျင့်ခန်း ပုစ္ဆာများနှင့် လက်ာ ဆောင်ပုဒ်များပါသည်၊ ရှင့်ကျင့်ဝတ်ပါဠိအနက်ကိုမူတည်၍ သင့်သလို အဓိပ္ပာယ် ဖော်ပြထားသည်၊ သတ်ပုံမလိုက်ပဲ ကလေးတို့ နားလည်ရန် "လဲ·ထာ" စသော မြန်မာသုံး ပေးထားသည်၊ အတော်ပင် စုံစေအောင် စုဆောင်း စီစဉ် ထားလေသည်။

## သင်္ကေတနှင့် မှာထားချက်

ဝိနည်းမဟာဝါ ပါဠိတော်ကို (ဟာ·ပါ) ၎င်းအဋ္ဌကထာကို (ဟာ·ထာ) တေရသကဏ္ဍဋီကာကို (တေ·ဋီ) ဝိမတိဝိနောဒနီဋီကာကို (ဝိ·ဋီ) ဝဇီရဗုဒ္ဓိဋီကာကို ( ဗ·ဋီ ) ဆိုင်ရာ အဋ္ဌကထာကို (ထာ) ဟု ညွှန်ပြထားသည်။

အဓိပ္ပာယ်အောက်၌ ညွှန်ပြထားသော ကျမ်းတို့ကား ယုံနိုင်စရာ သာဓကတို့ဟု မှတ်ပါ၊ ဤကျမ်းစာ၌ သတိပျော့၍ မေ့လျော့မှုကြောင့် ကျမ်းဂန်နှင့် မကိုက်ညီမှု တွေ့ရှိပါက စာဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဖော်ပြမှုကို အထူးပင် ကျေးဇူးတင်လျက် လိုလားပါကြောင်း။

ရွှေဂူ အသျှင် ဉာဏာလင်္ကာရ
( သတ္တမအကြိမ် )

## ကျေးဇူးတင်ခြင်း

ဤကျမ်းကြီး ပေါ်ထွက်ရန် တာဝန်ယူ၍ စက်တင် ရိုက်နှိပ်ပေးသော သာသနာ့ ဝန်ဆောင် ဒါယကာ ရွှေခြူးဦးသူတော်နှင့် ဝိုင်းဝန်း ကူညီ ရေးသား ပေးကြသော ရဟန်းတော် အရှင်မြတ်တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း။

ဂန္ထကာရက

(သဒ္ဒမအကြွမ်)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဏာမဒိကထာ | .... | ၁ |
| ၂။ | မှတ်သားဖွယ် အခန်းအမျိုးမျိုး | .... | ၂ |
| ၃။ | သင်္ကန်းပေး သင်္ကန်းတောင်း ပါဠိအနက် | .... | ၁၇ |
| ၄။ | ၎င်း မှတ်သားဖွယ်အခန်း | .... | ၁၈ |
| ၅။ | ရှင်အဖြစ် တောင်းပန်ပုံနှင့် မှတ်သားဖွယ် | .... | ၂၂ |
| ၆။ | ကန်တော့ရန်နှင့် သီလတောင်း မှတ်သားဖွယ် | .... | ၂၅ |
| ၇။ | သရဏဂုံပေးပုံ ဆောက်တည်ပုံ ပါဠိအနက် | .... | ၂၇-၈ |
| ၈။ | ၎င်း မှတ်သားဖွယ် အခန်း | .... | ၂၉ |
| ၉။ | ၎င်း ထေရဝါဒ ပြခန်း | .... | ၃၁ |
| ၁၀။ | သီလကျင့်ဝတ် သိက္ခာပုဒ် ဆောက်တည်ပုံ | .... | ၄၁ |
| ၁၁။ | ၎င်း မှတ်သားဖွယ်အခန်း | .... | ၄၂ |
| ၁၂။ | ဥပဇ္ဈာယ်ယူပုံနှင့် ပေးပုံ မှတ်သားဖွယ် | .... | ၄၆ |
| ၁၃။ | သီလ, သုဒ္ဓိ, ပရိဘောဂ မှတ်သားဖွယ် | .... | ၄၉ |
| ၁၄။ | စီဝရပစ္စဝေက္ခဏာ ပါဠိအနက် | .... | ၅၄ |
| ၁၅။ | ပိဏ္ဍပါတ ပစ္စဝေက္ခဏာ ပါဠိအနက် | .... | ၅၄ |
| ၁၆။ | သေနာသန ပစ္စဝေက္ခဏာ ပါဠိအနက် | .... | ၅၅-၆ |
| ၁၇။ | ဘေသဇ္ဇ ပစ္စဝေက္ခဏာ ပါဠိအနက် | .... | ၅၆ |
| ၁၈။ | ပစ္စဝေက္ခဏာ ၄-ပါး၌ မှတ်သားဖွယ် | .... | ၅၇ |
| ၁၉။ | လိင်ဒဏ်သင့်ကြောင်း ၆-ပါး | .... | ၉၄ |
| ၂၀။ | လိင်ဆယ်ပါး ပါဠိအနက် | .... | ၉၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | ဒဏ်ဆယ်ပါး ပါဠိအနက် .... | ၉၆ |
| ၂၂။ | လိင်ဆယ်ပါး မှတ်သားဖွယ် .... | ၉၈ |
| ၂၃။ | ဒဏ်ဆယ်ပါး မှတ်သားဖွယ် .... | ၁၁၇ |
| ၂၄။ | သေခိယပါဠိ .... | ၁၃၅ |
| ၂၅။ | သေခိယအနက် .... | ၁၄၁ |
| ၂၆။ | သေခိယ ပရိမဏ္ဍလဝဂ် မှတ်သားဖွယ် .... | ၁၄၉ |
| ၂၇။ | ဥဇ္ဇဂ္ဃိကဝဂ် မှတ်သားဖွယ် .... | ၁၆၄ |
| ၂၈။ | ခမ္ဘကတဝဂ် မှတ်သားဖွယ် .... | ၁၆၇ |
| ၂၉။ | သက္ကစ္စဝဂ် မှတ်သားဖွယ် .... | ၁၇၀ |
| ၃၀။ | ကဗဠဝဂ် မှတ်သားဖွယ် .... | ၁၇၅ |
| ၃၁။ | သုရုသုရုဝဂ် မှတ်သားဖွယ် .... | ၁၇၈ |
| ၃၂။ | ပါဒုကဝဂ် မှတ်သားဖွယ် .... | ၁၈၂ |
| ၃၃။ | သေခိယ ပြီးပြွမ်း မှတ်သားဖွယ် .... | ၁၈၆ |
| ၃၄။ | ခန္ဓကဝတ် ပါဠိအနက် .... | ၁၉၁ |
| ၃၅။ | ဝတ်ပိုင်း မှတ်သားဖွယ် .... | ၁၉၅ |
| ၃၆။ | စာရေးသူ သတိပေးချက်နှင့် နိဂုံး .... | ၂၃၂-၃ |


မာတိကာ ပြီး၏။

( ဆတ္တမအကြိမ် )



# ရွှေဂူ ရှင်ကျင့်ဝတ် အကျယ်ကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဏာမာဒိကထာ

သိက္ခာဂုဏသမာပန္နံ၊ နတွာ လိက္ခာမိ သာဓုကံ။
သာမဏေရသိက္ခာဂန္ထံ၊ သာဓိပ္ပါယံ သသိက္ခတ္ထံ။

အဟံ၊ ငါသည်။ သိက္ခာဂုဏသမာပန္နံ၊ သိက္ခာနှင့်ဂုဏ်ပြောမကုန်အောင် ပေါ်စုံပြည့်ငြား ဘ, ဘုရားကိုလည်းကောင်း။ သိက္ခာဂုဏသမာပန္နံ၊ သိက္ခာ သုံးရပ် ဂုဏ်ပေါင်းထပ်မှ ပြည့်လတ်လေငြား မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို လည်းကောင်း။ သိက္ခာဂုဏသမာပန္နံ၊ သိက္ခာသုံးစား ဂုဏ်ကိုးပါးနှင့် ပြည့်ငြားထူးကျော် အရိယာ သံဃာတော် အပေါင်းကို လည်းကောင်း။ နတွာ-နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ သာဓိပ္ပါယံ၊ ပါဠိအနက်နှင့် လိုအပ်သင့်ဖွယ် မှတ်စဖွယ်အောင် အဓိပ္ပာယ် အဆုံးအဖြတ်နှင့် တကွ သော။ သာမဏေရ သိက္ခာဂန္ထံ၊ ရှင်သာမဏေတို့ စဉ်မကွာ ကျင့်အပ် သင်အပ်ကြောင်း ဖြစ်သောကြောင့် သာမဏေရ သိက္ခာခေါ် **ရွှေဂူ ရှင့်ကျင့်ဝတ် အကျယ်ကျမ်း** ကို။ သာဓုကံ၊ သန့်သန့်ရှင်းရှင်း ဉာဏ်မှာ လင်းအောင် ထင်လင်းစုံစွာ ကောင်းအောင်သာလျှင်။ သသိက္ခတ္ထံ၊ သူတော်စင်အများတို့ သင်အံလေ့လာကျင့်ကြံစေဖို့အကျိုးငှါ။ လိက္ခာမိ၊ ရှာဖွေ စုဆောင်း ရကာပေါင်း၍ ငြိမ့်ညောင်းခါခါ ရေးပါပေအံ့ သတည်း။

## မှတ်သားဖွယ်အခန်း

### ဘာကြောင့် သာမဏေ ခေါ်ရသလဲ ?

ဥပဇ္ဈာယ်ဆရာရဟန်း၏ သားဖြစ်သောကြောင့် သာမဏေဟု ခေါ်ရသည်၊ မှန်၏။ ဥပဇ္ဈာယ်ဆရာက ၄ာန် ကရိုဏ်း ကျနစွာ နှုတ်ခံတွင်းဖြင့် သရဏဂုံ ရွတ်ဆိုပေးပါမှ သာမဏေဘဝသို့ ရောက်ရသဖြင့် နှုတ်ခံတွင်းမှ မွေးဖွားလိုက်သောသားအရာ၌တည်လေရကား ဥပဇ္ဈာယ်ဆရာရဟန်း၏ သားဟု ခေါ်ဆိုရပေသည်။

သမဏဿ ဥပဇ္ဈာယဿ ပုတ္တဋ္ဌာနိယတ္တာတိ သာမဏေရော။
(တဒ္ဓိတ်ရူပသိဒ္ဓိ)

**ဥပဇ္ဈာယ်ဆရာ၊ သားပုတ္တာ၊ ခေါ်ပါသာမဏေ။**

### ဘာကြောင့် ရှင့်ကျင့်ဝတ်ဟု ရှေးဆရာတို့ ခေါ်ဝေါ်သလဲ ?

ရှင်သာမဏေတို့၏ကျင့်ကြံအားထုတ်ထိုက်သောကျင့်ဝတ်သိက္ခာတို့ကို စုဆောင်း ပြဆိုသော ကျမ်းစာဖြစ်သောကြောင့် ပါဠိလို သာမဏေရ သိက္ခာဂန္ထ၊ မြန်မာလို ရှင့်ကျင့်ဝတ်ကျမ်းဟု ခေါ်ရပါသည်။

**ရှင်သာမဏေ၊ ကျင့်ဝတ်တွေ၊ ဆိုလေရှင့်ကျင့်ဝတ်။**

### ရှင်သာမဏေ ပြုလုပ်ရန် သီးခြားဘယ်အတွက် ခွင့်ပြုသလဲ ?

ဘုရားရှင်သည် ဗာရာဏသီပြည်၌ သုံးပါးသော သရဏဂုံ တို့ဖြင့် သာမဏေရော ပဗ္ဗဇ္ဇင်းပါတွဲဘက်၍ "အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ" ဟု ခွင့်ပြုတော်မူပြီးနောက် ကပိလဝတ် ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးစဉ် အမွေတောင်းကာ ကျောင်း တော်သို့ လိုက်ပါလာသော သားတော်ရာဟုလာကို ရှင်ပြုပေးလိုက်ပါ သာရိပုတြာဟု မိန့်တော်မူလျှင် တပည့်တော် ဘယ်သို့ ရှင်ပြုပေးရပါမည် နည်းဟု ရှင်သာရိပုတြာ လျှောက်ထားချက်ကြောင့် သရဏဂုံသုံးပါး တို့ဖြင့် ရှင်သာမဏေအဖြစ်ကို ပြုကြလော့ဟု သီးခြားခွင့်ပြုတော်မူသည်။

အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ သာမဏေရ-
ပဗ္ဗဇ္ဇံ။ (ဟာ-ပါ)

( သတ္တမအကြိမ် )

ထို မိန့်ခွန်းအတိုင်း သရဏဂုံနှင့် ယခုတိုင် ရှင်ပြုပေးကြရလေသည်၊ ရဟန်းခံရေး အတွက်ကား ရာဝပုဏ္ဏားကို ဘယ်သို့ ပဉ္စင်းခံပေးရပါမည်နည်းဟု ရှင်သာရိပုတြာ လျှောက်ထားသောကြောင့် သရဏဂုံဖြင့် ပဉ္စင်းခံရန် ပယ်မြစ်၍ ဉတ္တိစတုတ္ထကံဖြင့် ပဉ္စင်းခံရန် ခွင့်ပြုတော်မူလေသည်။

ယာ သာ ဘိက္ခဝေ မယာ တီဟိ သရဏဂမနေဟိ ဉပသမ္ပဒါ ဒ. နုညာတာ၊ တံ အဇ္ဇတဂ္ဂေ ပဋိက္ခိပါမိ၊ အနုဇာနာမိ ဘိက္ခဝေ ဉတ္တိစတုတ္ထေန ကမ္မေန ဉပသမ္ပာဒေတုံ။ (ဟာ-ပါ)

## ဘယ်အရွယ် အစားနှင့် ဘယ်လို စိတ်နေ စိတ်ထားရှိသော သူငယ်တို့ကို ရှင်ပြုပေးသင့်သလဲ?

ဘုရားလက်ထက်တော်၌ ကူးစက်တတ်သော အဟိဝါတက-ခေါ်ယင်း အနာရောဂါကြောင့် တမျိုးလုံးသေဆုံး၍ သား အဖနှစ်ဦးသာ ကျန်သဖြင့် သာသနာတော်၌ အဖက ရဟန်းပြု, သားက သာမဏေပြုကြလေလျှင် နံနက်အခါ ဆွမ်းခံသွားရာ၌ အဖအား လူတို့က ဆွမ်းလောင်းသည့်အခါ နောက်ကျန်သော သား ကိုရင်လေးက ပြေးလာ၍ ဖခင်- ဖခင် ရတဲ့ ထမင်း ငါ့လဲ ပေးပါဦးဟု တောင်း၏၊ သည်တော့ အတွေးချော်တဲ့ လူတို့က ရဟန်းတွေဟာ မေထုန်ကို မရှောင်ပါဘူး၊ သည်ကိုရင်လေးဟာ ဘိက္ခုနီရဟန်းမက မွေးတဲ့သား ဖြစ်မှာပဲဟု ကဲ့ရဲ့မှုကြောင့် ဆယ့်ငါးနှစ်မပြည့်တဲ့သူငယ်ကို ရှင်သာမဏေမပြုရဟု ဘုရားရှင် အာဏာ ထားတော်မူသည်။

န ဘိက္ခဝေ ဦနပန္နရသဝဿော ဒါရကော ပဗ္ဗာဇေတဗ္ဗော။

( ဟာ-ပါ )

နောက်အခါ အရှင်အာနန္ဒာ၏ ဒါယကာအမျိုးလည်း ထိုအဟိ-ဝါတက ရောဂါဆိုးကြောင့်ပင် တမျိုးလုံး ပျက်စီးကြလေရာ လူမမယ်ကလေး နှစ်ယောက်သာ ကျန်၏၊ ထိုသူငယ်များသည် မိဘများ ရှိစဉ်က ရဟန်းများနှင့် အရောတဝင် နေခဲ့ဘူးသည့်အတိုင်း ရဟန်းတို့ကိုမြင်လျှင် အားကိုးရှာသဖြင့် ပြေးလာကုန်၏၊ ကရုဏာကင်းမဲ့သော ရဟန်းတို့က

( သတ္တမအကြိမ် )

ငေါက်ငမ်း၍ ငိုရှိကြသော ကလေးတွေဖြစ်ပုံကို အရှင်အာနန္ဒာ သနား လှသော်လည်း ၁၅-နှစ် မပြည့်သေး၍ ရှင်ပြု မပေးနိုင်သောကြောင့် ဘုရားရှင်အား အကြောင်းစုံ လျှောက်ထားရလေသည်၊ ထိုအခါ ဘုရားရှင်က ကျီးခြောက်နိုင်ပြီလား အာနန္ဒာဟု မေးတော်မူ၍ ခြောက် နိုင်ပါပြီဟု လျှောက်ထားချက်ကြောင့် ဘုရားရှင်က ၁၅-နှစ် မပြည့် သေးသော်လည်း လက်ဝဲလက်ဖြင့် ခဲကိုကိုင်၍ထိုင်လျက် လာကြကုန်သော ကျီးတို့ကို ခြောက်လှန့်ကာ ရွှေနားထားတဲ့ထမင်း စားနိုင်သည့်သူငယ်ကို ရှင်ပြုခြင်းငှာ ငါဘုရား ခွင့်ပြုတော်မူ၏ဟု မိန့်တော်မူပြန်သည်။

အနုဇာနာမိ ဘိက္ခဝေ ဦနပန္နရသဝဿံ ဒါရကံ ကာကုဍ္ဍေပကံ ပဗ္ဗာဇေတုံ။ (ဟာ-ပါ)

ဤသို့ ခွင့်ပြုခြင်းသည် သနားစဖွယ် ကလေးငယ်တို့ အားကိုးမဲ့ကို ငဲ့၍ ခွင့်ပြုတော်မူခြင်း ဖြစ်ပေသည်။ ယခုခေတ်၌ ဤခွင့်ပြုတော်မူချက် အရ အရွယ်ပမာဏ မထားတော့ပဲ အချို့ရှင်ပြုပွဲ၌ နို့ခွဲခါစကလေးငယ် တို့ကို တငိုငို-တရီရီနှင့် ချော့မော့ခေါင်းရိတ် ရှင်ပြုနေကြသည်ကို တွေ့ရ ဘူး၏၊ သို့သော် အရှင်အာနန္ဒာမထေရ်ကဲ့သို့သော ဆရာမြတ်တို့က အမြဲ သတိ ဉာဏ်သွင်းအောင် ကြည့်ရှုစောင့်ရှောက်နိုင်ပါမှ ရှင်ပြုကျိုး နပ်ပေ မည်၊ စောင့်ရှောက်နိုင်သော်လည်း သာမဏေကလေးက လိုက်နာကျင့်ကြံ နိုင်ပါမှ ရည်ရွယ်ချက် ကိုက်နိုင်ပေသဖြင့် ဆရာညွှန်ပြသော ရှင့်ကျင့်ဝတ် များကို ကျင့်ကြံလိုသော စိတ်စေတနာထားရှိသော ကလေးတို့ကိုသာ လျှင် ရှင်ပြုပေးရန် သင့်လျော်ကြောင်းကို သတိပေးလိုက်ပါသတည်း။

## လက်ထက်တော်က အငယ်ဆုံး ဘယ်အရွယ် ရှင်ပြုထုံး ရှိပါသလဲ ?

အသက်ပင်ငယ်သော်လည်း ရှင့်ကျင့်ဝတ်များကို ကျင့်ကြံနိုင်က ရှင်ပြု ပေးထိုက်ပေသည်၊ ထို့ကြောင့် လေးနှစ်သား သာမဏေဖြစ်၍ လခွဲ သို့ မရောက်မီ ရဟန္တာဖြစ်သော ဧကဒီပိယသာမဏေထုံး, ငါးနှစ်သား ရဟန္တာဖြစ်သော စန္ဒန မာလိယ သာမဏေထုံး, ခုနစ်နှစ်သား ရဟန္တာ

( သတ္တမအကြိမ် )

ဖြစ်သော သောပါကသာမဏေ•စသော ပုဂ္ဂိုလ်ထူးကလေးတွေဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ထုံးရှိလေသည်၊ ထိုအခါမှစ၍ ယခုတိုင် အချို့အသက်ငယ်သေးသော်လည်း ပညာရေးမချို့သော သာမဏေငယ်ကလေးများလည်း တွေ့ရှိရသည်၊ ဤသို့လျှင် ယခုတိုင် သာသနာတော်အဆက်မပြတ်ပဲ မိမိတို့၏ ရင်၌ဖြစ်သော သားမြေးငယ်များနှင့် သူတထူး၏ သားငယ်များကိုပင် သာသနာတော်တွင်း သွတ်သွင်း ချီးမြှောက်သည့် သာသနာနုဂ္ဂဟကုသိုလ်ဖြစ်ထွန်းရေးပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုပွဲသဘင်တို့ကို နွှဲဆင်ကြပေသည်။

## မိဘတို့ခွင့်မပြုပဲ ရှင်ပြုနိုင်သလား?

မြေးချစ် ရာဟုလာကို မပန်ကြား အသိမပေးပဲ ရှင်သာမဏေ ပြုလိုက်မှုကြောင့် လွန်စွာစိတ်ဆင်းရဲရှာသောသုဒ္ဓေါဒနမင်းကြီးသည် ကိုယ်ချင်းစာနာပြီးလျှင် တပါးသူတို့၌လည်း ဤသို့ ဆွေမျိုး ကွေကွင်းရခြင်းကြောင့်ဖြစ်ရမည့် ဆင်းရဲမျိုး မဖြစ်ကြပါစေလင့်ဟု ကြံရွယ်၍ သားတော်မြတ်ဘုရား....လောကတွင် သားတို့၌ မိဘတို့က ချစ်ခြင်းသည် အရေပါး အရေထူ အသား အကြော အရိုးတို့ကို ဖောက်ထွင်းပြီး ရိုးတွင်းခြင်ဆီကို ထိ၍ တည်ပါသည်၊ တပည့်တော် လျှောက်ထား တောင်းပန်လိုသည်မှာ အရှင်မြတ်ဘုရားတို့သည် မိဘ ခွင့်မလွှတ်သော သားကို ရှင်ပြုမပေးပါရန် တောင်းပန်ပါသည်ဟု ဘုရားရှင်အား တောင်းပန်မှုကို အကြောင်းပြု၍ ချစ်သားရဟန်းတို့ မိဘခွင့်မပြုသော သားကို ရှင်ပြုမပေးရ၊ ပြုပေးသော ရဟန်းအား ဒုက္ကဋ် အပြစ်သင့်စေဟု ဘုရားရှင် အာဏာထားလေသည်။

န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေ-
တဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဟာ·ပါ)

ထို့ကြောင့် မိဘနှစ်ဦးစုံရှိသော သားဖြစ်လျှင် နှစ်ဦးစလုံးပန်ကြား၍ ခွင့်ပြုမှ ရှင်ပြုပေးရသည်၊ တဦးသေခဲ့လျှင် ကျန်ရှိသော မိဘကို ပန်ကြားရမည်၊ ရှင်ရဟန်းပြုနေသော မိဘကိုလည်း ပန်ကြားအပ်၏၊ ကိုယ်တိုင်ဖြစ်စေ, တယောက်ယောက် စေခိုင်း၍ဖြစ်စေ ပန်ကြားအပ်၏၊ စေခိုင်းအပ်သူက ခွင့်ပေးပါသည်ဟု ပြန်ပြောသော်လည်း ယုံကြည်မှ ရှင်ပြုပေး

[ သတ္တမအကြိမ် )

အပ်၏၊ ရဟန်းဖြစ်နေသော ဖခင်က သားကို ရှင်ပြုလိုလျှင် အမိကို ပန်ကြားအပ်၏၊ အမိကလည်း သားကို ရှင်ပြုလိုလျှင် အဖကို ပန်ကြားအပ်၏၊ မိဘနှစ်ဦးတွင် တယောက်ယောက်သည် သားကို မစောင့်ရှောက် အကျင့်ဖောက်၍ ရောက်လိုရာရောက်ဖြစ်ခဲ့လျှင် ကျန်ရှိသူကိုသာ ပန်ကြားခွင့်ပြုစေ၍ ရှင်ပြုစေအပ်၏၊ မိဘကား မရှိ မိကြီး, မိထွေး,ဦးရီး,ဦးလေး စသော ဆွေမျိုးဉာတိတို့ထံ၌ ကြီးပြင်းလာသောသူဖြစ်မူ ထိုစောင့်ရှောက်လာသူတို့အား ပန်ကြားအပ်၏၊ သို့သော် မပန်ကြားခဲ့လျှင် ထိုဆွေမျိုးတို့သည် ခိုက်ရန်ငြင်းခုံမှုကိုလည်းပြုတတ်ကုန်၏၊ ကွဲရှဲရှုတ်ချတတ်ကုန်၏၊ ထို့ကြောင့် ငြင်းခုံခြင်း စသည်တို့မှ ကင်းပြတ်စေခြင်းငှာ ပန်ကြား၍သာလျှင် ရှင်ပြုပေးစေအပ်၏၊မပန်ကြားပဲ ရှင်ပြုပေးသော်လည်း ဝိနည်းပြစ်ကားမရှိ လောကပြစ်ရှိတတ်သည်၊ငယ်စဉ်ကပင်ခေါ်၍ စောင့်ရှောက်မွေးစားထားသူ မိဘတို့၌လည်း ဆွေမျိုးတို့ နည်းအတိုင်းပင် ကျင့်အပ်ပေသည်၊ သားသည် မိဘတို့ကိုမှီ၍ကား အသက်မရှင်၊မိမိကိုယ်ကိုမှီ၍သာ အသက်ရှင်၏၊အကယ်၍ မင်းပင်ဖြစ်စေတော့ ပန်ကြားခြင်းပြု၍သာလျှင် ရှင်ပြုပေးစေအပ်၏၊ရှင်လိန်ပြန်ပြီး တဖန်ပြန်ဝတ်လိုသော ရှင်လောင်းတို့အားလည်း လာတိုင်းလာတိုင်း မိဘတို့ကို အဖန်ဖန် ပန်ကြား၍သာလျှင် ရှင်ပြုပေးအပ်၏၊ မိဘတို့က ဤသူ၏ ရှင်ပြုရေးကိစ္စ၌ ပန်ကြားဖွယ်မလိုပါဟု စွန့်လွှတ်ထားသူကို မပန်ကြားတော့ပဲ ရှင်ပြုပေးအပ်၏၊ မိဘတို့က ငယ်ငယ်ကလေးကပင် အရှင်မြတ်တို့အား ပေးပါတယ်၊ ရှင်ပြုလိုသောအခါ ပြုပါဟုဆိုထားသူအား မပန်ကြားပဲပြုပေးအပ်၏၊မိဘတို့နှင့်ငြင်းခုံရန်ဖြစ်၍ တပည့်တော်ကို ရှင်ပြုပေးကြပါဟု ဆိုလာခဲ့သူအား မိဘတို့ကို ပန်ကြားချေဦးဟုစေခိုင်းသော်လည်းမသွားလို၊အကယ်၍ ရှင်မပြုပေးက ကျောင်းကိုလည်း မီးတိုက်အံ့၊ သင်တို့အား လက်နက်ဖြင့် သတ်ပုတ်အံ့၊ သင်တို့ဆွေမျိုး အလုပ်အကျွေးတို့၏လည်း အရံဖျက်ဆီးခြင်း စသည်တို့ဖြင့် အကျိုးမဲ့ကိုဖြစ်စေအံ့၊ သစ်ပင်ပေါ်မှ ခုန်ချသေအံ့၊ သူခိုးဒမြအလယ်ဝင်အံ့၊ အရပ် တပါးသို့ သော်လည်း သွားတော့အံ့-စသော အကျိုးမဲ့တို့ကို အကြောင်းပြု၍ ရှင်အဖြစ် တောင်းပန်အံ့၊ ထိုသူ၏အသက်ကို စောင့်ရှောက်သောအားဖြင့် ရှင်ပြုပေးအပ်၏၊ နောင်အခါ သူ့မိဘတို့က မပန်ကြား၍ အပြစ်ဆိုလာလျှင် ထိုအကြောင်းစုံ ပြောပြ၍ ထိုသူ၏

အသက်ကို စောင့်ရှောက်သောအားဖြင့် ပြုပေးရသည်ဟု ထုချေနိုင်ပေသည်၊ ခွင့်ပြုမှုရှိထားပါက ရှင်ပြုနိုင်၏။

သုံ့မိ,သုံ့ဖ၊ ခွင့်ပြုမှု၊ ပြုရပဗ္ဗဇ္ဇာ။
ခွင့်မပန်လျက်၊ ရှင်ပြုချက်၊ ထည့်ခွက် ဒုက္ကဋာ။

ရှင်မပြုထိုက်သော အဘဗ္ဗပုဂ္ဂိုလ် (၁၁) ယောက်ကား အဘယ်နည်း?

၁။ ပဏ္ဍကဘာဝရုပ် ချို့သောသူ၊ တနည်း လိင်ချို့တဲ့သည့်အဖြစ်သို့ ရောက်တတ်သောကြောင့် ပဏ္ဍုက်။

၂။ ထေယျသံဝါသက=အသွင်အပေါင်းအဖော် ခိုးသောသူ။

၃။ တိတ္ထိယပက္ကန္တက=တိတ္ထိတို့အသွင်သို့ ပြောင်းသွားသောရဟန်း။

၄။ တိရစ္ဆာန=နဂါး, ဂဠုန်, သိကြား စသော တိရစ္ဆာန်။

၅။ မာတုဃာတက=အမိသတ်သူ။

၆။ ပိတုဃာတက=အဖသတ်သူ။

၇။ အရဟန္တဃာတက=ရဟန္တာသတ်သူ။

၈။ လောဟိတုပ္ပါဒက=ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသူ။

၉။ သံဃဘေဒက=သံဃာအသင်းခွဲသောရဟန်း။

၁၀။ ဘိက္ခုနီဒူသက=ဘိက္ခုနီမကို ဗလက္ကာရမှုပြု၍ ဖျက်ဆီးသူ၊ ဝါ-မေထုန်ဖြင့် ဖျက်ဆီးသူ။

၁၁။ ဥဘတောဗျဉ္ဇနက=မိန်းမနိမိတ် ယောကျ်ားနိမိတ်နှစ်ခုရှိသောသူ၊ ပေါင်း(၁၁)။

ပဏ်,ထေ,ပက်,ဆ္ဆာန်၊ ပဉ္စာနန်၊ ဒူ, သံ,ဥဘောပါ။
ရှင်မပြုရ၊ ဆယ့်တစ်မျိုး၊ မှတ်ကြ အဘဗ္ဗာ။

ဤ ၁၁-ယောက်သည် ရှင်အဖြစ်ကိုခွင့်မပြုသောကြောင့် ရှင်မပြုထိုက်သော အဘဗ္ဗပုဂ္ဂိုလ်တို့ မည်၏၊ အသက် ၂၀-မပြည့်သူ, ပါရာဇိကကျသူ နှစ်ယောက်ထည့်လျှင် ရဟန်းမခံအပ်သူ ၁၃-ယောက် ဖြစ်သည်။

( သတ္တမအကြိမ် )

## ရှင်ပြုတယ်ဆိုတာ ဘယ်လိုလုပ်တာလဲ?

ယခုကာလ မဏ္ဍပ်ကြီးတွေထိုး မြင်းတွေ, ဆင်တွေ, ကားတွေနဲ့ ရှင်လောင်းလှည့်ပြ၊ လော်စပီကာခေါ် အသံကျယ်ကြီးတွေနဲ့အော်နေတာ ရှင်ပြုတာလား? ရှင်ပြုတယ်ဆိုတာ လိုရင်း သုံးမျိုးပဲ ရှိပါတယ်။ အောက်နားက ဖော်ပြပါလိမ့်မယ်၊ မဏ္ဍပ်ထိုး ရှင်လောင်းလှည့် စသည်တို့က ရှင်ပြုခြင်း၏ အဝန်းအရံ ပရိဝါရတို့သာ ဖြစ်ပါတယ်။

## ရှင်ပြုပုံ လိုရင်းသုံးပါး အကျယ်ပြခန်း

၁။ ကေသစ္ဆေဒန=ဆံရိတ်ပေးခြင်း။

၂။ ကာသာယစ္ဆာဒန=သင်္ကန်းဝတ်ပေးခြင်း။

၃။ သရဏဒါန=သရဏဂုံပေးခြင်း, ထိုသုံးပါးပြုလုပ်မှုတို့သည် ရှင်ပြုသည် မည်၏။

ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနံ သရဏဒါနန္တိ ဟိ ဣမာနိ တီဏိ ကရောန္တော ပဗ္ဗာဇေတိတိ ဝုစ္စတိ။ (တေ-ဋီ)

**ဆံရိတ်တခန်း၊ သင်္ကန်းပေးတုံ၊ သရဏဂုံပေးငြား၊ ဤသုံးပါး၊ ခေါ်ငြား ပဗ္ဗဇ္ဇာ။ (လယ်တီ ဝိနယသံခိပ်)**

## ၁—ကေသစ္ဆေဒန=ဆံရိတ်ခန်း

မိဘတို့ ခွင့်ပြု၍ နူနာစသည် အပြစ်ကင်းရှင်းသော ရှင်လောင်းအား ဆံပင်ရိတ် ပေးခြင်းသည် ပထမ ရှင်ပြုခြင်း ကေသစ္ဆေဒနပဗ္ဗဇ္ဇာ မည်၏၊ ထိုဆံရိတ်ပေးမှုသည် လွယ်ကူလှသည်မဟုတ်၊ ဆံမရိတ်မီ ရဟန်းတော်များ လိုက်နာရမည့် ဗုဒ္ဓအာဏာတော်တခု ရှိသေးသည်၊ ထိုအာဏာကား ကျောင်းတိုက်ရှိ သံဃာတော်များထံ ရှင်လောင်းကို ဆံရိတ်ပါမည့်အကြောင်း လျှောက်ထား ခွင့်ပန်ရခြင်းပင်တည်း။

( သတ္တမအကြိမ် )

အနုဇာနာမိ ဘိက္ခဝေ သံဃံ အပလောကေတုံ ဘတ္တုဂ္ဂကမ္မာယ။
(ဟာ—ပါ)

**တိုက်တွင်းဝယ်တို၊ သံဃာရှိ၊ ပန်ဘိ ဆံရိတ်မှာ။**
**(လယ်တီ ဝိနယ သံဂြိုဟ်)**

**သည်လို ဘာကြောင့် အာဏာထားသလဲ?**

အခါတပါး ရွှေပန်းထိမ်သည်လင်မယားနှစ်ယောက်တို့သည် ကျောင်းတိုက်သို့ရောက်လာ၍ မိမိတို့နှင့် ငြင်းခုံထွက်ပြေးသွားတဲ့ သားကလေးရဲ့ ပုံသဏ္ဌာန်ပြောကြပြီး ထိုကလေးကို အရှင်မြတ်တို့ မသိ မမြင်ကြဘူးလား ဘုရားဟု မေးလေလျှင် ရဟန်းတို့က အမှန်ပင် မသိ မမြင်သောကြောင့် မသိ မမြင်ပါဟု ပြောလိုက်မိကြ၏၊ ထို့နောက် ရှာဖွေကြလေသော် သာမဏေဖြစ်နေသည်ကို တွေ့၍ သည်ရဟန်းတွေဟာ သီလမရှိတဲ့ အလဇ္ဇီ ဒုဿီလတွေပါပဲ၊ သိမြင်လျက် မသိမမြင်ဘူးဟု လိမ်ပြောကြတယ်ဟု ကဲ့ရဲ့မှုကြောင့် ရှင်လောင်းဆံရိတ်ခါနီး၌ ဆံရိတ်ပါမည့်အကြောင်း သို့မဟုတ် ရှင်ပြုပါမည့်အကြောင်း တတိုက်လုံးသိရန် သံဃာများထံ ပန်ကြားဖို့ အာဏာထားတော်မူခဲ့သည်။ (ဟာ·ပါ·ဝတ္ထု)

**မှတ်ချက်။** ။ထို ရွှေပန်းထိမ်သည်သား ပြေးလာစဉ်က ဘယ်ရဟန်းကိုမှ မပန်ကြားပဲ ဦးစွန်းရိတ်ပြီး ရှင်ပြုပေးမှုကြောင့် မသိ မမြင်ပါဟု ရဟန်းတို့ ဖြေကြားမိ၍ အကဲ့ရှုံခံရလေသည်၊ နောက်အခါ ဤအဖြစ်မျိုး မဖြစ်စေရန် အာဏာထားလေသည်။

တဿ သိခံ ဆိန္နတ္တာ ကဥ္စိ ဘိက္ခုံ အဇာနာပေတွာဝ ပဗ္ဗာဇေသုံ၊ တေန ဘတ္တုဂ္ဂကမ္မာပလောကနံ အနုညာတံ။ (ဝိ·ဋ္ဌီ)

**ဘယ်လို ပန်ကြားရမလဲ?**

၁။ သံဃာများသောကျောင်းတိုက်ဖြစ်လျှင် သံဃာအားလုံးတနေရာ၌ စုဝေးစေ၍ ရဟန်းဖြစ်စေ, သာမဏေဖြစ်စေ တယောက်ယောက်က ရှင်လောင်းကို ထိုနေရာသို့ခေါ်လျက် ''သံဃံ ဘန္တေ ဣမဿ ဒါရကဿ ဘတ္တုဂ္ဂကမ္မံ အာပုစ္ဆာမ'' ဟူ၍ပါဠိလိုဖြစ်စေ, ဤကလေးကို ဆံချမလို့ပါဟု

မြန်မာလိုဖြစ်စေ လျှောက်ထား ပန်ကြားရသည်၊ ၃-ကြိမ်, ၂-ကြိမ်, ၁-ကြိမ် ကြိုက်သလို ပန်ကြားနိုင်သည်။

သိမာပရိယာပန္နေ ဘိက္ခူ သန္နိပါတေတွာ ပဗ္ဗဇ္ဇာပေက္ခံ တတ္ထ နေတွာ''သံဃံ ဘန္တေ ဝုမယာ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာ-မိ''တိ တိက္ခတ္တုံ ဝါ ဒွိက္ခတ္တုံ ဝါ သကိံ ဝါ ဝတ္တဗ္ဗံ။(ဟာ-ထာ)

၂။ သံဃာ နည်းပါးသော ကျောင်းဖြစ်လျှင် ရဟန်းတော်များ နေရာအသီးသီးသို့ ရှေးနည်းအတိုင်း ပန်ကြားရသည်။

၃။ ရှင်လောင်းကို သံဃာ့အထံ ခေါ်မသွားပဲ ရဟန်းဖြစ်စေ,ကိုရင် ဖြစ်စေ တပါးပါးကို စေလွှတ်၍ မည်သည့်ကလေးကို ဆံချမလို့ပါ၊ သို့မဟုတ် ရှင်ပြုပေးမလို့ပါစသည်ဖြင့် ရှေးနည်းအတိုင်း ခွင့်ပန်နိုင်သည်။ (အခြား ပန်ကြားပုံတွေ ရှိသေး၏။)

၄။ သံဃာများလွန်း၍ ခွင့်ပန်ဖို့ ခဲယဉ်းလျှင် ကျောင်းတိုက်တွင်းရှိ ခဏ္ဍသိမ်အတွင်းသို့ ခေါ်၍ မည်သူ့ကိုမျှ မပန်ကြားပဲလည်း ဆံရိတ် နိုင်သည်။

၅။ ရဟန်းတွေ တောခြုံကြားစသည်တို့၌ ဝင်နေ၍ ရှာပါသော်လဲ မတွေ့ပဲ ပန်ကြားသူတို့က အားလုံးပန်ကြားပြီးပြီဟု မှတ်ထင်လျှင်လည်း ဆံရိတ်ပေး၍ အပြစ်မရှိတော့ချေ။

၆။ အိမ်ကပင် ဆံရိတ်ခဲ့ပြီးသူ, လက်နှစ်သစ်မျှ ဆံပင်မရှည်သေးသော သူတို့ကား ဆံရိတ်ဖွယ်မလို၊ ထပ်ရိတ်လျှင် ပန်ကြားဖွယ်မလို။ (ရဟန်း သာမဏေများသည် ဆံပင်ကို လက်နှစ်သစ်ထက် ရှည်အောင်လည်းကောင်း၊ နှစ်လလွန်အောင်လည်းကောင်း မထားရ။)

## သံဃာထံ ခွင့်ပန်ပြီးနောက် ဆံရိတ်ခါနီး ဆံရိတ်ပေးနေစဉ် ဆရာက ဘယ်လို ပြောဆို မိန့်ကြားသင့်သလဲ?

ဆံရိတ်ပေးတဲ့အခါရေချိုးပေးနေတဲ့အခါ သင်ဟာ ထင်ရှားကြွယ်ဝတဲ့ သူပဲ။ သင့်ကိုမှီပြီး ငါတို့ ပစ္စည်းလေးပါး ချမ်းသာတော့မယ်ဟု မပြော

ကောင်း၊ ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သည့် အမင်္ဂလာ အရှုတ် စကားမျိုး မပြောအပ်၊ ငါ့သျှင် စိတ်ကောင်းလျက် သတိ ထင်စွာထား လော့ဟု ပြော၍ "တစပဉ္စက ကမ္မဋ္ဌာန်းကို" ဟောကြား ရမည်ဟု အဋ္ဌကထာ ဆို၏။

**အမှာ** ခေါင်းရိတ်နေစဉ် ပြောကြား၍ သဘောကျနိုင်လောက်အောင် ရှေးအစောကပင်လျှင် ဆရာတို့က "တစပဉ္စက ကမ္မဋ္ဌာန်း"ကို သင်ပေးထားသင့်၏။

## ဘာကြောင့် ဤကမ္မဋ္ဌာန်းကို တစပဉ္စက ခေါ်ရသလဲ?

ကေသာ, လောမာ, နခါ, ဒန္တာ, တစော-ဟု တစလျှင် ငါးခုမြောက် ရှိသော အစုဖြစ်သောကြောင့် ပါဠိလို တစပဉ္စက-ဟု ခေါ်ပါသည်၊ မြန်မာလို ဆံပင်, မွေးညှင်း, ခြေသည်း-လက်သည်း, သွား, အရေ,ဟု အရေနှင့် ငါးခုအစုရှိသော ကမ္မဋ္ဌာန်းဟု ဆိုလိုသည်။

## ရှေးဦးက တစပဉ္စက ကမ္မဋ္ဌာန်းကို ဘယ်လိုသင်ပေးရမလဲ?

ဤငါ၏ကိုယ်၌ ဆံပင်, မွေးညှင်း, ခြေသည်း-လက်သည်း, သွား' အရေ ဤငါးတွေ ငါးစုတို့သည် မစင်ကြယ်ကာ စက်ဆုပ်စရာ ရွံစရာ ဖြစ်ကုန်၏၊ သတ္တဝါလဲ မဟုတ် အသက်လဲ မဟုတ်ကုန်ပါ တကားဟု နှုတ်တက်ရအောင် သင်ထားပါ။

## ဉာဏ်သွင်းပေးရန်

မောင်ရှင်လောင်း....မင်းကိုယ်ထဲရှိတဲ့ ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေတို့ဟာ ကတိုးရေမွှေး ကရမက်တို့လို နှစ်သက် ရတဲ့ အစုတွေ မဟုတ်ဘူး ကြားလား၊ အဆင်းအားဖြင့် ကြည့်ကြည့်၊ သဏ္ဌာန်အားဖြင့် ကြည့်ကြည့်၊အနံ့အားဖြင့်ကြည့်ကြည့်၊မှီရာအကြောင်း အားဖြင့် ကြည့်ကြည့်၊ တည်ရာအရပ်အားဖြင့် ကြည့်ကြည့်၊ ဘယ်လိုပဲ ကြည့်ကြည့်၊ မစင်ကြယ်ကာ စက်ဆုပ်စရာ ရွံစရာတို့သာ အစစ်အမှန် ဖြစ် တယ်၊ အသက် လိပ်ပြာ, ပုဂ္ဂိုလ်,သတ္တဝါမဟုတ်ပဲ မာတင်း ကြမ်းတမ်းတဲ့ ပထဝီမြေဓာတ်သဘောသာ ဖြစ်တယ်လို့ဉာဏ်သွင်းထားလျက် အထက်ပါ

ကမ္မဋ္ဌာန်းဆိုရိုးကို နှုတ်၌ရွတ်၍ သင့်ခေါင်းမှ ဆံချတဲ့အခါ နှလုံးသွင်းဖို့ သတိပြုဟု ညာဏ်သွင်းပေးထားပါ။

> အထခွဿ အာဝုသော သုဋ္ဌု ဥပဓာရေဟိ သတိံ ဥပဋ္ဌာပေ-ဟီတိ ဝတ္ဝာ တစပဉ္စက ကမ္မဋ္ဌာနံ အာစိက္ခိတဗ္ဗံ၊ အာစိက္ခန္တေန စ ဝဏ္ဏ သဏ္ဌာန ဂန္ဓာသယောကာသဝသေန အသုစိ ဇေဂုစ္ဆ-ပဋိကူလဘာဝံ နိဇ္ဇီဝ နိဿတ္တဘာဝံ ဝါ ပါကဋံ ကရောန္တေန အာစိက္ခိတဗ္ဗံ။ (ဟာ-ထာ)

**အမှာ** သင်ပြသောဆရာ၏ ဥပဇ္ဈာယ်ဂုဏ်အင်္ဂါနှင့် ကိုက်ညီစွာချဲ့ထွင်၍ ညာဏ်သွင်းပေးရန် သင့်ပေ၏။

## အဋ္ဌကထာ၌ ဘယ်လို တစပဉ္စက ကမ္မဋ္ဌာန်း၏ အကျိုးကိုပြ၍ တိုက်တွန်းထားသလဲ?

ရှေးရှေးဘဝက ကမ္မဋ္ဌာန်း အခြေခံပါလာသူ ဖြစ်လျှင် မီးကြိုးစက်သည် ကျောက်တောင်ကို ခွဲဖျက်လိုက် သကဲ့သို့ ရှင်လောင်းမှာ ရှိသော ကိလေသာ အတုံးအခဲတွေ အမှုန့်မှုန့် ပြိုကွဲကာ ခေါင်းရိတ်အပြီးမှာပင် ရဟန္တာဖြစ်နိုင်သည်၊ ဘုရားလက်ထက်တော်က ခေါင်းရိတ်အဆုံး၌ ရဟန္တာဖြစ်သွားသော ရှင်လောင်းပုဂ္ဂိုလ်ထူးတို့သည် ကမ္မဋ္ဌာန်း ပြောကြားပေး၍ ခေါင်းရိတ်ပေးသော ဆရာကောင်းများကို အမှီရကြသူများသာ ဖြစ်သည်၊ ထို့ကြောင့် ခေါင်းရိတ်ခါနီး ခေါင်းရိတ်ဆဲတို့၌ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြပါလေဟု အဋ္ဌကထာ တိုက်တွန်းတော်မူလေသည်။

**အမှာ** ယခုခေတ် ရှင်လောင်းတို့ ရဟန္တာမဖြစ်စေကာမူ ပါရမီသမ္ဘာရ ဖြစ်ကြ၍ ဆရာကောင်းပြီသဖို့ ထုံးတမ်း မပျက်ကွက်အောင် အားထုတ်သင့်ပေသည်။

## ခေါင်းရိတ်ပြီးနောက် သင်္ကန်းမဝတ်ခင် ဘယ်သို့ ပြုရသေးသလဲ?

ဦးခေါင်းရိတ်ပြီးနောက် နနွင်းမှုန့်ဖြင့် ဖြစ်စေ နံ့သာမှုန့်ဖြင့် ဖြစ်စေ ဦးခေါင်းရော ကိုယ်ပါ လူနံ့ပျောက်အောင် ပွတ်တိုက်ရေချိုးစေရသည်၊

( သတ္တမအကြိမ် )

ကလေးငယ်လျှင် ဆရာကိုယ်တိုင် ရေထဲဆင်းပြီး ဝဲနာ, အိုင်းနာ ရှိခဲ့လျှင် မန္တံမရှာ မိခင်ပမာ ပွတ်တိုက်သုတ်သင် ချီးပေးအပ်၏၊ အကျိုးကား ပျင်းရိ၍ လူထွက်လိုသော်လည်း ဤကျေးဇူးကြောင့် မဆုတ်မနစ် မထေရ်ကြီးအဖြစ်သို့ ရောက်တတ်၏၊ ရှင်လောင်း အရွယ်ကြီးခဲ့လျှင် ရှက်မည်စိုး၍ သူ့ဘာသာလဲ ရေချိုးစေခိုင်းအပ်၏၊ ဤကားအဋ္ဌကထာ စကားစုတည်း။

**ခေတ်ကာလပြုလုပ်ရိုးများ ဘယ်လိုရှိသေးသလဲ?**

သက်နှုံးမဝတ်သေးမီ သံဃာတော်များက ပရိတ်ရွတ်၍ ရှင်လောင်းများကို ပရိသတ်များနှင့်တကွ ပရိတ်တရားနာကြသေး၏၊ အချို့အပ်ချည်မျှင်ဖြင့် ရှင်လောင်းများကို ဝိုက်သိုင်းထားသည်ကို တွေ့ဘူး၏။

ဘုရားဖူးရှင့်ကျင့်ဝတ်၌ ရှင်ဒါယကာတို့ ပြုစီရင်ရမည့် အမှုကိစ္စများဟု ခေါင်းတပ်၍ ပရိတ် ရွတ်ပြီးသော ချည်ကို မင်းကိုယ်ချည် ခေါ်သည်၊ အောင်ချည်လည်း ဟူကြသည်၊ မှန်ကူချည်လည်း ဟူကြသည်၊ ပရိတ်မရွတ်သေး ချည်သည် မင်းကိုယ်ချည်၊ အောင်ချည်၊ မှန်ကူချည် မဟုတ်ဖြစ်၍ ပရိတ်မရွတ်မီ ချည်ဝိုက်မှု ပြုသည်ကား မသင့်၊ ထို့ကြောင့် သက္ကရာဇ် ၉၉၅-ခုနှစ်တွင် မင်းဖြစ်သော သာလွန်မင်းတရားလက်ထက် မင်္ဂလာပရိတ်ရွတ်ရာ ပါသော မင်းကိုယ်ချည်ကို ပရိတ် ရွတ်ပြီးလျှင် မင်းသား မင်းသမီးတို့ လည်မှာစွပ်ပါလေဟု လေးထပ်ဆရာတော် တပည့် ရဟန်းတဦးက ပရိသတ်များ မျက်မှောက်တွင် ဆိုကြောင်းကို စာတမ်းရှိသည်ဟု ဖော်ပြထားလေသည်။

ညောင်လေးပင် ရှင့်ကျင့်ဝတ်၌ ရှင်လောင်းကို နတ်စင်သို့ခေါ်သွားခြင်း, ချည်ခင်ရစ်သိုင်းခြင်း, ညာဘက်ဖဝါးဖြင့် ရွှေဦးစွာ လှမ်းစေလျက် သံဃာအလယ်ဝင်ရန် ပန်ကြားခြင်း စသည်တို့ကို အချို့ပြုကြ၏၊ ထိုထိုအကြောင်းကြောင့် ထိုထိုအခါမှစ၍ ဖြစ်ပေါ်လာဟန် ရှိသည်၊ ကျမ်းဂန်လာ မဟုတ်ဟု ဖော်ပြသည်။

**ကျမ်းရေးသူ ထင်မြင်ချက်**

ရှင်လောင်းများပရိတ်နာစေခြင်းအမှုကား ရှင်လောင်းတို့ သာမဏေ မဖြစ်မီလည်းကောင်း၊ သာမဏေ ဖြစ်ပြီးမှလည်းကောင်း ဘေးရန်ကင်းစေရန် ပြုလုပ်သည်ဟု ယူဆသည်၊ သိဒ္ဓတ္ထမင်း တောထွက်ရာ၌ မာရ်နတ်

အပြစ်ရှာသလို အထွတ်သို့ရောက်မည့် အလောင်းအလျာတို့အား မိစ္ဆာဝါဒီ အသင်းသားများက အပြစ်ရှာဖွယ်ရှိသည်၊ ထို့ကြောင့် ရှင်လောင်းများ သစ်ပင်မတက်ရ၊ ရေတွင်း မဆင်းရဟု ဘေးရန်မီးသော အမှုတို့ကို ရှေးသူကြီးတို့ ပယ်ကြဟန်ရှိသည်၊ သာနုသာမဏေ လူထွက်လိုသဖြင့် ရှေးဘဝ အမိဟောင်းက လူမထွက်နိုင်အောင် နှိပ်စက်ထားကြောင်း ဓမ္မပဒ၌ ဆိုသည်များကို ထောက်၍ သိသင့်၏၊ ဤကား ကေသစ္ဆေဒန-ဆံရိတ် ရှင်ပြုခြင်းကို အကျယ်ပြခြင်းတည်း။

## ၂—ကာသာယစ္ဆာဒန=သင်္ကန်းဝတ်ပေးခန်း

သင်္ကန်းကို ရှင့်ကျင့်ဝတ်ကျမ်းလာ သကလ ဝဋ္ဋဒုက္ခ စသော သင်္ကန်းပေး သင်္ကန်းတောင်း တို့ကို ရွတ်ဆိုစေ၍ ရှေးဦး ဆရာထံ သင်္ကန်းပေးနောက် ပြန်တောင်း၍ ဆရာရဟန်းက ဝတ်တော့ဟု-အမိန့်ရ၍ ဝတ်ဆင်ပေးခြင်းသည် ကာသာယစ္ဆာဒနခေါ် သင်္ကန်းဝတ်ပေးသော ရှင်ပြုခြင်းခေါ်သည်၊ နောက်၌ ဤစကားအကျယ် ပြဆိုလတ့်ကို သတိပြုခဲ့ပါ။

## ၃—သရဏဒါန=သရဏဂုံပေးခန်း

ဥပဇ္ဈာယ်ရဟန်းက သင်္ကန်းဝတ်ပေးပြီးတဲ့ ရှင်လောင်းအား "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသောသရဏဂုံပါဠိကို အစဉ်အတိုင်းဆရာတပည့်၂-ပါးပြီသအောင်ရွတ်ဆိုပေးမှုသည် သရဏဒါနခေါ် သရဏဂုံပေးသော ရှင်ပြုခြင်း မည်ပေသည်၊ "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" ဆုံးလျှင် ရှင်ပြုခြင်းကိစ္စ ပြီးမြောက်တော့သည်၊ သရဏဂုံပေးရေး၌ အလွန်အရေးကြီးပါသဖြင့် နောက်၌ အကျယ်ပြလတ့်ကို သတိပြုခဲ့ပါ။

## လေ့ကျင့်ခန်းပုစ္ဆာ

၁။ ရှင့်ကျင့်ဝတ်အဓိပ္ပါယ်ကို သိသလောက် ရေးခဲ့ပါ။

၂။ ၁၅-နှစ်မပြည့်တဲ့ သူငယ်များ ရှင်ပြုခွင့် ရပါသလား။

၃။ ဘုရားလက်ထက်က အသက်ငယ်၍ ဂုဏ်ထူးကြွယ်တဲ့ သာမဏေ ၂-ပါးလောက် အမည်များ ထုတ်ပြပါ။

၄။ မိဘများထံ ခွင့်မတောင်းရပဲ ရှင်ပြုနိုင်သော အချက်ကို ၂-ခုလောက် ထုတ်ပြပါ။

( သတ္တမအကြိမ် )

၅။ ရှင်ပြုပုံ လိုရင်းသုံးမျိုးကို ပါဠိလိုရေးခဲ့ပါ။
၆။ ရှင်လောင်း ခေါင်းရိတ်ခနတဲ့အခါ ဘယ်လိုစကားမျိုးမပြော သင့်သလဲ။
၇။ ဆံပင် စပါးလုံးတထောက်လောက်ရှိတဲ့ ရှင်လောင်း ခေါင်း ထပ် မရိတ်ပဲ နေနိုင်သလား။
၈။ တစပဥ္စက-ဆိုတဲ့ ကမ္မဋ္ဌာန်း၌ ငါးပါး ငါးစုဆိုတာ ရေတွက် ပြစမ်းပါ။
၉။ ရှင်လောင်း ခေါင်းရိတ်တဲ့အခါ ရွတ်ရတဲ့ ကြမ္မဋ္ဌာန်းဆိုရိုးကို ရေးပြပါ။
၁၀။ ရှင်လောင်း ပုဂ္ဂိုလ်ထူးတို့ ဆံရိတ်ခိုက် တစပဥ္စက ကမ္မဋ္ဌာန်း ပွားများလိုက်ရာ သင်ဓုန်းအဆုံး ခေါင်းရိတ်ပြီး၌ ဘာများ ဖြစ်ကြပါသလဲ။

ရှင်ပြုခြင်း လိုရင်းသုံးမျိုးပြခန်း ပြီးပြီ။

---

## ကျေးဇူးများရန် ညွှန်ပြခြင်း

ယခုခေတ် ရှင်ပြုချိန်နီးကပ်မှ ဆရာရဟန်းထံ ပို့ထားခြင်းကား သား များကို ချစ်ရာမကျပဲ နှစ်ရာကျပေသည်၊ ရှင်လုပ်ငန်းနားမလည်ပဲ ရှင်ပြု ရရှာသောသူငယ်၌ ရည်ရွယ်ချက်မကိုက်ပဲအကျိုးစီးပွားနည်းတတ်သည်၊ ဆရာရဟန်းထံ၌ ရှင်လောင်း သားကောင်းတို့ကို အစောက ပို့သင့်၏၊ သာသနာ့ဘောင်မနေနိုင်သူတို့ အယုတ်ဆုံးတလထားသင့်၏။ သို့ပါမှသာ သာသနာနှင့်စပ်သောလုပ်ငန်းများ ဗဟုသုတပွားများရာသည်၊ ဆရာတို့ က သရဏဂုံသိအောင် သင်ပေးသင့်၏၊ ပစ္စဝေက္ခဏာများ ဉာဏ်သက် ဆင်ခြင်နိုင်အောင် ဆံရိတ်သောအခါ ဆင်ခြင်ရန် တစပဥ္စကကမ္မဋ္ဌာန်း သင်ပေးသင့်၏၊အချိန်ရသလို ဥပဇ္ဈာယ်ယူပုံ့ သီလခံယူပုံနှင့်ဆယ်ပါးသီလ ၏ အဓိပ္ပါယ်, လိင်, ဒဏ်, သေခိယ စသည်တို့ သင်ပေးသင့်၏၊ရှင်ပြုပြီးစ သာမဏေကို ကုဋိတက်ပုံ, ဆွမ်းစားပုံ,သင်္ကန်းဝတ်ပုံ,ရွာတွင်းသွားလာပုံ စသည်တို့ နားပါးဝအောင် သင်ပေးသင့်၏။ ရှင်သာမဏေအား လူ့ လောက၌နေသောအခါသာသနာကြည်ညိုတတ်အောင် ကပ္ပိပုံ,ဆွမ်းကပ်

ပုံ့၊ ဦးချပုံ၊ လျှောက်ပုံ၊ ဆရာထံ ဆည်းကပ်ပုံစသော လက်တွေ့လုပ်ငန်းတို့ကို သင်ပေးသင့်၏၊ သို့မှသာ အနာဂတ်သာသနာရေး မြော်တွေး၍ ကောင်းမွန်ဖွယ်ရှိမည်၊ ရှင်ပြုသောအခါလဲ ပရိက္ခရာရှစ်ပါး ပြည့်စုံလျှင် ပြီးရောဟု မဖြတ်မအပ်တဲ့ သင်္ကန်းတု၊ သံဖြူ မီးခွက်ပုံ ရေစစ်တု၊ မီးစာလုပ်ရသော သပိတ်အိတ်စုတ်ဖွား၊ သားရေနယ်ဟန်ဆောင်သော စက္ကူနီ ကြမ်းထည့်၍ရှင်ပြုကြသည်ကား ခေတ်စားလျက်ရှိ၏၊ ကလေးတွေရှင်ပြုပုံ ကစားသည်နှင့်တူလှ၏၊ မိမိတို့သားရတနာကို ဘုရားရှင်အမွေတော် အတုအပယူစေသည်နှင့်တူမည်ကိုသတိချပ်၊ ပရိက္ခရာဟူသည် သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်၊ ခါးပန်း၊ သပိတ်၊ သင်မှုန်း၊ ရေစစ်၊ အပ်-ဟု ရှစ်ပါးရှိသည်၊ ဤ၌ ရှင်သာမဏေအတွက် သင်းပိုင်၊ ကိုယ်ရုံ၊ ခါးပန်း၊ သပိတ်တို့သာ လိုရင်းဖြစ်သည်၊ လိုရင်းပရိက္ခရာတို့ ကောင်းမွန်အောင် စီမံသင့်၏၊ ထို့ထက် စွမ်းနိုင်လျှင် အသုံးပြုသော ခေါင်းအုံး သင်ဖြူးစသည်တို့ ထည့်သင့်၏၊ ပရိက္ခရာအတွက် ကုန်ကျမခံပဲ စာရေးသောက်ရေးစသော အခြား အရာတို့၌ ကုန်ကျခံသူတို့ကား ဉာဏ်သေးလှ၏၊ သာမဏေများ သိက္ခာစင်ကြယ်အောင် လုထွက်ခိုင်းခြင်းနှင့် လုထွက်ရန် ဆွဲဆောင်သော လုပ်ငန်းတို့ကား ဗုဒ္ဓဘာသာ ထုံးစံ၌ အလွန်ရှောင်ကြဉ်သင့်သော အရာတခုဟု သတိပြုသင့်လေသည်။

( သတ္တမအကြိမ် )

# ဧရွဂူ ရှင်ကျင့်ဝတ် အကျယ်ကျမ်း

### ဆရာရဟန်းလက်သို့ သင်္ကန်း ပေးအပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ် ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက် ပြုပါရခြင်း အကျိုးငှါ။ ဣမံ ကာသာဝံ၊ ဘုရားတပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ ဘုရားတပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ဖြစ်အောင် ပြုပေးတော်မူကြပါဘုရား။

၃-ကြိမ်, ၂-ကြိမ်, ၁-ကြိမ် ကြိုက်သလိုဆို၍ သင်္ကန်းကပ်။

### ဆရာရဟန်းထံတော်မှ သင်္ကန်း တောင်းယူရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ် ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ

( သတ္တမအကြိမ် )

မျက်မှောက်ပြုပါရခြင်း အကျိုးငှါ။ တော် ကာသာဝံ၊ အရှင်ဘုရားတို့၏ လက်တော်၌ရှိသော ထိုသင်္ကန်းကို။ ဒတွာ၊ ပေးသနားတော်မူ၍။ မံ၊ ဘုရားတပည့်တော်ကို။ အနုကမ္ပံ၊ အစဉ် သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ဖြစ်အောင် ပြုပေးတော်မူကြပါဘုရား။

၃ ကြိမ်, ၂-ကြိမ်, ၁-ကြိမ် ကြိုက်သလိုဆို၍ တောင်းယူ။

---

## သင်္ကန်းပေး သင်္ကန်းတောင်း၌ မှတ်သားဖွယ်

### (က) ဘာကြောင့် ယခုအခါ သင်္ကန်းပေး သင်္ကန်းတောင်း ဖြစ်ပေါ်လာသလဲ?

ဆရာရဟန်းက သင်္ကန်းပေး၍ဖြစ်စေ, ဆရာရဟန်းက တဆင့်အခိုင်းခံရသူ ပေး၍ဖြစ်စေ သင်္ကန်းဝတ်ကောင်း၏၊ (ကိုယ့်သင်္ကန်းဖြစ်စေကာမူ) ကိုယ့်ဘာသာ မဝတ်ကောင်းသောကြောင့် မိမိလက်မှာရှိသော ကိုယ့်သင်္ကန်းကို ဆရာ့လက်သို့ ပေးရခြင်း, ဆရာ့လက်မှ တောင်းယူရခြင်း ဟူသော လုပ်ငန်းနှစ်ခု ဖြစ်ပေါ်လာသည်၊ ဆိုခဲ့ပြီးသော ရှင်ပြုခြင်း သုံးမျိုးအနက် ကာသာယစ္ဆာဒန ရှင်ပြုခန်းပါဠိ၊ သကလ, ဝဠ္ဋ-စသော စကားတို့ကား ဝိမတိဝိနောဒနီ ဝိနယာလင်္ကာရဋီကာတို့နှင့် အလျော်ရှေး ဆရာမြတ်တို့ စီစဉ်ထားသော စကားရပ် ဖြစ်သည်။

### (ခ) သင်္ကန်းပေးနှင့် သင်္ကန်းတောင်းကိစ္စတို့တွင် ဘယ်ကိစ္စကို ရှေးဦး ပြုသင့်သလဲ?

သင်္ကန်းပေးကိစ္စကို ရှေးဦးပြုရပါမည်၊ ပြုပုံမှာ ဆံရိတ်ခြင်း, ရေချိုးခြင်းစသော ကိစ္စများပြီးတဲ့ ရှင်လောင်းသည် ဆရာရဟန်းအား (သီလစသော ဂုဏ်အပေါင်းတို့၏ တည်ရာ ဆရာမြတ်ပါတကား ဟု) ရိုသေလေးစား နှလုံးထားလျက် ပိတ်ပိုင်း, သင်္ကန်း စသည် တခုခုကို လက်ကန်တော့ စမ္ပယ်တင်၍ ဒူးနှစ်ဘက်, လက်ဖဝါးနှစ်ဘက်, နဖူးဟူသော

အင်္ဂါ ၊ ဗိုလ်ကို အခင်း၌တည်သော ပဋ္ဌပတိဋ္ဌတဖြင့် သုံးကြိမ် ဦးချ လျက် ဆောင့်ကြောင့်ထိုင်၍ ခါးပန်းကြိုးဖြင့် ရစ်ပတ်ထားသော သင်္ကန်းကို ကိုင်ကာ ၁-နံပါတ် သင်္ကန်းပေးကို ပါဠိဖြစ်စေ, အနက်ဖြစ် စေ, မြန်မာသက်သက်ဖြစ်စေ ကြိုက်သလို ၃-ကြိမ်ဆို၍ သင်္ကန်းကို ဆရာ လက်သို့ ပေးပါ၊ တကြိမ်, နှစ်ကြိမ်လဲ အပ်၏၊ ထို သင်္ကန်းပေး ကိစ္စ ပြီးလျှင် ပြန်ထိုင်၍ ၂-နံပါတ် သင်္ကန်းတောင်းကို ရှေးဦးနည်းမှီ၍ ရွတ်ဆိုတောင်းပါ၊ ထိုအခါ ဆရာက ကိုယ်တိုင်ဝတ်ပေးပေး၊ တဦးဦးကို ခိုင်းခိုင်း၊ ရှင်လောင်းအား ရော့ ဝတ် ဟု ပေးပေး အားလုံးသည် ဆရာပေးရာ ကျ၍ ရှင်လောင်း၌ သင်္ကန်း ဆင်နိုင်ပြီ၊ ဤကဲ့သို့မှ ဆရာ မပေးပဲ ဝတ်လာခဲ့လျှင် ချွတ်ပြီးမှ ဆရာက ပေးရမည်၊ ဆရာ မပေးပဲ မိမိဘာသာ ဝတ်ထားလျှင် အသွင်ခိုး လိင်္ဂထေနက ဖြစ်တတ်၏၊ ထို လိင်္ဂထေနက ကင်းရှင်းစေသောသင်္ကန်းပေး, သင်္ကန်းတောင်းဟု မှတ်ပါ၊ (သကလ ဝဋ္ဋ-စတဲ့ စကားစဉ်တို့ကို မဆိုစေဘဲ ဆရာက ရော့ဝတ်ဟု ဆိုလဲ ဝတ်အပ်ပါတော့သည်။)

**(ဂ) ထိုစကား ၂-ရပ်တွင် သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ-ဟူသော စကားဖြင့် ဘာပြသလဲ?**

ရှင်လောင်း၏ ကောင်းမြတ်သော ရည်ရွယ်ချက်ကို ပြပါတယ်။

**ရည်ရွယ်ချက်မှာ** အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်း လွတ် ထွက်မြောက်သော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုဖို့ရန် အတွက် ရည်ရွယ်သည်။

**(ဃ) ရည်ရွယ်ချက်၌ ၁(သံသာရ)သံသရာ၊ ၂(ဝဋ္ဋ)ဝဋ်၊ ၃ (ဒုက္ခ) ဆင်းရဲ ထိုသုံးပုဒ်၏ အဓိပ္ပါယ်ကား ဘယ်လိုပါလဲ?**

ခန္ဓာ, အာယတန, ဓာတ်တရားတို့ဟာ ဖန်ဖန် ဖြစ်ပေါ်နေသော ကြောင့် သံသရာဟု ဆိုရပါသည်။

**မှတ်ချက်** ခန္ဓာကိုယ်ကြီး ဖန်ဖန်ဖြစ်ပုံမှာ ဆံပင်ကို ဖန်ဖန်ရိတ်လဲ ဖန်ဖန် ပေါက်လာပုံကို ပမာပြုပါ။

**ဖန်ဖန်ဖြစ်တတ်၊ ခန္ဓာဓာတ်၊ ခေါ်မှတ်သံသရာ။**

(သံ=ဖန်ဖန်မပြတ်+သာရ=ဖြစ်တတ်တဲ့တရား)

(သတ္တမအကြိမ်)

ထို သံသရာခေါ် ခန္ဓာ, အာယတန, ဓာတ်တရားတို့သည် ပင်လျှင် အကြောင်းကြောင့် အကျိုးဖြစ်, အကျိုးရတော့ အကြောင်းအားထုတ်၊ ဤသို့ ကြောင်းကျိုးမပြတ် တဝဲဝဲလည် လိမ့်တတ်သောကြောင့် ဝဋ္ဋ ဟုလဲ ဆိုရပြန်ပါသည်။

မှတ်ချက် ဥပမာ သရက်စေ့ကြောင့် သရက်ပင်ပေါက်, သရက်ပင်မှ သရက်သီး သီး, သရက်သီးစေ့မှ သရက်ပင် ပေါက်၍ သရက်ပင်လည်သော ဝဋ္ဋဖြစ်ပုံကို ရှုပါ။

သံသရာနှင့်ဝဋ္ဋတို့ကား အရမထူးပါ၊ ထိုသံသရာဝဋ္ဋခေါ် ခန္ဓာတရားကြီးကို လက်တွေ့ညဏ်နှင့် ချမ်းသာသလား ဆင်းရဲသလားလို့ ဝေဖန်ခဲ့လျှင် ဆင်းရဲဘာအစစ် တွေ့လာပါလိမ့်မယ်၊ ဤခန္ဓာကြီးရလို့ မလှုပ်ရှက်နိုင်တဲ့ အမိဝမ်းခေါင်းထဲ ပဋိသန္ဓေနေရ, ရင့်ရော် အိုမင်းရ, ၉၆-ဖြာ အနာရောဂါတို့ နှိပ်စက်ခံရ, စိုးရိမ်ရ, ငိုကြွေးရ, ပူဆွေးရ, နှလုံးမသာ မယာဖြစ်ရ, ပင်ပန်းခံရ, ဆာလောင်မွတ်သိပ်ရ, ကျွေးမွေးရ, ရှာမှီးရ, သူတပါးနှိပ်စက်ညှဉ်းပန်းခံရ, ပြုစုရ, သုတ်သင်ရ စသောအားဖြင့် မရေတွက်နိုင်သော ဆင်းရဲအစုကား ဤခန္ဓာပေါ်၌ ဖြစ်ပါတော့သည်၊ ဤခန္ဓာကြီး၌ ချမ်းသာဟူသည် ပရမာဏုမျှ မရှိ၊ ဆင်းရဲအတိ ဖြစ်လေသောကြောင့် ထို သံသရာဝဋ္ဋတရားကို ဒုက္ခဆင်းရဲဟု ဆိုရပြန်သည်၊ ထို သံသရ, ဝဋ္ဋ, ဒုက္ခ သုံးပုဒ်၌ အရကောက် တူမျှလျက် သတ္တဝါတွေ ငြီးငွေ့စေရန် အမည်အမျိုးမျိုး ဟောထားခြင်း ဖြစ်သည်။

## (င) နိဿရဏ နိဗ္ဗာနသ၏ အဓိပ္ပါယ်ကား ဘယ်လိုလဲ?

နိဿရဏ=ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်သော+နိဗ္ဗာနသ= နိဗ္ဗာန် ချမ်းသာဟု မြန်မာပြန်ပါ၊ ဆိုခဲ့တဲ့ ဒုက္ခဆင်းရဲအဖုံဖုံတို့မှ ကုန်စင်လွတ်မြောက် အေးငြိမ်းသော သန္တိသုခ သဘောသို့ရောက်သည့် အချမ်းသာဆုံး လောကုတ္တရာ တရားထူးကို နိဗ္ဗာန်ဟု ဆိုသည်၊ "နိဗ္ဗာနံ ပရမံ သုခံ" ဓမ္မပဒ နိဗ္ဗာန်ချမ်းသာကို အရိယာအရှင်တို့သာ ခံစားနိုင်ခွင့် ရှိသည်၊ ပုထုဇဉ်တို့နှင့် မဆိုင်ပါ။

( သတ္တမအကြိမ် )

### (စ) နိဗ္ဗာန်ဆိုတာ သတ္တဝါတို့ရဲ့ အတွင်းမှာရှိသလား ?

နိဗ္ဗာန်ဆိုတာ သတ္တဝါတို့ရဲ့ အတွင်းမှာမဟုတ် အပြင်မှာဟုမှတ်၊ (ဗာဟိရဓမ္မ) အရကောက်ကိုရှု။

### (ဆ) သစ္စိကရဏတ္ထာယ—မျက်မှောက်ပြုဆိုတာ ဘယ်လိုလဲ ?

ဆိုခဲ့တဲ့ သန္တိသုခ နိဗ္ဗာန်ချမ်းသာကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် တိုက်ရိုက် အာရုံပြုသည်ကို မျက်မှောက်ပြုဟု ဆိုရပါသည်။

### (ဇ) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာ ဘယ်လိုဟာလဲ ?

ကိလေသာတို့ကို သတ်ဖြတ်နိုင်စွမ်း ရှိ၍ နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ အသိထူးကို မဂ်ဉာဏ်ဟုဆိုသည်၊ ၎င်းမဂ်၏ အကျိုးဖြစ်သော အသိပညာ ထူးကိုပင် ဖိုလ်ဉာဏ်ဟု ဆိုရသည်၊ ၎င်းအသိဉာဏ်ထူး နှစ်ခုတို့ကား အရိယာတို့ သန္တာန်၌သာ ဖြစ်ကြသည်။

### (ဈ) ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယဖြင့် အဘယ်ကို ပြပါသနည်း ?

"ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"ဖြင့် တပည့်တော်ကို သနားသဖြင့် ရှင်သာမဏေ ပြုပေးပါဟု ရှင်လောင်း၏ ခယ တောင်းပန် ခြင်းကို ပြပေသည်။

### (ည) သင်္ကန်းပေး အတိုချုပ် အဓိပ္ပါယ်ကား ဘယ်လိုလဲ ?

နိဗ္ဗာန်မျက်မှောက် ပြုပါရအောင် တပည့်တော်လက်မှ သင်္ကန်း ယူတော်မူ၍ ရှင်သာမဏေ ပြုပေးပါဟု ဆိုလိုသည်။

အမှာ သင်္ကန်းတောင်း အတိုချုပ်လဲ သိ[illegible]

ရွှေဂူ- ၃ (သတ္တမအကြိမ်)

၁၇၃၂၆

သာသနာရေးဦးစီးဌာ
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

## သက်န်းဝတ်ဆင်ပြီးနောက် ရှင်အဖြစ်တောင်းပန်ပုံ

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ၊ အရှင်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ကျွတ်လွတ်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ကျွတ်လွတ်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ တောင်းပန်ပါ၏ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ကျွတ်လွတ်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ ဘုရား။

---

## ရှင်အဖြစ် တောင်းပန်ပုံ မှတ်သားဖွယ်

### (က) သင်္ကန်းတောင်း ဝတ်ထားပြီးလျက် ရှင်အဖြစ်ဘာကြောင့် တောင်းရသလဲ ?

တောင်းပန်မှ ပြုလုပ်ပေးမှုကိုသာ ဘုရားရှင်အလိုကျ ဖြစ်သော ကြောင့် သုံးကြိမ်တောင်းပန်ရန် ရှေးဆရာတို့ စီစဉ်ထားလေသည်။

ဥပသမ္ပဒံ ယာစီတိ ပဗ္ဗဇ္ဇဥ္စ ဥပသမ္ပဒဥ္စ ယာစီတိ အတ္ထော။ (ဝိ-ဋီ)

(သတ္တမအကြိမ်)

**(ခ) သင်္ကန်းတောင်း ဝတ်ပြီးလျှင် ရှင်သာမဏေ မဖြစ်သေးဘူးလား?**

မဖြစ်သေးပါ၊ သရဏဂုံ ရွတ်ဆိုဆောက်တည်ပြီးမှ ရှင်သာမဏေ ဖြစ်ပါလိမ့်မည်။

**(ဂ) သရဏဂုံ မဆောက်တည်ပဲ သင်္ကန်းတောင်း ဝတ်ထားသူဟာ လူဂဟဋ္ဌဟု ခေါ်သလား ?**

လူဂဟဋ္ဌဟုလဲ မခေါ်ရပါ၊ သာမဏေလဲ မဟုတ်သေးပါ၊ လူထက် သင်္ကန်း တောင်းဝတ်ထား၍ ရှင်သာမဏေ အသွင်ထူး ဆောင်သူဟု ဆိုသင့်ပါသည်။

**(ဃ) သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယဖြင့် ဘာကိုပြသလဲ?**

ရှင်အဖြစ် တောင်းပန်ရခြင်း၏ ကောင်းမြတ်သော ရည်ရွယ်ချက်ကို ပြပါသည်၊ (သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန်အကျိုး မြော်ကိုး ရည်ရွယ်၍ ရှင်အဖြစ် တောင်းပန်ပါသည်ဟု ဆိုလိုသည်။)

**(င) ပဗ္ဗဇ္ဇဆိုတာ ဘာလဲ ?**

ရဟန်းပဥ္စင်း မဖြစ်မီ ရှေးဦးစွာ ရောက်အပ်သောကြောင့် ပဗ္ဗဇ္ဇ-ဟု ဆိုသည်၊ မြင့်မြတ်သော ပဥ္စင်းဘဝသို့ တက်မည့်ပုဂ္ဂိုလ်တူးသည် ပဥ္စင်း ဘဝ မတက်ရသေးမီ ရှေးဦးစွာ ရောက်အပ်သော အဆင့်မြတ်ကို ပဗ္ဗဇ္ဇ ဟု ဆိုလိုသည်။

(ပ=ရှေးဦးစွာ+ဗ္ဗဇ္ဇ=ရောက်အပ်သောအဆင့်)

**(စ) ကျမ်းဂန်တို့၌ ပဗ္ဗဇ္ဇ ခွဲပြသေးသလား ?**

ခွဲပြကြပါသည်၊ သို့သော်လဲ မိလိန္ဒပဉှာ ပါဠိတော်၌—

၁။ ရာဇာဘိနိတ ပဗ္ဗဇ္ဇ=မင်းတို့နှိပ်စက်၍ ရှင်ရဟန်းပြုခြင်း။

၂။ စောရာဘိနိတပဗ္ဗဇ္ဇ=သူခိုး, ဒမြ, သူပုန် နှိပ်စက်၍ ရှင်ရဟန်း ပြုခြင်း။

၃။ ဣဏဋ္ဋပဗ္ဗဇ္ဇ=ကြွေးမြီတို့အတွက် ရှင်ရဟန်းပြုခြင်း။

၄။ အာဇီဝကတ္ထပဗ္ဗဇ္ဇ=အသက်မွေးမှုရေးအတွက် ရဟန်းပြုခြင်း။

၅။ တေဒတ္ထပဗ္ဗဇ္ဇ=ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရန်အတွက် ရှင်ရဟန်း ပြုခြင်း ပေါင်း ငါးပါးလာပါသည်။

(သတ္တမအကြိမ်)

(ဆ) **သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဟူသော ရည်ရွယ်ချက်ဖြင့် ဘယ်ပဗ္ဗဇ္ဇမျိုးကို တောင်းပန်သလဲ ?**

အမြတ်ဆုံး တေဒတ္တ ပဗ္ဗဇ္ဇမျိုးကို တောင်းပန်ပါသည်။

(ဇ) **ဤရှင်အဖြစ်တောင်းပန်ပုံ၌ ပါသော သံသာရ, ဝဋ္ဋ, ဒုက္ခပုဒ်တို့၏ အဓိပ္ပါယ်သည် သင်္ကန်းပေး သင်္ကန်းတောင်းတို့၌ ဆိုခဲ့သည်နှင့် ထူးသေးသလား ?**

မထူးပါ။

(ဈ) **မောစနတ္ထာယ** – လွတ်မြောက်ပါရခြင်း ဆိုသည်၌ **ဝဋ္ဋဆင်းရဲမှ လွတ်လျှင် ဘယ်ရောက်နေမလဲ ?**

ဝဋ္ဋမှ လွတ်လျှင် ဝိဝဋ္ဋ-နိဗ္ဗာန်သို့ ရောက်ရပါမည်၊ ဒုက္ခဆင်းရဲမှ လွတ်လျှင် သန္တိသုခဆိုတဲ့ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရပါမည်။

**(ည) ရှင်အဖြစ် တောင်းပန်ပုံ အတိုချုပ် ဘယ်လို ဆိုသလဲ ?**

သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ပါရန် ရှင်သာမဏေ အဖြစ် သုံးကြိမ်တိုင် တောင်းပန်ပါသည် အရှင်ဘုရားဟု ဆိုလိုသည်။

**လေ့ကျင့်ခန်း မေးခွန်း**

၁။ သင်္ကန်းပေးသောအခါ ဆရာရဟန်း၏ဂုဏ်ကို ဘယ်လို နှလုံးသွင်း၍ ပဥ္စပတိဋ္ဌိတ ကျအောင် ဦးချရမည်ကို ဖော်ပြပါ။

၂။ မိမိကိုယ်ပိုင် သင်္ကန်းဖြစ်လျက် ဆရာကို ဘယ်အတွက် ပေးအပ်ရကြောင်းနှင့် ကိုယ့်ဘာသာကိုယ် ဝတ်ခြင်း၏အပြစ်ကိုပြခဲ့ပါ။

၃။ သင်္ကန်းတောင်း၌ ရည်ရွယ်ချက် ပါဠိ၏ အနက်ကို ရေးသား၍ သံသရာ၏ အဓိပ္ပာယ်ကို ရေးသားခဲ့ပါ။

၄။ သစ္ဆိကရဏတ္ထ - မျက်မှောက် ပြုဆိုသော အဓိပ္ပာယ်ကို သိသလောက်ရေး၍ သောတာပန်တည်သူတို့ဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် မပြုနိုင် ဖော်ပြပါ။

၅။ ပဗ္ဗဇ္ဇ-အဓိပ္ပာယ်ကိုရေး၍ ဆိုက်ကား နင်းစားသော်လည်း ဝမ်းစာရေး၌ ငြိုငြင်ပင်ပန်းလွန်း၍ ရှင်သာမဏေ ဝတ်သူသည် ဘယ်လို ပဗ္ဗဇ္ဇမျိုး ဖြစ်မည်ကို ဖော်ပြပါ။

**( သတ္တမအကြိမ် )**

## ရှင်အဖြစ် တောင်းပန်ပြီးနောက် သရဏဂုံသီလ မတောင်းမီ ကန်တော့ရန်

ဩကာသ·ဩကာသ·ဩကာသ ကာယ, ဝစီ, မနောချီလျက် သုံးလီ စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ဘုရားရတနာ, တရားရတနာ, သံဃာ ရတနာ, ရတနာမြတ်သုံးပါး ဆရာသမားတို့အား ဘုရားတပည့်တော် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ပါ၏အရှင်ဘုရား၊ ဤသို့ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိ တရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း သည်သာဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်ချမ်းသာ တရားတော် မြတ်ကို လျင်မြန်ဆောစွာ အ႑ာျင့်သာ၍ လွယ်ကူစွာ ရပါလို၏ အရှင် ဘုရား။

## သရဏဂုံနှင့် သာမဏေ သီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ ဒသသာမဏေရ ပဗ္ဗဇ္ဇာ· သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသသာမဏေရ· ပဗ္ဗဇ္ဇာ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ· သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

( သတ္တမအကြိမ် )

ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ ဘုရား တပည့်တော်သည်။ တိသရဏေန၊ သုံးပါးသော သရဏဂုံနှင့်။ သဟ၊ တကွ။ ဒသသာမဏေရ-ပဗ္ဗဇ္ဇာသီလံ၊ ဆယ်ပါးသော ရှင်သာမဏေသီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ မေ၊ ဘုရားတပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူကြပါဘုရား။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်မြတ်ဘုရား။ လ။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ လ။ အကြောင်းအနက်တူ ဆိုတတ်ပါစေ။

**အ၂၁** ဤတောင်းပုံကို ပါဠိသက်သက်ဖြစ်စေ, အနက်နှင့်ဖြစ်စေ, သာမဏေလောင်းရလျှင် သူ့ဘာသာသူဆို၍ တောင်းပါ၊ မရလျှင် ဆရာက ဆိုပေးပါ၊ ဆုံးလျှင်—

(က) ယမဟံ ဝဒါမိ တံ ဝဒေဟိ။ (ရှင်လောင်းတပါး)
ယမဟံ ဝဒါမိ တံ ဝဒေထ။ (ရှင်လောင်းအများ)
(ဟု-ဆရာကဆို)

(ခ) အာမ ဘန္တေ။ (ဟု-ရှင်လောင်းကဆို)

(ဂ) နမော တဿ ဘဂဝတော အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ။

ဟု ဆရာက တခေါက်ဆိုပေး၊ ထိုအတိုင်း ရှင်လောင်းက ၃-ခေါက်ဆို။

### အနက်နှင့် အဓိပ္ပါယ်

(က) ယမဟံ ဝဒါမိ၊ အကြင်စကားကို ငါဆို၏။ တံ ဝဒေဟိ၊ ထိုစကားကို လိုက်ဆိုပါ။

ငါဆိုတဲ့အတိုင်း လိုက်ဆိုဟု ဆရာက မှာထားသော စကားရပ်ဟု မှတ်။

(ခ) အာမ ဘန္တေ၊ မှန်ပါ အရှင်ဘုရား။
ရှင်လောင်းက လိုက်ဆိုပါမည်ဟု ပဋိညာဉ်ပေးသော စကားရပ်တည်း။

( သတ္တမအကြိမ် )

(ဂ) အရဟတော၊ ပူဇော် အထူးကို ခံတော် မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူပြီးထသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

ဆရာက ဘုရားရှိခိုးရန် မဟာနမက္ကာရကို ဆိုပေး၏၊ ရှင်လောင်းက သုံးကြိမ်ဆို၍ ရှိခိုးပေ၏။

**အမှာ** အဓိပ္ပာယ် ဘာသာပြန်မှုစ၍ ဤ"နမော တဿ" ဘုရားရှိခိုးတိုင်သော စကားတို့ကား ရှင်သာမဏေ ဖြစ်မှုနှင့် အရေးတကြီး မဆိုင်သေးပါ၊ ရှေးလုပ်ရိုးလုပ်စဉ်ရှိ၍ ရှေးရိုးမပျက် ထည့်စွက် ရေးလိုက်သည်၊ သို့ပါ၍ ဤစကားရင်တို့၌ ဌာန်, ကရိုဏ်းမကျနသော်လဲ ပြီးနိုင်သည်၊ နောက်ပြလတ့် သရဏဂုံ ပါဠိသာ အရေးအကြီးဆုံး ဖြစ်ပါသည်။

## သရဏဂုံပေးပုံနှင့် ဆောက်တည်ပုံ

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဆရာက ဆိုပေးပါ၊ ဆရာဆိုသလို ရှင်လောင်းကလဲ လိုက်ဆိုပါ။

(ခ) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဆရာက ဆိုပေးပါ၊ ဆရာဆိုသလို ရှင်လောင်းကလဲ လိုက်ဆိုပါ။

(ဂ) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဆရာက ဆိုပေးပါ၊ ဆရာဆိုသလို ရှင်လောင်းကလဲ လိုက်ဆိုပါ။

( သတ္တမအကြိမ် )

(ဃ) တိသရဏဂမနံ ပရိပုဏ္ဏံ။ (ဆရာကဆို)
(င) အာမ ဘန္တေ။

ရှင်သာမဏေသစ်ကလေး ဆိုပါ၊ ရှင်လောင်း မဟုတ်တော့ပါ။

အမှာ သရဏဂုံ ပါဠိဝယ် ဒွိ-ဓမ်-ဿံ-ဍ္ဌ ာ-တို့၌ ခပ်ပြင်းပြင်း ရွတ်ရကြောင်း သိစေရန် စာလုံးအမဲနှင့် ပြထားသည်။

## သရဏဂုံပေးပုံနှင့် ဆောက်တည်ပုံအနက်

(က) ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲ ဆည်းကပ်ပါ၏ ဘုရား။ ဓမ္မံ၊ ဆယ်ပါးသော တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲ ဆည်းကပ်ပါ၏ ဘုရား။ သံဃံ၊ အရိယာသံဃာ ရှစ်ပါး အပေါင်းကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲ ဆည်းကပ်ပါ၏ ဘုရား။

(ခ) ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။

(ဂ) တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ (ဆက်၍ ဆိုတတ်စေ)

(ဃ) တိသရဏဂမနံ၊ ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ မှီဝဲ ဆည်းကပ်သော သရဏဂုံသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါပြီ။

(င) အာမ ဘန္တေ၊ မှန်ပါဘုရား။

အမှာ သရဏ ဖြစ်သော ဗုဒ္ဓ-ဓမ္မ-သံဃာ တို့၏ ဂုဏ်ပုဒ်ကို ဆရာတို့က ရှင်သာမဏေလောင်းတို့အား စွမ်းနိုင်သလောက် ပြောထားသင့်သည်။

(ကုန်ရှုံးတခေါက်၊ ဂုဏ်ရှုံးက တသံသရာလုံး မှောက်သည်ကို သတိပြု)

( သတ္တမအကြိမ် )

## သရဏဂုံခန်း မှတ်သားဖွယ်

### (က) သရဏဂုံဆိုတာ ဘာလဲ ?

ရတနာသုံးပါးသာ ကိုးကွယ်အားထားရာ အစစ်အမှန်ဟု သိမှတ်ဆည်းကပ်သောစိတ်ကို သရဏဂမန-သရဏဂုံဟုခေါ်ပါသည်၊ (သရဏ=ကိုးကွယ်အားထားရာ မှီခိုရာဟူ၍+ဂမန=ဆည်းကပ် သိမှတ်သောစိတ်)

### (ခ) သရဏဂုံ ဘယ်နှစ်ပါး ရှိသလဲ ?

ဗုဒ္ဓသရဏဂုံ, ဓမ္မသရဏဂုံ, သံဃသရဏဂုံ-ဟု သုံးမျိုးခွဲပါ၊ ဆောက်တည်ပုံကိုလဲ သုံးမျိုးခွဲ၍ ဆောက်တည်တတ်ပါစေ၊ ကိုးကွယ်ရာ ဘုရား, တရား, သံဃာ-ပြား၍ ဆည်းကပ် သိမှတ်တဲ့ စိတ်လဲ သုံးမျိုးကွဲပါသည်။

### (ဂ) သရဏဂုံပေးဆိုတာ ဘယ်လိုလုပ်တာလဲ ?

ဆိုခဲ့ပြီးသော သရဏဂုံစိတ်ဓာတ် တည်ကိန်းနေပါသည်ဟု ဝန်ခံသောအနေဖြင့် မြွက်ကြားတဲ့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသောစကားစဉ်ကို ဌာန်, ကရိုင်း ကျ,န,ပီသစွာ ရွတ်ဆိုပေးခြင်းကို သရဏဂုံပေး ဟု ဆိုရသည်၊ (သာမဏေများဖြစ်ရန် ရဟန်းများသာ သရဏဂုံပေးနိုင်သည်၊ လူ ဖိုးသူတော်, မယ်သီလတို့၏ သရဏဂုံကို ဘယ်သူကဖြစ်ဖြစ် ပေးနိုင်ပါသည်။)

### (ဃ) သရဏဂုံဆောက်တည်ဆိုတာ ဘယ်လိုလုပ်တာလဲ?

မိမိတို့သန္တာန်မှာ ဆိုခဲ့ပြီးသော သရဏဂုံစိတ်ဓာတ်းတည်ကိန်းနေပါသည်ဟု ဝန်ခံသောအားဖြင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ပီသစွာရွတ်ဆိုမှုကို သရဏဂုံ ဆောက်တည်သည်ဟု ဆိုရပါသည်။

### (င) သရဏဂုံပါဠိ၌ ပြင်းပြင်းရွတ်သင့်တဲ့ ဓနိတအက္ခရာ ဘယ်ဟာလဲ ?

ဒ္ဓံ, ဓမ်, ဃံ, စ္ဆာ ၎င်းလေးလုံး ဖြစ်ပါသည်၊ ကျန် အက္ခရာတို့ကား လျှော့ရွတ်ရမည့် သိထိလ အက္ခရာတို့ဟု မှတ်ပါ။

(သတ္တမအကြိမ်)

**(စ) နှာခေါင်း၌ လေထွက်လာအောင် ပိတ်ရွတ်မှ ပီသတဲ့ နိဂ္ဂဟိတ အက္ခရာတို့ကား ဘယ်ဟာလဲ ?**

ဒွံ, ဏံ, မွံ, သံဃ-တို့ ဖြစ်ပါသည်၊ သေးသေးတင် အက္ခရာတို့ဟု မှတ်ပါ၊ ပိတ်ရွတ်ရမည့် အက္ခရာပါပဲ။

**(ဆ) နှာခေါင်းမှ လေမထွက်ရပဲ ဖွင့်၍ ရွတ်ဆိုရသော ဝိမုတ္တ အက္ခရာကား ဘယ်ဟာလဲ ?**

ဋ္ဌ-အက္ခရာ ဖြစ်ပါသည်၊ ရေးချထားသော အက္ခရာ-ဟု မှတ်ပါ။

**(ဇ) သရဏဂုံ ပါဠိရွတ်ရာ၌ လိုရင်းပျက်စီးတတ်သော အချက်ကား ဘယ်ဟာလဲ ?**

၁။ အလျော့ရွတ်ရမည့် အက္ခရာကို ပြင်းပြင်းရွတ်လျှင်လည်းကောင်း၊
၂။ ပြင်းပြင်းရွတ်ရမည့် အက္ခရာကို လျော့လျော့ ရွတ်လျှင်လည်းကောင်း။
၃။ ဖွင့်ရွတ်ရမည့် အက္ခရာကို ပိတ်၍ ရွတ်ခဲ့လျှင်လည်းကောင်း။
၄။ ပိတ်၍ရွတ်ရမည့်အက္ခရာကို ဖွင့်၍ရွတ်လျှင်လည်းကောင်း။ ၎င်း ၄-ချက် သရဏဂုံပျက်ပါသည်၊ လျော့ရမည့် သိထိလကို လျော့ရွတ်၊ ပြင်းပြင်းရွတ်ရမည့် ဓနိတကို ပြင်းပြင်းရွတ်ပါ၊ ပိတ်ရွတ်ရမည့် နိဂ္ဂဟိတ်ကို ပိတ်ရွတ်ပါ၊ ဖွင့်ရွတ်ရမည့် ဝိမုတ္တကို ဖွင့်ရွတ်ပါလျှင် သရဏဂုံ ပြည့်စုံနိုင်ပါသည်။

**(ဈ) သရဏဂုံ ပါဠိရွတ်ဆိုရာ၌ ဆရာတဦးတည်း ပီသရုံနှင့် သာမဏေ ဖြစ်နိုင်သလား ?**

မဖြစ်နိုင်ပါ၊ ဆရာရော ရှင်လောင်းပါ နှစ်ဦးပီသမှ ရှင်သာမဏေ ဖြစ်နိုင်ပါသည်။

သစေ အာစရိယော ဝတ္တုံ သက္ကောတိ အန္တေဝါသိကော
န သက္ကောတိ။လ။န ဝဋ္ဋတိ၊ သစေ ဥဘောပိ သက္ကောန္တိ ဝဋ္ဋတိ။
(ဟာ—ထာ)

(သတ္တမအကြိမ်)

## (ည) သရဏဂုံ ရွတ်ဆိုရာ၌ အဋ္ဌကထာ ဘယ်နှစ်နည်းလာသလဲ?

(၁) ဒွိ-ဟု သေးသေးတင် အဆုံးရှိသော နိဂ္ဂဟိတန္တ ရွတ်ဆိုနည်း။
(၂) ဒွမ်ဟု မ-အက္ခရာ အဆုံးရှိသော မ-ကာရန္တ ရွတ်ဆိုနည်းဟု ၂ မျိုးလာသည်၊ အကျယ်-ထေရဝါဒမှာ ပြလတ့်။

## (ဋ) သရဏဂုံ ရွတ်ဆိုပုံ ဆုံးဖြတ်ကြသော ထေရဝါဒ ဘယ်လောက်များသလဲ?

အလွန်များပါသည်၊ အချို့ ထုတ်ပြအံ့။

## ကျေးဇူးရှင် လယ်တီဆရာတော်ဝါဒ

**နိဂ္ဂဟိတန်၊ မ ကာရန်၊ နှစ်တန်ပေးနည်းလာ။ (ဝိနယသံဒိပ်)**

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစရှိသည်ဖြင့် သရဏဂုံပေးရာ၌ နိဂ္ဂဟိတန္တနှင့်လည်း ပေးအပ်၏၊ မ-ကာရန္တနှင့်လည်း ပေးအပ်၏၊ နိဂ္ဂဟိတန္တ ဆိုသည်ကား သေးသေးတင်နှင့် ရှိနေသော အက္ခရာတို့၌ ခံတွင်း နှုတ်ခမ်းတို့ကို ပိတ်ခြင်း အဆုံးရှိသည်ကို ပြု၍ ရွတ်ဆိုခြင်းတည်း။

မ-ကာရန္တ ဆိုသည်လည်း ထို့အတူ ခံတွင်း နှုတ်ခမ်းတို့ကို ပိတ်ခြင်း အဆုံးရှိသည်ကိုပြု၍ ရွတ်ဆိုခြင်းပင် ဖြစ်သည်။

**အထူးကား** နိဂ္ဂဟိတ် မည်သည် ရှေ့သရကို မှီသော ဗျည်း အထူး ဖြစ်ပေ၍ ဗုဒ္ဓံ-၌ ဓ-ဗျည်းနှင့် သရကို မှီရာတူကြ၏၊ ထို့ကြောင့် နိဂ္ဂဟိ-တန္တနှင့် ရွတ်ဆိုသောအခါ၌ ဓ-ဗျည်းနှင့် နိဂ္ဂဟိတ်၏ အကြားမှာ အသံ တမျိုးအခြား မရှိစေမူ၍ တစပ်တည်းပြု၍ ရွတ်ဆိုရာ၏၊ ဓ-ဗျည်း ပြီသည်နှင့် တပြိုင်နက် ခံတွင်းပိတ်မှုကို ပြုရာ၏၊ ခံတွင်းပိတ်မှု နောက်ကျ၍ မနေစေရ ဟူလိုသည်၊ မ-အက္ခရာသည်မူကား ဤ၌ သရမရှိသော်လည်း နောက်သရကို မှီသော ဗျည်းမျိုးဖြစ်ပေ၍ ဗုဒ္ဓမ်-၌ ဓ-ဗျည်းနှင့် မှီရာ ကွဲပြားကြ၏၊ ထို့ကြောင့် မ-ကာရန္တနှင့် ရွတ်ဆိုသောအခါ၌ ဓ-ဗျည်းနှင့် မ-အက္ခရာ၏ အကြားမှာ အတန်ငယ်ခြားပြီးမှ နှုတ်ခမ်းပိတ်မှုကို ပြုရာ၏။

ဥက္ကမိနာဝ ပန ဒုဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ-ဧက-
သမ္မန္နာယ အနုနာသိကန္တာယ ဝါ ကတွာ ဒါတဗ္ဗာနိ၊ ဗုဒ္ဓမ်သရဏံ
ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ။

(အဋ္ဌကထာ)

ဌာန်, ကရဏ· ပ ယတ်ကျ၊ ပြီသလိုလှစွာ။

ဆရာလည်းပြီ၊ တပည့်ပြီ၊ စုံညီကြမှသာ။ (ဝိနယသံခိပ်)

တလုံး တလုံးသော အက္ခရာ၌ ဌာန်, ကရိုဏ်း, ပယတ် သုံးပါးအပြီ, အသ, အကျ, အန အလွန်လိုလှ၏၊ ပေးသူ ဆရာကလည်း ကျကျနန ပြီသပါမှ ယိုက်သူ တပည့်ကလည်း ကျကျနန ပြီသပါမှ သရဏဂုံမြောက်သည်၊ တဦးဦးက ပြီရုံမျှနှင့် မမြောက်ဟု လာ၏၊ သရဏံပုဒ်၌ ရ-ကြီး, ဏ-ကြီး နှစ်လုံးသည် မုဒ္ဓဇချည်း ဖြစ်ကြ၏၊ အာခေါင်အရပ်မှ ဖြစ်ကြ၏၊ လျှာဖျား အနီးဖြစ်သော လျှာအရပ်သည် ထိုနှစ်လုံးတို့၏ ကရိုဏ်း ဖြစ်၏၊ လျှာကို အထက်သို့ ခေါက်လိပ်၍ ရွတ်မှ အထက်အာခေါင်ကို ထိခိုက်၏၊ သွားသံ ပါခဲ့လျှင် ဏ-ကြီးမဟုတ်ပြီ၊ ဒန္တဇ န-ငယ် ဖြစ်လေ၏၊ ဌာန်, ကရိုဏ်း, ပယတ်နှင့် ပြည့်စုံစွာ ရွတ်ဖတ်မှုမည်သည် ဆရာနည်းကောင်းလှမှ နေရာကျနိုင်သည်။ သရဏဂုံ ဌာန်, ကရိုဏ်းမကျ၍ သာမဏေအစစ် မဖြစ်သော်လည်း ဖြစ်သည်မှတ်၍နေလျှင် အပြစ်မရှိ၊ မဖြစ်မှန်းသိလျက် သာမဏေ ကောင်းတို့နှင့် ပေါင်းဖော်၍ နေသော်လည်း သင်္ကန်းခံယူမှုက စောင့်ရှောက်လျက်ရှိသောကြောင့် ထေနကမဖြစ်၊ သရဏဂုံအောင်မြင်ခဲ့လျှင် "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"၌ မိ-အက္ခရာ အဆုံးတွင် ရှင်သာမဏေအစစ်ဖြစ်လေ၏၊ သာမဏေတို့ကျင့်အပ်သော ၁၀-ပါးသီလ, လိင် ၁၀-ပါး, ဒဏ် ၁၀-ပါးတို့မှစ၍ အလုံးစုံသောကျင့်ဝတ်တရားတို့ကို ဆောက်တည်မှုကိစ္စ တချက်တည်း ပြီးလေ၏။ သိသခံဖွယ် ကိစ္စမရှိ၊ ခံသော်လည်း အပြစ်မရှိ၊ သိက္ခာပုဒ်သရုပ် ကျေပြွန်ရကျိုးရှိ၏။ (ဝိနယသံခိပ်ကျမ်းမှ ထုတ်ပြသည်။)

( သတ္တမအကြိမ် )

## ကျေးဇူးရှင် ညောင်လေးပင်တောရ ဆရာတော်ဘုရား ဝါဒ

သင့်ရကာဂုံပေးရာ၌ အစဉ်အကျွရပုဒ် မချွတ်ယွင်းစေရ၊ ပဒိသသ ဌာန်၊ ကရိုဏ်းကျစေရသည်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော နိဂ္ဂဟိတန္တ၌ ဓ-သံ့၊ နိဂ္ဂဟိတ်သံပြိုင်တူထင်စေ၊ အ-သရကို အတူမှီသည်၊ မပြတ်သားစေရ၊ မယံ-ဟု မမြည်စေရ၊ "ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ" စသော မ-ကာရန္တ၌ ဓ-သံ့၊မ-သံ ရှေ့နောက်ထင်စေ၊ မ၏မှီရာ အ-သရကို မ မမှီ ပြတ်သားစေရမည်၊ ဤ၌ ပြတ်သားဟူသည် အသံကင်းသော အပြတ်မျိုးမဟုတ်၊ သန့်ရှင်းပီသရမည်၊ မော၍ အသံကုန်၍ နေရာမရွေး ပြတ်ခြင်းကား အပြစ်မရှိ ဓ-ဆ-ဃ-သုံးလုံးကို မနိတဖြစ်၍ ပြင်းထန်သော အသံဖြင့်ရွတ်အပ်၏၊ ပြင်းထန်ဟု ဆိုသော်လည်း သိပ်မအော်ရ၊ ပရိဝါ အဋ္ဌကထာ၌ "သော ဥတ္တိ" ဟု ရွတ်ရမည်ကို "သေံ ဥတ္တိ" ဟူ၍လည်းကောင်း၊ "သံဃော" ဟု ရွတ်ရမည်ကို "သာဃော" ဟူ၍လည်းကောင်း၊ ဝိမုတ္တကို နိဂ္ဂဟိတ၊ နိဂ္ဂဟိတကို ဝိမုတ္တရွတ်လျှင် ကံပျက်၏၊ နိဂ္ဂဟိတန္တနှင့် မ-ကာရန္တ ရွတ်ရာ၌ကား အပ်သော ခေတ်အတွင်းကျ၏ဟု ဆိုသည်၊ ထို့ကြောင့် "ဗုဒ္ဓါ သရဏာ" ဟု အာကာရန္တ ဝိမုတ္တဖြင့် ရွတ်ဆိုလျှင် ရှင်ပြုကံပျက်၏၊ နိဂ္ဂဟိတ်ကိုပိတ်၍ မ-ကာရန္တကိုဖွင့်၍ဆိုခြင်း၊ နိဂ္ဂဟိတ်ကိုဖွင့်၍ မ-ကာရန္တကို ပိတ်၍ဆိုခြင်း ယိုပါဒ နှစ်ခုလုံးသည် အပ်သောခေတ်အတွင်းသို့ ကျရောက်သည်သာတည်း၊ အာကာရန္တ မဖြစ်အောင်သာသတိပြုအပ်၏၊ ဆရာ့တပည့်နှစ်ဦး တဦးကပိတ်လျက် တဦးက ဖွင့်လျက်ဖြစ်စေ ဆိုရာ၌လည်း အပ်သောခေတ်အတွင်းသို့ကျ၏၊ ဤနည်းဖြင့် ဆရာ့တပည့်နှစ်ဦးလုံး ပီမှ ဝါ၊ဥဘတောသုဒ္ဓိဖြစ်မှ သာမဏေဖြစ်သည်၊ သရဏဂုံ အနက်အဓိပ္ပါယ် နားမလည်သော်လည်း ပီလျှင်ဖြစ်သည်၊ တဦးဦး မပီလျှင် မဖြစ်၊ ရဟန်းပြုခြင်းကဲ့သို့ ကေဟောသုဒ္ဓိဖြင့် မပြုအပ်၊ ရဟန်းပြုရာ၌ ကမ္မဝါစာဖတ်သူ တဦးပီလျှင် ရဟန်းဖြစ်သည်၊ ဆရာပေးသော သက်န်းကိုဝတ်သူသည် မပီ၍ ကိုရင်မဖြစ်အံ့၊ ထေယျသံဝါသ မဖြစ်၊ ကောင်းစွာ ကျင့်လျှင် သဂ္ဂ၊မဂ္ဂအန္တရာယ်မှ လွတ်၍ အကျိုးရှိ၏၊ မကောင်းသဖြင့် ကျင့်လျှင် လိင်မကျ ဒဏ်မထိ၊ ကိုရင်မဖြစ်ဟု သိလျှင်သိခြင်း သရဏဂုံထပ်ရသည်၊ မထပ်လျှင်အပြစ်မလွတ်။ (ဤကား ညောင်လေးပင် ရှင့်ကျင့်ဝတ်မှ ထုတ်ပြသည်။)

( သတ္တမအကြိမ် )

## ကျေးဇူးရှင် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ဝါဒ

နိဂ္ဂဟိတန္တနှင့် မ·ကာရန္တသည် နာသိကဌာန်၌ ဖြစ်ခြင်း သဘော တူသောကြောင့် သရုပ်ကို ကမ္မဂါဝါစာအရာ၌ အပ်သည်ချည်းတည်း၊ ဝိပတ္တိဖြစ်မှုကိုပျက်သည်၊ သရုပ်ကိုပေးရာ၌ "အနုနာသိကန္တံ ကတွာ ဒါန· ကာလေ အန္တရာဝဇ္ဇေဒါန ကာတဗ္ဗော" ဟူသဖြင့် ဋီကာများမိန့်ဆိုသည့်အတိုင်း "ဗုဒ္ဓံ သရဏံ" ဟု နိဂ္ဂဟိတန္တရွတ်ဆိုရာ၌ မ·ကို ရွတ်လျှင်ရွတ် ခြင်း ခံတွင်းက လေသံမထွက်စေရ၊ နှာခေါင်းသို့ လေကိုလွှတ်၍ နာသိ· ကဌာန်သံရုပ်ဆိုခြင်းသည် ဝ·၏ ဒန္တဌာန်နှင့် နိဂ္ဂဟိတ်၏ နာသိကဌာန်သံ အကြားမပြတ် ကပ်လည်းဖြစ်၍ နိဂ္ဂဟိတန္တရွတ်နည်းမည်၏။

ဤနိဂ္ဂဟိတန္တရွတ်ရာ၌ နှုတ်ခမ်းချင်းလည်း မထိစေရ၊ ဓ·ကိုရွတ်၍ ပြီးလျှင်ပြီးခြင်း ခံတွင်းကလည်း လေမထွက်စေရ၊ ဓ·သံကို အစလောက် သာ ထင်စေ၍ နှာခေါင်းသံလှမ်းမိုးလာအောင် ရွတ်ရသောကြောင့်—

> ကရဏံ နိဂ္ဂဟိတ္တဿနု၊ မုခေနာဝိဝဋ္ဋေန ယံ။
> ဝုစ္စတေ နိဂ္ဂဟိတန္တိ၊ ဝုတ္တံ ဗိန္ဒုသရာနုဂံ—

ဟု ဝိဂ္ဂဟ်ဆိုရသည်၊ မကာရန္တရွတ်ရာ၌ကား မ·အက္ခရာသည် သြဋ္ဌဌာန် ၌ ဖြစ်သောကြောင့် ဝ·ကိုရွတ်ဆိုပြီးလျှင် နှုတ်ခမ်းမပိတ်ခင် ပိတ်မည်ဟု အားထုတ်စဉ် အတော်ကြာကာလခြားပြတ်ပြီးမှ နှုတ်ခမ်းချင်းထိကြ သော မကြာခဲ၊ မ·သံဟူသော နှာခေါင်းသံဖြစ်လာရကား ဓ·နှင့် မ်·သံ အကြား ခြားဖြတ်ခြင်းကို အန္တရာဝဇ္ဇေဒ ဆိုရသည်၊ ဗုဒ္ဓံနှင့် သရဏံ၏ အကြား၌ ခြားပြတ် သက်အောင့်၍ ယခုကာလ ရွတ်ကြသည်ကား အဲပွါယ်သဘော ကင်းလွတ်သည်ဖြစ်၍ လူရွတ်လူပျက်တို့ ရွတ်သည်နှင့် အလားတူ၏၊ ဤ မ·ကာရန္တသည် အန္တရာဝဇ္ဇေဒဖြစ်သော်လည်း နိဂ္ဂ ဟိတ်ဌာန် နှာခေါင်းသံမပျက် နှာခေါင်းမှလေထွက်သောကြောင့် ပိမုတ္တမဖြစ် နိဂ္ဂဟိတာနုလောမပင် ဖြစ်၍ သင်္ဂါယနာတင် အဋ္ဌကထာရှင် တို့ ခွင့်ပြုတော်မူအပ်သည်။

ဤမ·ကာရန္တရွတ်ပုံကိုသဘောမကျလျှင် ကက်, ကင်, ကစ်, ကည်, ကတ်, ကန်, ကပ်, ကမ်, ကယ်, ကဝ် ဟူသော သင်ပုန်းကြီးအစဉ်ကို အသံထူးပြား

( သတ္တမအကြိမ် )

သူတပါးကြား၍ ခြားနားသိသာအောင် ရွတ်၍စမ်းရမည်၊ သရကင်းသော တံခွန်လွှားဗျည်းများကို မတြာခွဲသံ၊ သူ့ဌာန်သူ ကျကျနန ကြားရအောင် ပါစေရမည်၊ ထိုသို့ ကွဲပြားအောင် ရွတ်ဖတ်လျှင် သရဏာဂုံ ကမ္မဝါစာများ၌ မ-ကာရန္တကို နှုတ်ခမ်းပိတ်၍ ရွတ်ရသည်၊ နိဂ္ဂဟိတန္တကို နှုတ်ခမ်းဖွင့်၍ ရွတ်ရသည်ဟု သဘောကျလိမ့်မည်၊ ငါတို့ ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး ရွတ်၍ ပြသည်ကိုလည်း ကြားနာလိုက်ရဘူးပေ၏၊ ပယတနအရာ၌ နှုတ်ခမ်း၏ပိတ်ခြင်း, ဖွင့်ခြင်း, ထိခြင်း, စဉ်းငယ်ထိခြင်းသည် သံဝုဋ္ဌ, ဝိဝဋ္ဌ, ဖုဋ္ဌ, ဤသံဖုဋ္ဌ မည်၏ဟု ကျမ်းတတ်အကျော် ဆရာတော် ဦးပျော်, ဦးဗုဒ်တို့ မိန့်ဆိုရေးသားခဲ့သောကြောင့် အများနောက်သားတို့ အမှားမှား အချွတ်ချွတ် မှတ်ယူကြရကုန်၏၊ နှုတ်ခမ်းကို ပိတ်လျက် အ—အက္ခရာကို ရွတ်ဆို၍ မဖြစ်နိုင်၊ ဖုဋ္ဌ, ဤသံဖုဋ္ဌလည်း ထို့အတူပင်ဖြစ်၍ ယုတ္တိမရှိလှသောကြောင့် သဘောမကျနိုင်ကြလေကုန်။

ပယတနံ သံဝုဋ္ဌာဒိကရဏဝိသေသော၊ သံဝုဋ္ဌတ္တ မ-ကာရဿ၊
ဝိဝဋ္ဌံ သေသသရာနံ သ-ကာရ ဟ-ကာရာနဉ္စ၊ ဖုဋ္ဌံ ပဉ္စန္နံ ဝဂ္ဂါနံ၊
ဤသံဖုဋ္ဌံ ယ,ရ,လ,ဝါနံ။ (ရူပသိဒ္ဓိ)

ပယာတနံ ပန ယထာရဟံ ဌာနကရဏာနံ သံဝုဋ္ဌာဒိဂုဏော။
(ဇင်းဋီကာ) သဒ္ဒနီတိလည်း ဇင်းနည်းတူ။

ဤသို့ ကျမ်းဂန် တတ်သည်ထက်တတ် ကျော်သည်ထက်ကျော်ကုန်သော ဆရာတော်ကြီးတို့ မိန့်ဆိုချက် အတိုင်း ကဏ္ဌဇ အက္ခရာ ၁၀-လုံးတို့တွင် အ-အက္ခရာကို ရွတ်ရာ၌ ကဏ္ဌဌာန်ကို ပိတ်ဆို့ချုပ်တည်း၍ ရွတ်ရသောကြောင့် ကဏ္ဌဌာန်၊ သကဌာန, ကရိုဏ်းတို့၏ ပိတ်ဆို့ခြင်း သံဝုဋ္ဌ အမူအရာဂုဏ်အထူးသည် အ-သရ၏ သံဝုဋ္ဌ ပယတ်မည်၏၊ အာ, ဧ, ဩ, ဟ, လေးလုံးတို့ကို ရွတ်ဆိုရာ၌ အ-ကို ရွတ်သလို မပိတ် မချုပ်ရ၊ ထိုဌာန်, ကရိုဏ်းတို့ကို ဟာဟာ ဟင်းဟင်း ခွင့်လွှတ်၍ ရွတ်ဆိုရသောကြောင့် ထိုဌာန်, ကရိုဏ်းတို့၏ ပွင့်လင်းခြင်း ဝိဝဋ္ဌ အမူအရာ ဂုဏ်အထူးသည် ထို ၄-လုံးတို့၏ ဝိဝဋ္ဌပယတ် မည်၏၊ ကဝဂ် ၅-လုံးတို့ကို ရွတ်ဆိုရာ၌ အ-ကို ရွတ်သည်ထက်ပင် ဌာန်, ကရိုဏ်းကို ထိခိုက်စေ၍ ရွတ်ဆိုရသော ကြောင့် ထိုဌာန်ကရိုဏ်းတို့၏ ထိခိုက်ခြင်း ဖုဋ္ဌ အမူအရာ ဂုဏ်

အလူးသည် ထို ၅-လုံးပုံ၏ဖွဲ့ပယတ်မည်၏၊ ဤသို့ ပိမိတို့ဌာနဇကွရာ အချင်းချင်းတင်သော ထောက်ဆ၍ ပိတ်ပုံ ဖွင့်ပုံ၊ ထိပုံ စဉ်းငယ်ထိပုံကို ယူရမည်၊ နက်နဲကျနသော သဘောဉာဏ် ပဋိဘာန်ရှိသော ဝဇီရာရာမ ဆရာတော် မိန့်ဆိုသည်များကိုလည်း ကြားနာရဘူးပေ၏။ ယုတ္တိအာဂုံ နှစ်ချက်ရှိသည်ဖြစ်၍ နှစ်သက်ကြည်ဖြူ ပုတ်ယူသင့်သော ဝိနိစ္ဆယပေ တည်း၊ တာလုဇအက္ခရာ စသည်တို့၏-ပယတ်ကိုလည်း ဆိုခဲ့ပြီးသော ကဏ္ဍဇအက္ခရာတို့၏ နည်းကိုမှီ၍ ဆုံးဖြတ်လေ။

ဤ ပယတ်လေးပါး အဆုံးအဖြတ် မ-ကာရန္တရွတ်ဖတ်နည်းများ သည် ရှေးခုလတ် ဆရာစဉ် အဆက်ဆက်တို့ သဘောဉာဏ်မသက်စွမ်းနိုင်၊ လမ်းရိုးကို ဖုံးလွှမ်း၍ လမ်းကောက် လမ်းမှားကို ပြထားခဲ့ကြသည်နှင့် ဉာဏ်မဲ့နည်းပါးသော နောင်လာ နောက်သား အဆက်ဆက် တပည့် များတို့ မစဉ်းစားနိုင်၊ စဉ်းစားသော်လည်း လမ်းဟောင်းကို မဖွဲ့နိုင်၍ ယခုထက်တိုင် ထပ်ကာထပ်ကာ လိုက်လာခဲ့ကြသည်နှင့် လမ်းကောက် လမ်းမှားပင် သွားဖန်များ၍ ဖုံသကဲ့သို့ ရှိနေသောကြောင့် ရောမ ပညာ ရှိကြီး လုပ်တော်မူကြသော ဆရာတော် ဦးပျော်,ဦးဗုမ်တို့ပင် လိုက်သွား တော်မူကြသည်ကို တွေ့မြင်ရသောကြောင့် အလွန်အကဲ သတိထားစေ လိုလှ၊ လမ်းကောက် လမ်းမှားကွယ်ပ လမ်းရိုးလမ်းမှန် တွင်စေချင်လှ၍ နိဂ္ဂဟိတန္တ, မ-ကာရန္တ ရွတ်ပုံအထူး စပ်ပုံ ဖြတ်ပုံ အထူးအဆုံးအဖြတ် ပယတန အဆုံးအဖြတ်တို့ကို ထည့်သွင်း ရေးသားအပ်သတည်း။

ယခုကာလရွတ်ဆိုကြသည့်အတိုင်း ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ''ဟု သုံးပုဒ်ကိုဖြတ်၍ အသံကို တန့်ရပ်၍ရွတ်ရသော မ-ကာရန္တ ရွတ်နည်း သည် ဘယ်အကျိုးရှိပါသနည်းဟု ဆင်ခြင်စဉ်းစား သတိထားတတ် သော စာသင်သားတို့က ဆရာတော်ကြီးတပါးကို လျှောက်ထား မေးမြန်းကြရာ ထမင်းပွဲ ရှေ့ထားလျက် ကျီးများမဝင်မနှိုက် မထိုး ရအောင် ချောက်နှင်၍ စားနိုင်လျှင် ရှင်ပြုစေ ''အနုဇာနာမိ ဘိက္ခဝေ ကာကုဍ္ဍေပကံ ပဗ္ဗာဇေတုံ''ဟု ခွင့်ပြုတော်မူသောကြောင့် အလွန်ငယ် လှသော ရှင်လောင်းများ သုံးပုဒ်လုံးကို တခါတည်းလိုက်၍ မရွတ်ဆိုနိုင် ရကား တပုဒ်စီဖြတ်၍ ရပ်၍ရပ်၍ ချရသော သရဏဂုံပေးနည်းတည်းဟု မိန့်ဆိုကြောင်းကို ၎င်းဆရာတော်ကြီးထံက ပြန်လည်ခဲ့သော စာသင် သားတို့ ပြောဆိုသည်ကို ငယ်စဉ်အခါ စာချတုန်းက ကြားရဘူး၏၊

( သတ္တမအကြိမ် )

ထိုကဲ့သို့ မ-ကာရန္တ ရွတ်နည်းကို ထို မိန့်ဆိုသည့်အတိုင်း ပြောဆိုမှုသာ အကျိုးရှိ၍ ယုတ္တိရှိပေသည်၊ ခုလတ် အာစရိယပရမ္ပရ သိဿာနုသိဿ အစဉ်အဆက်က ချွတ်ပျက်၍ လာခဲ့သော လမ်းမှားကို မှားသည့်အတိုင်း ပင် ယုတ္တိရှိအောင် ကြံကြံစည်စည် နေရာတကျယူဆတွေးတောနိုင်သော သဘောဉာဏ်ပဋိဘာန် ရှိပေစွ။ (ဤကား ပိသုဒ္ဓါရုံ သုတ်နက်မှ ထုတ်ပြသည်။ ပရသမညာပယောဂသုတ်အဖွင့်)

## ကျေးဇူးရှင် မိုးနံကုန်း ဆရာတော်ဝါဒ

ဗျာဉ္ဇနဗုဒ္ဓိ ၁၀-ပါးတို့တွင် ကရိုဏ်းကို အထူးနှိပ်၍ မဖွင့် မလွှတ် သိမ်းဆည်းအပ်သော နှုတ်ခမ်းဖြင့် ရွက်သင့်သော ပတ္တကလ္လံ-ဟူသော ပုဒ်ကို ကရိုဏ်းကို အထူးမနှိပ်မူ မသိမ်းဆည်းပဲ ဖွင့်လွှတ်သောခံဘွင်းဖြင့် ပတ္တကလ္လာ-ဟု ရွတ်ဆိုခြင်းသည် နိဂ္ဂဟိတကို ဝိမုတ္တရွက်ဆိုသည် မည်၏၊ ထို့ကြောင့် ကမ္မဝဂ်ပရိဝါအဋ္ဌကထာ၌—

> ပတ္တကလ္လန္တိ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတွာ ဝတ္တဗ္ဗ ပတ္တကလ္လာတိ ဝိဝဋ္ဋေန မုခေန အနုနာသိကံ အကတွာ ဝစနံ နိဂ္ဂဟိတဿ ဝိမုတ္တဝစနံ နာမ။

ဟု မိန့်အပ်၏၊ ဤသို့အဋ္ဌကထာ၌ ပတ္တကလ္လာ-ဟူ၍ လည်းကောင်း၊ သုဏာ-ဟူ၍ လည်းကောင်း၊ ဧသာ-ဟူ၍လည်းကောင်း အာကာရန္တနှင့် ရွတ်ဆိုခြင်းသည်သာ ဝိမုတ္တမည်ကြောင်း လာသောကြောင့် မ-ကာရန္တ ရွတ်ဆိုခြင်းသည် ဗျာဉ္ဇနဗုဒ္ဓိ အရာ၌လာသော ပိမုတ္တနှင့်မတိုင်ဟုမှတ်ရာ၏။

## သမ္ဗန္ဓဝိစ္ဆေဒ ရွတ်ပုံကား

> အနုနာသိကန္တံ ကတွာ ဒါနကာလေ အန္တရာပိစ္ဆေဒံ အကတွာ ဒါတဗ္ဗာနီတိ ဒဿေတုံ ကေသမ္ဗန္ဓာနီတိ ဝုတ္တံ၊ ဝိစ္ဆိန္ဒိတ္ဗာတိ မကာ-ရန္တံ ကတွာ ဒါနသမယေ ပိစ္ဆေဒံ ကတွာ၊ (တေရသကဏ္ဍဋီကာ)

ဋင်းဋီကာဆရာ၏ အလိုကား အထူးကရိုဏ်းကို နှိပ်၍ မဖွင့်မလွှတ် သိမ်းဆည်းအပ်သော နှုတ်ခမ်းကို နိဂ္ဂဟိတန္တ ရွတ်ဆိုသောအခါ နောက် အက္ခရာနှင့်စပ်၍ ဖြစ်တတ်သော အလေ့သဘောရှိသည်၊ ဤသို့ နောက် အက္ခရာနှင့်စပ်၍ ဖြစ်တတ်သော အလေ့သဘောရှိသော အထူးကရိုဏ်းကို နှိပ်ခြင်း နှုတ်ခမ်းကိုပိတ်ဆို့ သိမ်းဆည်းခြင်း မဖြစ်စေခြင်းငှါ နောက်

အက္ခရာနှင့် စဉ်းငယ်ဖြတ်၍ ပြကတေ့သော ဌာန်, ကရိုဏ်း နှုတ်ခမ်းဖြင့် မ·ကာရန္တကို ရွတ်ဆိုအပ်၏ ဟူလိုသည်။

အချို့ကား သရကင်းသော မ·အက္ခရာကို နောက်အက္ခရာသို့ ဆောင်ကပ်၍ပြုအပ်သော သန္ဓိမရှိရကား စဉ်းငယ်ဖြတ်၍ ရွတ်အပ်၏ဟု ဆိုလိုသည်ဟူ၏၊ သန္ဓိမဟုတ်သော နိဂ္ဂဟိတန္တပုဒ်ကို နောက်အက္ခရာနှင့် စပ်၍ ရွတ်အပ်၏ ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်ဖွယ်ရှိရကား ထိုစကား မသင့်ဟု မှတ်ရာ၏၊ ငါတို့အလိုကား ကရိုဏ်းကို အထူးနှိပ်၍ ရွတ်လျှင် ကရိုဏ်း ဌာန် တို့သည် အထူးစပ်ခြင်း ဖြစ်လာသည်၊ ထို့ကြောင့် ကေသမ္ဗန္ဓာနိ ဟူသည်နှင့် ကရဏံ နိဂ္ဂဟိတဉ္စ ဟူခြင်းသည် အတူတူပင် ဖြစ်သည်၊ ဖုဋ္ဌ, အဖုဋ္ဌဟူရာ၌ ဖုဋ္ဌ ကိုပယ်၍ အဖုဋ္ဌဟုဆိုသည်၊ ဤအတူ "ကေသမ္ဗန္ဓာနိ ဆေဒံ ကတွာ" ဟူရာ၌လည်း ကေသမ္ဗန္ဓကိုပယ်၍ ဆေဒံဟု ဆိုသည်၊ ဖုဋ္ဌ ဖြင့် ပြင်းစွာနှုတ်ခမ်းတို့၏ ထိခြင်းကို ပြသည်၊ အဖုဋ္ဌဖြင့် ပြင်းစွာထိခြင်းကို ပယ်၍ စဉ်းငယ်ထိခြင်းကို ပြသည်၊ ဤအတူ ကေသမ္ဗန္ဓာနိ·ဖြင့် ကရိုဏ်းဌာန်တို့၏ အထူးစပ်ခြင်းနှိပ်ခြင်းကို ပြသည်၊ ဆေဒံ·ဖြင့် ဌာန် ကရိုဏ်း၏ စပ်ခြင်းနှိပ်ခြင်းကို ပယ်၍ ပြကတေ့ ကရိုဏ်းဌာန်တို့၏ စပ်ခြင်း နှိပ်ခြင်းကိုပြသည်။

ထို့ကြောင့် အထူးကရိုဏ်းတို့ကို စပ်နှိပ်၍ ပိတ်ဆို့ သိမ်းဆည်းအပ်သောဝင်းဖြင့် နိဂ္ဂဟိတန္တကို ရွတ်အပ်၏၊ အထူးစပ်နှိပ် ပိတ်ဆို့ သိမ်းဆည်းခြင်းမရှိ၊ ပကတိသော ကရိုဏ်းဌာန် နှုတ်ခမ်းဖြင့် မ·ကာရန္တကို ရွတ်အပ်၏ဟု ပြခြင်းငှါ-

ဣမာနိ စ ပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ကေသမ္ဗန္ဓာနိ အနုနာသိကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ၊ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ။

ဟု မိန့်အပ်၏၊ ထိုစကား သင့်စွ၊ ကရိုဏ်းကို နှိပ်၍ ရွတ်လျှင် ဖြတ်၍ ရွတ်သော်လည်း နိဂ္ဂဟိတန္တ ဖြစ်မည်မချွတ်၊ ကရိုဏ်းကို မနှိပ်မူ၍ရွတ်လျှင် စပ်၍ ရွတ်သော်လည်း မ·ကရန္တ ဖြစ်မည်မချွတ်၊ ထို့ကြောင့် ဖြတ်ခြင်း မဖြတ်ခြင်းသည် ပမာဏ မဟုတ်ဟု ယူသင့်သည်၊ နိဂ္ဂဟိတန္တအရာ၌ ပြုအပ်သောအထူးနှုတ်ခမ်းကိုပိတ်ခြင်း သိမ်းဆည်းခြင်းကိုပယ်၍ပြကတေ့သော

နှုတ်ခမ်းကိုဖြစ်စေလို၍ ဖွင့်၍ရွတ်ဟုဆိုလျှင် သင့်၏၊ အာကာရန္တ ဝိမုတ္တကို ရည်၍ ဖွင့်၍ ရွတ်ဟု ဆိုလျှင် မကာရန္တပင် မဖြစ်သောကြောင့် မသင့်ဟု မှတ်ရာ၏၊ (ဤကား တိပိဋက ပကိဏ္ဏက ဒီပနီကျမ်းမှ ထုတ်ပြသည်။)

## မန္တလေးမြို့ ဒက္ခိဏာရာမ ကျောင်းဒူးရှင် ဘုရားကြီး ဆရာတော်ဝါဒ

အနုနာသိကန္တ နိဂ္ဂဟိတန္တနှင့် ရွတ်ဆိုပေးသောအခါ အကြားဥ မဖြတ်ပဲ စပ်ပေးရမည် ဟူသော အဋ္ဌကထာ ပြောဆိုသော အရာဥ အကြားဥ မဖြတ်ပဲစပ်၍ ရွတ်ပေးပုံမှာ ဗုဒ္ဓံ-တပုဒ်၊ သရဏံ-တပုဒ်၊ ဂစ္ဆာမိ တပုဒ် ပေါင်း သုံးပုဒ်တို့၏အကြားဥ ဖြတ်ခြင်းကိုမပြုပဲ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု သုံးပုဒ်လုံးကို တစပ်တည်းပြု၍ ပေးရပါမည်၊ အဘယ့် ကြောင့် သုံးပုဒ်တို့၏အကြားဥ မဖြတ်ပဲ စပ်၍ ပေးရပါသနည်းဟူမူ သုံး ပုဒ်တို့၏အကြားဥ ခြားသော တစုံတခုသော အက္ခရာ၏ မရှိခြင်းကြောင့် ဟု မှတ်၊ မ ကာရန္တနှင့် ရွတ်ဆိုပေးသောအခါ ဖြတ်၍ပေးရမည်ဟူသော အဋ္ဌကထာ ပြောဆိုသောအရာဥ အကြားဥဖြတ်၍ ရွတ်ပေးပုံမှာ ဗုဒ္ဓမ်-တပုဒ်၊ သရဏမ်-တပုဒ်၊ ဂစ္ဆာမိ-တပုဒ် ပေါင်း သုံးပုဒ်တို့၏ အကြားဥ တပုဒ်စီ တပုဒ်စီဖြတ်၍ "ဗုဒ္ဓမ်, သရဏမ်, ဂစ္ဆာမိ" ဟု အကြားဖြတ်၍ (ရပ်၍) ရွတ်ဆိုပေးရမည်၊ အဘယ့်ကြောင့် ဆိုသော် ထိုသုံးပုဒ် တို့၏ အကြားဥ ခြားသော သရ ကင်းသည့် မ်-အက္ခရာ ရှိသောကြောင့်ဟုမှတ်၊ ဤသို့ မဟာဝါ ယောဇနာဥ အောက်ပါအတိုင်း မိန့်တော်မူ၏။

> ကေသမ္ဗန္ဓာနီတိ ကေဟော သမ္ဗန္ဓာနိ၊ အနုနာသိကန္တံ ကတ္ဝာ ဒါနကာလေ ဗုဒ္ဓံဂုတိ သရဏံဂုတိ ပဒါနဋ္ဌ သရဏံဂုတိ ဂစ္ဆာမိ-ဂုတိ ပဒါနဋ္ဌ အန္တရာဝိစ္ဆေဒမကတွာ ကေသမ္ဗန္ဓမေဝ ကတွာ ဒါတဗ္ဗာနီတိ ပုတ္တံ ဟောတိ၊ ကသ္မာ တိဏ္ဏံ ပဒါနမန္တရာ ဗျာဝ-ဓာနဿ ကဿစိ အက္ခရဿ အဘာဝတော၊ ဝိစ္ဆိန္ဒိတွာတိ ဝိစ္ဆေဒံ ကတွာ မကာရန္တံ ကတွာ ဒါနကာလေ တိဏ္ဏံ ပဒါနမန္တရာ ကေ-သမ္ဗန္ဓမကတွာ ဝိစ္ဆိန္ဒိတွာဝေ ကတွာ၊ ဒါတဗ္ဗာနီတိ ဝုတ္တံ ဟောတိ ကသ္မာ တိဏ္ဏံ ပဒါနမန္တရာ ဗျာဝဓာနဿ နိဿရဿ မကာရဿ အတ္ထိဘာဝတော။ (မဟာဝါ ယောဇနာ)

( သတ္တမအကြိမ် )

ဤဝါဒကို ရွေးအခါက သာမဏေများအား ရွတ်ဆိုပေးသည်ကို ကြားဘူးခဲ့ပေ၏၊ ဤ ဆိုခဲ့ပြီးသောနည်းဖြင့် ဆရာတပည့် ပိသာစွာရွတ်ဆို ကြ၍ "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" ၌မိ-အက္ခရာရောက်လျှင်သာမဏေ ဘို့၌ တည်လေ၏၊ သိက္ခာပုဒ် ဖြည့်ကျင့်နိုင်အောင် သိက္ခာပုဒ်အဓိပ္ပာယ်ကို ပြောပြအပ်၏၊ သိက္ခာပုဒ် နားမလည်သေး၊ သပိတ်, သင်္ကန်း, မကိုင်တတ် သေး၊ ရပ်ခြင်း ထိုင်ခြင်း စားသောက်ခြင်း စသည်တို့၌ မသိမ္မာသေးလျှင် အခြား ဝေးဝေးမလွှတ်ရ၊ အနီးအနား၌သာ နေစေ၍ သတို့သားကဲ့သို့ စောင့်ရှောက်အပ်၏၊ ဝတ်ခြင်း, ရုံခြင်း စသော အာဘိသမာစာရိက ကျင့်ဝတ်တို့၌လည်း လိမ္မာအောင် ဆုံးမအပ်၏၊ သာမဏေသစ် ကလည်း သဒ္ဓါစစ်ဖြင့် လိင်မကျ ဒဏ်မသင့်အောင် ကောင်းစွာကျင့်အပ်၏၊ ဤပါမှ သာမဏေ ပြုကျိုးနပ်ပါမည်။

### လေ့ကျင့်ခန်း ပုစ္ဆာ

၁။ သုံးကြိမ်မြောက် သရဏဂုံ သီလဆောက်တည်ပုံကို ပါဠိမျှရေး၍ "ယမဟံ ဝဒါမိ တံ ဝဒေဟိ" အနက်ကို ဖော်ပြပါ။

၂။ နမော တဿ ဘဂဝတော၏ အနက်မျှရေး၍ ထို နမော တဿ စသော စကားသည် သရဏဂုံ ဆောက်တည်ပုံ ဟုတ်-မဟုတ် ဖော်ပြပါ။

၃။ သရဏဂုံ၏အဓိပ္ပာယ်ကိုဖော်ပြ၍ သံဃ သရဏဂုံဆောက်တည်ပုံ ပါဠိရေးခဲ့ပါ။

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-၌ ပြင်းပြင်းရွတ်ရမည့် ဓနိတ အက္ခရာနှင့် လျော့လျော့ရွတ်ရမည့် သိထိလ အက္ခရာ ခွဲပြ၍ ဂစ္ဆာမိ-အနက် သမ္ဗန်ပါ။

၅။ လယ်တီဆရာတော် ဝါဒ၌ ရွတ်နည်းနှစ်မျိုးပြ ဝိနယသံခိပ်ကို ရေးပြ၍ ဆရာက သရဏဂုံပါဠိကို မ ကာရန္တဖြင့် ရွတ်ဆိုပေးရာ ရှင်လောင်းက နိဂ္ဂဟိတန္တနှင့် လိုက်ဆိုပါက ရှင်သာမဏေ ဖြစ်-မဖြစ် ဆုံးဖြတ်ပါ။

( သတ္တမအကြိမ် )

## သီလကျင့်ဝတ် သိက္ခာပုဒ် ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။)
အာမ ဘန္တေ။ (ဆိုပါ)

၁။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏ဘုရား။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူတပါး ဥစ္စာကို ခိုးယူခြင်းမှ။ (လ)

၃။ အဗြဟ္မစရိယာ၊ မမြတ်သော အကျင့်မှ။ (လ)

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်းမှ။ (လ)

၅။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည် သေရက်သောက်ခြင်းမှ။ (လ)

၆။ ဝိကာလဘောဇနာ၊ နေလွဲညစာစားခြင်းမှ။ (လ)

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ၊ ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, သာသနာတော်၏ ငြောင့် တံကျင်သဖွယ် ကြည့်ရှုနားထောင်ခြင်းမှ။ (လ)

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း, နံ့သာ အမွှေးအထုံတို့ဖြင့် တန်ဆာဆင်ခြင်း, နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းမှ။ (လ)

၉။ ဥစ္စာသယနမဟာသယနာ၊ မြင့်သောနေရာ, မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ။ (လ)

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေ, ငွေ, အသပြာ မာသကတို့ကို ကိုင်ခံခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏ဘုရား။

---

### သာမဏေ သိက္ခာပုဒ် ၁၀-ပါး မှတ်သားဖွယ်

### (က) သာမဏေ သိက္ခာပုဒ် ၁၀-ပါး ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာသလဲ ?

ဘုရားလက်ထက်တော်၌ သာမဏေတို့က ငါတို့ကျင့်ကြံရမည့် သိက္ခာပုဒ်ဟာ ဘယ်လောက်ရှိပါလိမ့်။ ဘယ်သိက္ခာပုဒ်တို့၌ ငါတို့ကျင့်ကြံရပါမည်လဲဟု အကြံ ဖြစ်ပေါ်ကြလျှင် ထိုသို့သော အကြောင်းကို ဘုရားရှင်အား လျှောက်ထားခြင်းကြောင့် ''အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ

( သတ္တမအကြိမ် )

ဒသ သိက္ခာပဒါနိ''စသည်ဖြင့် သိက္ခာပုဒ် ၁၀-ပါး ခွင့်ပြုတော်မူသည်။ (ဝိနည်းမဟာဝါ စကား)

## (ခ) သိက္ခာပုဒ် ၁၀-ပါးကား ဘယ်ဟာလဲ ?

၁။ ပါဏာတိပါတာ ဝေရမဏိ။

၂။ အဒိန္နာဒါနာ ဝေရမဏိ(လ)

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ-ပေါင်း ၁၀-ပါး။

**အမှာ** သိက္ခာပုဒ် ဆောက်တည်ပုံ ၁၀-ပါး၌ကြည့်၍ ၁၀-ပါးရေတွက် တတ်ပါစေ၊ ''သိက္ခာပဒံ သမာဒိယာမိ''ချန်ရုံသာ ထူး၏၊ ထိုသိက္ခာပုဒ် သင်ပြတဲ့ အခါလဲ ဤနည်းအတိုင်း သင်ပြပါ၊ ထိုသိက္ခာပုဒ်တို့ အစိတ် အပိုင်ဖွယ်ကို လိင်, ဒဏ် အမိပ္ပာယ်ကျမှ ပြဆိုအံ့။

## (ဂ) ဘာကြောင့် သိက္ခာပုဒ်ခေါ်သလဲ?

သင်အပ် ကျင့်အပ်သော အဖို့အစုတို့ဖြစ်သောကြောင့် (သိက္ခာပဒ= သိက္ခာပုဒ်)ခေါ်ပါသည်၊ **တနည်း**-သိက္ခာသုံးပါး ရခြင်း၏ အကြောင်း ဖြစ်သောကြောင့်လဲ သိက္ခာပုဒ်ဟု ခေါ်ရပါသည်။

> သိက္ခိတဗ္ဗာနိ ပဒါနိ သိက္ခာပဒါနိ၊ သိက္ခာကောဋ္ဌာသာတိ အတ္ထော၊ သိက္ခာယ ဝါ ပဒါနိ၊ အဓိသီလ အဓိစိတ္တ အဓိပညာ-သိက္ခာယ အဓိဂမုပါယာတိ အတ္ထော။ (တေ-ဋီ)

**သင်ကျင့်အပ်စွာ၊ ဖို့ရုဟာ၊ သိက္ခာပုဒ်ဟုမှတ်။**
**သိက္ခာသုံးဖြာ၊ ရကြောင်းမှာ၊ သိက္ခာပုဒ်ဟုမှတ်။**

## (ဃ) ထိုသိက္ခာပုဒ်တို့ကို လူများကဲ့သို့ သိက္ခာပဒံ သမာဒိယာမိ ထည့်၍ သာမဏေများ ဆောက်တည်ရသေးသလား?

ဆောက်တည်ဖွယ် မလိုတော့ပါ၊ သရဏဂုံ ဆောက်တည်ပြီးသည်နှင့် တပြိုင်နက် ဆောက်တည်ခြင်းကိစ္စ ပြီးပါတော့သည်။

(သတ္တမအကြိမ်)

ပဗ္ဗဇ္ဇာ ဟိ သရဏဂမနေနေဝ သိဒ္ဓါ၊ သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာပရိပူရဏတ္ထံ ဇာနိတဗ္ဗာနိ။ (ဟာ-ထာ)

## ( င ) ဤရှင့်ကျင့်ဝတ်၌ သိက္ခာပုဒ်ဆောက်တည်ပုံ ထည့်ထားသည် မဟုတ်လော?

အန္တကအဋ္ဌကထာ၌ ဆောက်တည်ရမည်ဆို၍လည်းကောင်း၊ သိက္ခာပုဒ် ဆောက်တည်ပုံ ရှေးရိုးအစဉ် ပြုလုပ်နေ၍လည်းကောင်း ထည့်ပြလိုက်ပါသည်၊ သို့သော် သည်လို ဆောက်တည်ပုံ ပါဠိတော်, အဋ္ဌကထာတို့၌ မရှိ၊ ပါဠိတော်လာသည့်အတိုင်း ဝေရမဏီ တိုင်ရုံသာ ရွတ်ဆိုသင်ပြရမည်ဟု အဋ္ဌကထာဆိုထားပါသည်၊ ဥပမာ–ရဟန်းတော်များ ကမ္မဝါစာ ဖတ်ရွတ်ပြီး ပြီးဆုံးသည်နှင့် တပြိုင်နက် ဆိုင်ရာ သိက္ခာပုဒ်တို့ ဆောက်တည်ပြီးသားဖြစ်သကဲ့သို့တည်း။

**မှတ်ချက်** ရွှေဥမင် နိဿျ၌ ''ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ''အစရှိသည်ဖြင့် ပြည့်စုံစွာ ပေးအပ်ကြောင်းကို မှာတော်မူသည်။

ဇေ၀ံ သန္တေပိ ဒဠှီကရဏတ္ထံ အာယတိံ သံဂရေ ပတိဋ္ဌာပနတ္ထံ ပုန ဒါတဗ္ဗာနိ။ (နှင့်)

ယာနိ ပနဿ ဠတရာနိ ပဉ္စသိက္ခာပဒါနိ၊ တေသု ဘိန္နေသု န နာသေတဗ္ဗော၊ ဒဏ္ဍကမ္မံ ကာတဗ္ဗံ၊ သိက္ခာပဒေ ပန ပုန ဒိန္နေပိ အဒိန္နေပိ ဝဋ္ဋတိ၊ ဒဏ္ဍကမ္မေန ပန ပီဠေတွာ အာယတိံ သံဝရေ ဌပနတ္ထာယ ဒါတဗ္ဗမေဝ–

ဟူသော အဋ္ဌကထာ စကားတို့ကို ရှုခြင်းအားဖြင့် ရှင်သာမဏေဝတ်ခါစ သရဏဂုံဆောက်တည်ပြီး၍ သိက္ခာပုဒ်ဆောက်တည်ဖွယ် မလို၊ ကျင့်တတ်အောင် သင်ပြရုံနှင့် ပြီးလင့်ကစား သိက္ခာပုဒ် ပျက်ကွက်၍ ပြန်ပြီး သရဏဂုံ ဆောက်တည်ရာ၌ကား နောင် စောင့်စည်းရအောင်

( သတ္တမအကြိမ် )

ပရိုညာဉ်သက်ဝင်ရန် သိက္ခာပုဒ် ဆောက်တည်သင့်ပေသည်ဟု စာရေးသူ ထင်မြင်ပေသည်။ (အာဒါနတော-အဖွင့် ခုဒ္ဒကပါဌ အဋ္ဌကထာကို ရှုကြစေလိုသည်။)

## (စ) သရဏဂုံဆောက်တည်ပြီး သိက္ခာပုဒ်တို့ ကျင့်တတ်အောင် သင်ပြရမည်ဆိုတာ ပါဠိလို သင်ရမလား?

ပါဠိလို သင်သင်, မြန်မာလို သင်သင်, ရှမ်းလို သင်သင်, ရှင်သာမဏေ ကျင့်တတ်အောင် သင်ပေးပါ၊ ဉာဏ်ရှိ သာမဏေများမှာ သရဏဂုံ ယူပြီးသည့်အချိန်၌ပင် သင်ပေးပါ၊ ဉာဏ်လေးလျှင် ဖြေးဖြေးလဲ သင်ပေးသင့်ပါသည်။

---

## လေ့ကျင့်ခန်း ပုစ္ဆာ

၁။ နောက်ဆုံး သိက္ခာပုဒ် ဆောက်တည်ပုံ အနက်ရေးပြပါ။

၂။ သိက္ခာပုဒ် ခေါ်ရပုံ အဓိပ္ပါယ်တခုလောက် ဖော်ပြပါ။

၃။ ယခုကာလ သိက္ခာပုဒ် ဆောက်တည်နေကြခြင်းသည် ပါဠိတော်၌ ရှိပါသလား။

၄။ သာမဏေတို့ သိက္ခာပုဒ် ဆောက်တည်ခြင်းကိစ္စဟာ ဘယ်အချိန်က ပြီးပါသလဲ။

၅။ ပါဠိတော်နည်း သိက္ခာပုဒ်ကို ပါဠိဘာသာဖြင့် ဘယ်လို သင်ပြရမလဲ။

သာမဏေ သိက္ခာပုဒ် ၁၀-ပါး မှတ်သားဖွယ် ပြီး၏။

(သတ္တမအကြိမ်)

## ဥပဇ္ဈာယ် ယူပုံ ပေးပုံ

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အာယသ္မာ၊ သက်တော်ရှည်သော။ တွံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီး အပြစ်ငယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။

(ပါဠိသုံးကြိမ် အနက် ၁-ကြိမ် တပည့်ကဆိုပါ၊ ဒုတိယမ္ပိ တတိယမ္ပိ ထည့်ဖို့ မလိုပါ။)

ပါသာဒိကေန သမ္ပာဒေဟိ။

ပါသာဒိကေန၊ ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ် အမူအရာ နှုတ်အမူအရာအားဖြင့်။ တိဝိဓံ သိက္ခံ၊ သိက္ခာ သုံးရပ် သာသနာတော်မြတ်ကို။ သမ္ပာဒေဟိ၊ ပြည့်စုံစေကြကုန်လော့။ (ဆရာက ဆို)

အာမ ဘန္တေ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အာမ၊ ပြည့်စုံစေပါ၏ဘုရား။
(တပည့်ကဆို၊ မဆိုပဲလဲ ပြီးနိုင်သည်။)

---

## ဥပဇ္ဈာယ် ယူပုံ ပေးပုံ မှတ်သားဖွယ်

### (က) ဘာကြောင့် ဥပဇ္ဈာယ်ကို ခွင့်ပြုသလဲ?

လက်ထက်တော်၌ သွန်သင်မည့် ဥပဇ္ဈာယ်မရှိသော သူတို့၏ ဝတ်ပုံ၊ ရုံပုံ၊ ဆွမ်းခံပုံမှစ မယဉ်ကျေးတဲ့အမူတွေ လူများက တွေ့သဖြင့် ကဲ့ရဲ့သောကြောင့် ''အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ''ဟု ဆုံးမမည့် ဥပဇ္ဈာယ်ကို ခွင့်ပြုတော်မူခဲ့သည်။

### (ခ)ဘာကြောင့် ဥပဇ္ဈာယ် ခေါ်သလဲ?

အပြစ်ကြီး အပြစ်ငယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သောကြောင့် ဥပဇ္ဈာယ်ဟု ခေါ်သည်။

(ဥပ=အမြဲမပြတ်ကပ်၍+ဈာယ–ကြည့်ရှုဆုံးမတဲ့ဆရာ။)

( သတ္တမအကြိမ် )

(ဂ) ဥပဇ္ဈာယ်ယူဆိုတာ ဘာလဲ ?

"ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" သုံးကြိမ် နှုတ်မြွက်ပြီး တောင်းပန်သော အားဖြင့် ဥပဇ္ဈာယ်ဆရာဟု စိတ်ထဲ၌ မှတ်ယူထားခြင်းကို ဥပဇ္ဈာယ်ယူဟု ခေါ်သည်။

(ဃ) ဥပဇ္ဈာယ်ပေးဆိုတာ ဘာလဲ?

တပည့်က ဥပဇ္ဈာယ် ယူသောအခါ ဆရာက "ပါသာဒိကေန သမ္ပာဒေဟိ" ဟု ဆို၍ ဥပဇ္ဈာယ်ဖြစ်ကြောင်း အသိပေးလိုက်ခြင်းကို ဥပဇ္ဈာယ်ပေးဟု ဆိုပါသည်။

(င) ဥပဇ္ဈာယ်ပေးပုံ ဘယ်နှစ်ပုဒ်ရှိသလဲ?

တပည့်က ဥပဇ္ဈာယ်ယူသော အခါ....

၁။ သာဟု=ကောင်းပြီဟုလည်းကောင်း။

၂။ လဟု=ငါ့အား သင်၏ ဥပဇ္ဈာယ်အဖြစ်၌ဝန်မဒလေး ပေါ့ပါ၏။

၃။ ဩပါယိကံ=သင်၏ ဥပဇ္ဈာယ်ယူခြင်းသည် နည်းလမ်း ကျ၏။

၄။ ပဋိရူပကံ=သင်၏ ဥပဇ္ဈာယ်ယူခြင်းသည် သင့်လျော် လျောက်ပတ်၏။

၅။ ပါသာဒိကေန သမ္ပာဒေဟိ-ဟုလည်းကောင်း ၅-ပုဒ်ရှိပါသည်။ အဓိပ္ပာယ် အနက်အတိုင်း မှတ်ရာ၏။

**(စ) ပါသာဒိကေန သမ္ပာဒေဟိ-ဟု ဆို၍ ဥပဇ္ဈာယ်ပေးလိုက်သည်ကို တပည့်က အာမ ဘန္တေ ဟုလည်းကောင်း၊ သာဓုဟုလည်းကောင်း ဆို၍ ဝန်ခံရသေးသလား ?**

ဝန်ခံဖို့ မလိုတော့ပါ၊ ပေးလိုက်ခါမျှဖြင့် ဥပဇ္ဈာယ်ကိစ္စ ပြီးပါပြီ။

အာယာစနဒါနမတ္တေန ဟိ ဂဟိတော ဟောတိ ဥပဇ္ဈာယော န တွေ သမ္ပဋိစ္ဆနံ အင်္ဂံ။ (ဟာ-ထာ)

(ဆ) ဥပဇ္ဈာယ်ဆရာနှင့် အတူနေတပည့်တို့ အချင်းချင်း ပြုသင့်သော ဝတ်ပျက်သော်လည်း အာပတ် ဒဏ် အပြစ်တို့လွတ်အောင် ဘယ်သို့ လုပ်သင့်သလဲ ?

အချင်းချင်း တဦးနှင့်တဦးပြုသင့်သော ဝတ်တို့ကို မပြုပဲနေပါလော့ဟု ခွင့်ပေးထားလျှင် အပြစ်လွတ်ပါသည်။

( သတ္တမအကြိမ် )

သစေ ဥပဇ္ဈာယော ပယုံ ဥပဋ္ဌာကော အဂ္ဂိ တုမေ့ အတ္တနော သဇ္ဈာယ မနသိကာရာဒီသု ယောဂံ ကရောထာတိ ဝဒတိ သဒ္ဒိဝိဟာ· ရိကာနံ အနုာပတ္တိ။ (ဟာ ထာ) ဋီကာတို့ဖွင့်ကြ၏၊ ကြည့်လေ။

## (၈) ယခုအခါ ဘယ်သို့ဆို၍ ခွင့်လွှတ်ကြသလဲ ?

ဥပဇ္ဈာယ် **ဆရာက** ခွင့်လွှတ်ပုံ ဥပဇ္ဈာယ်ဆရာ၌ ပြုသင့် ပြုထိုက်သော ဝတ်ကြီး, ဝတ်ငယ်တို့ကို မပြုမူ၍ ရေယတ် ပဋိပတ်တို့ကို ကြိုးစားအား ထုတ်၍ နေကြလေ။

တပည့်က**ခွင့်လွှတ်**ပုံ တပည့်တော်များအပေါ်၌ ပြုသင့် ပြုထိုက်သော ဝတ်စုတို့ကို ပပြုမူ၍ ချမ်းသာသက်သက် ကြောင့်ကြမဲ့ နေတော်မူကြပါ ဘုရား

## (၉) ဥပဇ္ဈာယ်မရှိတဲ့သူကို ရှင်ပြုပေးနိုင်သလား ?

ရှင်ပြုမပေးနိုင်၊ ရှင်ပြုပေးလျှင် ဒုက္ကဋ္ဌ အာပတ်သင့်ပါသည်၊ ထို့ကြောင့် သရဏဂုံပေးသောဆရာသည် ဥပဇ္ဈာယ်ရရှိရန် ဥပဇ္ဈာယ် ပန့်ခိုင်းရသေး၏။

## (၁၀) ဥပဇ္ဈာယ်ပြုလုပ်နိုင်တဲ့ **ဆရာ၏အင်္ဂါ**ကို ဖော်ပြပါ

၁။ ဆယ်ဝါ ရပြီးဖြစ်ခြင်း။

၂။ ပါတိမောက် သိက္ခာပုဒ်များကို အကျယ်ဖွင့်ပြသော ဘိက္ခု ဝိဘင်း, ဘိက္ခုနီဝိဘင်း နှစ်မျိုးကို တတ်သိနားလည်ခြင်း။

၃။ ကံကြီး, ကံငယ် ပြုလုပ်နည်းကို နားလည်ခြင်း။

၄။ မဟာဝါ စူဠဝါ ခန္ဓကဌ် လာသော အကြောင်း အရာစုကို နားလည်ခြင်း။

၅။ နာင်တရား, ရုပ်တရားတို့ကို ဟောပြောနိုင်ခြင်း · ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံလျှင် ဥပဇ္ဈာယ် ပြုလုပ်နိုင်ပါသည်။

ဆယ်ဝါ–ပြည့်တင်း၊ ဝိဘင်း နှစ်ဖြာ၊ ကမ္မာ ကမ္မ၊ ခန္ဓကပုင်၊ နာမ်ရုပ်ဝိုင်ဝိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင် ၅–အင်္ဂါ။

( သတ္တမအကြိမ် )

## (ဎ) ဥပဇ္ဈာယ် ဘယ်အချိန် ယူသင့် ပေးသင့်သလဲ?

ယခုကာလ ဆရာတော်များ သာမဏေဖြစ်ပြီးမှ ဥပဇ္ဈာယ်ပေးယူမှုကို ပြုကြလေသည်။

ကျမ်းရေးသူ ထင်မြင်ချက် ''ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော'' ဟူ၍လည်းကောင်း၊ ''အထဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိအာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ'' ဟူသော အဋ္ဌကထာကိုထောက်၍ လည်းကောင်း သရဏဂုံ မဆောက်တည်မီ ဥပဇ္ဈာယ် ယူသင့်သည်ဟု ထင်မြင် ယူဆပေသည်။

### လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ဥပဇ္ဈာယ်၏ အဓိပ္ပါယ်ရေး၍ ဥပဇ္ဈာယ်ပေး ဆရာ၏ ဆိုရပုံ သုံးပုဒ်လောက် ပါဠိထုတ်ပြပါ။

၂။ ဥပဇ္ဈာယ် ယူသူသည် ဘယ်နှစ်ခေါက် ဆိုရပါသလဲ၊ အကြိမ်မျှ ဖော်ပြ၍ ဥပဇ္ဈာယော-ဟူသော ပုဒ်၌ ဥပ-သဒ္ဒါ၏ အနက်ကို ရေးသားပါ။

၃။ ပါသာဒိကေန - ဟူသော ပုဒ်၏ အနက်ကိုရေး၍ တပည့်က ခွင့်လွှတ်ပုံ ရေးခဲ့ပါ။

ဥပဇ္ဈာယ်နှင့်စပ်သော မှတ်သားဖွယ် ပြီးပြီ။

---

## သီလ, သုဒ္ဓိ, ပရိဘောဂတို့မှ မှတ်သားဖွယ်

### (က) သီလဆိုတာ ဘာလဲ?

ကိုယ်, နှုတ် စိတ်တို့ကို အကုသိုလ်အပြစ် မဖြစ်အောင် ထိန်းသိမ်းစောင့်စည်းရကြောင်း ကောင်းမြတ်သော အကျင့်တရားကို သီလဟု ဆိုရပါသည်။

### (ခ) သီလ ဘယ်နှစ်ပါး ရှိသလဲ?

သီလ အပြားတွေကား များပြားပါသည်၊ သို့သော် ဆိုလတံ့သော ပစ္စဝေက္ခဏာနှင့် သက်ဆိုင်သည့် သီလ ၄-မျိုးကို ဖော်ပြပါအံ့။

(သတ္တမအကြိမ်)

၁။ ပါတိမောက္ခ သံဝရသီလ။

၂။ ဣန္ဒြိယ သံဝရသီလ။

၃။ အာဇီဝ ပါရိသုဒ္ဓိသီလ။

၄။ ပစ္စယသန္နိဿိတ သီလဟု ၄-မျိုး ရှိပါသည်။

(က) ဘာကြောင့် ပါတိမောက္ခသံဝရ ခေါ်သလဲ?

စောင့်ထိန်းသူကို အပါယ်ဆင်းရဲ စသည်တို့မှ လွတ်စေတတ်သည် ဖြစ်၍ ကိုယ်, နှုတ် နှစ်ပါး၌ဖြစ်သော လွန်ကျူးခြင်းကို စောင့်စည်း ထိန်းသိမ်းသော သီလ ဖြစ်သောကြောင့် ပါတိမောက္ခသံဝရ ခေါ် ပါသည်။

(ခ) ဣန္ဒြိယ သံဝရသီလဆိုတာ ဘယ်ဟာလဲ?

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်အားဖြင့် ဣန္ဒြေ ၆-ပါးတို့၌ လောဘ စသော ကိလေသာ မဖြစ်ရန် စောင့်စည်းသော သီလကို ဣန္ဒြိယ သံဝရ သီလ-ဟု ဆိုပါသည်။

(ဂ) အာဇီဝ ပါရိသုဒ္ဓိသီလကော ဘယ်ဟာလဲ?

အသက်မွေးကြောင်း ရှောင်းရှားမှုသော ဝီရိယ၏ စင်ကြယ် ဖြစ်ကင်း သောသီလသည် အာဇီဝ ပါရိသုဒ္ဓိ သီလမည်၏၊ မိစ္ဆာဇီဝမှ ရှောင်ကြဉ် သော သီလ-ဟု ဆိုလိုပါသည်။

(ဃ) ပစ္စယ သန္နိဿိတ သီလဆိုတာ ဘယ်လို သီလလဲ?

သက်နှန်းစသော ပစ္စည်းလေးပါးတို့ကို သင့်တင့်အောင် ဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင်သဖြင့် ကောင်းစွာ မှီဝဲအပ်သော သီလမျိုးကို ပစ္စယသန္နိဿိတသီလ-ဟု ဆိုရပါသည်။

(င) ဆိုခဲ့သော သီလလေးပါးကို အမည်တမျိုး ခေါ်သေးသလား?

သုဒ္ဓိလေးပါးလို့ ခေါ်ပါသေးတယ်။

(သတ္တမအကြိမ်)

## (ဇ) သုဒ္ဓိလေးပါးခေါ်ပုံ ဘယ်လိုလဲ?

၁။ ဒေသနာသုဒ္ဓိ။
၂။ သံဝရသုဒ္ဓိ။
၃။ ပရိယေဋ္ဌိသုဒ္ဓိ။
၄။ ပစ္စဝေက္ခဏာသုဒ္ဓိ ပေါင်း လေးပါး ရှိပါသည်။

၁။ ပါတိမောက္ခသံဝရသီလသည် ပြောကြားခြင်းဖြင့် စင်ကြယ်သောကြောင့် ဒေသနာသုဒ္ဓိမည်၏၊ သဒ္ဓါပြဋ္ဌာန်းသည်၊ သဒ္ဓါတရားရှိသူသာ ဤသီလလုံခြုံအောင် စောင့်ထိန်းနိုင်သည်၊ သဒ္ဓါနည်း၍ လွန်ကျူးလျှင် သီလ ပျက်၏၊ အာပတ်သင့်၏၊ လိင်ဒဏ်သင့်၏၊ သဒ္ဓါတရားဖြင့် ဒေသနာကြားခြင်း သရဏဂုံတပ်ခြင်းပြု၍ ကုစားလျှင် စင်ကြယ်၏၊ [ဒေသနာ=ပြောကြား၍+သုဒ္ဓိ=စင်ကြယ်ခြင်း။]

၂။ ဣန္ဒြိယ သံဝရသီလသည် စောင့်စည်းခြင်းဖြင့် စင်ကြယ်သောကြောင့် သံဝရသုဒ္ဓိမည်၏၊သတိပြဋ္ဌာန်း၏၊သတိနည်း၍ မျက်စိစသည်ကို မစောင့်စည်းလျှင် ပျက်၏၊ ကိလေသာ နှိပ်စက်၏၊ သတိဖြင့် "န ပုနေဝံ ကရိဿာမိ" နောင် ဤသို့ငါမပြုတော့အံ့ဟု စောင့်စည်းလျှင်စင်ကြယ်၏၊ ကမ္မဋ္ဌာန်း အမြဲလုပ်သူတို့ စင်ကြယ်နိုင်၏။

၃။ အာဇီဝ ပါရိသုဒ္ဓိ သီလသည် ရှာဖွေခြင်းဖြင့် စင်ကြယ်သောကြောင့် ပရိယေဋ္ဌိသုဒ္ဓိမည်၏၊ ဝီရိယပြဋ္ဌာန်း၏၊ ဝီရိယနည်း၍ မိစ္ဆာဇီဝ ပစ္စည်းသုံးဆောင်လျှင် ပျက်၏၊ အသက်မွေးမစင်ကြယ်တော့၊ ဝီရိယဖြင့် ဆွမ်းခံစားခြင်း စသောအားဖြင့် အသက်မွေးလျှင် စင်ကြယ်၏၊ ဆွမ်းခံပျင်း၍ လွယ်လွယ်နှင့် မတရားရှာဖွေသူတို့ စင်ကြယ်ဖို့ခဲစွ။

၄။ ပစ္စယ သန္နိဿိတ သီလသည် ဉာဏ်ဖြင့်ဆင်ခြင်ခြင်းဖြင့် စင်ကြယ်သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိမည်၏၊ ပညာပြဋ္ဌာန်း၏၊ ပညာနည်း၍ မဆင်ခြင်ပဲ ပစ္စည်းလေးပါး သုံးဆောင်လျှင် ပျက်၏၊ ဣဏပရိဘောဂ ကြေးတင်ခြင်းပညာဖြင့် ဆင်ခြင်၍ သုံးစားလျှင် စင်ကြယ်၏၊ ဤသီလသည် ပစ္စဝေက္ခဏာခန်းနှင့် သက်ဆိုင်၏။

သီလလေ၊ ဖြာ၊ ပါ,ဋ္ဌ,အာ (၃)၊ ဒွိယာ သန္ဒိဿိ (၁)။
အပြစ်ကားလေး၊ ပတ်,ကိလေး (၂) သက်မွေးကြွေးတင်ဘိ (၂)။
သုဒ္ဓိလေး၀၊ ဓာ,သံ,ပ (၃)၊ ပစ္စဝေက္ခဏာ (၁)။
ပြဋ္ဌာန်းလေးရှိ၊ ဒွါ,သတိ (၂)၊ ဝိရိ,ပညာ သာ(၂)

(ဈ) အဘယ်ကို ပရိဘောဂခေါ်သလဲ ?

ပစ္စည်းလေးပါး သုံးစားပိုဝဲခြင်းကို ပရိဘောဂ ခေါ်ပါသည်။

(ည) သုံးစားပိုဝဲနည်း ဘယ်နှစ်ပါးလဲ?

၁။ ထေယျပရိဘောဂ။
၂။ ဣဏပရိဘောဂ။
၃။ ဒါယဇ္ဇပရိဘောဂ။
၄။ သာမိ ပရိဘောဂအားဖြင့် ၄-ပါးရှိ၏၊ ထိုတွင်-

၁။ ပါရာဇိက ကျသော ရဟန်း, လိင်ကျသော သာမဏေသည် ဒုဿီလ - သီလမရှိသူမည်၏၊ ဘုရားရှင်သည် ဒုဿီလတို့အား ပစ္စည်းလေးပါးသုံးစွဲခွင့်မပြု၊ အလှူရှင်တို့ကလည်း ဒုဿီလမှန်းသိလျှင် လှူမည်မဟုတ်၊ ထို့ကြောင့် သီလမရှိ ဒုဿီလတို့၏ ပစ္စည်းလေးပါး သုံးစွဲခြင်းသည် ခိုး၍သုံးစွဲရာကျသဖြင့် ထေယျပရိဘောဂ မည်၏၊ [ထေယျ= ခိုးလျက် + ပရိဘောဂ=သုံးဆောင်မှိဝဲခြင်း။]

၂။ သီလပင်ရှိသော်လဲ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ချေးငှါးလျက် မဆပ်ပဲ ကြွေးတင်သဖြင့် သုံးစားရာကျသောကြောင့် ဣဏပရိဘောဂမည်၏၊ [ဣဏ=ကြွေးယူ၍ + ပရိဘောဂ=သုံးဆောင်မှိဝဲခြင်း။]

၃။ သေက္ခပုဂ္ဂိုလ်များ၏ ပစ္စည်းလေးပါးသုံးစားခြင်းသည် ဒါယဇ္ဇပရိဘောဂမည်၏ ထိုသေက္ခတို့ကား ဘုရားစကား တသွေမတိမ်းလိုက်နာသော သားတော် သမီးတော်စစ်တို့ ဖြစ်သဖြင့် ဘုရားရှင်က ခွင့်ပြုသည့်အတွက် အမွေခံယူသူ အဖြစ်ဖြင့် သုံးစားသည်ဟု ဆိုလိုသည်၊ [ဒါယဇ္ဇ= အမွေခံယူသူအဖြစ်ဖြင့် + ပရိဘောဂ=သုံးစွဲခြင်း။] သီလရှိသော ပုထုဇဉ်တို့၏ပစ္စဝေက္ခဏာဆင်ခြင်၍သုံးစွဲခြင်းတို့သည်လည်း ဒါယဇ္ဇပရိဘောဂ၌

( သတ္တမအကြိမ် )

သက်ဝင်ပါသည်၊ ကြွေးမတင်သောကြောင့် အဏဏျပရိဘောဂဟုလည်း ခေါ်နိုင်သည်။

၄။ ရဟန္တာတို့၏ ပစ္စည်းလေးပါး သုံးစားခြင်းသည် အရှင်သခင်၏ သုံးစားခြင်းနှင့်တူသောကြောင့် သာမိပရိဘောဂမည်၏။ [သာမိ=အရှင်သခင်၏ အဖြစ်ဖြင့်+ပရိဘောဂ=သုံးစားခြင်း။] ရဟန္တာ အရှင်တို့သည် တဏှာ့ကျွန်အဖြစ်ကို လွန်မြောက်၍ အရှင်သခင်တို့ ဖြစ်ရကား ပစ္စည်းလေးပါး သုံးဆောင်ခြင်းသည် အစိုးတရ ကိုယ်ပိုင် သုံးဆောင်ခြင်းမျိုးကဲ့သို့ ဖြစ်သောကြောင့် သာမိပရိဘောဂမည်၏၊ ပုထုဇဉ်များလဲ ခေါင်းပါးသော အကျင့်၌တည်၍ ပစ္စည်းမက်မောသော တဏှာဂေဓကို ပယ်လျက် ပစ္စည်းလေးပါး၌ မကပ်ငြိသောစိတ်ဖြင့် သုံးစားခြင်းသည် သာမိပရိဘောဂကဲ့သို့ဖြစ်၏ဟု မဟာဋီကာဆိုသည်၊ ပုထုဇဉ်တို့ ဉာဏ်သက်ဝင်၍ ဆင်ခြင်သုံးစားခြင်းမျိုးသည်ဥပစာရအားဖြင့် သာမိပရိဘောဂ, ဒါယဇ္ဇပရိဘောဂတို့ဟု ဆိုရ၏၊ မုချအားဖြင့် ပရိဘောဂမျိုးမှ လွတ်သော ကြွေးတင်ကင်းသော အဏဏျ ပရိဘောဂဟု မဟာဋီကာ ဆို၏။

**ထေယျ, ဣဏ, ဒါယဇ္ဇနှင့်၊ ငိုင်လှ သာမိ၊ လေးခုရှိ၊ ပရိဘောဂတည်း။**

**လေ့ကျင့်ခန်း မေးခွန်း ပုစ္ဆာ**

၁။ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးစားသဖြင့် ပျက်ပြားသော သီလ သုဒ္ဓိတို့ကို ဖော်ပြ၍ ထို သုံးဆောင်ခြင်းသည် ဘယ်ပရိဘောဂ ဖြစ်နိုင်သည်ကို ညွှန်ပြပါ။

၂။ ဗေဒင်ဟော ဆေးကု၍ အသက်မွေးသူတို့ပျက်ကွက်သော သီလကို ဖော်ပြ၍ ပရိယေဋ္ဌိသုဒ္ဓိ ခေါ်ရသော သီလကို ဖော်ပြပါ။

၃။ ထေယျပရိဘောဂ၏အဓိပ္ပါယ်ကိုရေး၍ သောတာပန်တို့ ပစ္စည်း သုံးစားခြင်းသည် ဘယ်ပရိဘောဂ ခေါ်ရမည်ကို ဖော်ပြပါ။

၄။ ပုထုဇဉ် သီလဝန္တတို့ ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးစားခြင်းသည် မုချအားဖြင့် ဘယ်ပရိဘောဂဟု မှတ်ရမလဲ။

၅။ သာမဏေတို့ လိင်,ဒဏ်ထိတာ ဘယ်သီလပျက်ပါသလဲ။

သီလ စသည် မှတ်သားဖွယ် ပြီး၏။

(သတ္တမအကြိမ်)

## စီဝရပစ္စဝေက္ခဏာ ပါဠိအနက်

၁။ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိ ကောပိနပ္ပဋိစ္ဆာဒနတ္ထံ။

၁။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ (၁) သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ (၂) ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ (၃) ဍံသ မကသ ဝါတာတပ သရီသပ-သမ္ဖဿာနံ၊ မှက်,ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယဧဝ။ ပယ်ဖျောက်ရုံငှါသာလျှင်၊ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ (၄) ယာဝ ဟိရိ ကောပိန-ပ္ပဋိစ္ဆာဒနတ္ထံဧဝ၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုးငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## ပိဏ္ဍပါတ ပစ္စဝေက္ခဏာပါဠိ အနက်

၂။ ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာ-နုဂ္ဂဟာယ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

၂။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်း အစရှိသော အာဟာရ

ကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ (၁) ဒဝါယ၊ ရွာသူသားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါးကစားခြင်းငှါ။ နေဝ ပဋိသေဝါမိ၊ မမှီဝဲပါ။ (၂) မဒါယ၊ လက်ဝှေ့ လက်ပမ်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ (၃) မဏ္ဍနာယ၊ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ (၄) ဝိဘူသနာယ၊ ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှာ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ (၅) ဣမဿ ကာယဿ၊ ဤရူပကာယ၏။ ယာဝ ဌိတိယာဝေ၊ တည်ရုံငှါသာလျှင်။ (၆) ယာဝ ယာပနာယ ဝေ၊ မျှတရုံငှါသာလျှင်။ (၇) ယာဝ ဝိဟိံ-သူပရတိယာဝေ၊ ပင်ပန်းခြင်း ငြိမ်းရုံငှါသာလျှင်။ (၈) ယာဝ ဗြဟ္မ-စရိယာနုဂ္ဂဟာယဝေ၊ သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယ နှစ်ပါးကို ချီးမြှောက်ရုံငှါသာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ (၉) ဣတိ ဣမိနာ ပိဏ္ဍပါတပဋိသေဝနေန၊ ဤသို့ ဆွမ်းကိုမှီဝဲသဖြင့်။ ပုရာဏံ၊ အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ (၁၀) နဝံ၊ အသစ်ဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ (၁၁) မေ၊ ငါ့အား။ ယာတြာ စ၊ မျှတခြင်းသည်လည်း ကောင်း။ (၁၂) အနဝဇ္ဇတာ စ၊ အပြစ်မရှိခြင်းသည် လည်းကောင်း။ (၁၃) ဖာသုဝိဟာရော စ၊ ချမ်းသာစွာ နေရခြင်းသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ့်။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်း အစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## သေနာသန ပစ္စဝေက္ခဏာ ပါဠိအနက်

၃။ ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ ယာဝ
ဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသမကသ-
ဝါတာတပ သရီသပ္ပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝ ဒေဝ
ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ။

(သတ္တမအကြိမ်)

၃။ ယောနိသော၊ သင့်သောအကြောင်း အားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ အိပ်ရာနေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ (၁)သီတဿ၊ အအေးကို။ယာဝ ပဋိဃာတာယ ဝေ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ (၂) ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယဝေ။ပယ်ဖျောက်ရုံငှါသာလျှင်။ (၃)ဍံသ မကသ ဝါတာ-တပ သရီသပ သမ္ဖဿာနံ၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယဝေ၊ ပယ်ဖျောက်ရုံငှါ သာလျှင်။ သေနာသနံ၊ အိပ်ရာနေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ (၄) ယာဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာ နာရာမတ္ထံ ဝေ၊ ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း ကိန်းအောင်း မွေ့လျော်ခြင်း အကျိုးငှါသာလျှင်။သေနာသနံ၊အိပ်ရာနေရာကျောင်းကို။ပဋိသေဝါမိ၊ မှီဝဲပါ၏။

---

## ဘေသဇ္ဇ ပစ္စဝေက္ခဏာ ပါဠိအနက်

၄။ ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇပရိက္ခာရံ ပဋိသေဝါမိ ယာဝ ဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇ ပရမတာယ။

၄။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာ အဆောက် အဦဖြစ်သောဆေးကို၊ ပဋိသေဝါမိ၊ မှီဝဲပါ၏။ (၁)ဥပ္ပန္နာနံ၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော။ ဝါ ဖြစ်ပြီး ဝေဒနာနှင့် တူကုန်သော။ ဝေယျာ-ဗာဓိကာနံ၊ ခောတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝါ-ခောတ် ချောက်ချားခြင်း ထို ခောတ် ချောက်ချားခြင်း အကြောင်းရင်း ရှိကုန် သော နူနာ, အိုင်းနာ စသည်တို့ကြောင့် ဖြစ်ကုန်သော။ဝေဒနာနံ၊ဆင်းရဲ ဝေဒနာတို့ကို။ ယာဝ ပဋိဃာတာယဝေ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ယာဝ အဗျာပဇ္ဇ ပရမတာယဝေ၊ အနာကြောင့် ဖြစ်သော ဆင်းရဲ

( သတ္တမအကြိမ် )

ခြင်း၏ မရှိခြင်း အကျိုးငှါသာလျှင်။ ဝါ- ဆင်းရဲဝေဒနာ မရှိသော ကာလတိုင်အောင် အတိုင်းအရှည် အကျိုးငှါသာလျှင်။ ဂိလာနပစ္စယ-ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ဆန့်ကျင်ဘက် အသက်၏အရံအကာ တန်ဆာ အဆောက်အဦဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

**မှတ်ချက်။** ။ဗျာဗာဓနေဌေန ဗျာဗာဓော၊ ဗျာဗာဓောဝ ဗျာဗဇ္ဈံ၊ ဒုက္ခန္တိ အတ္ထော။ နတ္ထိ ဧတ္ထ ဗျာဗဇ္ဈန္တိ အဗျာဗဇ္ဈံ၊ နိဒ္ဒုက္ခတာ၊ တေနာဟ အဗျာဗဇ္ဈ ပရမတာယာတိ နိဒ္ဒုက္ခ ပရမတာယာတိ—

ဟူသော မဟာဋီကာသို့ လိုက်၍ အဗျာဗဇ္ဈ ပရမတာယ- ဟု ပြင်ထားသည်၊ ဝါ-၏ အနက် အောက်၌ ရှင်းပြလတ္တံ့။

## ပစ္စဝေက္ခဏာ ၄-ပါး၌ မှတ်သားဖွယ်

### (က) ပစ္စဝေက္ခဏာကို ဘယ်အတွက် ဘုရားရှင်ဟောကြားသလဲ?

ပစ္စည်းလေးပါး၌ မက်မောခြင်းစသော အာသဝေါတရားတို့ကို ပယ်မြစ်နိုင်ဖို့ ပစ္စည်း၄-ပါး မှီဝဲသောအခါ၌ ဉာဏ်သွင်းဆင်ခြင်ရန်ဘုရားရှင် ဟောကြားသည်။ (မူလပဏ္ဏာသနှင့် ဆက္ကင်္ဂုတ္တိုရ် မဟာဝဂ်ပါဠိတော်)

### (ခ) ပစ္စဝေက္ခဏာဆိုတာ ဘာလဲ?

အဖန်ဖန် ဉာဏ်ဖြင့် သက်ဝင်၍ သုံးသပ်ခြင်းကို ပစ္စဝေက္ခဏာ ဟု ခေါ်သည်။ "ပဋိ ပုနပ္ပုနံ ဩဂါဟေတွာ ဣက္ခဏံ ပစ္စဝေက္ခဏာ"ပြု။

ပစ္စဝေက္ခိတွာတိ သီတပဋိဃာတာဒိကံ တံတံပယောဇနံ ပတိ ပတိ အဝေက္ခိတွာ ဉာဏေန ပဿိတွာတိ အတ္ထော။ (မဟာဋီကာ)

**ဖန်ဖန်ဉာဏ်သွင်း၊ ရှုမြင်ခြင်း၊ ခေါ်ခြင်း ပစ္စဝေက္ခဏာ။**

### (ဂ) ဆင်ခြင်အပ်သောပစ္စည်း ဘယ်နှစ်မျိုးလဲ?

သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ၄-မျိုးရှိ၏၊ ၎င်း ၄-ပါးကို ပစ္စည်း ၄-ပါးဟုလည်းကောင်း၊ မှီရာနိဿယ ၄-ပါးဟုလည်းကောင်း ခေါ်

( သတ္တမအကြိမ်)

ဝေါသည်၊ ၎င်းပစ္စည်း ၄-ပါးကိုစွဲ၍ စိဝရပစ္စဝေက္ခဏာ စသောအား ဖြင့် ပစ္စဝေက္ခဏာလဲ ၄-ပါးရှိ၏၊ ၎င်းပစ္စဝေက္ခဏာ ၄ ပုဒ်ကို ပုတီး စိပ်ယင်း ဆင်ခြင်ကြသောကြောင့် ပုတီးစိပ် ၄-ပုဒ်ဟုလည်း ခေါ်ကြ၏။

## စိဝရပစ္စဝေက္ခဏာ၌ မှတ်သားဖွယ်

### (က) အင်္ဂါအစိတ်အားဖြင့် စိဝရပစ္စဝေက္ခဏာ ဘယ်နှစ်ပါးရှိသလဲ?

၁။ သိတဿ ပဋိဃာတာယ၊

၂။ ဥဏှဿ ပဋိဃာတာယ၊

၃။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊

၄။ ဟိရိ ကောပိန ပဋိစ္ဆာဒနတ္ထံ၊

ဟူ၍ အင်္ဂါအစိတ်အားဖြင့် စီဝရပစ္စဝေက္ခဏာ လေးပါးရှိပါသည်။

### (ခ) ထိုစိဝရပစ္စဝေက္ခဏာ လေးပါးကို ပါဠိမဖက်ပဲ မြန်မာသက်သက် ဖြင့် ဉာဏ်ထွက်အောင် ဘယ်လိုဆင်ခြင်ရမလဲ?

မဆင်ခြင်မီ သင်္ကန်း၏ အကျိုးကို သိထားပါအုံး၊ သင်္ကန်းဆိုတာ အအေးအပူကိုလဲ ကာကွယ်နိုင်တယ်၊ မှက်, ခြင်, ယင်, လေ, နေပူ,မြွေ, ကင်း, သန်းတို့၏ ကိုက်ခဲမှု တွေ့ထိမှုတို့ကိုလဲ ကာကွယ်နိုင်တယ်၊ သင်္ကန်း ချွတ်ပြီး ဗလာကျင်းနေလျှင် ရှက်စရာဖြစ်တဲ့ မတော်မလျော် ကိုယ်အင်္ဂါ မျိုးတွေ ပေါ်ပေလိမ့်မယ်၊ထိုရှက်စရာ အင်္ဂါတွေကိုလုံအောင် သင်္ကန်းက ဖုံးထားနိုင်တာကို သတိထားပါဦး။

## အစဉ်အတိုင်း စိဝရပစ္စဝေက္ခဏာ လေးပါး မြန်မာသွားဉာဏ်သွင်း ဆင်ခြင်ပုံ

၁။ ငါသည် အချမ်း အအေး ပယ်ဖျောက်၍ ပူနွေးလာ စေခြင်း အကျိုးငှါသာ, သင်္ကန်းကို ဝတ်ရုံသုံးစွဲပါသတည်း။

၂။ ငါသည် အပူပယ်ဖျောက်၍ အအေးရောက်လာစေခြင်းအကျိုး ငှါသာ သင်္ကန်းကို ဝတ်ရုံသုံးစွဲပါသတည်း။

( သတ္တမအကြိမ် )

၃။ ငါသည်မှက်,ခြင်,ယင်,လေ,နေပူ,မြွေ,ကင်း,သန်းတို့၏,ကိုက်ခဲ ထိပါးမှုမျိုး အတွေ့ဆိုးတို့ကို ပယ်ဖျောက်ရခြင်း အကျိုးငှာ သာ သင်္ကန်းကို ဝတ်ရုံသုံးစွဲပါသတည်း။

၄။ ငါသည် ဖွင့်ဖော်ထားဖို့ မတော်မလျော်ပဲ ဟိရိဂုဏ်ကို ဖျက်ဆီး တတ်တဲ့အင်္ဂါကြီးငယ် ဖုံးလွှမ်းခြင်းအကျိုးငှာသာ သင်္ကန်းကို ဝတ်ရုံသုံးစွဲပါသတည်း။

## (ဂ) ၄-နံပါတ် စိတ္တဝေဒနာမဲ့ အင်္ဂါကြီးငယ်တို့က ဟိရိဂုဏ်ကို ဘယ်လို ဖျက်ဆီးတတ်ပါသလဲ?

ရှက်သင့်ရှက်ထိုက်တဲ့နေရာ၌ ရှက်တတ်ခြင်းကို ပါဠိလို ဟိရိ-ဟု ဆို တယ်၊ ထိုသို့ရှက်တတ်တဲ့ ဟိရိဟာ အမျိုးကောင်းသားသမီးတို့ရဲ့ ဂုဏ် ထူးတမျိုးပဲ၊ ဥပမာ-လောက၌ သည်မိန်းကလေးဟာ အရှက်မရှိဘူးဆို လျှင် အယုတ်ဆုံး ပြည့်တန်ဆာမစခန်းသို့ အမိပ္ပာယ်သက်ရောက်၍ ဂုဏ် ပျက်ပါတော့သည်၊ ရှက်ဟတ်ပေသည်၊ ဟိရိ ရှိသည်ဆိုလျှင် မိကောင်း ဖခင် သမီးဖြစ်၍ အထူးဂုဏ် ရောက်ပါသည်၊ ထို့ကြောင့် အရှက်ခေါ် ဟိရိကို ဂုဏ်ဟုဆိုသည်၊ ကိုယ်အင်္ဂါ အရပ်ရပ်တွင် မတော်မလျော်တဲ့ အင်္ဂါဇာတ် ပေါ်နေလျှင် ထိုပေါ်နေတဲ့ အင်္ဂါဇာတ်က ဟိရိ ဆိုတဲ့ အရှက်ဂုဏ်ကို ဖျက်ဆီးပစ်လိုက်ပါတယ်၊ ဒါကြောင့် ဟိရိဂုဏ်ကို ဖျက် ဆီးတတ်သော အင်္ဂါကြီးငယ်ကို သဘောကျပါ။

## (ဃ) စိတ္တဝေဒနာ ၄-မျိုးတွင် အမြဲအကျိုးဖြစ်တဲ့ နိယတ ပယောဇန အင်္ဂါဟာ ဘယ်ဟာလဲ?

ဟိရိ ကောပိနပ္ပဋိစ္ဆာဒနတ္ထံ ဆိုတဲ့ အင်္ဂါဟာ နိယတပယောဇန အင်္ဂါ ပါပဲ၊ ဖော်ထားလို့ မတော်တဲ့ အင်္ဂါကြီးငယ်ကို အမြဲတမ်း ဖုံးရလို့ နိယတပယောဇနအင်္ဂါ ဆိုပါတယ်၊ အင်္ဂါ ၃-ပါးကတော့ အေးခိုက် ပူခိုက် ခြင်,မှက် ကိုက်ခိုက် စသောအားဖြင့် ရံခါရံခါမှ အကျိုးရောက်၍ အနိယတပယောဇန အင်္ဂါတို့ဟု မှတ်ပါ။

**မှတ်ချက်** ပစ္စဝေက္ခဏာဉာဏ်ဟာ အကျိုး(ပယောဇန)ကို အဓိကထား၍ အာရုံပြုသဖြင့် ထို့နောက် ပစ္စဝေက္ခဏာ တို့မှာလဲ နိယတ, အနိယတ ခွဲဖို့ သတိပြုပါ။

(သတ္တမအကြိမ်)

## ( င) စိပ္ပရဗစ္စယေက္ခဏာ ၄-မျိုး၌ သူ့နေရာနှင့်သူ အတိုချုပ် ဘယ်လို ဆင်ခြင်သင့်ပါသလဲ?

အေးချမ်း၍သက်န်းခြုံလိုခဲ့လျှင် ၁-နံပါတ်အင်္ဂါအရ အအေးပျောက် အောင် ဤသင်္ကန်းကို ဝတ်ရုံပါ၏၊ အချမ်းပျောက်အောင် ဤသင်္ကန်းကို ဝတ်ရုံပါ၏ဟု ဉာဏ်သွင်းဆင်ခြင်၍ သင်္ကန်းဝတ်ရုံပါ၊ မီးပူလှ၍ သင်္ကန်း ခြုံလိုလျှင် ၂-နံပါတ်အင်္ဂါအရ အပူပျောက်အောင် ဤသင်္ကန်းကို ဝတ်ရုံ ပါ၏ဟု ဆင်ခြင်၊ မှက်ခြင်ကိုက်၍ ခြုံလိုလျှင် ၃-နံပါတ်အင်္ဂါအရ မှက်, ခြင် မကိုက်အောင် ဤသင်္ကန်းကို ဝတ်ရုံပါ၏ဟု ဆင်ခြင်၊ အထက်ပါ အကျိုးများမလိုပဲ ပြင်ဝတ်လိုလျှင် ၄-နံပါတ်အင်္ဂါအရ စက်ဆုပ်စရာ ကိုယ်အင်္ဂါကို ဖုံးလွှမ်းဖို့ရာ ဤသင်္ကန်းကို ဝတ်ရုံပါ၏ဟု ဆင်ခြင်။

**အမှာ** ဤနည်းမှီ၍ သူ့နေရာနှင့်သူ အတိုနည်း ဆင်ခြင်ပုံကို ဆရာတို့က သင်ပြတတ်ပါစေ၊ ရှေးက အင်္ဂါ၄-ပါး အခွဲတိုင်းလဲ ဆင်ခြင် နိုင်ပါသည်၊ သို့ကလို သင်္ကန်းပြင်ဝတ် ပြင်ရုံ ပြင်ခြုံတိုင်း ဆင်ခြင် နိုင်က နောက် ပစ္စဝေက္ခဏာကိစ္စ မရှိတော့ပါ၊ သို့သော် အမြဲ သတိပြုနိုင်မည်မဟုတ်၍ အရဏ်မတက်မီ စွမ်းနိုင်သမျှ အထက်ပါ ပစ္စဝေက္ခဏာ မြန်မာပြန် ၄-ချက်ကို ရွတ်ဆိုပြပါ။

## (စ) ပါဠိတော်၌ စိဝရံအရ ဘယ်သင်္ကန်းကို ယူရမလဲ?

သင်္ကန်း ၆—ထည်စလုံး ယူသင့်သည်။

စီဝရန္တိ အန္တရဝါသကာဒီသု ယံကိဉ္စိ။ (ဝိသုဒ္ဓိမဂ်)

ယံကိဉ္စိတိ ဝါ အနဝသေသပရိယာဒါနမေတံ အနိယမဝစနံ။

(မဟာဋီကာ)

### သင်္ကန်း ၆-ထည်

၁။ သင်းပိုင်။
၂။ ကိုယ်ရုံ။
၃။ ဒုကုဋ်။
၄။ အိပ်ရာခင်း။

( သတ္တမအကြိမ် )

၅။ မျက်နှာသုတ်ပဝါ။

၆။ ပရိက္ခာရစောဠ ပုဆိုး။

၇။ နိသီဒိုင်။

၈။ မိုးရေခံသင်္ကန်း။

၉။ အမာလွှမ်းသင်္ကန်း၊ ပေါင်း ၉-ထည်။

**သင်း, ကိုယ်, ဒု, အိပ်၊ မျက်, ပရိက်၊ နိသိဒ်, မိုး, အမာ။**

**(ဝိနယသံဂိုဟ်)**

## (ဆ) ပဋိသေဝါမိ အရ သင်္ကန်းကို မှီဝဲပါတယ်ဆိုတာ ဘယ်လိုလုပ်တာလဲ?

သင်္ကန်းကို ဝတ်ခြင်း၊ ရုံခြင်း၊ ရမ်းခြင်း၊ ခြုံခြင်း၊ ခင်းထိုင်ခြင်း၊ ခင်းအိပ်ခြင်း၊ကျောင်းကုဋီလုပ်ခြင်း၊လိုက်ကာလုပ်ခြင်း စသောအားဖြင့် သုံးစွဲမှုတခုခုကို မှီဝဲသည်ဟု ဆိုပါသည်။

## (ဇ) ပဋိသင်္ခါ ယောနိသော—အရ သင့်သောအကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်တယ်ဆိုတာ ဘယ်လို ဆင်ခြင်တာလဲ?

ဆိုခဲ့သော ပစ္စဝေက္ခဏာ ၄—ပါးအတိုင်း အအေးပယ်ဖျောက်ရအောင်၊ အပူပယ်ဖျောက်ရအောင်၊ မှက်,ခြင်မကိုက်ရအောင် စသည်ဖြင့် သင်္ကန်းကို မှီဝဲပါသည်ဟု ဉာဏ်သွင်းဆင်ခြင်တာကို ဆိုပါတယ်။

## (ဈ) စိဝရပစ္စဝေက္ခဏာထဲ၌ ယာဝဒေဝ ဆိုတဲ့ပုဒ်ကို ဘယ်လို အနက်သမ္ဗန်မလဲ?

ယာဝဒေဝ ပုဒ်ကို မခွဲပဲ ယာဝဒေဝ၊ အကြင်မျှလောက် အခိုက်အတန့် ဖြစ်သော အကျိုးငှာသာလျှင် ဟု ဂဏ္ဌိကျမ်း၌ အနက်သမ္ဗန်ပြသည်၊ ဤကျမ်း၌ ယာဝဒေဝကို ယာဝ ဧဝ—ဟု ပုဒ်ဖြတ်ပြီး ပဋိဃာတာယပုဒ်နှင့် တွဲယှဉ်၍ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်ဟု အနက်သမ္ဗန်ထားပါသည်။

## (ည) ယာ၀ဒေ၀ ပုဒ်၏ အဓိပ္ပါယ် ဘယ်လိုမှတ်ရမလဲ?

ယာ၀ဒေ၀ပုဒ်ကို ယာ၀,ဒေ၀ ၂-ပုဒ်ခွဲပြီးလျှင် ယာ၀၏ အဓိပ္ပါယ်၊ ဒေ၀၏ အဓိပ္ပါယ် ၂-မျိုး ခွဲရပါမည်၊ ယာ၀-ပုဒ်သည် အကျိုး အပိုင်း အခြားကို ပိုင်းခြားသတ်မှတ်ထားတဲ့ သဒ္ဒါပါဘဲ။

ပိုင်းခြားပုတ်သားပုံ ယောဂီသူမြတ်တို့၏ သက်န်းမှီဝဲခြင်း အကျိုး ကား ဇိဝရပစ္စဝေက္ခဏာ လေးပါးလာသည့်အတိုင်း အအေးပယ်ဖျောက် ရတဲ့အကျိုး၊ အပူပယ်ဖျောက်ရတဲ့အကျိုး၊ မှက်,ခြင် စသည်တို့အတွေ့ကို ပယ်ဖျောက်ရတဲ့အကျိုး၊ အင်္ဂါကြီးငယ် ဖုံးလွှမ်းရတဲ့ အကျိုးပဲရှိတယ်၊ ထိုမှတပါးမရှိနိုင်ဘူးဟု ယာ၀-သဒ္ဒါက ပိုင်းခြားမှတ်ပြတယ်၊ ဧဝ— ပုဒ်က သက်န်းကိုမှီဝဲတာ မြူးထူးပျော်ပါးကစားရအောင် တင့်တယ်လှပ အောင် စတဲ့ မသင့်တင့်သောအားဖြင့် မှီဝဲမှုတို့ကို တားမြစ် ပိတ်ပင်တဲ့ သဒ္ဒါဖြစ်တယ်။

တတ္ထ အဝဓာရဏေန လိင်္ဂ ဝိဘူသာ ဝိလမ္ဗဏာ နဋ္ဌမ္ဗရာဒိဝသေန ဝတ္ထပရိဘောဂံ နိသေဓေတိ၊ တေနာဟ န ဣတော ဘိယျောတိ။

(မဟာဋီကာ)

## (ဋ) ဧဝသဒ္ဒါ၏ အကျိုးအားဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်နိုင်သလား?

ဆင်ခြင် နိုင်ပါတယ်။

ဆင်ခြင်ပုံ လှပတင့်တယ်အောင် သက်န်းကို ဝတ်ရုံသည်မဟုတ်ပါ၊ မြူးထူးပျော်ပါး တဏှာပွားအောင် သက်န်းကို ဝတ်ရုံသည်မဟုတ်ပါ စသည်ဖြင့် ဆင်ခြင်နိုင်ပါသည်။

## (ဌ) ယာ၀ ဧ၀ သဒ္ဒါနှစ်ခု ဘယ်လိုထူးသလဲ?

ရှေ့ ယာ၀ဒေ၀-က မမြဲတဲ့ အနိယတအကျိုးကို ပိုင်းခြား၏၊ ၁-၂-၃ နံပါတ်အင်္ဂါတို့၏ မမြဲတဲ့အကျိုးကို ပိုင်းခြားတယ်ဟု ဆိုလိုတယ်၊ နောက် ယာ၀ ဒေ၀-က ဟိရီ ကောပိန ပဋိစ္ဆာဒနတ္ထံ အင်္ဂါလာ မြဲတဲ့နိယတ အကျိုးကို ပိုင်းခြား၏၊ ဤကား အထူး။

မမြဲကျိုးကို၊ ပိုင်းခြားဆို၊ မှတ်လို ရှေ့ယာ၀။
မြဲသည့်ကျိုးကို၊ ပိုင်းခြားဆို၊ ထင်မိုနောက်ယာ၀။

( သတ္တမအကြိမ် )

**အမှာ** ကျောင်း ပစ္စဝေက္ခဏာ၌ပါသော ယာဂဒေဝတို့၏ အဓိပ္ပါယ်ကိုလဲ ဤနည်းမှီ၍ သိတတ်ပါစေ။

## (၃) သီတသဿ-ပုဒ်အရ အအေးဆိုတာ ဘယ်လိုအအေးမျိုးလဲ ?

ခန္ဓာကိုယ် အတွင်းသန္တာန်၌ ဓာတ်ချောက်ချား၍ ဖြစ်ပေါ်လာတဲ့ အတွင်းအအေးနှင့် ပြင်ပ၌ ဥတုဖောက်ပြန်၍ ဖြစ်ပေါ်လာတဲ့ အပအအေးတို့ကို သီတအရ ယူပါ၊ ဝါ-သဒ္ဒါဖြင့် ဆောင်းဥတု စသည်တို့၌ နှင်းကျ၍ အေးခြင်း စသည်တို့ကိုလဲ သီတအရ ယူပါဦး။

**ဝါသဒ္ဒေန ဟေမန္တာဒိသု ဟိမပါတာဒိဝသေန ပဝတ္တဿ သင်္ဂဟော။**

(မဟာဋီကာ)

**တွင်း၊ပြင်နှစ်ရပ်၊ ဖောက်ပြန်လတ်၊ အေးဓာတ် သီတ ယူ။**
**နှင်းကျ မိုးရွာ၊ အေးများစွာ၊ ထည့်ကာ သီတ ယူ။**

## (၁) ဥဏှဿ-အရ အပူဆိုတာ ဘယ်အပူ ယူရမလဲ ?

မီးပူကို ယူပါ။ ဥဏှဿာတိ အဂ္ဂိသန္တာပဿ။ (ဝိသုဒ္ဓိမဂ်)

## (ဏ) ဥဏှဿ-အရ နေပူကို မယူနိုင်ဘူးလား ?

တတိယအင်္ဂါ၌ပါတဲ့ အာတပသဒ္ဒါဖြင့် နေပူယူထား၍ ဥဏှဿ-အရ နေပူ မယူပဲ မီးပူကိုသာ ယူပါသည်။

အာတပေါတိ သူရိယာတပေါ။ (ဝိသုဒ္ဓိမဂ်)

**အာတပမူ၊ နေပူယူ။ မီးပူ ဥဏှထား။** (အဃူး)

## (တ) ဍံသ, မကသ, ဝါတာတပ, သရီသပ, သမ္ဖဿာနံ၌ အသီးသီး ပုဒ်တို့၏ အနက်ကား ဘယ်လိုပါလဲ ?

ဍံသ,မှက်၊ မကသ, ခြင်၊ အချို့ မှက်ဟု သမ္ဗန်ကြသေးသည်၊ မက.သ, ကုဋ္ဌိခြင်ထောင်ဟော ပုဒ်ကိုထောက်လျှင် ခြင် ပေးသင့်၏၊ မကသ ဟု ပြန်သော ပါဠိလည်း ရှိ၏၊ ဝါတ, လေ။ မြူရှိသော သရဇ-လေ,မြူမရှိတဲ့ အရဇ-လေ စသည်ကို ဝါတအရယူ၊အာတပ,နေပူ။ သရီသပ၊မြွေ,ကင်း,

(သတ္တမအကြိမ်)

သန်း ဟု အနက်ပြန်ကြ၏၊ ဖြေ့, ကင်းခြေပျား, ပင့်ကူ, တက်တူ, ကင်းမြီးကောက်,ပေါက်ဖက်စသည်တို့ကို သရီသပ-အရယူ။ သမ္မသာနံ၊ အပွေ့တို့၏ဟု အနက်သမ္မန်ကြ၏၊ ထိုအတွေ့သည် ဒင္ဓသမ္မဿ၊ ကိုက်ခဲခြင်းအတွေ့။ ဖုဋ္ဌာဟုဿ၊ ထိပါးခြင်း အတွေ့ဟု ၂-မျိုးယူပါ။ ဖုဋ္ဌသမ္မဿ၊ ထိပါးခြင်းအတွေ့ ဆိုသော်လဲ ခံသာတဲ့အတွေ့ မဟုတ်၊ ပေါက်ဖတ်ကောင်များ ထိမိသောအခါ အဆိပ်တက်သလို ဆင်းရဲတဲ့ အဆိပ်အတွေ့ကို ယူဟု မဟာဋီကာ ဆိုသည်။

## (ထ) ဟိရိ-ကောပိန ပ္ပဋိစ္ဆာဒနတ္ထံ၌ အသီးသီး ခွဲခြားသော အနက်ကား ဘယ်လိုလဲ ?

ဟိရီ=အရှက်ကို+ကောပိန=ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို+ပ္ပဋိစ္ဆာဒနတ္ထံ၊ ဖုံးလွှမ်းခြင်း အကျိုးငှါဟု အနက်သမ္မန်ပါ၊ ၎င်း အင်္ဂါ အဓိပ္ပါယ် ရှင်းခဲ့ပြီ။

သင်္ကန်းပစ္စဝေက္ခဏာ အဓိပ္ပါယ် ပြီး၏။

---

## ပိဏ္ဍပါတပစ္စဝေက္ခဏာ၌ မှတ်သားဖွယ်

### (က) ဆွမ်းပစ္စဝေက္ခဏာ၌ အင်္ဂါအစိတ်အပိုင်းတို့ကား ဘယ်လောက်ရှိသလဲ ?

ပယ်အင်္ဂါ ၄ ပါး၊ ယူရသောအင်္ဂါ ၈-ပါး၊ ဘောဇနာ၌ မတ္တညုတာ ၁-ပါး၊ ပေါင်း အစိတ် ၁၃-ပါး ရှိ၏။

### (ခ) ပယ်အင်္ဂါလေးပါးကား ဘယ်ဟာလဲ?

၁။ နေဝ ဒဝါယ။
၂။ န မဒါယ။
၃။ န မဏ္ဍနာယ။
၄။ န ဝိဘူသနာယ၊ ပေါင်း ၄-ပါး။

အမှာ ၎င်းကို ဗျတိရေကအင်္ဂါ ၄-ပါးဟုလည်းကောင်း၊ ပဋိက္ခေပ အင်္ဂါဟုလည်းကောင်း ခေါ်သေးသည်။

( သတ္တမအကြိမ် )

## (ဂ) ပယ်အင်္ဂါလေးပါးကို ပါဠိမဘာက် မြန်မာသက်သက်ဖြင့် ဉာဏ်ထွက်အောင် အစဉ်အတိုင်း ပစ္စဝေက္ခဏာ ဘယ်လို ဆင်ခြင်ရမလဲ?

မဆင်ခြင်မီ သတိပြုဖို့ လောက၌ ဉာဏ်သေးတဲ့ ကလေးသူငယ်တို့ဟာ မြူးထူးပျော်ပါး ကစားရအောင် အစားအစာတို့ကို စားလေ့ ရှိကြ၏၊ လက်ဝှေ့သမားတို့ဟာ အားအင်ဗလ မာန်ယစ်ကြဖို့ အစာတို့ကို စားလေ့ရှိ၏၊ အင်္ဂါကြီးငယ် ပြည့်ဖြိုးလေအောင် မိန်းမရှင် မတို့ဟာ အစာကို စားလေ့ရှိကြ၏၊ ပွဲက သမားတို့ဟာ ကိုယ်ရေ အဆင်း လှပ အောင် အစားအစာစားကြသည်၊ ထိုသူတို့ စားသုံးပုံကား ဉာဏ်မပါပဲ တဏှာဂေဓတို့ဖြင့် စားသုံး၍ သင့်တော်သော စားသုံးခြင်းမျိုး, အပြစ် လွတ်သောစားသုံးခြင်းမျိုး မဟုတ်သည်ကို သတိပြုထားပါ။

**ပိဋကပါတပစ္စဝေက္ခဏာ၌ ပယ်အင်္ဂါလေးပါးဖြင့် ဉာဏ်သွင်းဆင်ခြင်ပုံ**

၁။ ငါသည် ရွာသူ သားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစား ခြင်းငှါ ဆွမ်းအစရှိသော အာဟာရကို မှီဝဲသည်မဟုတ်ပါ။

၂။ ငါသည် လက်ဝှေ့ လက်ပမ်းသည် စသည်တို့ကဲ့သို့ အားဟူ သော မာန်ယစ်ခြင်းငှါ ဆွမ်း အစရှိသော အာဟာရကို မှီဝဲ သည် မဟုတ်ပါ။

၃။ ငါသည် နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှါ ဆွမ်းအစရှိသော အာဟာရကို မှီဝဲသည် မဟုတ် ပါ။

၄။ ငါသည် ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အရေအဆင်း လှပ တင့်တယ်ခြင်းငှါ ဆွမ်းအစရှိသော အာဟာရကို မှီဝဲသည် မဟုတ်ပါ။

မှတ်ချက် လက်ဝှေ့ထိုးသူကို လက်ဝှေ့သမား၊ နပန်းသတ်သူကို လက် ပမ်းသည်ဟု မှတ်၊ နန်းတော်တွင်းနေ မိဖုရား ကိုယ်လုပ် မောင်းမ အပျိုတော်တို့ကို နန်းတွင်းသူ ဟု မှတ်၊ မိန်းမရှင် မကို ပြည့်တန်ဆာ ဆိုသည်၊ ဘားကစားတဲ့သူကို ကျွမ်း သမား၊ ပွဲကသူကို ကချေသည်ဟု မှတ်။

( သတ္တမအကြိမ် )

## (ဿ) ပိဏ္ဍပါတ ပစ္စဝေက္ခဏာ၌ ယူရတဲ့အင်္ဂါ ၈—ပါးကား ဘယ်ဟာလဲ?

၁။ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ။

၂။ ယာပနာယ။

၃။ ဝိဟိံ သူပရတိယာ။

၄။ ဗြဟ္မစရိယာနုဂ္ဂဟာယ။

၅။ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ။

၆။ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ။

၇။ ယာတြာ စ မေ ဘဝိဿတိ။

၈။ အနဝဇ္ဇတာ စ၊ ပေါင်း အင်္ဂါ ၈-ပါး။

အမှာ ၎င်းကို အနွယအင်္ဂါဟုလည်း ဆိုသေးသည်၊ ဖာသုဝိဟာရော-ကား ဘောဇနာနိသံသ မည်၏။

## (ဌ) ထိုယူရတဲ့ ပိဏ္ဍပါတ ပစ္စဝေက္ခဏာ အင်္ဂါ ၈-မျိုးနှင့် ဘောဇနာနိသံသ ၁-ပါးတို့ကို ပါဠိမဘက်ဘဲ မြန်မာသက်သက်ဖြင့် ဉာဏ်ထွက်အောင် ဘယ်လိုဆင်ခြင်မလဲ?

မဆင်ခြင်မီ ဆွမ်း၏အကျိုးကို လေ့လာစမ်းပါဦး၊ ဆွမ်းကိုမစားရလျှင် ဤကိုယ်ကြီးတည်နိုင်ပါ့မလား၊ ကိုယ်ကိုစောင့်ရှောက်တဲ့ ဇီဝိတိန္ဒြေကလဲ မျှတအောင်စောင့်နိုင်တော့မှာမဟုတ်၊ မွတ်သိပ်ဆာလောင်လွန်း၍ ပင်ပန်းကုန်တော့မယ်၊ သာသနာကိုလဲ ချီးမြှောက်နိုင်တော့မှာမဟုတ်၊ ဝေဒနာဟောင်း ဝေဒနာသစ်တို့ကလဲ ထကြွ သောင်းကျန်းလာပါရော၊ လျှောင်း ထိုင် ရပ် သွား ဣရိယာပုထ် ၄-ပါးလဲ အဆင်မပြေတော့၊ အပြစ်ကင်းတဲ့ ခံယူ စားသုံးမှုတို့လဲ မရှိ၊ ချမ်းချမ်းသာသာ နေနိုင်ဖို့ဝေးစွ၊ ဆိုခဲ့တဲ့ အပြစ်တို့မှာ ဆွမ်းစားလိုက်ရလျှင် ဤကိုယ်ခန္ဓာ တည်နိုင်ခြင်းကအစ ချမ်းသာအောင် နေနိုင်ဖို့ အကျိုးများဟာ ဖြစ်ထွန်းလာပုံကို ဉာဏ်သွင်း လေ့လာပါဦး။

( သတ္တမအကြိမ် )

## ဆွမ်းပစ္စဝေက္ခဏာ၌ ယူရတဲ့အင်္ဂါတို့ဖြင့် ဉာဏ်သွင်း ဆင်ခြင်ပုံ

**အမှာ** ပိဋ္ဋပါတ ပစ္စဝေက္ခဏာအင်္ဂါတို့ကို တပါး တပါးစီ အဋ္ဌကထာ သွားဖြင့် ဥပမာသွင်း၍ ရေးသားပေအံ့။

၁။ **ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ** မဟာဘုတ်လေးပါး မှီတဲ့ ဤရူပကာယကြီး၏ အစဉ်မပြတ် တည်မတ်နိုင်ရုံ အကျိုးငှါသာလျှင် ဆွမ်းကို ငါ မှီဝဲပါ၏၊ (ဥပမာ အိမ်အိုကြီး မပြိုကျအောင် ထောက်ဖြင့် ကျားကန် ထောက်မ ရသလို ဤ ရုပ်ကောင်ကြီး မပျက်မစီးရအောင် ကျားထောက်နဲ့ တူတဲ့ ဆွမ်းကို စား၍ ထောက်ပေးရပုံကို ဉာဏ်သွင်း ဆင်ခြင်ပါ။)

၂။ **ယာပနာယ** ဤရူပကာယ၏ မပြတ်ဆက်တည် အသက်ရှည်၍ မျှတနေရုံ အကျိုးငှါသာလျှင် ဆွမ်းကို မှီဝဲပါ၏၊ (ဥပမာ လှည်း မနာ မကျင်ပဲ ဘီးအလိမ့်ကောင်း၍ ကြာရှည်ခံအောင် ဝင်ရိုး၌ လှည်းငါးဆီ သုတ်လိမ်း ထိုးပေးရသလို လှည်းတည်းဟူသော ရုပ်ကောင်ကြီးကို စောင့် ထိန်းနေတဲ့ ဇီဝိတိန္ဒြေ အသက်ဝင်ရိုး၏ မပြတ်အရှည်တိုးကာ မျှတနေဖို့ အကျိုးငှါ လှည်းငါးဆီ တည်းဟူသော ဆွမ်းကို စားသောအားဖြင့် ထိုးပေးပုံကို ဉာဏ်သွင်းပါ။)

**အမှာ** ဤ ၁-၂ အင်္ဂါတို့ တူသယောင်ယောင် ထင်တတ်သည်။

၁ - အင်္ဂါကား ရူပကာယကြီး ပြိုမကျအောင် တည်တံ့ ဖို့ရန်။

၂-အင်္ဂါကား ရူပကာယကြီးအား စောင့်နေတဲ့ ဇီဝိတိန္ဒြေ အသက် အရှည်ဆက်လျက် မျှတဖို့ရန် ဆင်ခြင်၏၊ ဤကား အထူး။

၃။ **ဝိဟိံသူပရတိယာ** မွတ်သိပ်ဆာလောင်ခြင်းတည်းဟူသောပင်ပန်း ခြင်းငြိမ်းရုံငှါသာလျှင် ဆွမ်းကို ငါ မှီဝဲပါ၏ဟု ဆင်ခြင်။ (ဥပမာ အိုင်း အနာ၌ ကျင်နာကိုက်ခဲမှု ပျောက်အောင် လိမ်းဆေး လိမ်းရသကဲ့သို့ လည်းကောင်း၊ အပူအအေးစသည်တို့ နှိပ်စက်သောအခါ ရေချိုးခြင်း

မီးလုံခြင်း စသည်တို့ဖြင့် တားဆီး ကွယ်ကာသကဲ့သို့ လည်းကောင်း ပင်ပန်းဆာလောင်မွတ်သိပ်သောရောဂါကို ငြိမ်းအေး ကာကွယ်နိုင်သည့် ဆွမ်းစားမှုကို ပြုရလေသည်။)

၄။ ဗြဟ္မစရိယာနုဂ္ဂဟာယ အလုံးစုံ သာသနာ ဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယ ၂-ပါးကို ချီးမြှောက်နိုင်ရန် အကျိုးငှါ ဆွမ်းကို ငါ မှီဝဲပါ၏ဟု ဆင်ခြင်။(ဥပမာ အခက်ကြုံတဲ့ခရီးခဲမှ ထွက်မြောက်လိုသော ဇနီးမောင်နှံ တို့က ချစ်လှတဲ့ မိမိတို့ရဲ့ သားကလေး၏ အသားကို စားရသကဲ့သို့ လည်းကောင်း၊ မြစ် သမုဒ္ဒရာမှ ထွက်မြောက်လိုသော သူတို့သည် ဖောင်၊ လှေ၊ သင်္ဘောကို မှီကုန်သကဲ့သို့လည်းကောင်း သံသရာတည်းဟူသော ကန္တာရခရီးခဲတို့မှ ထွက်မြောက်လိုသောသူမြတ်သည် ဆွမ်းကို ဘုဉ်းပေး ပါမှ ကိုယ်အား ရှိလာမည်၊ ကိုယ်အား ရှိလာတော့မှ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဗြဟ္မစရိယ အမြတ်တရားကို ဗုဒ္ဓအလိုတော်ကျ မိမိသန္တာန်မှာ ပြည့်စုံအောင် ကျင့်ကြံနိုင်ပေမည်၊ ထိုသို့ သံသရာမှ ထွက်မြောက်ဖို့ သီလ၊ သမာဓိ၊ ပညာတို့ကို ကျင့်ကြံအားထုတ်နိုင်ရန် ဆွမ်းကို စားခြင်း သည် သာသနာချီးမြှောက်ခြင်းအကျိုးငှါ ဆွမ်းကို စားသည် မည်၏။)

> အယဉ္စ ပိဏ္ဍပါတ ပဋိသေဝနပစ္စယာ ကာယဗလံ နိဿာယ သိက္ခတ္တယာနုယောဂဝသေန ဘဝကန္တာရနိတ္ထရဏတ္ထံ ပဋိပဇ္ဇန္တော ဗြဟ္မစရိယာနုဂ္ဂဟာယ ပဋိသေဝတိ။ (ဝိသုဒ္ဓိမဂ်-ဋ္ဌာ)

## ဇနီးမောင်နှံ ဝတ္ထု

သားငယ်ကိုချီလျက် ဇနီးမောင်နှံတို့ဟာ ယူဇနာ တရာရှိတဲ့ ခရီးခဲသို့ သွားကြရာ ယူဇနာ ငါးဆယ်ကျလျှင် အနည်းငယ်ယူခဲ့တဲ့စရိတ်ပြတ်သဖြင့် ဆာလောင်မွတ်သိပ်ခြင်း ပြင်းပြစွာနှိပ်စက်၍ အရွက်နည်းလျက် ကျဲသော သစ်ပင်အောက်၌ ထိုင်ကြရ၏၊ ထိုအခါ လင်က ရှင်မ၊ နောက်ယူဇနာငါး ဆယ်အတွင်း ရွာနိဂုံးမရှိ အလုပ်အကိုင် မလုပ်နိုင်၊ ငါ့ကို သတ်၍ တဝက် စား တဝက်ရိက္ခာလုပ်ပြီး သားအမိနှစ်ယောက် ခရီးခဲလွန်မြောက်ကြဟု ဆို၏၊မယားကလည်း ထို့အတူဆို၏၊ထိုအခါလင်က သူငယ်ကားအမိရှိမှ အသက်ရှင်နိုင်သည်၊ သင့်ကိုသတ်က ၂-ဦးသေလိမ့်မည်၊ထို့ကြောင့် ငါတို့ နှစ်ယောက် အသက်ရှင်လျှင် နောင်ခါသားကို ရနိုင်ရာ၏၊သားကိုသတ်၍

ရိက္ခာလုပ်ပြီး ခရီးခဲလွန်အံ့ဟု တိုင်ပင်လျှင် သဘောညီလျက် မသတ်ရက် နိုင်ဖြစ်နေပုံမှာ ငါ့သား နှင့်အဖေထံ သွားဟု မယားကလွှတ်၍ ဖခင်ထံ သွားလဲ အဖကမသတ်နိုင်၊ အမိထံလွှတ်လဲ မသတ်နိုင်၊ ဤသို့လွှတ်ခြင်းဖြင့် ကလေးသူငယ်မှာ မိဘနှစ်ဦးကြား လဲ၍ သေလေလျှင် ဇနီးမောင်နှံတို့ သည်းစွာငိုကြွေး၍ ထိုသားကလေးအသားကိုစားလျက်ယူဇနာငါးဆယ် ခရီးခဲ လွန်မြောက်ကြကုန်သတည်း။

## ဥပမာ ဥပမေယျ စပ်ပြခန်း

ဤဝတ္ထုလာ ဇနီးမောင်နှံတို့သည် သား၏အသား၌ မက်မောမှု တွေ့ဝေမှု မရှိကြကုန်ပဲ သား၏ အသားနှင့်ကင်း၍ ခရီးခဲ မလွန်မြောက် နိုင်လို့သာ အနိုင်နိုင် မတတ်သာ တတ်သာ ခရီးခဲလွန်မြောက်ခြင်းအကျိုး ပြီးခြင်းကိုသာ ဆင်ခြင်၍ သား၏အသားကိုစားရသကဲ့သို့ သံသရာခရီးခဲ လွန်မြောက်လိုသော သူမြတ်သည် ဆွမ်းနှင့်ကင်း၍မပြီးနိုင်သောကြောင့် ဆွမ်း၌ နှစ်သက် မက်မောခြင်း တွေ့ဝေခြင်း မရှိပါပဲ သံသရာခရီးခဲ လွန်မြောက်ခြင်း အကျိုးပြီးခြင်းကိုသာ ဆင်ခြင်၍ ဆွမ်းကို မှီဝဲရ လေသည်၊ ဖောင်လှေစီး၍ ကူးသူတို့လဲ မြစ်သမုဒ္ဒရာမှ ကူးမြောက်ခြင်း ကိုသာ အဓိကထား၍ စီးရသလို သံသရာမှ ကူးမြောက်ခြင်းကိုသာ အဓိကထား၍ ရဟန်း သာမဏေတို့ ဆွမ်းစားကြလေသည်၊ ဤကား ဥပမာ ဥပမေယျ စပ်ပုံ။

## (က) ဘယ်တရားကို သာသနပြဟ္မစရိယနှင့် မဂ္ဂပြဟ္မစရိယဟု ဆိုရပါသလဲ?

သီလ၊သမာဓိ၊ပညာ သိက္ခာသုံးရပ်ဖြင့် ရေတွက်အပ်သော ဘုရား အဆုံးအမတော်ဟူသမျှသည် သာသနပြဟ္မစရိယ မည်၏၊သမ္မာဒိဋ္ဌိ၊သမ္မာ သင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိ ဤအရိယမဂ္ဂင်တရား ၈-ပါးကို မဂ္ဂပြဟ္မစရိယ ဟု မှတ်။

သိက္ခာသုံးရပ်၊ အကျင့်မြတ်၊ ခေါ်မှတ် သာသနာ။
မဂ္ဂင်ရှစ်ရပ်၊ တရားမြတ်၊ သိမှတ် မဂ္ဂသာ။
(ပြဟ္မစရိယ ၂-မျိုး)

(သတ္တမအကြိမ်)

**(၁) ထိုပြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ဆိုတာ ဘယ်လိုလုပ်တာလဲ?**

ထိုအကျင့်မြတ် နှစ်ပါးကို မိမိသန္တာန်၌ ပြည့်စုံလာအောင် ကျင့်ကြံအားထုတ်မှုကို ချီးမြှောက်တယ်လို့ ဆိုပါတယ်၊ သူတပါး သန္တာန်၌ ထိုအကျင့်မြတ် တရားနှစ်ပါးဖြစ်အောင် လုပ်တာလဲ ချီးမြှောက်သည် ၌ပင် ထည့်သွင်းသင့်ပါတယ်၊ သို့သော် မိမိသန္တာန်ပြည့်စုံမှုက ပဓာန ဖြစ်တယ်။

အနုဂ္ဂဟဏတ္ထန္တိ အနုဂ္ဂဏှနတ္ထံ သမ္ပါဒနတ္ထံ။ (မဟာဋီကာ)

**(၈) မိမိသန္တာန်ပြည့်စုံအောင် ကျင့်ကြံတာကို ချီးမြှောက်တယ် (ချီးမြှင့်တယ်) ဆိုနိုင်သလား?**

ဆိုနိုင်ပါတယ်၊ဗုဒ္ဓအလိုတော်ကသံသရာခရီးခဲမှထွက်မြောက်လိုသော သူသည် ထိုပြဟ္မစရိယ နှစ်ပါးပြည့်စုံအောင် ကျင့်ကြံအားကုတ်စေတယ်၊ ဒါကြောင့် ဗုဒ္ဓအလိုတော်ကျ သံသရာခရီးခဲမှ ထွက်မြောက်လိုသဖြင့် ထိုပြဟ္မစရိယနှစ်ပါးပြည့်စုံအောင်ကျင့်ကြံခြင်းသည်ပြဟ္မစရိယနှစ်ပါးကို ချီးမြှောက်သည်၊ချီးမြှင့်သည်ဟု ဆိုရပါသည်၊သို့ဂ လိုချီးမြှင့်ချီးမြှောက် နိုင်ရအောင် ဉာဏ်သွင်း၍ ဆွမ်းစားခြင်းသည် ပြဟ္မစရိယာနုဂ္ဂဟာယ ဟူသော ၄-နံပါတ် ပစ္စဝေက္ခဏာအင်္ဂါဖြင့် ဆင်ခြင်စားသုံးသည် မည်ပါတော့၏။

၅။ **ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ** ဤဆွမ်းကို စားလိုက်ခြင်းဖြင့် အဟောင်းဖြစ်သော ဆင်းရဲဝေဒနာကိုလဲ ပယ်ဖျောက်နိုင်ပေလတ့်ဟု နှလုံးပြုကာ ဆွမ်းကို ငါမှီဝဲပါသတည်းဟု ဆင်ခြင်။

**(က) ဘယ်ဝေဒနာကိုအဟောင်းဖြစ်သော ဆင်းရဲဝေဒနာခေါ်သလဲ?**

ဆွမ်းမစားရလို့မွတ်သိပ်ဆာလောင်တဲ့ဝေဒနာကိုအဟောင်းဝေဒနာ ခေါ်ပါတယ်၊ ရောဂါဝေဒနာထဲမှာ မွတ်သိပ်ဆာလောင်တဲ့ ဆာနာ ရောဂါဝေဒနာဟာ အကြီးဆုံးဟု ဘုရားက (ဇိဃစ္ဆာ ပရမာ ရောဂါ) ဟုဟောတော်မူပါတယ်၊ဒီဆာနာရောဂါဟာ အာဟာရကို မှီဝဲစကတဲက ဖြစ်ပေါ်လာလို့ အဟောင်းဖြစ်တဲ့ ဆင်းရဲဝေဒနာလို့ ဆိုရပါတယ်။

(သတ္တမအကြိမ်)

## (ခ) ဆွမ်းက ထိုဆာနာရောဂါ ဝေဒနာဟောင်းကို ဘယ်လို ပျောက်နိုင်သလဲ?

ဆွမ်းစားလိုက်ရလျှင် ထိုဆာလောင်မွတ်သိပ်ခြင်း ဝေဒနာဟောင်း ပျောက်သွားပါတယ်၊ အဲဒါကို ပယ်ဖျောက်သည်ဟု ဆိုပါတယ်။

**အမှာ** နောက်အင်္ဂါနှင့် တွဲပြီးမှ ဥပမာပြမည်။

၆။ **နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ** ဤဆွမ်းကို စားလိုက်သဖြင့် အသစ်ဖြစ်သော ဆင်းရဲဝေဒနာကိုလည်း မဖြစ်စေအံ့ဟု နှလုံးပြုကာ ဆွမ်းကို ငါမှီဝဲပါသတည်းဟု ဆင်ခြင်။

## (က) ဘယ်ဝေဒနာကို အသစ်ဖြစ်သော ဆင်းရဲဝေဒနာဟု ဆိုရပါသလဲ?

လွန်မင်းစွာ စားမှုကြောင့် ဖြစ်လာသော ဝမ်းသွားခြင်း, အော့အန်ခြင်း, မူးဝေခြင်း စသော ဝေဒနာတို့သည် အသစ်ဖြစ်သော ဆင်းရဲဝေဒနာဟု ခေါ်ပါသည်။

**မွတ်သိပ်လွန်ဆာ၊ ဆင်းရဲဟာ၊ ဝေဒနာ အဟောင်းမှတ်။**
**စားကြူး၍သာ၊ အော့အန်တာ၊ ဝေဒနာ အသစ်မှတ်။**

## (ခ) ဇူဇကာပုဏ္ဏားတို့လို အစားကြူး၍ ဝေဒနာအသစ် ခံရသူများ ရှိသေးသလား?

(အစားလွန်၍ အသစ်ဝေဒနာ ခံစားရသော ပုဏ္ဏား ၅-ယောက်)

၁။ အလွန်စား၍ မိမိဘာသာ မထနိုင်သဖြင့် လက်ကိုဆွဲ၍ထူး ဆိုရလောက်အောင် စားတဲ့ အာဟာရ ဟတ္ထကပုဏ္ဏား။

၂။ ဗိုက်စူနံ့ကား စားခြင်းကြောင့် ပုဆိုးမြဲစွာ မဝတ် နိုင်အောင် စားတဲ့ အလံသာဋက ပုဏ္ဏား။

၃။ စားရာအရပ်၌ မထနိုင်ပဲ အိပ်ခါ လူးလည်းလျက် နေရအောင် စားတဲ့ တတြဝဋ္ဋက ပုဏ္ဏား။

၄။ ခံတွင်းဝက စားထားတဲ့ ထမင်း ကျိုးနိုက် မှိုအောင် စားတဲ့ ကာကမာသက ပုဏ္ဏား။

၅။ စားပြီးသည်နှင့် တပြိုင်နက် နေရာမှာ အန်လောက်အောင် စားတဲ့ ဘုတ္တဝမိတက ပုဏ္ဏား။

၁။ လက်ကိုဆွဲယူ၊ ထူပါဟူ၊ စပြောသူ ဟတ္ထက။
၂။ ဗိုက်ရူလွန်ကဲ၊ ပုဆိုးဆွဲ၊ မပြေ သာဋက။
၃။ စားရာရစ်မှာ၊ လူးလည်းခါ၊ အိုဝ်ရှာ ဝဋ္ဋက။
၄။ ခံတွင်းဝဆီ၊ ကျိုးနိုက်မှီ၊ စားသည် မာသက။
၅။ စားပြီးခဲ့ရာ၊ နေရာမှာ၊ အန်ရှာ ဝမိတ။

ဤ "နဝစ္ဆ ဝေဒနံ န ဥပ္ပါဒေဿာမိ" ဟူသော ပစ္စဝေက္ခဏာ အင်္ဂါဖြင့် ဤပုဏ္ဏား ငါးဦးတို့လို အသစ်ဝေဒနာ မဖြစ်အောင် နှလုံး ပြု၍ ဆွမ်းကို မှီဝဲပါ၏ဟု ဆင်ခြင်ညာဏ်သွင်းစေသည်။

## (ဂ) အဟောင်းဝေဒနာကို ပယ်ဖျောက်ရေးနှင့် အသစ်ဖြစ်တဲ့ ဆင်းရဲဝေဒနာ ဖြစ်စေသောအရာ ဥပမာဘယ်လိုလဲ?

ရောဂါသည် လူမမာဟာ ရောဂါဝေဒနာ ပျောက်ကင်းရန် ဆေးကို မှီဝဲရသလို ဟောင်းသစ်ဖြစ်တဲ့ ဆင်းရဲဝေဒနာ ပျောက်ကင်းရန် ဆွမ်းကို မှီဝဲရသည်။

၇။ **ယာတြာစ မေ ဘဝိဿတိ** ဤဆွမ်းကို စားသဖြင့် ငါ့အား ဤကိုယ်ကောင် မျှတခြင်းလဲ ဖြစ်လတ့်ဟု နှလုံးပြုကာ ဆွမ်းကို မှီဝဲပါ သတည်းဟု ဆင်ခြင်။

## (က) ဤအင်္ဂါ၌ မျှတခြင်းဆိုတာ ဘယ်လိုဟာလဲ?

သင့်လျော်သောဆွမ်းကို အတိုင်းအရှည်ဖြင့် ဘုဥ်းပေးရ၍ ဇီဝိတိန္ဒြေ ခေါ် အသက်ကို ဖြတ်တဲ့ဘေးရန် လျှောင်း, ထိုင်, ရပ်, သွား လေးပါး ဣရိယာပုထ်ကို ဖျက်ဆီးတတ်တဲ့ ဘေးရန် ၂-ပါးတို့ မရှိလေသော ကြောင့် ကိုယ်ကောင်၏ ရှည်မြင့်စွာ ကာလပတ်လုံး ဖြစ်ပေါ်မှုသည် (ယာတြာ)မျှတခြင်းဟု ဆိုပါသည်။

( သတ္တမအကြိမ် )

တထာ သတိ စီရကာလပ္ပဝတ္တိသင်္ခါတာ သရီရဿ ယာတြာ ယာပနာ ဘဝိဿတိ။ (မဟာဋီကာ)

**(ခ) ရှေ့က ၂—နံပါတ်အင်္ဂါ ယာပနာနှင့် ဤက ယာတြာတို့ မျှတပုံ ဘယ်လို ထူးကြပါသလဲ?**

ရှေ့ ယာပနာသည် ဇီဝိတိန္ဒြေ၏ အောက်၏ မျှတခြင်းတည်း၊ ဤက ယာတြာသည် ဣရိယာပုထ် ၄-ပါးတို့ မပြတ်သည်ခါ မျှတခြင်းတည်း၊ ဤကား အထူး။

**ဇီဝိတိန္ဒြေ၊ မျှတနေ၊ မှတ်လေ ယာပနာ။**
**ဣရိယာပုထ်လေး၊ မပြတ်အေး၊ မျှရေး ယာတြာ။ (မဟာဋီကာ)**

**(ဂ) ယာတြာ စ အင်္ဂါ၌ ဥပမာ ဘယ်လိုလဲ?**

ဆေးသောက်ရလျှင် ပျောက်ကင်းပါလျက် မသောက်ရလျှင် ပြန်ဖြစ်မြဲဖြစ်တတ်တဲ့ အနာမျိုးကို (ယာပျရောဂါ) ယပ်စောက်နာဟုခေါ်သည်၊ ထိုရောဂါစွဲသူသည် တုံးလုံးလဲနေသည် မဟုတ်ပဲ ထတ်တတ်နာသမားတည်း၊ ထိုယာပျရောဂါ ယပ်စောက်နာ ရှိသောသူသည် ရောဂါသက်သာ ပျောက်ကင်းဖို့ရန် ဆေးကို အမြဲ မှီဝဲရသလို ဤကိုယ်ကောင် မျှတရေးအတွက် ဆွမ်းကို အမြဲမှီဝဲရလေသည်ဟု ဥပမာပြတ်။

**ဂ။ အနဝဇ္ဇတာ စ** ဤဆွမ်းကိုစားသဖြင့် ငါ့အား အပြစ်မရှိခြင်းလဲ ဖြစ်လတ့်ဟု နှလုံးပြု၍ ဆွမ်းကို မှီဝဲပါသတည်းဟု ဆင်ခြင်။

**(က) အပြစ်မရှိပုံကား ဘယ်လိုလဲ?**
**အပြစ်မရှိပုံ သိနိုင်ရန် ရှေးဦးစွာ အပြစ်ရှိပုံ ၃ မျိုး မှတ်ထားပါဦး (သာဝဇ္ဇ အပြစ်ရှိခြင်း ၃-ပါး)**

၁။ အယုတ္တပရိယေသန=မသင့်လျော်သည့် ဗေဒင်၊ ဆေးကုစသော မအပ်မရာသောအားဖြင့် ရှာမှီးခြင်း။

၂။ အယုတ္တပဋိဂ္ဂဟဏ=အတိုင်းအရှည်မသိပဲ အာပတ်သင့်မှုတို့ဖြင့် ခံယူခြင်း။

၃။ အယုတ္တပရိဘောဂ = ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်ခြင်း။

(သတ္တမအကြိမ်)

အမှာ ၎င်းသုံးပါးကိုပင် အဂပ္ပိက ပရိယေသန, အဂပ္ပိက ပဋိဂ္ဂဟဏ, အဝမွေန ပရိဘောဂ-ပေါင်း ၁၁ဝ၉ သုံးပါးဟု အမည်တမျိုးဖြင့် အင္ဂသာလ်ိုဆိုသည်၊ အကျုတ္ ဘိုခဲ့သော သာဝဇ္ဇ သုံးပါးတို့ကို ကြည့်၍ တရားသဖြင့်ရှာပိုး တရားသဖြင့်ခံယူပြီး ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည် (အနဝဇ္ဇတာ) အပြစ်မရှိခြင်းမည်ပါသည်၊အင်္ဂကကာ၌ အနည်းနည်းဆိုသေး၏၊ ဟူအင်္ဂါ ၈-ပါး ပြီးပါပြီ။

**အမှာ** အနဝဇ္ဇတာကို အင်္ဂါအဖြစ်ယူခြင်းသည် ပဟာသိဝ မတေရ်၏ အလိုသာတည်း၊ မဟာဋီကာ၌ အနဝဇ္ဇတာနှင့် ဖာသုဝိဟာရ ၂-ပါးကို ဘောဇနာနိသံသ-ဆွမ်းစားခြင်း၌အကျိုးအာနိသင်ဟု ဆိုသည်။

၁။ **ဖာသုဝိဟာရောစ** ဤဆွမ်းကိုစားသဖြင့် ငါ့အား ချမ်းသာစွာ **နေရခြင်းလဲ** ဖြစ်လတ့်ဟု နှလုံးပြု၍ ဆွမ်းကို မှီဝဲပါသတည်းဟု ဆင်ခြင်။

(က) ချမ်းသာစွာ **နေရခြင်းဆိုတာ** ဘယ်လို**ဟာ**လဲ?

သင့်တင့်သော အစာအာဟာရကို အတိုင်းအရှည်အားဖြင့် စားခြင်းကြောင့် (ကာယ-ဗလ) ကိုယ်အား ကောင်းစွာ ဖြစ်ပေါ်လာ သဖြင့် ချမ်းသာစွာ နေရသည်ဟု ဆိုလိုသည်။

( ခ ) ပဋိသင်္ခါ **ယောနိသော** ပိဏ္ဍပါတံ ပဋိသေဝါမိ အရ **သင့်သောအကြောင်းအားဖြင့်** ပညာဖြင့်ဆင်ခြင်၍ ဆွမ်းကို မှီဝဲပါ၏ **ဆိုတာ** ဘယ်လိုဆင်ခြင်၍ မှီဝဲတာမျိုးလဲ?

ဤ ရှုပကာယ၏ တည်ရှိငှါသာလျှင် ဆွမ်းကိုမှီဝဲပါသည် စသည်ဖြင့် ပြဆိုခဲ့ပြီးသော ဆင်ခြင်ပုံများနှင့် မှီဝဲတာမျိုးကို ဆိုလိုပါတယ်။

**( သတ္တမအကြိမ် )**

အဋ္ဌင်္ဂသမန္နာဂတံ အာဟာရံ အာဟာရေန္တော ပဋိသင်္ခါ
ယောနိသော ပိဏ္ဍပါတံ ပဋိသေဝတိ နာမ။ (မဟာဋီကာ)

**(ဂ) ပိဏ္ဍပါတံ အရ ဆွမ်းဆိုတာ ဘယ်ဝတ္ထုကို ယူရမလဲ?**

ခဲဖွယ် ဘောဇဉ်စသော အလုံးစုံမျိုးအပ်သော အာဟာရမျိုးကို ယူပါ။

ပိဏ္ဍပါတန္တိ ယံကိဉ္စိ အာဟာရံ။ (ဝိသုဒ္ဓိမဂ်-ထာ)

**(ဃ) နု မဒါယ အင်္ဂါ၌ မဒ–ဘယ်နှစ်မျိုး ရှိသလဲ?**

(၁) ဗလ-မဒ၊ (၂) ပုရိသ-မဒ ဟူ၍ မဒ-နှစ်မျိုး ထာ-၌ ဆို၏။

**အမှာ** ယာဝဒေ သဒ္ဒါ၏ အဓိပ္ပါယ် သက်နီးပစ္စဝေက္ခဏာ လာတိုင်း မှတ်ပါ။

ယာဝဒေဝါတိ ဝုတ္တတ္ထမေဝ။ (ဝိသုဒ္ဓိမဂ်-ထာ)

**(င) ဆွမ်းပစ္စဝေက္ခဏာကို အတိုနည်းနှင့် ဘယ်လို ဆင်ခြင်သင့်သလဲ?**

ဆိုခဲ့သော ပစ္စဝေက္ခဏာ ဆင်ခြင်ပုံ ၁၃-မျိုးအနက် ဉာဏ်သက်ရာ စကားတို သုံး၍ ဆင်ခြင်သင့်သည်၊ ဉာမာ ဆွမ်းအလွန်ဆာခိုက် စားရလျှင် ပင်ပန်းဆာလောင် ပျောက်အောင် ဤဆွမ်း စားပါ၏၊ ဆွမ်း မဆာဘဲ စားရလျှင် ဤရုပကာယ တည်အောင် စားပါ၏၊ မျှတအောင် စားပါ၏၊ အဆင်းလှပအောင် မစားပါဟု ဆင်ခြင်။

**အမှာ** ဤနည်းဖြင့် ဆရာတို့က အတိုဆင်ခြင်ပုံကို သင်ပြပါလေ၊ ဆွမ်းကို အလုတ်တိုင်း ဆင်ခြင်ရသည်၊ မတတ်နိုင်လျှင် အရှက် မတက်မီ စွမ်းနိုင်သလောက် ဆင်ခြင်ပါ။

ဆွမ်းပစ္စဝေက္ခဏာ မှတ်သားဖွယ် ပြီး၏။

( သတ္တမအကြိမ် )

## ကျောင်းဆင်ခြင်ရန်

### သေနာသနပစ္စဝေက္ခဏာ၌ ပုတ်သားဖွယ်

**သေနာသန ပစ္စဝေက္ခဏာ၌ အင်္ဂါအစိတ်အပိုင်းကား ဘယ်လောက်လဲ?**

၁။ သီတဿ ပဋိဃာတာယ။

၂။ ဥဏှဿ ပဋိဃာတာယ။

၃။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ။

၄။ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာ နာရာမတ္ထံ၊ ပေါင်း လေးပါးရှိ၏။

**(ခ) ၎င်း သေနာသန ပစ္စဝေက္ခဏာ လေးပါးကို အစဉ်အတိုင်း ပါဠိမဘက် မြန်မာသက်သက်ဖြင့် ညဏ်ထွက်အောင် ဘယ်လို ဆင်ခြင်သင့်သလဲ?**

မဆင်ခြင်သေးမီ ကျောင်း၏အကျိုးကျေးဇူး ဝေဖန်ကြည့်စမ်းပါ၊ ကျောင်းထဲ ဝင်ကြည့် လိုက်လျှင် ပူချိန်ဆိုလျှင် အေးသွား လိမ့်မည်၊ အေးလွန်းချိန်ဆို သက်သာခွင့် ရလာလိမ့်မည်၊ မှက်, ခြင်, မြွေ, ကင်း စတဲ့ အကောင်ဆိုးတို့ ကိုက်ခဲမှု၊ လေ, နေပူတို့ကိုလဲ အထူး ကာကွယ်ပါ တယ်၊ ဖျားနာအောင်လုပ်တဲ့ ပူ·အေး ဥတုကြမ်းနှင့် ဆင်,ခြင်သေ့,သစ် ကျားစသော သားကောင်ကြမ်းများကိုလဲ တားဆီးနိုင်တယ်၊ ဘာဝနာ များ တယောက်ထီးတည်း စီးဖြန်းပွားများ အားထုတ်ဖို့ရာ လွန်စွာ ကောင်းပါတယ်၊ ဒါကြောင့် "သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော" ဟု ပဋ္ဌာန်းမှာ ဟောတော်မူခဲ့တယ်။

(သတ္တမအကြိမ်)

## သေနာသနပစ္စဝေက္ခဏာ လေးပါး မြန်မာသွားဖြင့် ဉာဏ်သက်ဝင်အောင် ဆင်ခြင်ပုံ

၁။ ငါသည် အအေး ပယ်ဖျောက်ရုံငှါသာလျှင် အိမ်ရာ နေရာ ကျောင်းကို မှီဝဲပါသတည်း။

၂။ ငါသည် မီးပူကို ပယ်ဖျောက်ရုံငှါသာလျှင် အိပ်ရာ နေရာ ကျောင်းကို မှီဝဲပါသတည်း။

၃။ ငါသည် မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ ကိုက်ခဲထိပါးခြင်း အတွေ့တို့ကို ပယ်ဖျောက်ရုံငှါသာလျှင် အိပ်ရာ နေရာ ကျောင်းကို မှီဝဲပါသတည်း။

၄။ ဥတုဘေးရန်ကိုပယ်ဖျောက်ခြင်း ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှါသာလျှင် အိပ်ရာနေရာကျောင်းကို မှီဝဲပါသတည်း။

**အမှာ** ၁- ၂- ၃- အင်္ဂါတို့နှင့် ယာဝဒေဝတို့၏ အဓိပ္ပါယ် သင်္ကန်းပစ္စဝေက္ခဏာအတိုင်း မှတ်ပါ။ ၄-နံပါတ်အင်္ဂါကိုသာ ပြဆိုအံ့။

### (ဂ) နိယတပယောဇဉ် မြဲသောအကျိုးပြု အင်္ဂါကား ဘယ်အင်္ဂါလဲ?

ဥတုပရိဿယ ဝိနောဒန အင်္ဂါတစ်ခုသည် နိယတပယောဇဉ် မည်၏၊ ကျန်အင်္ဂါတို့ကား အနိယတပယောဇဉ်တည်း။

### (ဃ) ၄-နံပါတ်အင်္ဂါ၌ ဥတုဆိုတာ ဘယ်သဘော လဲ?

ပူမှု,အေးမှု တေဇောဓာတ်သဘောကို ဥတုဟုဆိုသည်၊ အေးတဲ့ဥတုကို သီတဥတု, ပူတဲ့ဥတုကို ဥဏှဥတု-ဟု နှစ်မျိုးမှတ်။

**အေး,ပူနှစ်ရပ်၊ တေဇောဓာတ်၊ ခွဲမပ်ဥတုမှာ။**

### (င) ပရိဿယ-ဆိုတာ ဘာလဲ?

နှိပ်စက်တတ်သော ဘေးရန်ကို ပရိဿယဟု ပါဠိလို ဆိုပါတယ်။

### (စ) အပူ-အအေး ဥတုကို ဘာ့ကြောင့် ဘေးရန်ဟု ဆိုနိုင်သလဲ?

မလျောက်ပတ်တဲ့ဥတုဟာ ကိုယ်ကိုကျင်နာအောင်စိတ်ပျံ့လွင့်အောင် လုပ်တတ်သောကြောင့် ပရိဿယဘေးရန်ဟု ဆိုရပါတယ်၊ ထိုဥတုဘေး

( သတ္တမအကြိမ် )

ရန်ကို ကျောင်းက ပယ်ဖျောက်နိုင်သဖြင့် ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း အကျိုးငှါ ကျောင်းကို မှီဝဲပါ၏ဟု ၄-နံပါတ် ပစ္စဝေက္ခဏာ၌ ဆိုသည်။

(ဆ) ဥတုနှင့် အရ မတူသော ပရိဿယကို အဋ္ဌကထာ တမျိုးဖွင့်သေးသလား?

ဖွင့်ပါသေးတယ်၊ ပရိဿယ ဘေးရန်ဆိုတာ (၁) ပါကဋ ပရိဿယ၊ (၂) ပဋိစ္ဆန္န ပရိဿယ-ဟု ဘေးရန်နှစ်မျိုးဖွင့်တယ်။

(၁) ခြင်္သေ့၊ ကျား စသော သားကောင်ဘေးရန်ကို ထင်ရှားသောကြောင့် ပါကဋ ပရိဿယ-ဟု ဆိုတယ်။

(၂) ရာဂ, ဒေါသ, မောဟ, မာန စသော ကိလေသာ ဘေးရန်တို့ကိုတော့ ဖုံးလွှမ်းသောကြောင့် ပဋိစ္ဆန္န ပရိဿယ-ဟု ဆိုရတယ်၊ ထိုဘေးရန် နှစ်ပါးတို့ဟာ ကျောင်းမလုံလျှင် ကျင်နားခြင်းကို ပြုနိုင်ကြတယ် လုံခြုံတဲ့ကျောင်းက မလျောက်ပတ်တဲ့ ဥတုကိုရော ဤဘေးရန် ၂ ပါးကိုပါ ပယ်ဖျောက်နိုင်ပါတယ်။

(ဇ) ဥတုနှင့် ပရိဿယဟာ အရ တူသလား ထူးသလား?

ရှေ့နည်းဖြင့် ဥတုသည်ပင် ဘေးရန်ဖြစ်၍ ဥတုနှင့် ပရိဿယ အရတူပါတယ်၊ နောက်နည်းဖြင့် ဥတု အရက မလျောက်ပတ်တဲ့ အေး, ပူ ဥတုကောက်၍ ပရိဿယက ခြင်္သေ့, ကျားစသော ထင်ရှားတဲ့ ဘေးရန်နှင့် ရာဂ, ဒေါသ စသော ဖုံးလွှမ်းတဲ့ဘေးရန်တို့ကို ကောက်ယူရ၍ အရ မတူ ထူးပါသည်။

(ဈ) ဥတုအရ အအေး-အပူ သဘောကောက်ရလျှင် ၁-၂-အင်္ဂါလာ သီတဿ ဥဏှဿ တို့နှင့် ဘယ်သို့ အထူးရှိသေးသလဲ?

၁-၂-အင်္ဂါလာ သီတဿ, ဥဏှဿတို့ရဲ့ အပူ, အအေးပယ်ဖျောက်ရေးက မမြဲတဲ့အနိယတ အကျိုးကိုသာ ဆိုပါသည်၊ ဥတုပရိဿယလာ အပူ, အအေး ပယ်ဖျောက်ရေးက မြဲတဲ့နိယတ အကျိုးကို ပြသဖြင့် ထူးပါတော့သည်။

( သတ္တမအကြိမ် )

## (ည) ပဋိသလ္လာနာရာမတ္တံ ကိန်းအောင်း·မွေ့လျော်ခြင်းအကျိုးဆိုတာ ဘယ်လိုဟာလဲ?

အထူးထူးအာရုံမှ စိတ်ဓာတ်ကို ရုပ်သိမ်းလာပြီး ကမ္မဋ္ဌာန်းအာရုံ တခုတည်း၌ စိတ်ထားတာကို ပါဠိလို (ပဋိသလ္လာန)မြန်မာလို ကိန်းအောင်းသည်၊စိတ်ငြိမ်သက်စွာ နေသည်ဟု ဆိုရပါသည်၊ထိုစိတ် ကိန်းအောင်းနေမှု၌ ပျော်မွေ့နိုင်ခြင်းအကျိုးကိုပင် (ပဋိသလ္လာ နာရာမတ္တံ) ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးဟု ဆိုရပါသည်၊ ပဋိသလ္လာန=ကိန်းအောင်း+အာရာမတ္တံ=မွေ့လျော်ခြင်း အကျိုးငှါ၊ တယောက်တည်း ကမ္မဋ္ဌာန်းဘာဝနာပွား၍ ချမ်းသာပါရခြင်းအကျိုးငှာ ကျောင်းကို မှီဝဲပါ၏ဟု ပစ္စဝေက္ခဏာ ဆင်ခြင်ပါဟု ဆိုလိုသည်။

ဧကီဘာဝသုခတ္ထဉ္စာတိ ဝုတ္တံ ဟောတိ။ (ဝိသုဒ္ဓိမဂ်-ထာ)

နာနာရမ္မဏတော ပဋိသံဟရိတွာ ကမ္မဋ္ဌာနဘူတေ ဧကသ္မိံ ယေဝ အာရမ္မဏေ စိတ္တဿ သမ္မဒေဝ လယနံ ပဋိသလ္လာနံ၊ တတ္ထ အာရာမော အဘိရတိ ပဋိသလ္လာနာရာမော၊ တဒတ္ထံ။

(မဟာဋီကာ)

## (ဋ) သေနာသနံ၌ သေန-အာသန ပုဒ်ဖြတ်လိုက်လျှင် သေနနှင့် အာသန ဘယ်သို့ ထူးသလဲ?

(သေန) အိပ်စရာ ကျောင်း၊ (အာသန) နေထိုင်စရာကျောင်းဟု သဒ္ဒါနက်မျှ ထူး၍ အရမှာ မထူးပါ၊ (သေန) ကျောင်းအမျိုးမျိုး, ပြာသာဒ်, ညောင်စောင်း, အင်းပျဉ်, သစ်ရွက်အခင်း, မြက်အခင်း, ဂူ, ပြအိုး,တန်ဆောင်း,လိုဏ်,ဝါးရုံ,သစ်ပင်ရင်း,မဏ္ဍပ်၊ထိုမှတပါးရဟန်းတို့ အိပ်စရာ နေရာအရပ်တို့ကိုယူ၊ (အာသန) နေစရာကျောင်း,ပြာသာဒ်, အင်းပျဉ် စသည်တို့ကိုယူ၊ ထိုနှစ်ပုဒ် အရတူသော်လဲ အခိုက်အတန့်ခွဲ၍ အဋ္ဌကထာ ဒွန်-ပြထားသည်။

သေနာသနန္တိ သေနဉ္စ အာသနဉ္စ ယတ္ထ ယတ္ထ ဟိ သေတိ၊ ဝိဟာရေ ဝါ အဍ္ဎယောဂါဒိမှိ ဝါ တံ သေနံ၊ ယတ္ထ ယတ္ထ အာသတိ နိသီဒတိ၊ တံ အာသနံ တံ ဧကတော ကတွာ သေနာသနန္တိ ဝုစ္စတိ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

( သတ္တမအကြိမ် )

ယတ္ထ ယတ္ထ ဝိဟာရေ ဝါ အစုယောဂါဒိမှိ ဝါ အာသတိတိ ဝိဟာရအစုယောဂါဒိကေ အာနေတွာ သမ္ဗန္ဓိတဗ္ဗံ။(မဟာဋီကာ)

(၄) ဤသို့ နှစ်ပုဒ်အရတူရာ၌ သေနာသနံကို ဘယ်သို့ သမ္ဗန်မလဲ?

သေနာသနံ၊ အိပ်ရာ နေရာ ကျောင်းကို။ ဝါ-အိပ်စရာ ကျောင်း, နေစရာ ကျောင်းကိုဟု သမ္ဗန်။

(၃) အချို့ဆရာမြတ်တို့ သေနနှင့်အာသန ဘယ်သို့ ဆိုသေးသလဲ?

သေန-အရ ကျောင်းယူ၍၊ အာသန-အရ ညောင်စောင်း, အင်းပျဉ် စသော အိပ်ရာနေရာတို့ကို ယူကြပါသေးသည်။

(ခ) ထိုဆရာမြတ်တို့အလို သေနာသနံကို ဘယ်သို့ သမ္ဗန်မလဲ?

သေနာသနံ၊ ကျောင်း, အိပ်ရာနေရာကို ဟု သမ္ဗန်သင့်ပါသည်။

( သေန=ကျောင်း+အာသန=အိပ်ရာနေရာ )

(ဏ) သူ့နေရာနဲ့ သူ့ကျောင်းပစ္စဝေက္ခဏာကို တိုတို ဘယ်သို့ ဆင်ခြင်သင့်သလဲ?

အေးလွန်း၍ ကျောင်းထဲသို့ ဝင်ရလျှင် အအေးပျောက်အောင် ကျောင်းကို မှီဝဲပါ၏၊ ပူလွန်း၍ ကျောင်းထဲဝင်ရလျှင် အပူပျောက် အောင် ကျောင်းကို မှီဝဲပါ၏၊ မှက်,ခြင်ကိုက်၍ ကျောင်းထဲဝင်ရလျှင် မှက်,ခြင်မကိုက်အောင် ကျောင်းကိုမှီဝဲပါ၏၊ စာအံ ဘုရားရှိခိုး ဘာဝနာ ပွားရန် ကျောင်းထဲ ဝင်ရလျှင် စာအံရအောင် ဘုရားရှိခိုးရအောင် ကမ္မဋ္ဌာန်း ဘာဝနာ ပွားရအောင် ကျောင်းကို မှီဝဲပါ၏ဟု ဆင်ခြင်၊ အေးလို့ ဇရပ်ထဲ နေရလျှင် အအေးပျောက်အောင် ဇရပ်ကို မှီဝဲပါ၏၊ ပူလွန်း၍ မဏ္ဍပ်မှာ နေရလျှင် အပူပျောက်အောင် မဏ္ဍပ်ကို မှီဝဲပါ၏၊ အိုက်လွန်း၍ သစ်ပင်ရိပ် နေရလျှင် အအိုက် ပျောက်အောင် သစ်ပင်ရင်းကို မှီဝဲပါ၏၊ အေးတဲ့အခါ ကုဋီတက်လျှင် အအေးပျောက်အောင် ကုဋီတက်ပါ၏၊ အညစ်အကြေးစွန့်ပစ်ရန် ကုဋီတက်ပါ၏၊ ဖုံးကွယ်လို၍ ကုဋီတက်ပါ၏ စသည် ဆင်ခြင်။

( သတ္တမအကြိမ် )

**အမှာ**　ဤအတိုနည်း ဆင်ခြင်ပုံကို နည်းယူ၍ တပည့်များကို သင်ပြတတ်ပါစေ၊ ဆိုခဲ့သော အင်္ဂါ ၄-ရပ်ဖြင့် ဆင်ခြင်၍ ကျောင်းကို မှီဝဲသုံးဆောင်ခြင်းသည် "ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ" အရ သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ ကျောင်းကို မှီဝဲသည် မည်ပါတော့သည်။

ကျောင်းပစ္စဝေက္ခဏာမှတ်သားဖွယ် ပြီးပြီ။

## ဆေးဆင်ခြင်ရန် ဘေသဇ္ဇ ပစ္စဝေက္ခဏာဉ် မှတ်သားဖွယ်

**(က) ဘေသဇ္ဇ ပစ္စဝေက္ခဏာဉ် အင်္ဂါအစိတ် ဘယ်နှစ်ပါးရှိသလဲ?**

၁။ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ပဋိဃာတာယ။

၂။ အဗျာဗဇ္ဈ ပရမတာယ၊ ပေါင်း အင်္ဂါ ၂-ပါး ရှိသည်။

**အမှာ**　အထူးမရှိ၍ အချို့ ဆရာတို့က အဗျာဗဇ္ဈ ပရမတာယကို အင်္ဂါအဖြစ် မယူကြချေ၊ နောက်မှ ရှင်းပြပါအံ့။

**(ခ) ဘေသဇ္ဇပစ္စဝေက္ခဏာ ၂-ပါးကို ပါဠိမဘက် မြန်မာသက်သက်ဖြင့် ဉာဏ်ထွက်အောင် ဘယ်သို့ ဆင်ခြင်သင့်သလဲ?**

မဆင်ခြင်မီ ဉာဏ်ပျိုးထားပါဦး၊ ဆေးဆိုတာ ကိုယ်တွင်း အနာရောဂါကို တိုက်ဖျက်ဖို့ ဆန့်ကျင်ဘက်လဲ ဟုတ်တယ်၊ အသက်ဇီဝိတိန္ဒြေကို ကာကွယ် စောင့်စည်းတဲ့ ကိုယ်ရံတော် သက်တော်စောင့် လက်နက်တန်ဆာလဲ ဟုတ်တယ်၊ ထို့ကြောင့် ဆေးဆိုတာ ကျန်းမာရေးအတွက် အရေးကြီးသော အရာတခု ဖြစ်သည်ဟု ဉာဏ်ပျိုးထားပါ။

ဆင်ခြင်ပုံ　(၁) ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲ ဝေဒနာတို့ကို ပယ်ဖျောက်ရှင့်ငှါသာလျှင် ဆေးကို မှီဝဲပါ၏၊ (၂) ဆင်းရဲ ဝေဒနာမရှိသော ကာလတိုင်အောင် အတိုင်းအရှည် အကျိုးငှါသာလျှင် ဆေးကို ငါမှီဝဲပါ၏ ဟူ၍ ဆင်ခြင်ပါ။

(က) ဥပ္ပန္နာနံကို ဘယ်သို့အနက်သမ္ဘန်၍ အဓိပ္ပာယ်ယူရသလဲ?

ဥပ္ပန္နာနံ၊ ဖြစ်ပြီးသော ဝေဒနာနှင့် တူကုန်သောဟု အနက်သမ္ဘန်သင့်ပါသည်။

ဥပ္ပန္နာနန္တိ ဇာတာနံ ဘူတာနံ နိဗ္ဗတ္တာနံ။ (ဝိသုဒ္ဓိမဂ်-ဋီ)
ဥပ္ပန္နသဒိသာ ပန ဥပ္ပန္နာတိ ဝုစ္စန္တိ။ (မဟာဋီကာ)

ဆရာတို့ကား ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သောဟု သမ္ဘန်ကြပါသည်။ ထိုဆရာတို့ သမ္ဘန်ပုံဖြင့် ဖြစ်ဆဲပစ္စုပ္ပန်ဝေဒနာ၊ ဖြစ်ပြီး အတိတ်ဝေဒနာတို့ကို ဥပ္ပန္န-သဒ္ဒါ ဟောသည်ဟု ယူလိုကြသည်၊ သို့သော်လဲ ဆေးဖြင့် ဖြစ်ပြီးတဲ့ ဝေဒနာကိုလဲ ချုပ်ပြီးဖြစ်၍ ပယ်စရာမရှိ၊ ဖြစ်ဆဲဝေဒနာလဲ ဥပါဒ်, ဌီ, ဘင်ဖြင့် ချုပ်မည်ဖြစ်၍ ပယ်စရာမလို၊ မဖြစ်သေးတဲ့ အနာဂတ် ဆင်းရဲ ဝေဒနာကိုသာ ဆေးဖြင့် ပယ်နိုင်သောကြောင့် ဖြစ်ပြီး ဖြစ်ဆဲ ဝေဒနာတို့နှင့် တူသော အနာဂတ်ဝေဒနာတို့ကို သဒိသူပစာ အားဖြင့် ဥပ္ပန္နာနံ-အရ ယူရပါမည်၊ မဟာဋီကာ-သဒိသ ထည့်ဖွင့်သည်ကို ထောက်ပါ၊ အနက်၌ ဝါ-နက် ပေးထား၏။

(ခ) ဝေယျာဗာဓိကာနံကို အဋ္ဌကထာ အာဘော်ကျ ဘယ်သို့ သမ္ဘန်၍ အဓိပ္ပါယ် ယူသင့်သလဲ?

ဝေယျာဗာဓိကာနံ၊ ဓာတ်ချောက်ချားခြင်း ထိုဓာတ်ချောက်ချားခြင်း အကြောင်းရှိကုန်သော နူနာ,အိုင်းနာ စသည်တို့ကြောင့် ဖြစ်ကုန်သောဟု သမ္ဘန်သင့်ပါသည်။

ဝေယျာဗာဓိကာနန္တိ ဧတ္တ ဗျာဗာဓေတိ ဓာတုက္ခောဘော၊ တံသမုဋ္ဌာနာစ ကုဋ္ဌဂဏ္ဍပိဠကာဒယော၊ ဗျာဗာဓေတော ဥပ္ပန္နတ္တာ ဝေယျာဗာဓိကာ။ (ဝိသုဒ္ဓိမဂ်-ဋီ)

အဓိပ္ပာယ်မှာ ပထဝီ,အာပေါ,တေဇော,ဝါယော ဓာတ်လေးပါး မညီညာဘဲ ဖောက်ပြန်ပျက်ဆီးခြင်းကို (ဓာတုက္ခောဘ) ဓာက်ချောက်ချားသည်ဟု ဆိုရသည်၊ ထိုဓာတ်လေးပါး ချောက်ချားသောကြောင့် ဖျားနာကိုက်ခဲခြင်းစသော ဆင်းရဲဝေဒနာတမျိုးနှင့် ထိုဓာတ်ချောက်

ချားမှု အရင်းပြုကာ နူနာ, အိုင်းနာ စသည်တို့ ပေါက်ရောက်လာပါ၍ ထိုနူနာ အိုင်းနာ စသည်တို့ကြောင့် တဆင့် ဖြစ်ပေါ်လာရသော ဆင်းရဲဝေဒနာ တမျိုး ထို ၂-မျိုးကို ဝေယျာဗာဓိကာနံအရ ကောက်ပါသည်၊ ထို့ကြောင့် ပထမပစ္စဝေက္ခဏာဖြင့် ဖြစ်လတ့ံသော ဆင်းရဲဝေဒနာ ၂-မျိုးကို ပယ်ဖျောက်ရန် ဆေးကို မှီဝဲပါ၏ဟု ဉာဏ်သွင်း ဆင်ခြင်ရပါမည်။

**မညီညွတ်ခြင်း၊ ခေါက်ပျက်ကား၊ ချောက်ချားသည်ဟု မှတ်။**

**(ဂ) ဝေဒနာနံ–အရ ဘယ်ဆင်းရဲ ဝေဒနာ ယူရမလဲ?**

အကုသိုလ်၏ အကျိုးဖြစ်တဲ့ ကာယိက ဒုက္ခဝေဒနာ ကိုယ်ဆင်းရဲကို သာ ယူပါ။

ဝေဒနာနန္တိ ဒုက္ခဝေဒနာ အကုသလဝိပါကဝေဒနာ။

(ဝိသုဒ္ဓိမဂ်-ထာ)

**(ဃ) အဗျာပဇ္ဈပရမတာယ-ကို ဘယ်လိုအနက်သမ္ဗန်၍ ဘယ်အဓိပ္ပာယ် ယူသင့်သလဲ?**

ယာဝ အဗျာပဇ္ဈပရမတာယပေ၊ ဆင်းရဲဝေဒနာမရှိသော ကာလ တိုင်အောင် အတိုင်းအရှည် အကျိုးငှါသာလျှင်ဟု သမ္ဗန်။

**အဓိပ္ပာယ်မှာ** နှိပ်စက်နေတဲ့ ဆင်းရဲဝေဒနာ ပျောက်ကင်းငြိမ်းသွား **တဲ့** ကာလတိုင်ရုံ အကျိုးငှါသာလျှင် ဆေးကို မှီဝဲပါ၏ဟု ဆိုလိုတယ်၊ ထိုသို့ဖြစ်က ဆင်းရဲဝေဒနာ ပယ်ဖျောက်ဖို့ အကျိုးငှါပင်ဖြစ်၍ ဆရာတို့ အင်္ဂါ မဟုတ်ဟုဆိုသည်၊ ရှေးအင်္ဂါနှင့် ပြီးပါလျက် ဘယ်အတွက် အဗျာ-ပဇ္ဈပရမတာယကို ထပ်ဟောပြန်ပါသလဲ၊ ဆေးပစ္စည်းကို အနာရောဂါ မပျောက် မငြိမ်းတုန်း ကာလ၌သာ မှီဝဲအပ်သည်၊ အနာရောဂါ ပျောက်ငြိမ်းပြီးပါက မမှီဝဲအပ်တော့ဟု ပြဆိုလိုသဖြင့် ထပ်ဟောရပါ သည်၊ ဤကိုထောက်က ရောဂါကင်းရှင်းနေပါလျက် အသက်ရှည် ပါစေတော့ဟု အနာဂတ်အကျိုး မျှော်ကိုး၍သောက်သော အာယု ဝစနဆေးတို့ မအပ်ဟု သိနိုင်သည်။

**( သတ္တမအကြိမ် )**

ဤအဖိုးအဖြတ်ကား "အဗျာပဇ္ဈ ပရမတာယာတိ နိဒ္ဒုက္ခပရမ-တာ ယ ယာဝ တံ ဒုက္ခံ သဗ္ဗံ ပဟိနံ ဟောတိ တာဝါတိ အတ္ထော" ဟူသော ပိဋကမ္ဗမဂ် ဟောကို ကိုးကား ချိုးဖြတ်သည်။

ဝါဒထူးပြဦးအံ့ လယ်တီဆရာတော် ဝိနယသံခိပ်ကျမ်း ၄၆-နံပါတ် ပုဒ်အတိုင်း ကုတ်ပြသည်။

ပစ္စုပ္ပန္နာဂတ် နာနှစ်ရပ်၊ ရအပ်ပါသည်ချည်း။

ယခုကိုယ်ခန္ဓာ၌ ဖြစ်ရှိနေဆဲဖြစ်သော ပစ္စုပ္ပန်အနာ၊ ရှေ့သို့ဖြစ်လာမည်ကို စိုးရိမ်ရသော အနာဂတ်အနာ နှစ်မျိုးပင် ရသင့်၏ဟု ပုတီးစိပ်ပါဠိ၌ "ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ" ဟူသော ပါဠိဖြင့် ဥပ္ပန္နဖြစ်သော ပစ္စုပ္ပန် အနာအတွက် စားသောက်ရသော ဆေးမျိုး၌ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို ပြတော်မူ၏၊ အဗျာပဇ္ဈ ပရမတာယ ပါဠိဖြင့် ရှေ့သို့ ဖြစ်လာမည် စိုးရိမ်ရသော အနာဂတ် အနာအတွက် စားသောက်ရသော ပါဒရက်ဆေး အာယုဝဍ္ဍနဆေးတို့၌ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို ပြတော်မူ၏။

**စာရေးသူထင်မြင်ချက်** ထိုဝါဒသည် ပါဠိတော် စာသွားနှင့် ကိုက်ညီသကဲ့သို့ ဖြစ်လင့်ကစား အဋ္ဌကထာ၊ ဋီကာတို့၏ အာဘော်မကျဟု ထင်မြင်သည်၊ ပညာဝန်ကို ကြံကြလေကုန်။

### (င) ဆေးပစ္စည်းတခုကည်းကို ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ·ဟု ပုဒ်ရှည်ကြီး ဘာကြောင့် ဆိုသလဲ?

ဘေသဇ္ဇပုဒ်ဖြင့် ဆေးဟောပြီးပါလျက် ထိုဆေးသည် အနာရောဂါတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဂိလာန ပစ္စယဟု ခေါ်ပြန်သည်၊ ဘေးရန်တို့မှ အသက် ဇီဝိတိန္ဒြေ၏ အရံအကာ တန်ဆာဖြစ်ခြင်း တည်မြဲကြောင်း အဆောက်အဦဖြစ်ခြင်းတို့ကြောင့် ပရိက္ခာရဟု ခေါ်ပြန်သည်။

### (စ) သင့်သောအကြောင်းအားဖြင့် ပညာဖြင့်ဆင်ခြင်၍ ဆေးကို မှီဝဲဆိုတာ ဘယ်လို ဆင်ခြင်တာလဲ?

ဆင်းရဲဝေဒနာတို့ကို ပယ်ဖျောက်စေခြင်းအကျိုးငှါ ဆေးကို မှီဝဲပါ၏ စသည်ဖြင့် ဆေးဆင်ခြင်ပုံ အင်္ဂါ ၂-ပါးဖြင့် ဆင်ခြင်ပုံပါတဲ့။

( သတ္တမအကြိမ် )

## (ဆ) ဘေသဇ္ဇ ဆေးဆိုတာ ဘယ်ဟာတွေလဲ?

၁။ ဖျော်ရည်, ဘိလပ်ရည် စသော ယာမကာလိက ဆေးမျိုး။

၂။ ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ ဆိုတဲ့ သတ္တာဟကာလိက ဆေးမျိုး။

၃။ ဇာတိပ္ဖိုလ်, စရို, ပဒဲကော စသည်ဖြင့် ဖော်စပ်သော လျက်ဆား သွေးဆေး, ငန်းဆေး, ချေးထုတ်ဆေး စတဲ့ ယာဝဇီဝကဆေးမျိုး အားလုံးကို ဘေသဇ္ဇဆေးဟု မှတ်ပါ။

**ထော, ဆီ, ဆီ, ပျား၊ တင်လဲထား၊ ငါးပါးသတ္တာဟာ။**
**မန်ကျည်း,ရှောက်စ၊ ဖျော်ရည်က၊ ယာမကာလိကာ။**
**သွေး, လေ, ငန်းစ၊ ဆေးများလှ၊ ယာဝဇီဝကာ။**

## (ဇ) သူ့နေရာနှင့်သူ အတိုနည်းဖြင့် ဆေးပစ္စဝေက္ခဏာ ဘယ်သို့ ဆင်ခြင်သင့်သလဲ?

ဖျော်ရည်, ဘိလပ်ရည် စသည့် ယာမကာလိက ဆေး သုံးသောအခါ မွတ်သိပ် ဆာလောင်ခြင်း ပျောက်အောင် သောက်ပါ၏၊ သာသနာ ထမ်းဆောင်နိုင်အောင် သောက်ပါ၏ဟု ဆင်ခြင်၊ ဝမ်းနာ၍ ဆေး သောက်လျှင် ဝမ်းနာပျောက်အောင် သောက်ပါ၏၊ ခေါင်းကိုက်၍ သောက်လျှင် ခေါင်းကိုက်ပျောက်အောင် သောက်ပါ၏ဟု ဆင်ခြင်၊ လေ ထိုး၍ သောက်လျှင် လေထိုးပျောက်အောင် သောက်ပါ၏ဟု ဆင်ခြင်။

အမှာ မွတ်သိပ် ဆာလောင်ရုံ သက်သက်ဖြင့် သကြား, ထန်းလျက်, ကြံသကာ, ချိုချဉ်, သကြားလုံး စသည်တို့ကို နေလွဲချိန် မစား ကောင်းပါ၊ မီးနှင့်မချက်တဲ့ ဖျော်ရည်မျိုးသာ သောက်ကောင်း သည်၊ ထိုသကြား, ထန်းလျက် စသည်တို့ကား ရောဂါနှိပ်စက်မှု ရေမရှောင်ပဲ နေလွဲသောအခါ စားကောင်း၏၊ ဆိုခဲ့သောနည်းကို မှီး၍ ဆရာတို့က အတိုနည်း ဆင်ခြင်ပုံ သင်ပြပါလေ။

**( သတ္တမအကြိမ် )**

### (ဈ) ရေကို ပစ္စဝေက္ခဏာ ဆင်ခြင်သင့်သေးသလား?

ရေကို ဆေးပစ္စည်းအနေနှင့် ဆင်ခြင်သင့်ပါတယ်။

ဆင်ခြင်ပုံ မွတ်သိပ်ဆာလောင် ပျောက်ကင်းအောင် ရေကို သောက်ပါ၏၊ ချေးညှော်တို့မှ စင်ကြယ်အောင် ရေကို ချိုးပါ၏၊ ဖွပ်လျှော်ပါ၏ဟု ဆင်ခြင်။

ပိပါသာ ဂေလညာ ဝူပသမနတော ပါနီယမ္ပိ ဂိလာန·ပစ္စယော။

### (ည) ပစ္စဝေက္ခဏာ ဆင်ခြင်ရန် ကာလ အဋ္ဌကထာ ဘယ်နှစ်ပါးပြသလဲ?

၁။ ပဋိလာဘ ကာလ·ရတဲ့ အခါကာလ။

၂။ ပရိဘောဂကာလ·သုံးဆောင်တဲ့ အခါကာလ၊ ပေါင်း ၂·ပါး။

ရခါ သုံးခါ၊ ပစ္စယာ၊ နှစ်ဖြာဆင်ခြင်ကြ။

### (ဋ) ရတဲ့အခါ ဘယ်လို ဆင်ခြင်ရမလဲ?

ဓာတ်အားဖြင့် လည်းကောင်း, ပဋိကူလအားဖြင့် လည်းကောင်း ဆင်ခြင်ရပါမည်။

### (ဌ) ဓာတ်အားဖြင့် ဘယ်လို ဆင်ခြင်ရမလဲ?

ပစ္စည်းလေးပါးနှင့် မှီဝဲသုံးစားသော ပုဂ္ဂိုလ်သည်ကား အကြောင်းအားလျော်စွာ ထင်ရှားဖြစ်ပေါ်ဆဲသော ဓာတ်အစုသာ ဖြစ်ပါတကားဟုလည်းကောင်း၊သက်နီးနှင့် ဝတ်ရုံသော ပုဂ္ဂိုလ်ကား အကြောင်းအားလျော်စွာ ဖြစ်ပေါ်ဆဲသော ဓာတ်အစုမျှသာ ဖြစ်ပါတကားဟုလည်းကောင်း တပါးပါးစီ သော်လည်း ဆင်ခြင်။

ဓာတုဂသေန ဝါတိ ယထာပစ္စယံ ဝတ္တမာနံ ဓာတုမတ္တမေ·ဝေတံ၊ ယဒိဒံ စီဝရာဒိ တဒုပဘုဉ္ဇကော စ ပုဂ္ဂလောတိ ဧဝံ ဓာတုမနသိကာရဝသေန ဝါ။ (မဟာဋီကာ)

( သတ္တမအကြိမ် )

## (ဍ) ဓာတ်ဆိုတာ ဘာလဲ?

မိမိဘာသာ အကြောင်း တိုက်ဆိုင်လာလျှင် ဘယ်သူမှ တားမရပဲ ပေါ်လာတဲ့ သဘာဝမျိုးကို ဓာတ်ဟုဆိုသည်၊ ဥပမာ မီးခြစ်ခံကို မီးခြစ် ဆံနှင့် ပွတ်လိုက်လျှင် ဘယ်သူတားတား မရပဲ သူ့ဘာသာ မီးပွင့်လာ ပါတယ်၊ ၎င်းမီးဟာ ဓာတ်ပါပဲ၊ အကောင် ပုဂ္ဂိုလ် အသက် လိပ်ပြာ မဟုတ်ဘူးဟု သိပါ။

## (ဎ) ပဋိကူလ စက်ဆုပ်ဖွယ်အားဖြင့် ဘယ်လိုဆင်ခြင်ရမလဲ?

**ဆွမ်းပစ္စည်း၌ ဆင်ခြင်ပုံ** စားရမည့် အာဟာရကား သလိပ်စသည် ရောတော့မည်ဖြစ်၍ စက်ဆုပ် ရွံရှာဖွယ်ပါတကားဟု အာဟာရေ ပဋိကူလသညာ နည်းဖြင့် ဆင်ခြင်။

**အားလုံးရောဆင်ခြင်ပုံ** ပစ္စည်းလေးပါးတို့ကား သစ်လွင်ကောင်းစွာ ရှိကြပါ၍ စက်ဆုပ်ဖွယ်ရာ မရှိပါကုန်သော်လည်း သိုးပုပ်ညှီလောင် ဤကိုယ်ကောင်သို့ ရောက်ပါက အလွန်စက်ဆုပ်ဖွယ်ရာ ဖြစ်ပါကုန်၏ တကားဟုဆင်ခြင်၊ သင်္ကန်းစသည် တပါးပါးလဲ ဤနည်း ဆင်ခြင်တတ်ပါစေ။

ပဋိကူလဝသေနဝါတိ ပိဏ္ဍပါတေ တာဝ အာဟာရေ ပဋိကူလသညာ ဝသေန သမ္ဘာရိ ပန ဣမာနိ စီဝရာဒီနိ အဇိဂုစ္ဆနီယာနိ ဣမံ ပူတိကာယံ ပတွာ အတိဝိယ ဇိဂုစ္ဆနီယာနိ ဇာယန္တီတိ ဧဝံ ပဋိကူလမနသိကာရဝသေန ဝါ။ (မဟာဋီကာ)

## (ဏ) ဓာတ်အားဖြင့် လည်းကောင်း၊ ပဋိကူလအားဖြင့် လည်းကောင်း ဆင်ခြင်လျှင် ဣဏ ပရိဘောဂလွတ်၍ ပစ္စယသန္နိဿိတသီလ ဖြစ်နိုင်သလား?

ဖြစ်နိုင်ပါတယ်။

ဓာတုဝသေန ပန ပဋိကူလဝသေန ဝါ ပစ္စဝေက္ခဏာယ ပစ္စယသန္နိဿိတသီလံ သုဇ္ဈတီတိ အပရေ။ (မဟာဋီကာ)

## (တ) ပစ္စဝေက္ခဏာကို ဘယ်လောက် ဆင်ခြင်သင့်သလဲ?

သင်္ကန်းကိုကိုယ်မှလွတ်၍ သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်၊ ဆွမ်းကို အလုတ်တိုင်း အလုတ်တိုင်း ဆင်ခြင်၊ ကျောင်းကို တံစက်မြိတ်

( သတ္တမအကြိမ် )

အခန်းတွင်း ဝင်တိုင်း၊ သစ်ပင်ရင်းသို့လဲ ဝင်တိုင်း၊ အိပ်ရာ နေရာကို သုံးဆောင်တိုင်း ဆင်ခြင်ရမည်၊ ဤမျှ မတတ်နိုင်လျှင် အရုဏ်အတွင်း ၄-ကြိမ်ဖြစ်စေ ဆင်ခြင်၊ အယုတ်ဆုံး တကြိမ် ထိရောက်အောင်ဆင်ခြင်၊ မဆင်ခြင်ပဲ အရုဏ်တက်လျှင် ဣဏပရိဘောဂ ကြွေးမြီ တင်ပြီမှတ်၊ ဆေးမှာ အကပ်ခံတုန်း, သုံးစားတုန်း ဆင်ခြင်၊ မဆင်ခြင်ပဲ ဆေး သုံးစားလျှင် ဒုက္ကဋ် အာပတ်သင့်မည်။

**(ထ) ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်လျှင် ဣဏပရိဘောဂ ဖြစ်သည်ဟု ဆိုခဲ့၏၊ ဣဏပရိဘောဂဖြစ်ပုံ ဘယ်လိုလဲ?**

ကြွေးတင်သော သုံးစားခြင်းမျိုးကို ဣဏပရိဘောဂဟု ဆို၏။ ဤ ကြွေးတင်ရာ၌—

၁။ ကြွေးရှင်ထံမှ ရရှိသော လ-ရက်အတိုင်း ပြန်ဆပ်နိုင်သူတမျိုး။

၂။ မဆပ်နိုင်ပဲ အတိုးရင်းပွား တိုးလာသူတမျိုးဟုနှစ်မျိုးရှိသကဲ့သို့ တရားသဖြင့် ရလာသော ပစ္စည်းလေးပါးကို အရုဏ်အတွင်း ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲသော ရဟန်း,သာမဏေသည်ကြွေး ဆပ်နိုင်သူနှင့် တူသည်၊ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးစွဲ၍ အရုဏ်တက်သွားသော ရဟန်း,သာမဏေတို့သည် ကြွေးမဆပ် နိုင်သူနှင့် တူ၏။ ထိုကြွေးမဆပ်နိုင်ပဲ သုံးစွဲမှုကို ဣဏပရိဘောဂ ဟု ဆိုရသည်။

**(ဒ) ကြွေးတင်ပုံ ဘယ်နှစ်ပါးလဲ?**

ပုထုဇဉ် ရဟန်း,သာမဏေတို့ ပစ္စည်းလေးပါးအလှူခံမှုသည်ကြွေးယူ သူနှင့် တူ၏၊တောင်းစံသော ပစ္စည်းလေးပါးမှဖြစ်သောကြွေးတင်မှုမှာ-

၁။ လှူဒါန်းသူ ဒါယကာ၏အကျိုးယုတ်လျော့စေခြင်းတပါး။

၂။ အလှူခံ သုံးဆောင်သူ၌(၁) နှစ်သက်မက်မောခြင်း-ဂေဓ။ (၂) တွေဝေခြင်း-သမ္မောဟ။ (၃) မာန်ယစ်ခြင်း-မဒ။ (၄) မေ့လျော့ခြင်း-ပမာဒ ဟူသော ကိလေသာအညစ်တို့ တိုးပွား လာခြင်း တပါး၊ ဤသို့ ကြွေးတင်ပုံ ၂-မျိုး သိထားပါ။

(သတ္တမအကြိမ်)

## (ခ) ပထမ ကြွေးတင်ပုံကား ဘယ်လိုလဲ?

ပစ္စဝေက္ခဏာ မဆင်ခြင်လျှင် ပစ္စယသန္နိဿိတ သီလမရှိ၊ သီလမရှိသူ လှူသော ဒါနကား(ဒက္ခိဏာဝိသုဒ္ဓိ)အလှူခံ စင်ကြယ်ရမည်ဆိုတဲ့ အင်္ဂါချို့ မှုကြောင့် အကျိုးပေးနဲသွားပါရော၊ဥပမာ အလှူခံသီလရှိလျှင် အလှူရှင် သိန်းဆုပေါက်ရမည်ကို သီလမရှိမှုကြောင့် ငါးရာဆုသာ ပေါက်တော့ သဖြင့် လှူဒါန်းသူဒါယကာ၏ အကျိုးကို ယုတ်လျော့စေခြင်းသည် သုံးစားသူ ရဟန်းသာမဏေ၏ တာဝန် အပြစ် အဖတ်တင်မှု မြီတင်မှု (ကြွေးတင်မှု) ဟု ဆိုရပေသည်။

## (ဂ) ဒုတိယ ကြွေးတင်မှုကား ဘယ်လိုလဲ?

ပစ္စည်း ၄-ပါး ရလာသောအခါ ပစ္စဝေက္ခဏာ ဉာဏ်မသွင်းတော့ ပစ္စည်း ၄-ပါး၌ အကျိုးအကြောင်းစသည်တို့ကိုမသိ၊တွေဝေမှု သမ္မောဟ တရား ကြီးပွားလာသည်၊ ထိုမသိ တွေဝေမှုကြောင့် ပစ္စည်း ၄-ပါး မက်မောခင်မင်မှု ဂေဓ တဏှာ ပေါ်လာပါရော၊ ထိုတဏှာနှင့် မနေ သေးဘဲ ပစ္စည်း ၄-ပါးပြည့်စုံမှုကြောင့် မာန်ယစ်ခြင်း မဒ၊ ကုသိုလ် တရားမေ့လျော့ခြင်း ပမာဒဆိုတဲ့ ကိလေသာအညစ်တွေ သုံးဆောင်သူ၌ ဖြစ်ပေါ်ခြင်းသည် ကြွေးမြီတင်သည်ဟု ဆိုရသည်၊မှန်၏-ထိုတဏှာ ဂေဓ စသော ကိလေသာ အညစ်တွေ ပယ်ဖြတ်ရေးအတွက် သာသနာ၌ ရှင် ရဟန်း ပြုနေလျက် မပယ်ဖြတ် မစင်ကြယ်ပဲ ထပ်တိုးလာခြင်းသည် လှူဒါန်းသောအလှူဝတ္ထုမှ တင်လာသော ကိလေသာကြွေးဟု မှတ်ပါ၊ ဘုရားရှင် ပစ္စဝေက္ခဏာ ဟောကြားထားခြင်းသည် ထိုကိလေသာကြွေး မတင်အောင် ဟောခဲ့ ပါသည်။

## (ဃ) ဣဏပရိဘောဂ ကိလေသာကြွေးတင် အပြစ်တို့ကို ဘယ်လို ဆိုသလဲ?

ကြွေးတင်နေသူသည် မိမိအလိုအတိုင်း လိုအပ်သောအရပ်သို့မသွားရ သလို (ဣဏပရိဘောဂ) ကြွေးယူ သုံးစားသော သူသည် သံသရာ လောကမှ မထွက်မြောက်နိုင်ဟု မဟာဋီကာဖွင့်ပြသည်။

ဧဝံ ဣဏပရိဘောဂယုတ္တော လောကတော နိဿရိတုံ န လဘတိ။
(မဟာဋီကာ)

(သတ္တမအကြိမ်)

အမှာ ဣဏပရိဘောဂကြောင့် သံသရာမှ မထွက်နိုင် ဆိုသည်ကို သတိပြု၊ သံကို သံချေးဖျက်သလို ပစ္စည်း၄-ပါး၌ ပစ္စဝေက္ခဏာ မဆင်ခြင်သော လူ့ရှင်, ရဟန်းသည် မိမိသန္တာန်၌ နေ့စဉ်ဖြစ်သော ဣဏပရိဘောဂ ကိလေသာ ကြေးတို့က ဒုဂ္ဂတိဘဝသို့ ဆောင်ကြကုန်သည်ဟု ဓမ္မပဒမှာ သက်နီး ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ တဏှာဂေဓကြောင့် သက်နီးမှာ သန်းဖြစ်ရတဲ့ ဥဳးတိဿ အကြောင်းပြုကာ ဘုရားရှင် ဟောတော်မူသည်။

အယသာဝ မလံ သမုဋ္ဌာယ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောနစာရိနံ သာနိ၊ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။
(ဓမ္မပဒပါဠိတော်)

အမှာ ဣဏပရိဘောဂကြောင့် ဒုဂ္ဂတိ ရောက်ပုံကို သတိပြု၊ ဇေတဝန်ကျောင်းတော်၌ မိဘ စသော ဆွေမျိုးတို့ လှူဒါန်းသည့် ပစ္စည်း ၄-ပါးတို့ကို များသော အားဖြင့် မဆင်ခြင်ပဲ မှီဝဲသော ရဟန်းတို့ကို ဘုရားရှင် သိတော်မူ၍ စည်းဝေး ခေါ်တော်မူပြီးလျှင် ပစ္စဝေက္ခဏာမဆင်ခြင်ပဲ သုံးစားခြင်းသည် အဆိပ်ကို သုံးစားသည်နှင့် တူ၏၊ အဆိပ်ကို ချစ်ကျွမ်းဝင်သူက ပေးလို့ စားလဲ သေမှာပဲ၊ ဘယ်သူကပေးပေး ပစ္စည်း ၄-ပါးကို ဆင်ခြင်၍ သုံးစားကြရမယ်၊ မဆင်ခြင်ပဲ သုံးစား၍ ပျံလွန်တဲ့ရဟန်းဟာ ဘီလူး,သရဲ,သဘက်,ပြိတ္တာဘဝမှ မလွတ်ဟု ဝိဿာသ ဘောဇနဇာတ်၌ ဘုရားရှင် ဟောတော်မူသည်။

အပစ္စဝေက္ခိတွာ ပရိဘောဂံ ကတွာ ဟိ ကာလံ ကုရုမာနော ဘိက္ခု ယက္ခပေတ အတ္တဘာဝတော န မုစ္စတိ၊ အပစ္စဝေက္ခိတ-ပရိဘောဂေါ နာမေသ ဝိသပရိဘောဂသဒိသော။
(ဧကနိပါတ် ဝိဿာသဘောဇနဇာတ်-ထာ)

အမှာ ဣဏပရိဘောဂသည်အဆိပ်စားသည်နှင့် တူပုံ,ပြိတ္တာဘုံမှ မလွတ်ပုံကိုသတိပြု၊ ဇေတဝန်ကျောင်းတော်၌ ပစ္စည်း ၄-ပါးတို့ရလျှင် များသောအားဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးစားကြတဲ့
(သတ္တမအကြိမ်)

ရဟန်းတွေ ပုံ့လွှန်ကြတော့ များသောအားဖြင့် ငရဲ, တိရစ္ဆာန် ဘုံမှ မလွတ်သည်ကို ဘုရားရှင်သိ၍ ရဟန်းတို့အား ပစ္စဝေက္ခဏာ မဆင်ခြင်တဲ့ အပြစ်တွေ ဟောပြ၍ ပစ္စည်းလေးပါးတို့ကို မဆင်ခြင်ပဲ သုံးဆောင်ခြင်းငှါမအပ်၊ ယနေ့မှစ၍ ဆင်ခြင်ကြ၊ ဆင်ခြင်သုံးဆောင်ခြင်းသည်သာလျှင် သင့်တော်၏၊ မဆင်ခြင်ပဲ သုံးဆောင်ခြင်းသည် လတ်တလော သေစေတတ်သော အဆိပ်ကို သုံးဆောင်သည်နှင့် တူသည်ဟု လိတ္တဇာတ်၌ ဘုရားရှင် ဟောတော်မူသည်။

တေ စတ္တာရော ပစ္စယေ အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇမာနာ ယေဘုယျေန နိရယ တိရစ္ဆာနယောနိတော န မုစ္စန္တိ။ လ။ အပစ္စဝေက္ခိတွာ ပရိဘောဂေါ နာမ ဟလာဟလဝိသပရိဘောဂ သဒိသော။ (ကေကနိပါတ် လိတ္တဇာတ်·ထာ)

**အမှာ** ဤကဲ့ပရိဘောဂကြောင့် ငရဲတိရစ္ဆာန်ဘုံမှ မလွတ်ပုံနှင့် လတ်တလော သေစေတတ်သော အဆိပ်နှင့် တူသည်ကို သတိပြု၊ သံဝေဂယူဖွယ် ဘုရားလက်ထက်တော်၌သော်မှ ပစ္စဝေက္ခဏာ မဆင်ခြင်၍ ငရဲ, တိရစ္ဆာန်, သရဲ, သဘက်, ပြိတ္တာတို့ ဖြစ်ကြလျှင် ယခု သာသနာထက်ဝက် ကျော်လာသောခေတ်၌ ပစ္စဝေက္ခဏာ မဆင်ခြင်၍ ငရဲ, တိရစ္ဆာန်, သရဲ, သဘက်တို့ ဖြစ်သော ဇာတ်လမ်းကို ကြည့်လိုက်လျှင် လွန်စွာမှ ရင်လေးလှ ပေတော့သည်။

## (ဗ) ဤပစ္စဝေက္ခဏာ ၄-ပုဒ်ကို ရဟန်းသာမဏေတို့သာ ဆင်ခြင်သင့်သလား

ရသေ့, ဖိုးသူတော်, သီလရှင်, လူတို့လဲ ဆင်ခြင်ထိုက်ပါသည်၊ ပစ္စဝေက္ခဏာသည် ဝိနည်းတော်လာပဟုတ်ပဲ မူလပဏ္ဏာသ, အင်္ဂုတ္တိုရ်စသောသုတ္တန်တို့၌ အများဆုံးလာပါသည်၊ သင်္ကန်းကျောင်းဟုဆိုရခြင်းသည် ရဟန်းတော်တို့ကို ပဓာနထား၍သာ ဆိုထားသည်၊ လူတို့အဖို့ဆိုက သင်္ကန်းအစား အင်္ကျီ, ပုဆိုး, ထမီစသော မိမိတို့ ဝတ်ဆင်သော အဝတ်တန်ဆာတို့ အမည်ပြောင်း၍ ဆင်ခြင်ပါ၊ (ဥပမာ-အအေး

ပျော်အောင် အင်္ကျီဝတ်ပါ၏၊ အပူပျောက်အောင် ပုဆိုးဝတ်ပါ၏၊ အင်္ဂါကြီးငယ် ဖုံးလွှမ်းရအောင် ထမိဝတ်ပါ၏ဟု သင်္ကန်းဆင်ခြင်ပုံနည်းယူ၍ဆင်ခြင်ရမည်၊ ဆွမ်းဆိုသောအရာ၌ ထမင်းဟုသုံး၍ ဆင်ခြင်ပါ၊) (ဥပမာ မြူးထူး ပျော်ပါးရအောင် ဤထမင်းကို ငါစားသည် မဟုတ်ပါ၊ ဤခန္ဓာကိုယ် တည်မြဲအောင် ထမင်းစားပါ၏ဟု ဆင်ခြင်၊ ကျောင်းအစား အိမ်အမည်သုံး၍ အအေးပျောက်အောင် ဤအိမ်၌ နေပါ၏၊ ဥတုဘေးရန် ကာကွယ်ရအောင် ဤအိမ်၌ နေပါ၏ စသည်ဖြင့် ဆင်ခြင်ပါ။)

**(ဗ) ပစ္စဝေက္ခဏာမဆင်ခြင်လျှင် လူတို့ကြွေးတင်ပါသေးသလား?**

ကြွေးတင်ပုံနှစ်မျိုး၌ ရှေ့ကြွေးမတင်ပဲ ကိလေသာသစ် ဖြစ်ပေါ်မှုဆိုသော နောက်ကြွေးမျိုး တင်နိုင်ပါတယ်၊ နိဗ္ဗာန်ရောက်လို၍ ကိလေသာ သတ်နေသော ယောဂီ လူသူတော်စင်တို့သည် ထိုအဝတ်, အစား, ထမင်း, အိပ်ရာ, ဆေးတို့ကြောင့် ကိလေသာ အကြွေးမဘင်ရအောင် အထူး ဆင်ခြင်သင့်သည်ဟု မှတ်။

**(ဘ) နှုတ်ဖြင့် ရွတ်ရုံမျှဖြင့် ပစ္စဝေက္ခဏာကိစ္စပြီးနိုင်သလား?**

မပြီးနိုင်ပါ၊ ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်နိုင်မှ ပြီးနိုင်ပါသည်။

**ဉာဏ်သိမရောက်၊ ရွတ်ရုံလောက်၊ မမြောက်ပစ္စဝေက္ခဏာ၊**

**အမှာ** ပစ္စဝေက္ခဏာကိစ္စ ပြီးမြောက်ရန် လက်ာသွားဖြင့် ဖြစ်စေ၊ မြန်မာပြန်ဖြင့် ဖြစ်စေ၊ စကားတို့ဖြင့် ဖြစ်စေ ဉာဏ်သက်ဝင်အောင် ဆင်ခြင်နိုင်ကြပါစေ။

**ဝိသုဒ္ဓါရုံ ပစ္စဝေက္ခဏာ လင်္ကာ**

ချမ်းပူကိုဖျက်၊ ခြင်, မှက်, လေ, နေ၊ကင်း, မြွေလွဲသုံ၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုဇမ္ဗယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မတမ်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်း သုံးဆောင်ပါသတည်း။ (သင်္ကန်း)

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်

သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်နိုင်ပါစေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊ ခပ်သိမ်းဖြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင် မှီဝဲပါသတည်း။ (ဆွမ်း)

ချမ်းပူကို ဖျက်၊ခြင်,မှက်,လေ,နေ၊ကင်း,မြွေဝေးမှု၊ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊စိတ်ကြည်လင်ကြောင်း၊နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါသတည်း။ (ကျောင်း)

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီး ဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါ ပယ်လျှဉ်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာ ရွှင်လန်း၊ ပြည့်နိုင်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။ (ဆေး)

ဖိနှပ်ဆီမီး၊ ထီးတောင်ဝှေးစ၊ဟူသမျှကို၊အေးမြချမ်းပူ၊မြေငူသစ်ငုတ် ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်းကင်းစင်၊စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ပြည့်နိုင်အောင် ဟု၊ သုံးဆောင် မှီဝဲပါသတည်း။ (ကြွင်းပစ္စည်းများ)

အမှာ သတ်ပုံကာရန် စကားသုံး မိမိနှုတ်တက်သည်နှင့် မတူသည်ကို မပြင်မိပါစေလင့်၊ ၇၁-ခုနှစ် ဖြူးမြို့ဦးနေစဉ် ဆရာတော်ကြီးထံ နှုတ်တိုက်သင်ယူသူ့,(၎င်းကို ညောင်လေးပင် ရှင့်ကျင့်ဝတ်မှ ထုတ်ပြသည်။)

## လေ့ကျင့်ခဏ်း ပုစ္ဆာ

၁။ ဥဏှာယ ပဋိဃာတာယကို အနက်သမ္ဗန်၍ ၎င်း၏ မြန်မာသွား ညဏ်ထွက်အောင် ဆင်ခြင်ပုံ ရေးပြပါ။

၂။ သက်န်းပစ္စဝေက္ခဏာဉ် နိယတအကျိုးပြု အင်္ဂါကိုပါဠိလိုထုတ်၍ ဟိရီ·ဆိုသော စကား၏ ဂုဏ်ဖြစ်ပုံ စွမ်းနိုင်သလောက် ရေးပါ။

၃။ နဝဥ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၏ မြန်မာသွား ဆင်ခြင်ပုံ ရေး၍ ဝမိတကပုဏ္ဏား အသစ်ဝေဒနာဖြစ်ပုံ ရေးပြပါ။

၄။ ဝေယျာဗာဓိကာနံကို အဋ္ဌကထာနှင့်အညီ အနက်ပေး၍ ဝေဒနာနံ အရ ဘယ်ဝေဒနာကို ယူရမည်ကို ဖော်ပြပါ။

( သတ္တမအကြိမ် )

၅။ ကြေးတင်ပုံ ၂-မျိုးကို ဖော်ပြ၍ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးစားခြင်းသည် အဆိပ်ကို စားသည်နှင့် တူသည်ဟု ဘယ်ကျမ်းက ဆိုပါသလဲ။

ဆေးပစ္စဝေက္ခဏာနှင့် ပစ္စဂေက္ခဏာဆိုင်ရာ အဓိပ္ပာယ်ပြီးပြီ။

## လိင်ဒဏ်သင့်ကြောင်း ခြောက်ပါး

အလဇ္ဇီတာ၊ အရှက်မရှိခြင်း။ အညာဏတာ၊ မသိမိုက်မဲခြင်း။ ကုက္ကုစ္စပကတတာ၊ အလိုလို နှိပ်စက်ခြင်း။ သတိသမ္မောသတာ၊ သတိမေ့လျော့ခြင်း။ အကပ္ပိယေ ကပ္ပိယသညိတာ၊ မအပ်သည်၌ အပ်သည်ဟု ထင်ခြင်း။ ကပ္ပိယေ အကပ္ပိယသညိတာ၊ အပ်သည်၌ မအပ်ဟု ထင်ခြင်း။ ဤအကြောင်း ခြောက်ပါးတို့ကြောင့် ရှင်သာမဏေများ လိင်, ဒဏ် သင့်တတ်၏။

**မရှက်, မသိ, ကုက္ကုစ္စနှင့်၊ သတိမမြဲ (၄)၊ ထင်လွဲနှစ်ပါး (၂)၊ ပေါင်းခြောက်ပါးသည်၊ ရှင်များလိင်ဒဏ် သင့်ကြောင်းတည်း။**

## လိင်ဆယ်ပါး ပါဠိအနက်

ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။ ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ အဗြဟ္မစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယမဇ္ဇပါယီ ဟောတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဘိက္ခုနိဒူသကော ဟောတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတော ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။

၁။ ပါဏာတိပါတီ၊ သူ့အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

( သတ္တမအကြိမ် )

၂။ အဒိန္နာဒါယီ၊ အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၃။ အဗြဟ္မစာရီ၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၄။ မုသာဝါဒီ၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၅။ သုရာ မေရယ မဇ္ဇပါယီ၊ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည် သေရက်ကို သောက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၆။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။

၇။ ဓမ္မဿ၊ တရားတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။

၈။ သံဃဿ၊ သံဃာတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။

၉။ မိစ္ဆာဒိဋ္ဌိကော၊ မှားသော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။

၁၀။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။

ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ ခေါ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။

( သတ္တမအကြိမ် )

## ဒဏ်ဆယ်ပါး ပါဠိအနက်

ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ၊ ဝိကာလဘောဇနော ဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော ဟောတိ၊ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာသယန မဟာသယနော ဟောတိ၊ ဇာတရူပ ရဇတပဋိဂ္ဂဟဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ။

အနတ္ထာယနှင့် အဝါသာယသည် ပါဠိတော်နှင့် မညီပဲ အချို့ ရှေ့နောက် ပြန်နေတတ်သည်၊ ဘိက္ခူနံ အက္ကောသတိ ဟူ၍သည်း သီဟိုဠ်မူ ကွဲတတ်သည်။

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ်, ရေဒဏ် ပေးခြင်းအမှုကို။ ကာတုံ၊ ပြုအပ်၏။

၁။ ဝိကာလဘောဇနော၊ နေလွဲညစာ စားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၂။ နစ္စဂီတဝါဒိတဝိသူကဒဿနော၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း သာသနာတော်၏ ငြောင့် တံကျင် သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်း အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

( သတ္တမအကြိမ် )

၃။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း နံ့သာ, အမွှေးအထုံတို့ဖြင့် တန်ဆာဆင်ခြင်း နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်း အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၄။ ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ မြတ်သော နေရာတို့၌ နေလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၅။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေ, ငွေ, ဒင်္ဂါး, ပိုက်ဆံကို ကိုင်ခံလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၆။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အလာဘာယ၊ လာဘ်မရစိမ့်သောငှါ။ ပရိသက္ကတိ၊ အားထုတ်၏။

၇။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနတ္ထာယ၊ အကျိုးမဲ့ ဘေးရန်ဖြစ်စိမ့်သောငှါ။ ပရိသက္ကတိ၊ အားထုတ်၏။

၈။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အဝါသာယ၊ နေရာမရစိမ့်သောငှါ။ ပရိသက္ကတိ၊ အားထုတ်၏။

၉။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ခြိမ်းချောက်၏။

၁၀။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊ တပါးသော ရဟန်းတို့နှင့်။ ဘေဒေတိ၊ ကွဲပြားအောင် ဂုံးတိုက်၏။

ဒသဟိ၊ဆယ်ပါးကုန်သော။ ဣမေဟိ ဓေါ အင်္ဂေဟိ၊ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ်,ရေဒဏ်ပေးခြင်းအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

( သတ္တမအကြိမ် )

## လိင်ဆယ်ပါး မှတ်သားဘွယ်

### (က) လိင်ဆယ်ပါး ဘယ်အတွက်ကြောင့် ပေါ်လာသလဲ ?

သာကီဝင်မင်းသား ရှင်ဥပနန္ဒ၏တပည့် ကိုရင်ကဏ္ဍကသည် ကဏ္ဍကီ ခေါ်တဲ့ ရဟန်းမကို မေထုန်မှီဝဲ၍ဖျက်ဆီးသောအခါ ရဟန်းတော်တို့က ရှင်သာမဏေဟာ မကျင့်အပ်တဲ့အမှုကို ပြုကျင့်ပေစွဟု ကဲ့ရဲ့ ရှုတ်ချကုန် လျက် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားလျှင် ဘုရားရှင်က အင်္ဂါ ၁၀-ပါးနှင့်ပြည့်စုံသော ရှင်သာမဏေကိုအသင်ဖျက်၍ လိင်ပြန် ဖို့ အာဏာထားတော်မူခဲ့သည်၊ ထိုအခါမှစ၍ သာမဏေများ အထူး ရှောင်ကြဉ်အပ်သော လိင် ၁၀-ပါး ပေါ်လာသည်။

### (ခ) လိင်ဆိုတာ ဘာလဲ ?

လိင်္ဂ-ပါဠိကိုဖျက်၍ လိင်-ဟုခေါ်သုံးသောစကားဖြစ်သည်၊ လိင်္ဂ-မှာ အသွင်အပြင်ကို ဟောသည်၊ လိင်-ဟူသောစကားလဲ ထို့အတူ အသွင် ဟူသော အဓိပ္ပာယ်ထွက်သည်၊ ထိုအသွင်သည် (၁) ဂဟဋ္ဌလိင်္ဂ=လူ အသွင်၊ (၂) ပဗ္ဗဇ္ဇလိင်္ဂ=ရှင်သာမဏေ အသွင်ဟု ၂-မျိုး မှတ်ထား၊ လူအသွင်မှ တဆင့် ရှင်သာမဏေ အသွင်သို့ ပြောင်းလာကြသည်၊ အကယ်၍ သူ့အသက်သတ်ခြင်းစသော ၁၀-ပါးတို့တွင် တပါးပါး ကျူးလွန်သူသာမဏေအား နောင်မစောင့်စည်းက သာမဏေအသွင်၌ မတည်နိုင်ပဲ လူအသွင်သို့ လျှော့ကျသည်ကို လိင်ကျသည်ဟု ဆိုသည်၊ လူထွက်တဲ့ သာမဏေများမှာ သာမဏေ အသွင်မှ မူလ လူအသွင်ကို ပြန်ယူသဖြင့် ရှင်လိင်ပြန်သည်ဟု ဆိုကြသည်။

နာသေတဗ္ဗော-အရ လိင်ပြန်စေဆိုသော စကားသည် သာမဏေ အသွင်ကိုဖျက်ဆီးစေမှုဟု မှတ်၊ မှန်၏၊ နာသန=ဖျက်ဆီးခြင်းတို့ကား—

၁။ သံဝါသ နာသန။

၂။ လိင်္ဂ နာသန။

၃။ ဒဏ္ဍကမ္မ နာသန ပေါင်း ၃-ပါး။

(သတ္တမအကြိမ်)

၁။ အပေါင်းအဖော် ဖျက်ဆီးခြင်းသည် သံဝါသနာသနမည်၏။
၂။ အသွင်ကို ဖျက်ဆီးခြင်းသည် လိင် နာသန မည်၏။
၃။ ဒဏ်အမှုဖြင့် ဖျက်ဆီးခြင်းသည် ဒဏ္ဍကမ္မ နာသန မည်၏။

နာသေတူတိ ဧတ္ထ တိဝိဓာ နာသနာ သံဝါသ နာသနာ, လိင် နာသနာ, ဒဏ္ဍကမ္မ နာသနာတိ။ (ပါစိတ်-ထာ-ဂ-ဏ္ဍကသိက္ခာပုဒ်)

**ဒဏ္ဍ, ကမ္မ၊ သံဝါသ၊ လိင် နာသနာ။**
**ဒဏ်ပေး, ပေါင်းဖက်၊ အသွင်ဖျက်၊ သုံးချက် ဝိနည်းလာ။**

(လိင်ပြန်ဆိုသော စကားသည် အသွင်ဖျက်ခြင်း လိင် နာသနကို ဆိုသည်။)

## (ဂ) လိင်နာသန=လိင်ကျသာမဏေတို့ကို ဘယ်လိုလုပ်ရမလဲ?

လိင်ကျသော ခဏ၌ သရဏဂုံယူခြင်း၊ ဥပဇ္ဈာယ်ယူခြင်း၊ ဝါတွင်း နေရန် ဝါစဉ်ဖြင့် ကျောင်းနေရာယူခြင်းတို့သည် ပျက်ကုန်၏၊ သီတင်း ကျွတ်သောအခါ သံဃိက ဝါဆိုသင်္ကန်း လာဘ်မရထိုက်၊ သာမဏေ အသွင် တခုသာ ကျန်၏၊ အပြစ်များ၍ မစောင့်စည်းမှု နှင်ထုတ်အပ်၏၊ စောင့်စည်းမှု အငတ်မလဲပဲ သရဏဂုံ ဥပဇ္ဈာယ်ပြန်ပေးအပ်၏၊ သိက္ခာ- ပုဒ်တို့ကား သရဏဂုံဖြင့်သာ ပြီးကုန်၏၊ သို့သော် မြဲမြံအောင် ထပ်ပေး အပ်၏၊ ပုရိမဝါဆိုပြီးမှ လိင်ကျလျှင် ပစ္ဆိမဝါထပ်ဆို၊ ဝါကျွတ်လျှင် ပစ္ဆိမဝါဆို လာဘ်ရနိုင်သေး၏၊ ပစ္ဆိမဝါဆိုပြီးမှ လိင်ကျလျှင် ဝါ ကျိုးပြီ၊ ဝါကျွတ်၍ သံဃိက သင်္ကန်းလာဘ်ကား မသိ၍ ရသော်လည်း သံဃိကဖြစ်၍ သံဃာသို့ ပြန်ပေးရသည်၊ ပန်ကြား၍ပေးမှ ယူအပ်သည်၊ ယခုကာလ ကထိန်သင်္ကန်း ဝေဖန်ရေး၌လည်း ပန်ကြား၍ ပေးလျှင် စိတ်ချရသည်ကို သတိပြုပါ။

## (ဃ) အင်္ဂဟိ-အဋ္ဌ အင်္ဂါဆိုတာ ဘာလဲ?

လိင်ပြန်စေရန် အသွင်ဖျက်ဖို့ အကြောင်းတရားတို့သည် အင်္ဂါတို့ မည်၏၊ ထိုအကြောင်း အင်္ဂါတို့မှာ ပါဏာတိပါတ် စသောအားဖြင့် ၁၀-ပါးရှိ၍ ဒသ-ဟု သင်္ချာတပ်လေသည်။

(သတ္တမအကြိမ်)

အမှာ လိင် ၁ဂ-ပါး ၁-ခုစီ ဖော်ပြသွားအံ့။

(က) ပါကာ၁တိပါတိ=သူ့အသက်သတ်ဆိုတာ ဘယ်လိုလုပ်တာလဲ?

သတ္တဝါကို သူ့သဘာဝဖြင့် ဖြေးဖြေးသေမှုကို မပေးပဲ အလျင်အမြန် သေစေခြင်းကို သူ့အသက်သတ်ဟု ဆိုရသည်။

(ခ) ထိုသူ့အသက်သတ်ခြင်း၌ အားထုတ်သော ပယောဂလို့လ ဘယ်လောက် ရှိသလဲ?

၁။ သာဟတ္ထိက=ကိုယ်တိုင် သတ်ခြင်း။
၂။ အာဏတ္တိက=စေခိုင်း၍ သတ်ခြင်း။
၃။ နိဿဂ္ဂိယ=ပစ်လွှတ်သော လက်နက်ဖြင့် သတ်ခြင်း။
၄။ ထာဝရ=တွင်းတူး ခြောင့်ထောင်စသော အမြဲအတည် ပြုလုပ်ထား၍ သတ်ခြင်း။
၅။ ဝိဇ္ဇာမယ=အတတ်ပညာ အမျိုးမျိုးဖြင့် သတ်ခြင်း။
၆။ ဣဒ္ဓိမယ=တန်ခိုးဖြင့် သတ်ခြင်းဟု ပယောဂ ၆-ပါး ရှိပါသည်။

ကိုယ်တိုင်, ခိုင်းစေ၊ ပစ်လွှတ်ဝေ့၊ ပုံစေ ထာဝရ။
ဝိဇ္ဇာမန္တန်၊ တန်ခိုးဖန်၊ ခြောက်တန် ပယောဂ။

(ဂ) သူတပါးကို သတ်ခိုင်းသော အာဏတ္တိက ပယောဂ၌ လိင်ကျ-မကျ ဘယ်လိုလဲ?

သတ်ခိုင်းသော အာဏတ္တိက ပယောဂ၌ (၁) ဘယ်သူဘယ်ဝါ စသည် ရည်ညွှန်းပိုင်းခြား၍ သတ်ခိုင်းခြင်း ဥဒ္ဒိဿ အာဏာပက၊ (၂) မရည်ညွှန်းပဲ သတ်ခိုင်းခြင်း အနုဒ္ဒိဿ အာဏာပက ၂-မျိုးရှိ၏၊ ရည်ညွှန်း၍ သတ်ခိုင်းအပ်သူ သေမှသာ သတ်ခိုင်းသူ သာမဏေ လိင်ကျသည်၊ မရည်ညွှန်းပဲ သတ်ခိုင်းရာ၌ တဦးဦးသေလျှင်လဲ လိင်ကျသည်။

**တနည်း** သတ်ခိုင်းရာ၌ မှတ်ရမည့် နိယမ ၆-မျိုး အဋ္ဌကထာ ဆိုသေးသည်။

(သတ္တမအကြိမ်)

၁။ ဝတ္ထု=သတ်အပ်သော သတ္တဝါ။

၂။ ကာလ=သတ်ချိန်ကာလ။

၃။ ဩကာသ=သတ်ရာ အရပ်ဌာန။

၄။ အာဝုဓ=သတ်တဲ့ လက်နက်။

၅။ ဣရိယာပထ=သတ်အပ်သူ၏ ဣရိယာပုထ်။

၆။ ကြိယာဝိသေသ = ထိုးခြင်း, ခုတ်ခြင်း စသော အမူအရာ ကြိယာထူး။

ပေါင်း ၆-ပါး။

**ဝတ္ထု, ကာလံ၊ ဩကာသံ၊ ဝုဓံ, ဣရိယာပထ။**
**ကြိယာဝိသေ၊ ၍ခြောက်ဇွဲ၊ မှတ်လေ အာဏတ္တိက။**

၁။ ဤခြောက်မျိုး၌ တပါးပါးမှတ်၍ သတ်ခိုင်းရာ၌ မှက်သည့် အတိုင်း သတ္တဝါသေမှသာ သာမဏေ လိင်ကျ၏၊ ဥပမာ— မောင်မြကို သတ်ပါဟု(ဝတ္ထု)မှတ်၍ စေခိုင်းရာ မောင်မြကို မသတ်ခဲ့ပဲ မောင်လှကို သတ်ခဲ့အံ့၊ သတ်ခိုင်းသူ သာမဏေ လိင်မကျ၊ မောင်မြကို သတ်ခဲ့ပါမှ လိင်ကျ၏၊ ဤကား ဝတ္ထုမှတ်ပုံတည်း။

၂။ ထို့အတူ နံနက်အချိန် သတ်ပါဟု(ကာလ)မှတ်၍ သတ်ခိုင်းရာ ညနေကျမှ သတ်ခဲ့အံ့၊ လိင်မကျ။

၃။ တောထဲမှာ သတ်ပါဟု(ဩကာသ)မှတ်၍ သတ်ခိုင်းရာ ရွာထဲ သတ်ခဲ့အံ့၊ လိင်မကျ။

၄။ ဓားနဲ့သတ်ပါဟု (အာဝုဓ)မှတ်၍ သတ်ခိုင်းရာ လှံနှင့် သတ်ခဲ့အံ့၊ လိင်မကျ။

၅။ လျှောင်းနေတုန်းသတ်ပါဟု(ဣရိယာပထ)မှတ်၍ သတ်ခိုင်းရာ ထိုင်နေတုန်း သတ်ခဲ့အံ့၊ လိင်မကျ။

၆။ ထိုး၍သတ်ပါဟု(ကြိယာဝိသေသ)မှတ်၍ သတ်ခိုင်းရာ မထိုးဘဲ ရိုက်သတ်အံ့၊ ခိုင်းသူ သာမဏေ လိင်မကျ။

အမှာ ပါဏာတိပါတနှင့် စပ်ရာ၌ သီလပျက်မှု၊ ကံထိုက်မှု စသည်တို့ကို ဤနည်းချည်း မှတ်ပါ။

## (ဿ) လက်နက်ဖြင့် ပစ်လွှတ်၍သတ်သော နိဿဂ္ဂိယပယောဂ၌ လိင်ကျ-မကျ ဘယ်လိုလဲ?

(၁) ဥဒ္ဒိဿ-နိဿဂ္ဂိယ ရည်ညွှန်း ပိုင်းခြား၍ ပစ်လွှတ်သတ်ခြင်း၊ (၂) အနုဒ္ဒိဿ-နိဿဂ္ဂိယ ဘယ်သူသေသေ ဟု မရည်ညွှန်းပဲ ပစ်လွှတ်သတ်ခြင်း ၂-မျိုးရှိရာ ရည်ညွှန်း၍ ပစ်လွှတ်သတ်ရာ၌ ရည်ညွှန်းအပ်သူ သေပါမှ ပစ်လွှတ်သူသာမဏေ လိင်ကျ၏၊ ဥပမာ-စစ်ပွဲဆိုပါစို့၊ တဘက်က စစ်တပ်ကို ရိုင်ဖယ်နှင့် ဗိုလ်မှူးကိုသာ အကျပစ်မည်ဟု ရည်မှန်း၍ ပစ်လိုက်ရာ ဗိုလ်မှူးမထိဘဲ နောက်ဘက်ငယ်သား ထိမှန်၍ ကျဆုံးလေသော် သာမဏေအဖို့ လိင်မကျ၊ ဗိုလ်မှူးသေမှ လိင်ကျမည်၊ ဘယ်သူထိထိဟု မရည်မှန်း မပိုင်းခြားဘဲ ပစ်လွှတ်က တဦးဦး ထိသေက လိင်ကျပြီဟု မှတ်။

အမှာ သာဟတ္ထိက, ထာဝရ, ဝိဇ္ဇာမယ, ဣဒ္ဓိမယ ပယောဂတို့ကိုလဲ ဥဒ္ဒိဿ ရည်ညွှန်းမှုနှင့် အနုဒ္ဒိဿ မရည်ညွှန်းမှု ၂ မျိုးခွဲ၍ နိဿဂ္ဂိယအတိုင်း လိင်ကျ မကျ သိတတ်စေ။

## (ဎ) ထို့ပြင် လိင်ကျနိုင်သော သတ်နည်းမျိုး ရှိသေးသလား?

မသေချင်သူ မသတ်ဝံ့သူတို့ကို သေချင်လာအောင် သေဝံ့အောင် သေရေးချီးမွမ်းမှု, သေနည်းပေးမှု, ကိုယ်ဝန်ကျဆေး ပေးမှု, ကြောက်လန့်ဖွယ်, မနှစ်သက်ဖွယ် အဆင်းတို့ ပြမှု ထို ပယောဂတို့ကြောင့် သတ္တဝါသေလျှင် လိင်ကျ၏၊ ဤသူမရှိလျှင် ချမ်းသာမှာပဲ စသည်ဖြင့် ပရိယာယ်သွယ်ဝိုက်၍ ပြောရာ၌ ကြားသူက ထိုသူကို သေစေလိုသည်ဟု ရိပ်မိ၍ သတ်လျှင် သွယ်ဝိုက်ပြောသူ သာမဏေ လိင်ကျ၏၊ သာမဏေများအဖို့ ကြမ်းပိုး, ခြင်, ယင်, ကင်း, သန်း စသော သတ္တဝါအငယ်စားတို့ သတ်ဖြတ်လဲ လိင်ကျ၏၊ အကောင်ပေါက်မည့် ဘဲဥ, ကြက်ဥ စသည်တို့ ချက်ပြုတ်လျှင်လဲ လိင်ကျ၏၊ သတိပြု။

(သတ္တမအကြိမ်)

**(စ) ပါဏာတိပါတ၌ လိင်ကျနိုင်သည့် သမ္ဘာရအင်္ဂါ ဘယ်နှစ်ပါးလဲ?**

၁။ ပါဏော=သတ္တဝါဖြစ်ခြင်း
၂။ ပါဏသညိတာ=သတ္တဝါဟူသော အမှတ်ရှိခြင်း။
၃။ ဝဓကစိတ္တံ=သတ်လိုသေစေလိုသော စိတ်ရှိခြင်း။
၄။ ဥပက္ကမော=သတ်ခြင်းငှာ လုံ့လပြုခြင်း။
၅။ တေန မရဏံ=ထိုလုံ့လဖြင့် သေခြင်း၊ ပေါင်း ငါးပါး။

**သတ္တဝါရှိ၊ အမှတ်သိ၍၊ သတ်မည်စိတ်ထား၊ အားပါးစိုက်လျှဉ်း၊ သေခဲ့ခြင်းဟု၊ ကြောင်းရင်းငါးလီ၊ အင်္ဂါညီ၊ ကျပြီ ပါဏာတိ။**

ထိုသမ္ဘာရ အင်္ဂါငါးမျိုးစလုံး ပြည့်စုံမှ လိင်ကျသည်၊ ဥပမာ-သေအောင် ရိုက်လိုက်ရာ မသေခဲ့လျှင်"တေန မရဏံ" အင်္ဂါချို၍ လိင်မကျ၊ ဤနည်း မှီ၍ သိတတ်စေ။

**၂။ အဒိန္နာဒါနိယအင်္ဂါ၌ (က) သူတပါးဥစ္စာကို ခိုးယူဆိုတာ ဘယ်လိုလဲ?**

အရှင်က မစွန့်လွှတ်နိုင်တဲ့ ပစ္စည်းစုကို ကိုယ့်ဟာဖြစ်ရအောင် တိတ်-တိတ် လျှို့ဝှက်ယူခြင်းကို ခိုးယူဟု ဆိုရသည်၊ မြက်, ဝါးခြမ်း, တံပူ, ရေစသော အဖိုးမထိုက်တန်သော ဝတ္ထုကိုသော်လဲ မခိုးယူအပ် ခိုးယူလျှင် သိင်ကျ၏။

အဒိန္နာဒါနေ တိဏ သလာက မတ္တေနာပိ ဝတ္ထုနာ။ (ဟာ-ထာ)

တိတ်တိတ်မဝှက်ပဲ အတင်းလုယူ၊ ခါးပြတိုက်ယူ လိမ်ညာယူ၊ တရားစွဲယူ၊ ကမ္ပည်းပြောင်းယူ၊ ခြံရာ မြေရာတိုးယူစသောအားဖြင့် မပေးလိုတဲ့ ပစ္စည်းယူပုံ အမျိုးမျိုးသည် ခိုးမှုထဲသို့ ဝင်၏၊လိင်ကျ၏၊ ခိုးပုံ ၂၅-မျိုး ကျမ်းဂန် ဆို၏၊ အားလုံး လိမ်ကျနိုင်၏၊ သို့ပါ၍ လက်မှတ်မခံပဲ ရထား, သင်္ဘော စသည့်တို့ စီနင်းမှု၊ ရုံပွဲများ အတင်းဝင်ကြည့်မှု၊ မသွားရန် ကင်းထားရာသို့ သွားမှု၊သူခိုးနှင့်တိုင်ပင်၍ အစိုးရမကြိုက်သော အလုပ်တို့ကို လုပ်မှု စသည်တို့လည်း သာမဏေများ လိင်ကျ၏ဟု မှတ်ပါ၊ ကိုယ်တိုင် ခိုးသော သာဟတ္ထိက ပယောဂ,သူတပါးခိုင်းစေသော အာဏတ္တိက ပယောဂတို့လဲ လိင်ကျနိုင်သည်။

( သတ္တမအကြိမ် )

ခိုးခိုင်းသော အာဏာတ္တိက ပယောဂ၌ ရည်ညွှန်း ပိုင်းခြား၍ ခိုးခြင်း ဥဒ္ဒိဿအာဏာပက, မရည်ညွှန်းပဲ ခိုးခိုင်းသော အနုဒ္ဒိဿ အာဏာပက ၂-မျိုးခွဲပါ၊ ဥဒ္ဒိဿအာဏာပက၌ ရည်ညွှန်းပိုင်းခြားတိုင်း ခိုးယူမှ ခိုင်းသူ လိင်ကျ၏၊ အနုဒ္ဒိဿ အာဏာပက၌ တခုခု ခိုးခဲ့လျှင် လိင်ကျ၏၊ ဥပမာ- ရွှေခိုးပါဟု (ဝတ္ထု) ပိုင်းခြား၍ စေခိုင်းရာ ငွေခိုးလာလျှင် ခိုးခိုင်းသူ သာမဏေ လိင်မကျ၊ နံနက်ခိုးပါဟု (ကာလ) ပိုင်းခြား၍ စေခိုင်းရာ ညနေမှ ခိုးလာလျှင် လိင်မကျ၊ အိမ်တွင်းက ပစ္စည်းခိုးပါဟု (ဩကာသ) ပိုင်းခြား၍ စေခိုင်းရာ အိမ်ပြင်က ပစ္စည်း ခိုးလာလျှင် ခိုင်းသူ လိင်မကျ၊ ဤသို့ ရည်ညွှန်းပိုင်းခြားသည့်အတိုင်းခိုးမှသာလျှင် ခိုင်းစေသူလိင်ကျ၏၊ မပိုင်းခြားပဲ စွမ်းနိုင်သလို ခိုးခဲ့ခိုင်းရာ၌ ဘယ်ဟာခိုးခိုး ခိုးဖြစ်က ခိုင်းသူ လိင်ကျ၏၊ မခိုးဖြစ်လျှင် ခိုင်းသူ လိင်မကျဟု မှတ်။

## (ခ) ပရိယာယ်နှင့် ခိုးခိုင်းလိုက်လျှင် လိင်ကျသလား?

ထိုသူ၏ ပစ္စည်းတွေ တယ်များတယ် ရများ ရလျှင် ကောင်းမှာပဲ စသည်ဖြင့် သွယ်ဝိုက်၍ တိုက်ရိုက်မပြောပဲ ပရိယာယ်သုံးသည်ကို ကြားသူ က ရိပ်မိ၍ သွားခိုးယူလျှင် ပရိယာယ်သုံးသူ သာမဏေ လိင်မကျ၊ ဤ အဒိန္နာဒါန ခန်း၌ ပရိယာယ်လွတ်သည်ဟု မှတ်ပါ။

## (ဂ) အဒိန္နာဒါယီအတွက် လိင်ကျကြောင်း သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?

၁။ ပရပရိဂ္ဂဟိတံ=သူတပါး သိမ်းပိုက်ထားသော ပစ္စည်းဖြစ်ခြင်း။
၂။ ပရပရိဂ္ဂဟိတသညိတာ=သူတပါး သိမ်းဆည်း ထားသော ပစ္စည်းဟု မှတ်ထင်ခြင်း။
၃။ ထေယျစိတ္တံ=ခိုးလိုသော စိတ်ရှိခြင်း။
၄။ ဥပက္ကမော=လုံ့လပြုခြင်း။
၅။ တေန ဟရဏံ=ထိုလုံ့လဖြင့် ခိုးယူခြင်း၊ ပေါင်း ငါးပါး။

သူ့ဥစ္စာ၊ သူ့ဥစ္စာဟု၊ မှတ်ပြုသညိတ်၊ ခိုးလိုစိတ်ထား၊ အားပေါ်း ခိုက်လျှင်း၊ ခိုးယူခြင်းဟု၊ ကြောင်းရင်းငါးလီ၊ အင်္ဂါညီ၊ ကျပြီအာဒိန္န။

(သတ္တမအကြိမ်)

ထိုအင်္ဂါ ၅ ပါးစလုံး ပြည့်စုံမှ လိင်ကျသည်၊ ဥပမာ လမ်း၌ ငွေထုပ်ကို ခိုးလိုစိတ်ဖြင့် ကောက်ယူခဲ့ရာ ငွေထုပ်ရှင် မရှိသဖြင့် ပရပရိဂ္ဂဟိတ-အင်္ဂါ ချို့၍ လိင်မကျ၊ ဤနည်းမှီ၍ သိတတ်စေ။

## ၃။ အဗြဟ္မစာရိအင်္ဂါ၌ (က) မမြတ်သော မေထုန်အကျင့်ဆိုတာ ဘယ်လိုအကျင့်လဲ?

ရာဂ-နှိပ်စက်ခြင်းတူသော ယောကျ်ား, မိန်းမနှစ်ဦးတို့၏ ပျော်မွေ့မှီဝဲသော အကျင့်ယုတ်ကို မမြတ်သော မေထုန်အကျင့်ဟု ခေါ်သည်၊ မေထုနသဒ္ဒါမှ မေထုန်ခေါ်သည်၊ မေထုနသဒ္ဒါသည် ရာဂနှိပ်စက်ခြင်းတူသူ နှစ်ဦးတို့၏ ဥစ္စာဖြစ်သော အကျင့်ယုတ်ကို ဟောသည်၊ "မေထုနာနံ သဒိသာနံ အယန္တိ မေထုနော" ပြု၊ ထိုမေထုန်အကျင့်သည် သူတော်ကောင်းတို့ စက်ဆုပ်အပ်၍ လျှို့ဝှက်သောအရပ်၌ သူယုတ်မာတို့ ပြုကျင့်လေ့ရှိသဖြင့် မမြတ်သောအကျင့်ဖြစ်သောကြောင့် အဗြဟ္မစရိယဟု ခေါ်သည်၊ ပကတိပြင်ပလေ မထိသော, သုံးပါးမဂ်၌ မိမိအင်္ဂါဇာတ်ကို နှမ်းစေ့မျှသွင်း၍ ထိုမမြတ်သောအကျင့် ကျင့်သောသာမဏေ လိင်ကျ၏၊ ထို့ထက်သွင်းက ပြောဖွယ်မရှိ။

### (ခ) သုံးပါးမဂ်ဆိုတာ ဘာလဲ?

၁။ ဝစ္စမဂ်=ကျင်ကြီးလမ်းပေါက်။

၂။ ပဿာဝမဂ်=ကျင်ငယ်လမ်းပေါက်။

၃။ မုခမဂ်=ခံတွင်းပေါက်၊ ပေါင်း သုံးပါး။

ဝစ္စ, ပဿာဝံ၊ ထက်မုခံ၊ သုံးတန် မဂ်အပြား။
ကျင်ကြီး, ကျင်ငယ်၊ နှုတ်ခမ်းဝယ်၊ သုံးသွယ်အပေါက်များ။

ထိုမဂ်သုံးပါးတွင် တပါးပါး၌ မှီဝဲလျှင် လိင်ကျ၏။

အဗြဟ္မစရိယေ တီသု မဂ္ဂေသု ယတ္ထ ကတ္ထစိ ဝိပ္ပဋိပတ္တိယာ။

(ဟာ-ထာ)

(သတ္တမအကြိမ်)

## (ဂ) လူအမ၌ မေထုန်မှီဝဲမှ လိင်ကျသလား?

လူအမ, လူဥဘတောဗျည်း, လူအထီး, လူပဏ္ဍုက်, နတ်မ, နတ်ဥဘတောဗျည်း, နတ်ထီး, နတ်ပဏ္ဍုက်, တိရစ္ဆာန်မ, တိရစ္ဆာန် ဥဘတောဗျည်း, တိရစ္ဆာန်ထီး, တိရစ္ဆာန်ပဏ္ဍုက် မှီဝဲအပ်တဲ့ ပုဂ္ဂိုလ် ၁၂-ယောက်တို့တွင် ဘယ်သူကို မှီဝဲ မှီဝဲ လိင်ကျ၏။

ဥဘတောဗျည်းဆိုတာ မိန်းမ၏အင်္ဂါဇာတ်, ယောကျာ်း၏အင်္ဂါဇာတ် ၂-မျိုးပါ၏။ ယောကျာ်း, မိန်းမမဟုတ်ပဲ အင်္ဂါဇာတ်ချို့သူကို ပဏ္ဍုက် ဟု ခေါ်သည်၊ ထို့ကြောင့် အမနှင့် ဥဘတောဗျည်းတို့မှာ မဂ်သုံးပါး လုံးစီ ရ၏၊ အထီးနှင့်ပဏ္ဍုက်တို့မှာ ဝစ္စမဂ် မုခမဂ် ၂-ပါးသာရ၏၊ အထက်ပါ ပုဂ္ဂိုလ် ၁၂-ယောက်တွင် အမ-၃, ဥဘတောဗျည်း ၃-တို့၌ မဂ် ၁၈-ပါး ထီး-၃, ပဏ္ဍုက်-၃-တို့၌ မဂ် ၁၂-ပါး၊ ပေါင်း မဂ် ၃၀-ဖြစ်သည်။

**မ-ဗျည်း, ထီး, ပဏ်၊ လူ, နတ်, ဆွာန်၊ ပွားရန် ပုဂ္ဂိုလ်ထား။**
**မ-ဗျည်း၃ -မဂ်၊ ထီး, ပဏ်တွက်၊ ၂-မဂ် ကိုယ်စီပွား။**
**ကိုးကိုးခြောက်ခြောက်၊ ပေါင်းကာလျောက်၊ မဂ်ပေါက် ၃၀-ကြား။**
(ထိုမဂ်ပေါက် ၃၀-တွင် တပေါက်ပေါက်၌ မေထုန်မှီဝဲလျှင် လိင်ကျ၏)

## (ဃ) အပြဟ္မစာရီအတွက် လိင်ကျနိုင်သော သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?

၁။ သေဝနစိတ္တံ=မှီဝဲလိုသောစိတ် ရှိခြင်း။
၂။ မဂ္ဂေန မဂ္ဂပဋိပါဒနံ=မိမိမဂ်ဖြင့် သူတပါးမဂ်သို့ သွင်းခြင်း၊ ပေါင်း ၂-ပါး။

**မှီဝဲလိုဘိ၊ စိတ်လည်းရှိလျက်၊ သူ၏မဂ်တွင်း၊ ကိုယ့်မဂ်သွင်းဟု၊ ကြောင်းရင်းနှစ်လီ၊ အင်္ဂါညီ၊ ကျပြီအပြဟ္မ။**

## (င) အရှင်ပုဂ္ဂိုလ်၌သာ မေထုန်မှီဝဲလျှင် လိင်ကျသလား?

သေသော ပုဂ္ဂိုလ်တို့၌လည်း မဂ်တို့ မပျက်စီးကြသေးပဲ မှီဝဲလျှင် လိင်ကျသည်ဟုမှတ်၊ အလွန်ပုပ်ပွ၍ ပျက်စီးကုန်ပါမူ ဒုက္ကဋ်အပြစ်လောက် သာ သင့်ဖို့ ရှိတန်ရာသည်။

( သတ္တမအကြိမ် )

## ၄။ မုသာဝါဒီ အင်္ဂါ၌ (က) မဟုတ်မမှန်သော စကားဆိုတာ ဘယ်လို စကားလဲ ?

ဟုတ်တာကို မဟုတ်တာလုပ်၍ ပြောခြင်း၊ မဟုတ်တာကို အဟုတ်လုပ်၍ပြောခြင်း၊ ရှိတာကို မရှိလုပ်၊ မရှိတာကို အရှိလုပ်၊ ငယ်တာကို အကြီးလုပ်၊ အကြီးကို အငယ်လုပ်၊ ကြေးကို ရွှေလုပ်၊ ရွှေကို ကြေးလုပ် စသော အားဖြင့် မမှန်သောစကား ဟူသမျှသည် မဟုတ်မမှန်သော စကားမည်၏၊ ထိုမဟုတ်မမှန်သော စကားကို သာမဏေများ ရယ်မြူးလို၍မျှလဲ မပြောကောင်း၊ ပြောလျှင် လိင်ကျ၏၊ တကယ်ယုံစေသ်၍ ပြောမှု၌ ဆိုဖွယ်မရှိ။

မုသာဝါဒေ ဟသာဓိပ္ပါယတာယပိ မုသာ ဘဏိတေ အဿ- မဏော ဟောတိ၊ နာသေတဗ္ဗတံ အာပဇ္ဇတိ။ (ဟာ-ထာ)

### အပြစ်ကြီးပုံ

မုသာဝါဒသည် ရဟန်းတို့၌ အလွန် အပြစ်ကြီးလေးသော စတုတ္ထ ပါရာဇိကအာပတ်ကိုသော်လဲ သင့်ရောက်စေတတ်၏၊ သာမဏေများ အဖို့၌ အရပ်တပါးရောက်သောအခါ ငါရဟန်းဟု လိမ်လည်၍ ဝါရေ တွက်ခြင်း၊ ရဟန်းသာမဏေတို့ ရှိခိုးခံခြင်းနှင့် ဥပုသ်, ပဝါရဏာများ ပြုအံ့၊ ထိုသာမဏေသည် လိမ်၍ ပေါင်းဖော်သောကြောင့် သံဝါသ ထေနက ဖြစ်၍ ဤဘဝ သာမဏေ, ရဟန်းမပြုနိုင်ပဲ ဆုံးရှုံးခြင်းသို့လည်း ရောက်နိုင်သည်ကို သတိပြု။

### (ခ) မုသာဝါဒီ၌ လိင်ကျနိုင်သောသမ္ဘာရအင်္ဂါတို့ ဘယ်လောက်ရှိသလဲ?

၁။ အတထဝတ္ထု=မဟုတ်မမှန်သော ဝတ္ထုလည်း ဖြစ်စေ။

၂။ ဝိသံဝါဒနစိတ္တတာ=လိမ်လည်လှည့်ဖြား ချွတ်ယွင်းစေလိုသော စိတ်ရှိသည်လည်း ဖြစ်စေ။

၃။ တဇ္ဇောဝါယာမော=ထိုအားလျော်သော လုံ့လရှိသည်လည်း ဖြစ်စေ။

၄။ ပရဿ တဒတ္ထဝိဇာနနံ=ထို ပြောသော စကား၏ အဓိပ္ပာယ်ကို သူတပါး သိသည်လည်းဖြစ်စေ၊ ပေါင်း လေးပါး။

**မမှန်ဝတ္ထု၊ ချွတ်မှုစိတ်ထား၊ ထိုအားလုံ့လ၊ ပြောပြသိခြင်း၊ ကြောင်းရင်းလေးလီ၊ အင်္ဂါညီ၊ ကျပြီ မုသာဝါဒ။**

**(သတ္တမအကြိမ်)**

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံမှသာ ပုသာဝါဒအရ လိုင်ကျမည်၊ ဥပမာ—မမှန်သောဝတ္ထုကို ပိမိစိတ်က အမှန်ထင်၍ ပြောသော်လဲ ဝိသံဝါဒနစိတ္တတာ-အင်္ဂါအတွက် လိုင်မကျဟုမှတ်၊ ဤအင်္ဂါလေးပါးကား အဋ္ဌသာလိနီအလာ ဖြစ်ပေသည်။

( ဂ ) ဝိနည်းကျမ်းလာ အင်္ဂါတို့ ဘယ်လို ရှိပါသလဲ?

၁။ ချွတ်ယွင်းခြင်းကို ရှေးရှုခြင်း၊ (အလွဲအမှားကို မှတ်မှားစေလိုခြင်းဟု ဆိုလိုသည်။)

၂။ ချွတ်ယွင်းလိုသောစိတ်ဖြင့် မိမိဆိုလိုသော အနက်ကို တဘက်သား သိစေလိုသော လုံ့လရှိခြင်း၊ ပေါင်း ၂-ပါး။

(ကင်္ခါဝိတရဏီ အဋ္ဌကထာ)

ချွတ်ယွင်းရှေးရှု၊ သိစေမှုတွက်၊ လုံ့လဘက်ခြင်း၊
ကြောင်းရင်းနှစ်လီ၊ အင်္ဂါညီ၊ ကျပြီ မုသာဝါဒ။

ထို ၂-ပါး၌ ဝတ္ထုဝိပရိတတာ-ဝတ္ထုဖောက်ပြန်ခြင်း အင်္ဂါ ထည့်၍ ၃-ပါးဟု ဝိမတိဋ္ဌိကာ ဆိုသည်။

ရယ်မြူးလို၍ လိမ်ပြောရာ၌ ( ၁ ) ရယ်မြူးလိုခြင်းကို ရှေးရှုခြင်း၊ (၂) ရယ်မြူးလိုသောစိတ်ဖြင့် ဆိုလိုသောအနက်ကို တဘက်သား သိစေလိုသော ပယောဂရှိခြင်းဟု အင်္ဂါ ၂-ပါး ခွဲမှတ်ပါ။

(ဃ) မုသာဝါဒီဟုဆိုရာ၌ နှုတ်ဖြင့်လိမ်ပြောမှ လိုင်ကျသလား?

များသောအားဖြင့် လိမ်ရာ၌ နှုတ်ဖြင့်သာ ပြောလေ့ရှိ၍ မုသာဝါဒီ ဆိုငြား သော်လည်း လက်, ဦးခေါင်း စသော ကိုယ်အင်္ဂါတို့ဖြင့်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့်လည်းကောင်း သူတပါးအား လိမ်လည်မှုပြုလျှင် လိုင်ကျသည်ဟုမှတ်။

၅။ သုရာမေရယ မဇ္ဇပါယီ အင်္ဂါ၌ (က) သေရည် သေရက် ဆိုတာ ဘာလဲ?

သုရာကို သေရည်၊ မေရယကို အရက်ဟုလည်းကောင်း၊ သေရက်ဟုလည်းကောင်း မြန်မာပြန်ကြသည်။

( သဒ္ဒမအကြိမ် )

## သုရာခေါ် သေရည် ငါးပါး

၁။ ပိဋ္ဌသုရာ=ဆန်မှုန့်ကို ပြုလုပ်သော (ဆန်မှုန့်ကို အိုး၌ ထည့်ပြီး သင့်တော်လောက်သော ရေဖြင့် နယ်၍ ပြုလုပ်အပ်သော) သေရည်။
၂။ ပူဝသုရာ=မုယောမုန့်ကို ပြုလုပ်သော သေရည်။
၃။ ဩဒနသုရာ=ထမင်းကို ပြုလုပ်သော သေရည်။
၄။ ကိဏ္ဏပက္ခိတ္တသုရာ=သေမျိုးခေါ် တဆေးမှုန့်ကို စပ်၍ ပြုလုပ်သော သေရည်။
၅။ သမ္ဘာရသံယုတ္တသုရာ = ဖန်ခါးသီး, မုန်ညင်းစေ့ စသော အဆောက်အဦး အမျိုးမျိုးတို့ကို ပေါင်းစု၍ ပြုအပ်သော သေရည်။

ပိဋ္ဌ, ပူဝ၊ ဩဒန၊ ကိဏ္ဏ, သမ္ဘာရာ။

## မေရယ အရက်ငါးပါး

၁။ ပုပ္ဖါသဝ=သစ်မည်စည်ပွင့်,ထန်းပွင့်,အုန်းပွင့် စသော ပန်းပွင့်တို့ကို ကြာမြင့်စွာ စိမ်အပ်သော အရက်။ (ပန်းပွင့်စိမ်ရည်)
၂။ ဖလာသဝ=ပိန္နဲသီး စသော သစ်သီးရေမှ ဖြစ်သော အရက်။ (အသီးစိမ်ရည်)
၃။ မဓွာသဝ=စပျစ် မုဒရက်ခေါ် သပြက်သီးရည်ကို စိမ်အပ်သော အရက် (သပြက်သီးစိမ်ရည်)
၄။ ဂုဠာသဝ=ကြံရည်ကို စိမ်အပ်သော အရက်။ (ကြံရည်စိမ်ရည်)
၅။ သမ္ဘာရ သံယုတ္တ=ဖန်ခါးသီး စသော အဆောက် အဦးတို့ကို စိမ်အပ်သောအရက်။ (ပေါင်းစုစိမ်ရည်)

ပုပ္ဖ, ဖလ၊ မဓွာသ၊ ဂုဠ, သမ္ဘာရာ။

သုရာ-သေရည်ကို ရေဖြင့်နယ်၍ ပြုလုပ်အပ်သည်၊ မေရယ-အရက်ကို ကြာမြင့်စွာ စိမ်၍ ပြုလုပ်အပ်သည်ဟု အထူးမှတ်ပါ၊ ထိုသေရက်ဘို့ကို မျိုးထည့်သည်မှစ၍ လည်းကောင်း၊ ယစ်မျိုးအလိုငှါ စီရင်သည်မှစ၍

လည်းကောင်း၊ သမန်း မြက်ဖျားမျှပင် သိလျက် သောက်စားသော သာမဏေအား လိုင်ကျ၏၊ ထို့မှတပါး မူးယစ်စေတတ်သော ဘိန်း, ဘင်း, ကဇော်, လော်စာ, ဆေးခြောက်တို့ကို ရှူခြင်း, စားခြင်း, မီးဖိုးယားထိုးခြင်း စသည်များသည် မဇ္ဇ-သဒ္ဒါ၌ သက်ဝင်သဖြင့် သာမဏေများ လိုင်ကျနိုင်၏ဟု မှတ်ပါ။

ယံ ဝါ ပနညံပိ ကိဉ္စိ အတ္ထိ မဒနီယံ၊ ယေန ပီတေန မတ္တော ဟောတိ ပမတ္တော ဣဒံ ဝုစ္စတိ မဇ္ဇံ။ (သုတ္တသင်္ဂဟ အဋ္ဌကထာ ခုဒ္ဒကပါဌ အဋ္ဌကထာ။)

## (ခ) သုရာမေရယ မဇ္ဇပါယိ၌ လိုင်ကျမည့် သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?

၁။ မဇ္ဇဘာဝေါ=ယစ်မျိုးဖြစ်ခြင်း။
၂။ ပိတုစိတ္တော=သောက်လိုသော စိတ်ရှိခြင်း။
၃။ တဇ္ဇပါယာမော=ထိုအားလျော်သော လုံ့လရှိခြင်း။
၄။ တဿ ပိတံ = ထိုယစ်မျိုးကို လည်ချောင်း ပေါက်အောက် ရောက်အောင် သောက်ခြင်း၊ ပေါင်း လေးပါး။

**ယစ်မျိုးဖြစ်ငြား၊ သောက်စိတ်ပွား၍၊ ထိုအားလုံ့လ၊ သောက်မျိုချခြင်း၊ ကြောင်းရင်းလေးလီ၊ အင်္ဂါညီ၊ ကျပြီ သုရာမေရယ။**

မဇ္ဇဘာဝေါ ပိတုစိတ္တော၊ တဇ္ဇော စ ဝါယမော တထာ။
အဇ္ဈောဟရဏပါနဿ၊ တမ္ဘာရာ စ စတုရော မတာ။ (သုတ္တသင်္ဂဟ)

## ဝိနည်းကျမ်းတို့နှင့် လျော်သောအင်္ဂါ

၁။ မဇ္ဇဘာဝေါ=ယစ်မျိုးဖြစ်ခြင်း။
၂။ မဇ္ဇဇာနနံ=ယစ်မျိုးဟု သိခြင်း။
၃။ တဿ ပိတံ=ထိုယစ်မျိုးကို သောက်မျိုခြင်း၊ ပေါင်း သုံးပါး။

**ယစ်မျိုးဖြစ်လာ၊ စိတ်သိပါ၍၊ သောက်မျိုကာသွင်း၊ ကြောင်းရင်းသုံးလီ၊ အင်္ဂါညီ၊ ကျပြီသုရာမေရယ။**

( သတ္တမအကြိမ် )

သုရာမှန်း မသိပဲ သောက်မိလျှင် သရဏဂုံပျက်ခြင်း, လိင်ကျခြင်း မရှိသော်လဲ ပန်းပန်ခြင်းတို့၌ကဲ့သို့ အကုသိုလ်ဖြစ်၍ သုရာပါန ဝေရမဏီ သိက္ခာပုဒ်ကား ပျက်၏ဟု ဝိမတိ, ဝိနယာလင်္ကာရဋီကာတို့ ဆို၏။

## ၆။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ အင်္ဂါ၌ (က) မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကဲ့ရဲ့သော စကားဆိုတာ ဘယ်လို စကားလဲ ?

ဘုရားရှင်၏အရဟံ-စသောဂုဏ်တော်များနှင့်ဆန့်ကျင်ဘက်အားဖြင့် ပြန်လှန်ပြောဆိုသော စကားမျိုးကို ကျေးဇူးမဲ့ကဲ့ရဲ့တဲ့ စကားဟု ဆိုရပါသည်။

> အရဟံ သမ္မာသမ္ဗုဒ္ဓေါတိအာဒိနံ ပဋိပက္ခဝသေန ဗုဒ္ဓဿ
> ဝါ။လ။ အဝဏ္ဏံ ဘာသန္တော ရတနတ္တယံ နိန္ဒန္တော ဂရဟန္တော။

(ဟာ—ထာ)

**ကဲ့ရဲ့ပြောဆိုပုံ** ဘုရားရှင်ဟာ (၁) ပူဇော်အထူး မခံထိုက်ပါဘူး၊ (၂) တရားအလုံးစုံကို ကိုယ်တိုင် မသိပါဘူး၊ (၃) စကားကောင်းကို မပြောဆိုတတ်ပါဘူး၊ (၄) ဝိဇ္ဇာစရဏ တရားမြတ်တို့နှင့် မပြည့်စုံပါဘူး၊ (၅) လောကသုံးပါးကို မသိနိုင်ပါဘူး၊ (၆) အတုမရှိ မမြတ်ပါပဲ ယဉ်ကျေးအောင် မဆုံးမတတ်ပါဘူး၊ (၇) နတ်လူတို့ရဲ့ ဆရာ မဟုတ်ပါဘူး၊ (၈) သစ္စာလေးပါး မသိနိုင်ပါဘူး၊ (၉) ဘုန်းသမ္ဘာ မကြီးပါဘူး၊ ဤစကားတို့ကား ဂုဏ်တော် ကိုးပါးကို အစဉ်အတိုင်းပြန်၍ ကဲ့ရဲ့သော စကားတို့တည်း၊ ထိုစကားမျိုးကို သာမဏေများ မပြောရ မပြောကောင်း၊ ဤတွင်မဟုတ် ဘုရားရှင်၌ မရေတွက်နိုင်သော ဂုဏ်တို့ ရှိပါသဖြင့် ထိုဂုဏ်တို့နှင့် ထိပါးဆန့်ကျင်သော စကားမျိုး မပြောရ။

## (ခ) ဗုဒ္ဓဿ အရ ဘယ်ဘုရား ယူရမလဲ ?

အလုံးစုံကိုသိမြင်တတ်သောသက်တော်ထင်ရှား သဗ္ဗညုမြတ်ဘုရားကို ယူပါ၊ ဘုရားရှင်၏ဓာတုစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတို့ကိုလည်း ထည့်ယူပါ၊ ထိုစေတီများကို ကျောက်တုံးပဲ, အုတ်ပုံပဲ စသည်ဖြင့် ကဲ့ရဲ့ ဖြစ်တင်သော စကားမျိုးကို သာမဏေများ မပြောကောင်းဟု မှတ်။

၇။ **ဝပ္ပဿ အဝဏ္ဏံ ဘာသတိ** အင်္ဂါ၅လည်း ရှေးနည်းအတူ သွားကျွန်က တာစသော ဂုဏ်ဟောင်တို့နှင့် ဆန့်ကျင်ဘက်အားဖြင့် ပြန်လှန် ပြောဆို သော စကားတို့ကို ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားဟု မှတ်ပါ။

ကဲ့ရဲ့ပြောဆိုပုံ မဂ်,ဖိုလ်,နိဗ္ဗာန်,ပရိယတ်တရားတို့ဟာ (၁)ဘုရားရှင် ကောင်းစွာ ဟောကြားအပ်တဲ့ တရားမဟုတ်ပါဘူး၊ (၂)အရိယာအရှင် တို့ ကိုယ်တိုင် သိမြင်တဲ့ တရားမဟုတ်၊ (၃) အခါမလင့် အကျိုးပေးမဲ့ တရားမဟုတ်၊ (၄) လာလှည့် ရှုလှည့်ဟု တိုက်တွန်းအပ်သော အစီရင်ကို ခံထိုက်တဲ့ တရားမဟုတ်၊ (၅) ကပ်၍ ဆောင်ယူထိုက်တဲ့ တရားမဟုတ်၊ (၆) အရိယာတို့ ကိုယ်စီ ကိုယ်ငှ သိအပ် **ခံစားအပ်တဲ့** တရား မဟုတ်ဟု ပြောဆိုခြင်းသည် ကဲ့ရဲ့သောစကားတို့တည်း၊ ဤတရားဂုဏ် ခြောက်ပါး အပြန်မျှ ကဲ့ရဲ့ပုံ စကားတို့ကို သာမဏေတို့ မပြောကောင်း၊ ထိုမှတပါး ကဲ့ရဲ့ပုံမျိုးလဲ မပြောအပ်ဟု မှတ်။

## ဓမ္မဿအရ ဘယ်တရား ယူရမလဲ?

ဓမ္မဿ-အရ မဂ်လေးပါး,ဖိုလ်လေးပါး,နိဗ္ဗာန်,ပရိယတ္တိ ဓမ္မပေါင်း ဆယ်ပါး ယူပါ။

၈။ **သံဃဿ အဝဏ္ဏံ ဘာသတိ** အင်္ဂါ၁လည်း အထက်နည်းတူ သုပ္ပဋိပန္နတာ စသော ဂုဏ်ဘော်တို့နှင့် ဆန့်ကျင်ဘက် အပြန်အားဖြင့် ပြောသော စကားမျိုးကို ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားဟု မှတ်ပါ။

ကဲ့ရဲ့ပြောဆိုပုံ သံဃာတော် အပေါင်းဟာ (၁) ကောင်းသော အကျင့် မကျင့်ကြပါဘူး၊ (၂) ဖြောင့်မတ်တဲ့ အကျင့် မကျင့်ပါဘူး၊ (၃) နိဗ္ဗာန်အကျိုးငှါ ကျင့်တာမဟုတ်၊ (၄) ရိုသေထိုက်အောင် ကျင့် တာမဟုတ်၊ (၅) အဝေးမှဆောင်၍ လှူအပ်တဲ့ပစ္စည်းများ မခံထိုက်ပါ ဘူး၊ (၆) ဧည့်သည်တို့အလို့ငှါစီရင်ထားတဲ့ အာဂန္တုကဒါနကို မခံထိုက် ပါဘူး၊ (၇) မြတ်သော အလှူအား မလျော်ပါဘူး၊ (၈) လက်အုပ်ချီ ခြင်းကို မခံထိုက်ပါဘူး၊ (၉) လူအပေါင်းတို့ ကုသိုလ်မျိုးစေ့ စိုက်ပျိုး ရာ လယ်မြေကောင်း မဟုတ်ကြပါဘူးဟု ပြောဆိုခြင်းသည် ကျေးဇူးမဲ့ ကဲ့ရဲ့တဲ့ စကားတို့တည်း။

(သတ္တမအကြိမ်)

ဤသံဃာ့ဂုဏ်ကိုးပါးနှင့် ပြန်လှန်ကဲ့ရဲ့သောစကားတို့ကိုသာမကတော့ မပြောအပ်၊ ထိုမှတပါး သံဃာတော်တို့၏ဂုဏ်တို့ကို ထိပါးပြန်လှန်သော စကားတို့ကိုလဲ မပြောအပ်။

## (က) သံဃာ အရ ဘယ်သံဃာ ယူရမလဲ ?

အရိယာ သံဃာ ရှစ်ပါးကို မချယူ၊ ပုထုဇဉ် သံဃာတော်များကိုလဲ ဥပစာအားဖြင့် ထည့်သွင်းယူပါ။

## (၉) မိစ္ဆာဒိဋ္ဌိကော ဟောတိ အင်္ဂါ၌ (က) မှားသော အယူဆိုတာ ဘယ်လိုအယူလဲ ?

၁။ သဿတဒိဋ္ဌိ-အမြဲ ဆက်လက် မပြတ်ပဲ နေသည်ဟု ထင်မှတ် စွဲယူခြင်း (သဿတ=အမြဲ ဆက်လက် မပြတ်ပဲ နေသည်ဟု+ ဒိဋ္ဌိ=ထင်မှတ် စွဲယူခြင်း။)

၂။ ဥစ္ဆေဒဒိဋ္ဌိ-ပြတ်စဲသည်ဟု ထင်မှတ် စွဲယူခြင်း (ဥစ္ဆေဒ=ပြတ်စဲ သည်ဟု+ဒိဋ္ဌိ=ထင်မှတ် စွဲယူခြင်း။) ဤ ၂-ပါးကို မှားသော အယူဟု ဆိုရပါသည်။

ဥပမာ—ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာတို့ဟာ ဤဘဝ ဤခန္ဓာ သေလျှင် ထိုထို ဘဝသို့ ကူးပြောင်း ရွှေ့သွားကြသည်၊ ပြတ်စဲမှု မရှိ အမြဲထာဝရ တည်ရှိနေကြသည်ဟု ထင်မြင်ယူဆခြင်းသည် သဿတဒိဋ္ဌိ စွဲသည်ဟုမှတ်၊ ဤပုဂ္ဂိုလ် သတ္တဝါ လူ့နတ်တို့သည် ဘဝဟာပါးပြောင်း ရွှေ့ရိုး မရှိ၊ ဤဘဝ ဤခန္ဓာချုပ်လျှင် ပြတ်စဲသွားတော့သည်၊ ဤဘဝ ကောင်းမှု မကောင်းမှုပြုလုပ်လျှင်လဲတမလွန်ဘဝကောင်းကျိုး ဆိုးကျိုး ပေးရိုး မရှိဟု ပြတ်စဲမှုကို စွဲယူသူသည် ဥစ္ဆေဒဒိဋ္ဌိ စွဲယူသူဟု မှတ်ပါ၊ ထိုနှစ်ပါးစလုံး သာမဏေများ မစွဲယူအပ်။

## (ခ) အစွဲပြုတ်အောင် ဘယ်သို့ ဉာဏ်သွင်းရမလဲ ?

ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာဆိုတာ အဟုတ် တကယ် မရှိ၊ ဒိဋ္ဌိ သမားတို့ ထင်မြင်ကြံဆမှုသာဖြစ်ခဲ့ပေသည်၊တကယ်အဟုတ်ရှိသည်ကား

အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော အာရုံ ကိုင်းညွတ်မှု နာမ် သဘောတရားနှင့် ဖောက်ပြန်တတ်သော ရုပ်သဘောတရား ၎င်း နာမ် ရုပ်နှစ်ပါးသာ ကေန်စင်စစ်ရှိပါသည်တကားဟု ဉာဏ်မြင်လျှင်အကောင် သတ္တဝါ ရှာမရသဖြင့် အကောင် သတ္တဝါ အမြဲဆက်သည်ဟု ယူဆသော သဿတဒိဋ္ဌိ မစွဲနိုင်၊ အကောင် သတ္တဝါ ပြတ်သည်ဟု ယူဆသော ဥစ္ဆေဒ ဒိဋ္ဌိလဲ မစွဲနိုင်ပါ၊ ဥပမာ-ထန်းဖိုပင်၌ အသီးမသီးဟု ဉာဏ်မြင်နေသူသည် ထန်းဖိုသီး ရှေးနှစ် သီးလိမ့်မည်ဟုလည်းကောင်း၊ ယခုနှစ်မသီးတော့ဟု လည်းကောင်း အမျိုးမျိုးကြံဆဖွယ်မရှိသကဲ့သို့ ပုဂ္ဂိုလ် အကောင်မရှိလျှင် ပုဂ္ဂိုလ် အကောင် မြဲသည်ဟူ၍ လည်းကောင်း၊ ပြတ်သည်ဟူ၍ လည်းကောင်း စွဲလမ်းဖွယ် မရှိသည်ကို သဘောကျနိုင်ပါစေ၊ ဆိုခဲ့သော ရတနာသုံးပါး၌ ကျေးဇူးမဲ့ ကဲ့ရဲ့သော သာမဏေ, ဒိဋ္ဌိအယူ ယူသော သာမဏေတို့ကို ဆရာဥပဇ္ဈာယ်တို့က သုံးကြိမ်တိုင် တားမြစ် ပိတ်ပင် ရမည်၊ ထိုသို့ တားမြစ်ပိတ်ပင်၍ မိမိတို့ ကဲ့ရဲ့စွဲယူမှုကို စွန့်လွှတ်ပါက ဒဏ်ထမ်းစေ၍ သံဃာ့အလယ်၌ "အစ္စယော မံ ဘန္တေ အစ္စာဂမာ" စသော ပါဠိဘာသာဖြင့်ဖြစ်စေ၊ သို့မဟုတ် "အရှင်မြတ်တို့ ဘုရား တပည့်တော် မိုက်မဲတွေဝေ မလိမ်မာသည့်အလျောက် ကဲ့ရဲ့ခြင်း၊အမှား ယူခြင်း အပြစ်သို့ ရောက်ခဲ့ပါပြီ၊ သံဃာတော်သည် ထိုတပည့်တော်၏ အပြစ်ကို အပြစ်အားလျော်စွာ နောင်အခါ စောင့်ရှောက် ပါရခြင်း အကျိုးငှါ အနာမယူ သည်းခံတော်မူကြပါဘုရား"ဟုမြန်မာဘာသာဖြင့် ဖြစ်စေ၊ကိုက်ရာဘာသာဖြင့် အပြစ်ရောက်ခဲ့မိကြောင်း ပြောကြားစေ အပ်၏၊ ဆရာဥပဇ္ဈာယ်တို့ သုံးကြိမ်တိုင် တားမြစ်ပိတ်ပင်သော်လဲ မရပဲ ရှေးနည်းအတိုင်း စွဲယူနေသော သာမဏေကို လိင်္ဂနာသနအရာ အသွင် ဖျက်၍ လူထွက်စေအပ်၏ဟု အဋ္ဌကထာ အထူး မိန့်ဆိုတော်မူပါသည်၊ ဝိမတိဋီကာ၌ကား အယူစွန့်၍ သံဃာ့အလယ် ပြောကြားပြီးသော သာမဏေအား သရဏဂုံသီလ ပေးအပ်၏ဟု ဆိုပေသည်။

### (ဂ) ပုထုဇဉ် သာမဏေတို့မှာ မှားသော အယူကို မပယ်နိုင်သေးသည် မဟုတ်လော ?

မပယ်နိုင်ကြသေးပါ၊ သို့သော် ဆရာများ ရုပ်,နာမ်ခွဲခြား၍ဟောပြ ခဲ့လျှင် အသိဉာဏ်အထိုက်အလျောက်ပေါ်ပေါက်ကမိစ္ဆာဒိဋ္ဌိလူမျိုးများ

( သတ္တမအကြိမ် )

ကဲ့သို့ အလှန်စဲ့လမ်း၍ယူသော ဒိဋ္ဌိရှိမည် မဟုတ်ပါ၊ အလှန်စဲ့ယူသော ဒိဋ္ဌိသာ ပါရာဇိကဌာန ဖြစ်ခြင်း၊ လိင်နာသန အသွင်ပျက်ခြင်းကို ပြုရမည်ဟု–

"သဿတုစ္ဆေဒဒိဋ္ဌိံ ဒဠှံ ဂဟေတွာ ဝေါဟရတိ၊ တဿ သာ ပါရာဇိကဋ္ဌာနံ ဟောတိ၊ သော စ လိင်္ဂနာသနာယ နာသေတဗ္ဗော"ဟု ဝိ·ဋ္ဌ ဆိုသည်။

သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိအယူကို ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း လွန်ကျူးမှ ဝိနည်းပြစ် ဖြစ်သည်၊ စိတ်ဖြင့် လွန်ကျူးလျှင် ဝိနည်းပြစ် မရှိဟု အဋ္ဌကထာဆရာတော်ဘုရား မိန့်သည်ဟု ညောင်လေးပင် ရှင့်ကျင့်ဝတ်၌ ပါရှိသည်။

**အမှာ** နာမ်, ရုပ်ပိုင်ပိုင် ဟောပြနိုင်ခြင်းသည် ဥပဇ္ဈာယ် ဆရာတို့၏ အင်္ဂါ ဖြစ်သည့်အလျောက် သဿတ-ဥစ္ဆေဒဒိဋ္ဌိတို့ ကင်းပြတ်အောင် ဟောကြားသင့်ကြပေသည်။

### ၁၀။ ဘိက္ခုနီဒူသကော ဟောတိ အင်္ဂါ၌ (က) ဘိက္ခုနီမ ဆိုတာ ဘယ်လိုလဲ ?

ဘုရားလက်ထက်တော်က အမျိုးသမီးများ သာသနာတွင်း ဝင်၍ (ယခုကာလ ရဟန်းယောကျ်ားများလို) သိမ်ဝင်ပြီး ကမ္မဝါ ဖတ်ကြားမှုဖြင့် ရဟန်းအဖြစ် ရောက်သော ရဟန်းမတို့ကို ဘိက္ခုနီမဟု ခေါ်ဆိုရပါသည်။

### (ခ) ဖျက်ဆီးဆိုတာ ဘယ်လိုလုပ်တာလဲ?

ပင်ကိုယ်သီလရှိတဲ့ ဘိက္ခုနီမ၏ မဂ်သုံးပါးတွင် တပါးပါး၌ မေထုန်မှီဝဲ၍ သီလပျက်ပြားအောင် လုပ်ခြင်းသည် ဖျက်ဆီးသည်ဟု ဆိုပါသည်၊ ထိုသို့ ဖျက်ဆီးသူကို ဘိက္ခုနီဒူသကဟု ခေါ်ပါသည်၊ ကိုယ်ကိုကိုင်တွယ်သုံးသပ်၍ ဘိက္ခုနီမ သီလပျက်အောင် လုပ်သူသည် ဘိက္ခုနီဒူသက မဟုတ်ပါ၊ အနိုင်ကျင့်၍ ဘိက္ခုနီမကို အဝတ်ဖြူဝတ်ခိုင်းပြီး အလိုမတူပဲ မေထုန်ဖြင့် ဖျက်ဆီးသူသည် ဘိက္ခုနီဒူသက ဖြစ်ပါတော့သည်။ အနိုင်ကျင့်၍ အဝတ်ဖြူဝတ်ခိုင်းလျက် အလိုဘူသော ဘိက္ခုနီမကို ဖျက်ဆီးသူသည် ဘိက္ခုနီဒူသက မဖြစ်ဟု မှတ်ပါ။

(သတ္တမအကြိမ်)

(ဂ) ဘိက္ခုနီဒူသကသည် အပြဟ္မစာရိနှင့် တူသည် မဟုတ်လော ?

ဘိက္ခုနီမ၌ မေထုန်ကျင့်၍ ဖျက်ဆီးမှုသည် အပြဟ္မစာရီအင်္ဂါနှင့် ထပ်တူနေသော်လည်း ဘိက္ခုနီမ၌ မေထုန်ကျင့်၍ ဖျက်ဆီးမှု၏ သာ၍ အပြစ် ကြီးကြောင်း ပြလိုသောကြောင့် ထပ်မံ၍ ဘိက္ခုနီဒူသကကို သီခြား ပညတ်တော်မူခဲ့ပေသည်။ ရိုးရိုးအပြဟ္မစာရီအင်္ဂါ ကျူးလွန်သူသည် နောင်အခါ စောင့်စည်းလိုသောစိတ်ရှိလျှင် ရှင်သာမဏေထပ်၍ ဖြစ်နိုင်ခွင့်ရ၏၊ အသက်စေ့လျှင် ရဟန်းပြုခွင့်လည်းရသေး၏၊ ဘိက္ခုနီမ၌ ကျင့်မိသူ ဘိက္ခုနီဒူသကသည် ရဟန်းပြုဖို့ မဆိုထားနှင့် ရှင်သာမဏေ ထပ်၍ ပြုခွင့်မရသဖြင့် ထူးထွေကြောင်း သဘောကျပါစေ။

(ဃ) လိင် ၁၀-ပါးကို မြန်မာလို တိုတို ဘယ်လိုရေတွက်မလဲ?

၁။ သူ့အသက် သတ်ခြင်း။

၂။ သူ့ဥစ္စာ ခိုးခြင်း။

၃။ မေထုန်မှီဝဲခြင်း။

၄။ မုသားပြောဆိုခြင်း။

၅။ သေရည် သေရက် သောက်ခြင်း။

၆။ ဘုရား၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုခြင်း။

၇။ တရား၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုခြင်း။

၈။ သံဃာ၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုခြင်း။

၉။ မှားသော အယူရှိခြင်း။

၁၀။ ဘိက္ခုနီမကို ဖျက်ဆီးခြင်း၊ ပေါင်း ၁၀-ပါး။

## လိင် ၁၀-ပါး လေ့ကျင့်ခန်း

၁။ ဘိက္ခုနီ ဒူသကောကို အနက်သမ္ဗန်၍ ဘိက္ခုနီမ၌ ဖျက်ဆီးပုံ ဖော်ပြပါ။

၂။ ပါဏာတိပါတ၌ သမ္ဘာရအင်္ဂါကို ထုတ်ပြ၍ ပယောဂသုံးပါး လောက် ထုတ်ပြပါ။

( သတ္တမအကြိမ် )

၃။ သင်္ကန်း သွားခိုးပါဟု ရှင်တိဿက ရှင်ဓမ္မအား စေခိုင်းလိုက်ရာ စောင်ကိုခိုးယူခဲ့လျှင် ဘယ်သာမဏေလိင်ကျသည်ကို ဖော်ပြပါ။

၄။ တရားတော်အား ကျေးဇူးမဲ့ ကဲ့ရဲ့ပုံ သုံးမျိုးလောက် ထုတ်ပြ၍ ဓမ္မအရ ဖော်ပြပါ။

၅။ ဥစ္စောဒိဒ္ဒ အယူမှားပုံကို ဖော်ပြ၍ ဥစ္စေဒပုဒ်၏ အနက်ကို ထုတ်ပြစမ်းပါ။

လိင် ၁၀-ပါးမှတ်ဖွယ် ပြီး၏။

---

## ဒဏ်ဆယ်ပါး မှတ်သားဖွယ်ရာ အခန်း

### (က) ဒဏ် ဘာကြောင့် ဖြစ်ပေါ်လာသလဲ?

ဘုရားလက်ထက်၌ သာမဏေတို့သည် ရဟန်းတို့အပေါ် ရိုသေခြင်း မပြု၊ အကြီးအကဲအချုပ် အုပ်စိုးရာမထား၊ အသက်မွေး တူမျှအောင် မနေကြသဖြင့် ရဟန်းကောင်းတို့ကဲ့ရဲ့ပြစ်တင်၍ ဘုရားရှင်အား လျှောက်ထားမှုကြောင့်ဘုရားရှင်က ''အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာ-ဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ'' စသည်ဖြင့် အင်္ဂါငါးပါးနှင့် ပြည့်စုံသော သာမဏေအား ဒဏ်အမှုပြုစိမ့်သောငှါ(ဒဏ်ပေးရန်)ခွင့်ပြု တော်မူခဲ့သည်၊ ထိုအချိန်ကစ၍ ဒဏ်အမှုဖြစ်ပေါ်လာသည်၊ ၎င်းပါဠိ တော်၌ ''ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ'' စသော နောက်အင်္ဂါ ငါးပါးသာ လာခဲ့သည်၊ သာမဏေ သိက္ခာပုဒ်ဆယ်ပါးတွင် ရှေ့သိက္ခာ ပုဒ်ငါးပါး လွန်ကျူးလျှင် လိင်ကျ၍ နောက်ငါးပါး လွန်ကျူးလျှင် ဒဏ်သင့်သောကြောင့် နောက်သိက္ခာပုဒ် ငါးပါး လွန်ကျူးမှု ထည့် သွင်းလျက် ''ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ'' စသည်ဖြင့် ဒဏ်ပေးရခြင်းအကြောင်း ဆယ်ပါးပြု၍ ရှေး ဆရာတို့ စီစဉ်တော်မူထားခဲ့သည်။

ဒသသု သိက္ခာပဒေသု ပုရိမာနံ ပဉ္စန္နံ အတိက္ကမော နာသန-
ဝတ္ထု၊ ပစ္ဆိမာနံ အတိက္ကမော ဒဏ္ဍကမ္မဝတ္ထု။ (ဟာ-ထာ)

**(သတ္တမအကြိမ်)**

## (၁) ဒဏ်ဆိုတာ ဘာလဲ?

သာမဏေကိုအား ဆုံးမကြောင်းဖြစ်သော အမှုတို့ကို(ဒဏ္ဍ) ဒဏ်ဟုဆိုသည်၊ ထိုအမှုမျိုးသည်ပင် ပြုလုပ်အပ်သောကြောင့် (ကမ္မ)ဟုလည်းဆိုပြန်သည်၊ တနည်းအားဖြင့် နှိပ်ကွပ်မှုမျိုးက ဒဏ်ဟု ဆိုရာသည်၊ ထိုအမှုမျိုးသည်ပင် ပြုလုပ်အပ်သောကြောင့်(ကမ္မ)ဟုလည်း ဆိုပြန်သည်။

ဒဏ္ဍောတိ ဝိနေန္တိ ဧတေနာတိ ဒဏ္ဍော၊ သောဧဝ ကတ္တဗ္ဗတ္တာ ကမ္မန္တိ ဒဏ္ဍကမ္မံ၊ အာဝရဏာဒိ။ (တော-ဋီ, ဝိဋီ)

ဒဏ္ဍကမ္မန္တိ ဝါ နိဂ္ဂဟကမ္မံ။ (တောဋီ)

အပြစ်ရောက်သော သာမဏေအား မည်သည့်ကျောင်း မဝင်ရစေသည်တားမြစ်ခြင်း၊ ရေခပ်စေခြင်း၊ ထင်း, သဲတို့ကို သယ်ယူ ဆောင်စေခြင်းစသောကိစ္စမျိုးသည် နှိပ်ကွပ်ဆုံးမကြောင်းဖြစ်၍ (ဒဏ္ဍ ကမ္မ)ဒဏ်အမှုဟုမှတ်ပါ။

## (၈) ပါဠိတော်၌ ဘုရားရှင် ဒဏ်ပေးပုံ ဘယ်သို့မိန့်ထားသလဲ?

သူနေမြဲကျောင်း၌မနေရန်၊ ထွက်ဝင်နေကျကျောင်းသို့ မဝင်ထွက်ရန် တားမြစ်သော ဒဏ်ပေးပုံကို မိန့်တော်မူသည်။

အနုဇာနာမိ ဘိက္ခဝေ ယတ္ထ ဝါ ဝသတိ၊ ယတ္ထ ဝါ ပဋိက္ကမတိ၊ တတ္ထ အာဝရဏံ ကာတုံ။ (ဟာ-ပါ)

## (သ) အဋ္ဌကထာ ဆရာတို့က ဒဏ်ပေးပုံ ဘယ်လို ဆိုလိုသလဲ?

ဒပြစ်အားလျော်စွာ ရေထမ်းစေခြင်း၊ထင်း,သဲစသည်တို့ကို ဆောင်ယူသယ်ပိုးစေခြင်း ဒဏ်အမှုကိုလည်း ပြုထိုက်၏ဟု ဆိုသည်။

အပရာဓာနုရူပံ ဥဒကဒါရု ဝါလိကာဒီနံ အာဟရာပနမ္ပိ ကာတဗ္ဗံ။ (ဟာ-ထာ)

(သတ္တမအကြိမ်)

## (င) သာမဏေအား ဘယ်သူက ဒက်ပေးနိုင်သလဲ ?

ဥပဇ္ဈာယ်ဆရာကဒက်ပေးနိုင်ပါသည်၊ဥပဇ္ဈာယ်ဆရာကို မပန်ကြားပဲ ဒက်ပေးသော ရဟန်း ဒုက္ကဋ် အာပတ် သင့်သည်၊ ဥပဇ္ဈာယ်ဆရာက ရှေးကတည်းက သာမဏေများအပြစ်တွေ့လျှင် ဒက်ပေးကြပါဟုပြောဆိုထားလျှင် မ န်ကြားပဲ ဒက်ပေးနိုင်သည်၊ သာမဏေတွေ ဒက်အပြစ် လွန်ကျူးမှုတွေပါက ဥပဇ္ဈာယ်အား အပြစ်ပြ၍ ဒက်ပေးပါဟု ပြောဆိုအပ်၏၊ သုံးကြိမ်တိုင် ပြောကြားလျက် ဒက်မပေးလျှင် မိမိကိုယ်တိုင်လဲ ဒက်ပေးအပ်၏ဟု (အဋ္ဌကထာ) ဆိုသည်။

## (စ) ဘယ်လို နှလုံးသွင်း၍ ဒက်ပေးသင့်သလဲ ?

နောင် ရှောင်ကြဉ်လိမ့်မည် ဟူသော နှလုံးထားဖြင့် သာမဏေအား သနားညှာတာ၍ ဒက်ပေးအပ်၏၊ သာမဏေ လူထွက်အောင်, ပျက်စီးအောင် စသော ယုတ်မာသော နှလုံးထားဖြင့် ဒက်မပေးအပ်ပါ။

## (ဆ) ဘုရားရှင်က ဒက်ပေးသင့်ပုံကို ဘယ်သို့ မိန့်သလဲ?

သံဃာ့အာရာမ်အားလုံး မဝင်,မထွက်ရဟု တားမြစ်သော ဒက်မျိုး၊ မစားရ, မသောက်ရအောင် ခံတွင်းပိတ်သော ဒက်မျိုးကို မပေးရ၊ ပေးလျှင် ဒုက္ကဋ် အာပတ် သင့်စေဟု မိန့်သည်၊ ငါ ဒက်ပေးတယ် အနေမျိုးဖြင့် ကျောက်ဖျာ အပူပေါ် အိပ်ခိုင်းခြင်း၊ ကျောက်,အုတ်ခဲ စသည်တို့ကို ဦးခေါင်းပေါ်ချ၍ ရွက်ထားစေခြင်း၊ ရေထဲနှစ်ခြင်း အမှုမျိုးကို မပြုအပ်ဟု (အဋ္ဌကထာ) ဆိုသည်။

## (ဇ) သာမဏေတို့ကဲ့သို့ ရဟန်းတို့အား ဒက်မပေးသင့်ဘူးလား?

တပည့်ဖြစ်သော ရဟန်းတို့အား ဒက်ပေးခြင်းငှါ အပ်သည်ဟု (အဋ္ဌကထာ) ဆိုသည်။

**အမှာ** ဒက်ပေးသင့်သော အကြောင်းအင်္ဂါ ၁၀·ပါးကို ၁·ပါးစီ ဖော်ပြသွားအံ့။

(သတ္တမအကြိမ်)

### ၁။ (က) ဝိကာလ ဘောဇနာ ဒုက်အင်္ဂါ၌ ဝိကာလ နေလွဲဆိုတာ ဘယ်အချိန်လဲ ?

တနေ့အဖို့ အရုဏ် တက်သည်မှစ၍ နေမွန်းတည့်သည်တိုင်အောင် ကာလသည် ဘုရား အစရှိသော အရိယာတို့၏ အလေ့အကျက်အား လျော်စွာ စားသုံးသည် ဖြစ်၍ (ဘောဇနကာလ) စားသုံးနိုင်သော ကာလမည်၏၊ ထိုမွန်းတည့်မှနောက် မွန်းတိမ်းကစ၍ အရုဏ်တက်အတွင်း အချိန်သည် (ဝိကာလ) နေလွဲသော ကာလ မည်၏၊ ထိုအချိန် စားသုံး ခြင်းသည် နေလွဲညစာ စားသည်မည်၏၊ ထိုနေလွဲချိန်၌ ရှင်သာမဏေတို့ ခဲဖွယ်, ဘောဇဉ် မစားရ၊ စားလျှင် ဒဏ်သင့်၏၊ ဒဏ်ပေးထိုက်၏၊ ဝိကာလ ဘောဇနာ ဝေရမဏီသိက္ခာပုဒ် သီလပျက်၏ဟု ဆိုလိုသည်။

### (ခ) နေလွဲချိန်၌ ဘယ်အစာမျိုး မစားအပ်သလဲ?

ဘေသဇ္ဇ ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်စားသုံးသော ဆေးမှ တပါး မွန်းမတည့်ခင်သာ စားအပ်သည့်(ယာဝကာလိက) ခဲဖွယ်,ဘောဇဉ်မျိုး ကို နေလွဲချိန်၌ မစားအပ်။

### (ဂ) ဝိကာလဘောဇန ဒုက်ပြစ်ရောက်ကြောင်း သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?

၁။ ဝိကာလော=နေလွဲချိန် ကျရောက်ခြင်း။
၂။ ယာဝကာလိကော=ယာဝကာလိကခဲဖွယ်, ဘောဇဉ်ဖြစ်ခြင်း။
၃။ အဇ္ဈောဟရဏံ=လည်ချောင်းပေါက် ရောက်အောင်မျိုချခြင်း၊ ပေါင်း သုံးပါး။

**နေလွဲအခါ၊ ယာဝကာလိ၊ မျိုစားဘိလျှင်း၊**
**ကြောင်းရင်းသုံးလီ၊ အင်္ဂါညီ၊ သင့်ပြီ ဝိကာလ။**

**အမှာ** ဤအင်္ဂါသုံးပါးတို့ကား ဝိနည်းကျမ်းတို့နှင့် အလျော်ထုတ်ထား သည်၊ ခုဒ္ဒကပါဌ အဋ္ဌကထာ သိက္ခာပဒ အဖွင့်၌ ဆိုခဲ့သော သုံးပါးတို့တွင် အနုမတ္တကတာ = မရှူးသွပ်ခြင်း အင်္ဂါ ထည့်၍ လေးပါး လာသည်။

(သတ္တမအကြိမ်)

## ၂။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနေ ဒဏ်အင်္ဂါ၄

### (က) နစ္စဖြင့် ဘာကို ပြသလဲ ?

သာမဏေသည် မိမိကိုယ်တိုင်လဲ မကအပ်၊ သူတပါးကိုလည်း မကခိုင်းစေအပ်၊ မိမိကိုယ်တိုင် ကခြင်း၊သူတပါးကို ကစေခြင်း တခုခုပြုလျှင် ဒဏ်အပြစ် သင့်ရောက်၏ဟု နစ္စ-ဖြင့် ပြသည်၊ ထို့ကြောင့် သာမဏေတို့သည် ကလေးများကိုလည်း မကခိုင်းအပ်၊အယုတ်ဆုံး မျောက်,မြင်း,ဥဒေါင်း, ကြောင်,ခွေး စသော တိရစ္ဆာန်များကိုလဲ ကစေခြင်း၊ ကျွမ်းထိုးစေခြင်း စသည် မပြုအပ်။ သို့ပါ၍ မိမိ ကခြင်း၊ သူတပါးကို ကစေခြင်း ၂-မျိုး စလုံးကို နစ္စ-အရယူ။

### (ခ) ဂီတဖြင့် ဘာကို ပြသလဲ?

ရှေးနည်းအတူ သာမဏေသည် မိမိလဲ သီချင်းမဆိုအပ်၊ သူတပါးကိုလည်းမဆိုစေအပ်သည်ကို ဂီတဖြင့်ပြပါသည်၊အယုတ်အားဖြင့်လေချွန်ခြင်းမျှသည်လည်း ဂီတပင်ဖြစ်၏၊ မစောင့်စည်းသော ရဟန်းတို့ တရားဟော တေးသံသည်လည်း ဂီတပင်မည်၏၊ ထိုတရားမျိုး သာမဏေသွားနာလျှင် ဒဏ်သင့်၏၊ ဥပုသ်သည်တို့ နာလျှင် သိက္ခာပုဒ် ပျက်၏၊ တရားနှင့်စပ်၍ ဖြစ်သော သံဝေဂကမ္ဘဋ္ဌာန်းတေးများ မအပ်၊ တေးနှင့်စပ်၍ ဖြစ်လာသောတရားကား အပ်၏၊ စည်းမျဉ်းလွန်၍ အသံရှည်သော ဩဘာစာဖတ်မှု ရှစ်လုံးဖွဲ့ကဗျာ, လင်္ကာ စသော ရွတ်ဆိုမှုတို့ကို မိမိကိုယ်တိုင်လဲ မဖတ်မရွတ်ဆိုအပ်၊ သူတပါးကိုလဲ မခိုင်းအပ်၊ သို့ပါ၍ မိမိ သီဆိုခြင်း၊ သူတပါးကို သီဆိုစေခြင်း နှစ်မျိုးစလုံးပင် ဂီတ-အရဟု မှတ်ပါ။

### (ဂ) ဝါဒိတဖြင့် ဘာကို ပြသလဲ ?

ကိုယ်တိုင်တီးမှုတ်ခြင်း၊သူတပါးကိုတီးမှုတ်စေခြင်းမပြုအပ်ဟု ဝါဒိတဖြင့်ပြ၏၊ ဆိုင်းတီးခြင်း၊ ခရာပြွေးဖွင့်ခြင်း၊ ပြွေမှုတ်ခြင်း၊ စောင်း, မယ်ဒလင်, ဘာဂျာ, ပတ္တလားတီးခြင်း စသည်တို့သည် ဝါဒိတမည်၏၊ အယုတ်ဆုံး ရေပေါ်အိုးမှောက် တီးခြင်းလည်း ဝါဒိတပင်၊ သို့ပါ၍ ကိုယ်တိုင်တီးမှုတ်ခြင်း သူတပါးကို တီးမှုတ်စေခြင်း နှစ်မျိုးစလုံးပင် ဝါဒိတ၏အရဟု မှတ်။

## (ဃ) ဝိသူက ဒဿနေ ကို အနက် ဘယ်လို သမွန်မလဲ?

ဝိသူက ဒဿနေ၊ ဖြောင့်တံကျင်သဖွယ်တို့ကို ကြည့်ရှု နားထောင်ခြင်း အလေ့ရှိသည်။ ဝါ-ဖြောင့်တံကျင်သဖွယ် ဖြစ်သော ကြည့်ရှုနားထောင်ခြင်း အလေ့ရှိသည်ဟု အနက်သမွန်ပါ။ (ဝိသူက=ဖြောင့်တံကျင်သဖွယ်တို့ကို။ ဝါ-ဖြောင့်တံကျင်သဖွယ် ဖြစ်သော + ဒဿနံ = ကြည့်ရှုနားထောင်ခြင်း။)ဝိသူကာနံ ဒဿနံ၊ ဝိသူကဘူတံ ဝါ ဒဿနံ ဝိသူကဒဿနံ။ (ခုဒ္ဒကပါဌ အဋ္ဌကထာ)

## ( င ) ဝိသူကခေါ် ဖြောင့်တံကျင် သဖွယ်တို့ကား ဘယ်ဟာတွေလဲ?

ဗြဟ္မဇာလသုတ်၌လာသော ကခြင်းအမျိုးမျိုး၊ ပွဲသဘင်အမျိုးမျိုး၊ သီချင်းအမျိုးမျိုး၊ တီးမှုတ်ခြင်း ကစားခြင်းအမျိုးမျိုး၊ တိုက်ပွဲအမျိုးမျိုး၊ ပြိုင်ပွဲ အမျိုးမျိုး၊ စစ်ဆင်ပွဲ အမျိုးမျိုးတို့သည် ဝိသူက ဖြောင့်တံကျင် သဖွယ်တို့ဖြစ်လေသည်။ယခုကာလ ချောတိုင်တက်ခြင်း၊ အားထွက်အောင် ကစားခြင်း အမျိုးမျိုး၊ ဘောလုံးကန်ခြင်း၊ ဘတ်ရိုက်ခြင်း၊ မြင်းပြိုင်၊ ရုပ်ရှင်စသည်တို့သည် ဝိသူကဟူ၍ မှတ်၊ များလှ၍ စုံအောင်မပြနိုင်။

## ( စ ) ထိုကခြင်းစသော အမျိုးမျိုးကို ဘာကြောင့် ဖြောင့်တံကျင် သဖွယ်ဟု ဆိုရသလဲ?

ထိုကခြင်းစသည်တို့ကို ကြည့်ရှု နားထောင်ခဲ့လျှင် အကုသိုလ်ဟူသချုံ မပြုရဟူသော ဘုရားအဆုံးအမတော်နှင့် မလျော်သည့်အတွက် ဖီလာ ကန့်လန့်ဖြစ်သောကြောင့် ဖြောင့်တံကျင်သဖွယ်ဟု ဆိုရသည်ဟု တေရ သကဏ်ဋီကာ ဆိုသည်။

## (ဆ) ဒဿန သဒ္ဒါဖြင့် နားထောင်ခြင်းကို ယူနိုင်ပါသလား?

ယူနိုင်ပါတယ်၊ ဒဿန သဝနေ-ဟု ဆိုလိုလျက် ဝိရူပေကသေသ နည်းဖြင့် သဝနချေ၍ ဒဿနေ-ဟုဆိုထားသောကြောင့်တည်း၊**တနည်း အားဖြင့်** ပဥ္စဝိညာဏ်တို့သည် မိမိ မိမိဥစ္စာဖြစ်သော အာရုံတရား၌ ကြည့် ရှုခြင်းသဘောရှိ၍ ဒဿန သဒ္ဒါဖြင့် ရေတွက်အပ်သည်၏ အဖြစ်ကြောင့်

( သတ္တမအကြိမ် )

နားထောင်ခြင်းကိုလည်း ဒဿနဥ္ဇ ရေတွက်အပ်၏၊ ထို့ကြောင့် နား ထောင်ခြင်းကိုလည်း ဤဒဿနဥ္ဇ ရေတွက်ထည့်ယူရပါသည်၊ သို့ပါ၍ ဂီတ - ဝါဒိတ ဝိသူက တို့ကို နားထောင်လျှင်လည်း ဒဏ်သင့်သည်ဟု မှတ်ပါ၊ ထို နစ္စ-ဂီတ-ဝါဒိတတို့ဖြင့် အရှင်ဘုရားတို့ စေတီတော်အား ပူဇော်ပါရစေဟု လူတို့ လျှောက်ထားလျှင် ကောင်းပြီ ပူဇော်ကြဟု လက်မခံအပ်၊ ပူဇော်ခြင်းမည်သည်ကား ကောင်းသော သဘောတရား တည်းဟု ဆိုခြင်းငှာ အပ်၏။

## (၈) ကြည့်ရှုနားထောင်တိုင်း ထို ဝိသူက ဒဿနကို လွန်ကျူးရာ ကျသလား?

ကြည့်ရှုနား'ထောင်လိုသဖြင့် တနေရာမှ တနေရာသို့ သွား၍ ကြည့်ရှု ပါမှ လွန်ကျူးသည်မည်၏၊ ဒဏ်ထိုက်၏၊ မိမိနေရာ၌ ထိုင်နေစဉ် ခရီး သွားစဉ် ရင်ဆိုင်တွေ့၍ ကြည့်ရှုငြားအံ့၊ လွန်ကျူးသည် မမည်၊ ဝိနည်း ပြစ် မရှိ၊ သီလ ညှိုးနွမ်းခြင်းကား ဖြစ်၏ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ဆိုသည်။

## (၉) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာဥ္ဇ သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?

၁။ နစ္စာဒိနံ အညတရတာ=ကခြင်းစသည်တို့တွင် တပါးပါးဖြစ်ခြင်း။

၂။ အညတြ အနုညာတ ကာရဏာဂမနံ = ခွင့်ပြုတော် မူအပ်သော အကြောင်းကို ကြဉ်၍ ရှေ့ရှုသွားလာ လှည့်လည်သည်လည်း ဖြစ်စေ။

၃။ ဒဿနံ ဝါ သဝနံ ဝါ=ကြည့်ရှု နားထောင်ခြင်းတွင် တပါးပါး ဖြစ်စေ။

(ကာ်ါ-လာ)

ကခြင်းစသည်၊ ဖြစ်ပြီတရပ်၊ ဒဏ်ဖြစ်ကင်းဘိ၊
ကြောင်းမရှိဘဲ၊ နားထောင်ကြည့်ရှု၊ ဤသုံးခုညီ၊
အင်္ဂါတည်၊ သင့်ပြီ နစ္စ-ဂီတ တည်း။

( သတ္တမအကြိမ် )

အမှာ ဤကြား ဝိနည်းကျမ်းလာ အင်္ဂါသုံးပါးတည်း၊ အနုပုဗ္ဗကကာ၊ ပရူးမသွပ်ခြင်း အင်္ဂါကြောင့်၍ ခုဒ္ဒက အလို လေးပါးဟု မှတ်။ ဒုတိယအင်္ဂါ၌ ခွင့်ပြုသော အကြောင်းဟူတာ ပမိရပ်ဥ တိုင်ရာ အိပ်ရာအရပ်သို့ လာရောက်သော ကခြင်း စသည့်ကို ဖြစ်စေ၊ ခရီးသွားစဉ် ရင်သိုင်ရှေးရှူ တိုးမိသော ကခြင်းစသည့်ကို ဖြစ်စေ ကြည့်ရှုမိက ဤသိက္ခာပုဒ် လွန်ကျူးရာမကျ၊ ဒဏ်သင့်သည် မဆိုရ၊ ညစ်နွမ်းကာဂျ ရှိသည်ဟု ဆိုခြင်းသည် ခွင့်ပြုသော အကြောင်းဟု မှတ်၊ ကြည့်ရှုနားထောင်သူတို့၏ အင်္ဂါသာဟု မှတ်။

## ၃။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာ ဒဏ်အင်္ဂါ၌ (က) ပုဒ်ချင်း ဘယ်လို တွဲသင့်သလဲ?

၁။ မာလာနှင့် ဓာရဏတွဲ၍ မာလာ-ဓာရဏ တတွဲ။

၂။ ဂန္ဓနှင့် မဏ္ဍနတွဲ၍ ဂန္ဓ-မဏ္ဍန တတွဲ။

၃။ ဝိလေပနနှင့် ဝိဘူသန တွဲ၍ ဝိလေပန-ဝိဘူသန တတွဲဟု သုံးတွဲဖြစ်ပါသည်၊ ထိုသုံးတွဲကို တခုစီ ရှင်းပြပါအံ့။

## (ခ) မာလာ ဓာရဏ-ပန်းပန်ဆိုတာ ဘယ်ပန်းမျိုး ဘယ်လိုပန်ကာလဲ?

စပယ်၊ ခေါင်ရန်းစသော အပင်ပွင့် ပန်းမျိုးတွင်မဟုတ်ပဲ ပြုလုပ်ထားတဲ့ ဖော့ပန်း၊ စက္ကူပန်း၊ အဝတ်ပန်း စသည်ကို (မာလာ)ပန်းအရ ယူရပါမည်၊ (ဓာရဏ) ပန်ဆိုသည်မှာ သီကုံး မသီကုံး ပန်းအားလုံးကို ဦးခေါင်း၌ ပန်ပန်၊ နား၌ ပန်ပန်၊ လည်ပင်း၌ ပန်ပန်၊ ခါး၌ ပန်ပန်၊ နှာခေါင်း၌ ပန်ပန်၊ ခန္ဓာကိုယ် တခုခုဖြင့် ပန်းကို သည်ပိုး ရွက်ဆောင်ထားမှုကို (မာလာ-ဓာရဏ)ပန်းပန်သည်ဟု ဆိုပါသည်၊ ပန်းဟူသမျှကို ခန္ဓာကိုယ် အင်္ဂါတခုခုဖြင့် သာမဏေများ မဆောင်အပ်၊ မပန်အပ်ဟု မာလာ-ဓာရဏဖြင့် ပြလေသည်။

(သတ္တမအကြိမ်)

## (ဂ) ဂန္ဓအရနံ့သာ အမွှေးအထုံဆိုတာ ဘာလဲ?

နိမ့်ရာအရပ်ကို ပြည့်လာအောင် ဖို့သိပ်ကောင်းသော သနပ်ခါး၊ နံ့သာမှုန့် နံ့သာ အခိုးအထုံမျိုးနှင့် ရေမွှေး နံ့သာဆီ စသည် ဆိုလတ္တံ့၊ ဝိလေပနတွင် မပါဝင်သော အမွှေးအကြိုင်သည် ဂန္ဓ-အရ နံ့သာ အမွှေး အထုံ မည်၏။

ဂန္ဓန္တိ ဝါသစုဏ္ဏ ဓူမာဒိကံ ဝိလေပနတော အညံ ယံကိဉ္စိ ဂန္ဓဇာတံ။ (တေ-ဋီ)

## (ဃ) မဏ္ဍန-တန်ဆာဆင်ဆိုတာ ဘယ်လိုလုပ်တာလဲ?

သနပ်ခါး၊ နံ့သာပြစ် စသည်တို့ဖြင့် ကျောက်ပေါက်မှန်စသော နိမ့်တဲ့ အရပ်တွေကို ပြည့်အောင် ဖို့သိပ်ခါ ဆင်မြန်းခြင်းသည် မဏ္ဍန-တန်ဆာ ဆင်သည် မည်၏

ဦနဋ္ဌာနပူရဏံ မဏ္ဍနံ။ (တေ-ဋီ)

ဆိုခဲ့သော ဂန္ဓ အမွှေးနံ့သာတို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်စေလျက် တန်ဆာဆင်လျှင် ဒဏ်အပြစ် သင့်ရောက်သည်ဟု ဂန္ဓမဏ္ဍနဖြင့် ပြသည်။

## (င) ဝိလေပန-နံ့သာပျောင်းဆိုတာ ဘာလဲ?

လိမ်းဖို့ရာ ကြိတ်ချေစီမံအပ်သည်ဖြစ်၍ လိမ်းလိုက်လျှင် အရေအဆင်း ကြည်လင် လှပ မွှေးကြိုင် စွဲကပ်သော မျက်နှာချေ၊ နံ့သာရည် စသည်တို့ကို ဝိလေပန-နံ့သာပျောင်းဟု ဆိုရသည်၊ နံ့သာပျောင်းပင် ဆိုသော်လဲ အသားမှာနူးညံ့မွှေးကြိုင်စွဲကပ်စေတတ်သောပေါင်ဒါ၊ နံ့သာဆီ၊ ရေမွှေး အမျိုးမျိုးလဲ ဝိလေပနထဲ ထည့်ယူပါ။

ဝိလေပနန္တိ ဆဝိရာဂကရဏံ။ (သီလက္ခန် အဋ္ဌကထာစသည်)
ဝိလေပနန္တိ ဝိလေပနတ္ထံ ပိသိတ္ဝာ ပဋိယတ္တံ ယံကိဉ္စိ ဆဝိရာဂ-ကရဏံ။ (တေ-ဋီ)

(သတ္တမအကြိမ်)

## (၈) ဝိဘူသန အတင့်အတယ် အပြေအပြစ်ပြုဆိုတာ ဘယ်လိုလုပ်တာလဲ

ဆိုခဲ့သော နံ့သာပျောင်း စသည် ဝိလေပနတို့ဖြင့် အသား, အရေ လှပတင့်တယ် ရှုစဖွယ်နှင့် အနံ့ကောင်းအောင် ဆွတ်ဖျန်းလိမ်းကျံထုံမွှမ်းခြင်းကို ဝိဘူသန-အတင့်အတယ် အပြေအပြစ် ပြုသည်ဟု ဆိုပါသည်။

ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒိယနေ္တာ ဝိဘူသေတိ နာမ။ (သီလက္ခန်-ထာ စသည်)

နံ့သာ, အပျော့ အပျောင်းစသည်ဖြင့် ကိုယ်ရေအဆင်း လှပတင့်တယ်အောင် လိမ်းကျံဆွတ်ဖျန်းလျှင် ဒဏ်သင့်သည်ဟု ဝိလေပန ဝိဘူသနဖြင့် ပြပေသည်။

မှတ်ချက် ယခုတွဲပြခြင်းသည် "မာလာဒီနိ ဓာရဏာဒီဟိ ယထာသင်္ချံ ယောဇေတဗ္ဗာနိ"ဟူသောခုဒ္ဒကပါဌအဋ္ဌကထာနှင့် "မာလာဒီသု ဝါ ဓာရဏာဒီနိ ယထာက္ကမံ ယောဇေတဗ္ဗာနိ" ဟူသော ဝိနယာလင်္ကာရ, ဝိမတိဒီပနီတို့ကို ထောက်၍ ရှေးဆရာတို့အစဉ်အတိုင်းဟပ်ပြီး တွဲပြသောနည်း ဖြစ်ပေသည်၊ ဤ-အစဉ်အတိုင်း တွဲစပ်ပြခဲ့သော ယထာသင်္ချာနည်း, ယထာက္ကမနည်း ယူရသည်ထက် ရသင့်သလို တွဲစပ်ယူရသော ယထာ-လာဘ ယောဇနာ နည်းယူပါက ပို၍ သင့်မည်ထင်သည်။

ဥပမာ-ဂန္ဓနှင့် မလ္လာန တွဲပြရာ၌ "ဂန္ဓံ ဝါ သစုဏ္ဏမာဒိကံ ဥဒ္ဓနာနံ ပူရေန္တော မဏ္ဍေတိ နာမ"ဟု ဖွင့်ဆိုပုံရှိလျှင် ဂန္ဓအရကာ နံ့သာမှုန့် အခိုးအထုံနှင့် မလ္လာန-အရ နိမ့်ရာအရပ် ပြည့်အောင် တန်ဆာဆင်ဖို့ မလွယ်ကူပေ၊ ဝိလေပန-အရ နံ့သာပျော့တို့ဖြင့်သာ ပြည့်အောင် တန်ဆာဆင်နိုင်ဖို့ ရှိပါသည်၊ ထို့ပြင် "ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒိယန္တော ဝိဘူသေတိ နာမ"ဟုဖွင့်ဆိုရာ၌ ဂန္ဓဝသေနပုဒ်ကိုထောက်ခြင်းဖြင့် ဂန္ဓနှင့် ဝိဘူသန တွဲစပ်ရမည်ကို ထင်ရှားစေသည်၊ ထို့ကြောင့် ထင်ရှားသည့် မာလာဓာရဏ တွဲစပ်ပုံမှတပါး ကျန်သော ဂန္ဓ-ဝိလေပန-မလ္လာန-ဝိဘူသန

လေးပုဒ်ကို(၁)ဂန္ဓ-မဏ္ဍန၊(၂)ဂန္ဓ-ဝိဘူသန၊(၃)ဝိလေပန-မဏ္ဍန၊(၄) ဝိလေပန-ဝိဘူသနဟု တွဲစပ်ပါ၊ ဤ၌ "ဝိလေပနန္တိ ယံ ကိဉ္စိ ဝိလေပနတ္ထံ ပိသိတွာ ပဋိယတ္တံ၊ အဝသေသံ သဗ္ဗမ္ပိ ဝါသစုဏ္ဏဓူပနာဒိကံ ဂန္ဓဇာတံ ဂန္ဓော"ဟူသော ခုဒ္ဒကပါဌ အဋ္ဌကထာစကားဖြင့် လိမ်းကျံဖို့ ကြိတ်၍ စီရင်ထားသော နံ့သာပျော့ပျောင်း စသည်ကို ဝိလေပန၊ ၎င်းဝိလေပနမှ ကြွင်းသော နံ့သာအမှုန့် အခိုး အသုံ စသည်တို့ကို ဂန္ဓ-ဟု ခွဲပြထားမှုကို အရယူ၍ ဝိလေပနဖြစ်သော နံ့သာပျောင်းဖြင့် ကျောက်ခေါက် ခွက်ကို ပြည့်အောင် ဖို့သိပ်လျက် ဆင်မြန်းလျှင် "ဦနဋ္ဌာနံ ပူရေန္တော မဏ္ဍေတိ နာမ" ဟူသည်နှင့်အညီ ဝိလေပန-မဏ္ဍနဖြင့် ဒဏ်သင့်ပေမည်၊ မကြိတ်ပဲ ပေါင်းတင်အခိုးဖြင့် ယူထားသော ဂန္ဓ-အနံ့မွှေးအကြိုင် ရေဖြင့် ကိုယ်ကို တင့်တယ်အောင် သုတ်လိမ်းလျှင် "ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒိယန္တော ဝိဘူသေတိ နာမ"နှင့်အညီ ဂန္ဓ-ဝိဘူသနဖြင့် ဒဏ်သင့်ပေရာသည်၊ ကျန်နှစ်ချက် ဒဏ်သင့်ပုံ ယထာက္ကမနည်းကိုမှီ၍ သိလောက်ပေပြီ၊ ဤစကားစုကား ကျမ်းရေးသူ၏ ဉာဏ်သက်မှုကို ဖော်ပြချက်တည်း။

**(ဆ) ဆေးအကျိုးငှာ နံ့သာရည်စသည်တို့ မလိမ်းကျံကောင်းဘူးလား?**

ဂန္ဓ-ဝိလေပန အားလုံးကိုပင်ဆေးအကျိုးငှာလိမ်းကျံဆွတ်ဖျန်းခြင်း ငှာ အပ်ပါသည်၊ စေတီပူဇော်ရန် ယူဆောင်လာသည်ကို ခံယူအပ်ပါသည်။

ဘေသဇ္ဇတ္ထန္တု ဝဋ္ဋတိ၊ ပူဇနတ္ထဉ္စ အဘိဟဋ္ဌံ။
သာဒိယတော န ကေနစိ၊ ပရိယာယေန န ဝဋ္ဋတိ။
(ခုဒ္ဒကပါဌ အဋ္ဌကထာ)

**(ဇ) မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?**

၁။ မာလာဒီနံ အညတရတာ=ပန်း, နံ့သာစသည်တို့တွင် တပါးပါး ဖြစ်ခြင်း။

၂။ အနုညာတကာရဏာဘာဝေါ=ခွင့်ပြုတော်မူအပ်သော အကြောင်း မရှိခြင်း။

(သတ္တမအကြိမ်)

၃။ ဝိလေပနာဒိသု အညတရတာ= အတင့်အတယ်ပြုခြင်း စသည်တို့တွင် တပါးပါးဖြစ်ခြင်း၊ ပေါင်း သုံးပါး။

ပိန်းနှံ့သာခင်း၊ ဒဏ်ပြစ်ကင်းမို့၊ ကြောင်းခြင်းမပါ၊

ဆင်တန်ဆာခြယ်၊ သုံးသွယ်အညီ၊ အင်္ဂါတည်၊ သင့်ပြီ

မာလာဂန္ဓတည်း။

ခုဒ္ဒကနှင့် အလျော် (အနုမ္မတ္တကတာ) မရှူးသွပ်ခြင်း အင်္ဂါထည့်၍ လေးပါးဟုမှတ်၊ ၂-နံပါတ်အင်္ဂါ၌ ခွင့်ပြုတော်မူအပ်သော အကြောင်းဆိုသည်မှာ အနာပေါက်ခြင်းစသည်တို့ကြောင့် ဆေးအကျိုးငှာလိမ်းကျံအပ်သည်တို့ကား ခွင့်ပြုအပ်သော အကြောင်းဟု မှတ်။

၄။ ဉစ္စာသယန မဟာသယနာ ဒဏ်အင်္ဂါ၌ (က) ဉစ္စာ=မြင့်သော+သယန=နေရာ) ဉစ္စာသယန၊ မြင့်သောနေရာဆိုတာ ဘယ်လိုနေရာလဲ?

တတောင့်ထွာထက် မြင့်သောခြေရှိသော ညောင်စောင်း အင်းပျဉ်, ထိုင်ခုံ, ခုတင်စသော နေရာများသည် ဉစ္စာသယန မည်၏။ "အာသန္ဒိပလ္လင်္ကော ဉစ္စာသယနံ၊ "သေသာ မဟာသယနံ" ဟူသော ခုဒ္ဒသိက္ခာဋီကာ သစ်၌ အခြေ၌ ခြသေ့ရုပ်, ကျားရုပ်စသော သားရဲရုပ် ပါသော ပလ္လင်လည်း ဉစ္စာသယနဟု ဆို၏၊ ၎င်းပလ္လင်ကို မဟာသယန၌ ဆရာတို့ သွင်းကြ၏၊ ထိုမြင့်သော နေရာတို့၌ နေထိုင်လျှင် ဒဏ်သင့်၏ဟု ဉစ္စာ-သယနဖြင့် ပြသည်၊ တတောင့်ထွာထက် ပိုနေသောအခြေကို ဖြတ်ပြီးမှ ထိုင်ကောင်း အိပ်ကောင်းသည်၊ မြေထဲသို့ တူးသွင်း၍လည်း အခြေ တတောင့်ထွာထက် မပိုလျှင် နေထိုင်အပ်ပါသည်။

(ခ) မဟာ=မြတ်သော=သယန+နေရာ) မဟာသယန
မြတ်သောနေရာဆိုတာ ဘယ်နေရာလဲ?

ရဟန်း, သာမဏေတို့ မထိုင်ကောင်း, မအိပ်ကောင်းဟု ပညတ်ထားသောခမ်းနားကောင်းမွန်ဆန်းကြယ်သည့် ဂေါနက-စသောအခင်းများကို မဟာသယနဟု ဆိုသည်၊ များပြားလွန်း၍ အနည်းငယ် ထုတ်ပြအံ့။

(သတ္တမအကြိမ်)

၁။ ဂေါနက= လက်လေးသစ်ထက် လွန်အောင် အမွေးရှည်သော ကော်ဇောကြီး။

၂။ စိတ္တက=အကွက် အပြောက်တို့ဖြင့် ဆန်းကြယ်စွာ ချုပ်အပ် ရက်အပ်သော သားမွေးအခင်း။

၃။ ပဋိက = ဆေးမဆိုးပဲ အဖြူထည်သက်သက် သားမွေးဖြင့် ရက်အပ်သော အခင်း။

၄။ ပဋလိက=ပန်းပြောက် ခြယ်လျက် သားမွေးဖြင့် ရက်အပ်သော **အခင်း**။

၅။ တူလိက=လဲ, ဝါဂွမ်း အဆာသွတ်ထားသော အခင်း စသော အားဖြင့် မဟာသယန အများရှိ၏။

သိုးမွေး, ကော်ဇော အခင်းများသည် မဟာသယန၌ ပါဝင်သော ကြောင့် ညောင်စောင်း, အင်းပျဉ်, ခုတင်, ကုလားထိုင်, ခုံ၌ခင်း၍ ရဟန်းသာမဏေ ဥပုသ်သည်တို့ မထိုင်မအိပ်အပ်၊ ကြမ်းပြင်ပေါ်၌ကား ခင်း၍ ထိုင်ကောင်းအိပ်ကောင်း၏၊ ချည်ကော်ဇော၌ကား ဘယ်နေရာ မဆို အပ်၏၊ လဲသွတ်ထားသော မွေ့ရာဖုံ ထိုင်စရာတို့ကိုမူ ဘယ်နေရာ မှာမှ မအိပ် မထိုင်အပ်၊ ဆွမ်းကျွေးတရားနာ စသည်၌ လူတို့က ခုတင်, ကုလားထိုင်ပေါ်၌ ခင်းပေးသော်လည်း လဲ, ဝါဂွမ်း အဆာသွတ်သော အခင်း၌ မထိုင်အပ်၊ ဆိုခဲ့သော ဂေါနက-စသော အခင်း ကော်ဇော များ၌ကား ထိုင်ရုံသာ အပ်၏၊ လျောင်း၍ မအိပ်အပ်။

အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ တီဏိ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ န တွေဝ နိပဇ္ဇိတုန္တိ။
( စူဠဝါပါဠိ )

ရွာတွင်း၌ လဲဖြင့်မွေးယှက်ချုပ်ထားသောညောင်စောင်း, အင်းပျဉ်, ကုလားထိုင် ထိုင်ခုံရှည်ကြီးတို့ကို လူတို့က ထိုင်စေလျှင် ထိုင်ရုံသာ အပ်၏၊ လျောင်းအိပ်ခြင်းငှါ မအပ်ဟုမှတ်။

အနုဇာနာမိ ဘိက္ခဝေ ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ န တွေဝ အဘိနိပဇ္ဇိတုန္တိ။ ( စူဠဝါ ပါဠိ )

(သတ္တမအကြိမ်)

ဆိုခဲ့သော မဟာသယနတို့၌ ထိုင်ခြင်းအိပ်ခြင်းတို့ကိုပြုခဲ့လျှင် ဒုက်သင့်ရာ၏ဟု မဟာသယနဖြင့် ပြပေ၏။

(ဂ) ဥစ္စာသယန မဟာသယနော၌ ဒုက်သင့်ဖို့ သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?

၁။ ဥစ္စာသယန မဟာသယနတာ=မြင့်မြတ်သော အိပ်ရာ နေရာလည်းဖြစ်စေ။

၂။ နိသီဒနံ ဝါ နိပဇ္ဇနံဝါ=နေ, ထိုင်, လျောင်း, အိပ်သည်တွင် တပါးပါး ဖြစ်စေ။

၃။ အနုမ္ဘတ္တကတာ=မရှုးသည်လည်း ဖြစ်စေ၊ ပေါင်းသုံးပါး။

မြင့်မြတ်နေရာ၊ ထိုင်အိပ်ပါလျှင်း၊ မရှုးခြင်းဟု၊
ကြောင်းရင်းသုံးလီ၊ အင်္ဂါညီ၊ သင့်ပြီ ဥစ္စာသယန။

၅။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော ဒုက်အင်္ဂါ၌ (က) ဇာတရူပ ရဇတတို့ဖြင့် ဘာကို ယူမလဲ?

ဇာတရူပဖြင့် ရွှေကိုယူပါ၊ ရဇတဖြင့် ငွေနှင့်တကွ ကဟာပဏ-ကျပ်ပြားဒင်္ဂါး အရောင်းအဝယ် လုပ်နိုင်သော ကြေးပိုက်ဆံ, ချိပ်ပိုက်ဆံ,ငန်-သွပ်စသော ပိုက်ဆံ, ငွေစက္ကူစသော သုံးစွဲရသမျှ အားလုံးကို ရဇတဖြင့် ယူနိုင်ပါသည်၊ ထိုငွေဒင်္ဂါးပိုက်ဆံတို့ကို သာမဏေမျာနှင့်ဆယ်ပါးသီလဥပုသ်သည်တို့သည် ခံယူလျှင် လည်းကောင်း၊ ခံယူရန် စေခိုင်းခဲ့လျှင် လည်းကောင်း၊ စိတ်၌ သာယာခဲ့လျှင်လည်းကောင်း ဤ သိက္ခာပုဒ်ပျက်၏၊ သာမဏေ ဒုက်ထိုက်၏ဟု ပဋိဂ္ဂဟဏောဖြင့် ပြ၏၊ အနီး၌ပေးသွမည့် ရွှေဒင်္ဂါးကိုသော်လဲ စိတ်၌ မသာယာအပ်၊ ကိုင်တွယ်မသုံးသပ်အပ်။

(ခ) ဇာဘရူပ ရဇတ ပဋိဂ္ဂဟဏော၌ ဒုက်သင့်ဖို့ သမ္ဘာရအင်္ဂါ ဘယ်လောက်လဲ?

၁။ ဇာတရူပရဇတဘာဝေါ= ရွှေငွေအသပြာ မာသကာတပါးပါး ဖြစ်ခြင်း။

(သတ္တမအကြိမ်)

၂။ အတ္တုဒ္ဒေသိကတာ=မိမိကိုယ်ကို ရည်ညွှန်း ပေးစွန့်သည်လည်း ဖြစ်စေ။

၃။ ဂဟဏာဒီသု အညတြဘာဝေ ါ-ယူခြင်းစသည်တို့တွင် တပါး-ပါး ဖြစ်စေ၊ ပေါင်း သုံးပါး၊ ထိုသုံးပါး၌ အနုမ္ဗတ္တကတာ-မရှူးသွပ်ခြင်း အင်္ဂါထည့်လျှင် လေးပါးဖြစ်၏။

**ရွှေ,ငွေ,အသပြာ၊ ကိုယ်,တွက်တာဟူ၊ ခံကာယူခြင်း၊ ရူးသွပ်ကင်းဟု၊ ကြောင်းရင်း လေးလီ၊ အင်္ဂါညီ၊ သင့်ပြီ ဇာတရူပ။**

အမှာ ဝိကာလဘောဇနေမှစ၍ ဒဏ်သင့်ကြောင်း သမ္ဘာရ အင်္ဂါတို့နှင့် ညီလျှင် ဆိုင်ရာ သီလ သိက္ခာပုဒ်လည်းပျက် ဒဏ်လည်း သင့်သည်ဟု မှတ်ပါ။

### ၆။ ဘိက္ခုနီ အလာဘာယ ပရိသက္ကတိ-ဒဏ်အင်္ဂါ၌ ရဟန်းအား လာဘ်မရအောင် အားထုက်ဆိုတာ ဘယ်လိုလုပ်တာလဲ?

သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို ရအပ်တဲ့ သဘောရှိသောကြောင့်(လာဘ)လာဘ်ဟုခေါ်ရပါသည်၊တိုလာဘ်ရဖို့ ရဟန်းတို့အား ထိုပစ္စည်းလေးပါး လာဘ်များမရအောင် ဒကာတို့ မလှူ ဖြစ်အောင် မလှူချင်အောင် စေတနာပျက်အောင် မဟုတ်မမှန်သော အပြစ်တို့ကို လုပ်ကြံ ပြောဆိုခြင်းမျိုးသည် လာဘ်မရအောင် အားထုတ် သည် မည်၏၊ ထိုသို့ အားထုတ်ပြောလျှင် သာမဏေ ဒဏ်သင့်၏ဟု ဤ အင်္ဂါဖြင့်ပြသည်။

### ၇။ ဘိက္ခုနီ အနတ္ထာယ ပရိသက္ကတိ-ဒဏ်အင်္ဂါ၌ အားထုတ်ပုံကား ဘယ်လိုလဲ?

ရဟန်းတို့ အကျိုးမဲ့ဖြစ်အောင်, ဘေးအန္တရာယ်ဥပဒ္ဒဝေါ ါဖြစ်အောင် ကြံဖန် အားထုတ်ခြင်း အမျိုးမျိုးသည် ရဟန်းတို့ အကျိုးမဲ့ ဘေးရန် ဖြစ်အောင် အားထုတ်သည် မည်၏။

အနုတ္တာဝယာတိ ဥပဒ္ဒဝါယ။ (ဟာ-ထာ)

ဂ။ ဘိက္ခုနီ အဝါသာယ ပရိသက္ကတိ-ဒဏ်အင်္ဂါ၌
**အားထုတ်ပုံကား ဘယ်လိုလဲ?**

ရဟန်းများ နေမြဲကျောင်း၌ မနေနိုင်အောင် တစုံတခုအပြစ်ကြောင့် ကျောင်းမှ ထွက်သွားရအောင် ရာဇဝတ်မှုမျိုး စွပ်စွဲမှုမျိုးစသည်ဖြစ်ပေါ်ရန် အားထုတ်ခြင်းသည် ရဟန်းတို့ နေရာမရအောင် အားထုတ်သည် မည်၏၊ ကောင်းမွန်စွာ မနေသူတို့ကိုထွက်သွားအောင်အားထုတ်သော်လဲ ဒဏ်ပြစ် မရှိ။

၉။ ဘိက္ခု အက္ကောသတိ ပရိဘာသတိ-အင်္ဂါ၌

(က) အက္ကောသတိ-အရ ဘယ်လိုဆဲခြင်းမျိုးလဲ?

ဆဲရေးကြောင်း အက္ကောသ ဝတ္ထု ၁၀-ပါးရှိသည်။

၁။ ဇာတိ=အမျိုးဇာတ်ကို ထိခြင်း။
၂။ နာမ=နာမည်။
၃။ ဂေါတ္တ=အနွယ်။
၄။ ကမ္မ=သူ၏အလုပ်အကိုင်။
၅။ သိပ္ပ=အတတ်ပညာ။
၆။ အာဗာဓ=အနာရောဂါ။
၇။ လိင်္ဂ=အချိုးကျ-မကျ ပုံသဏ္ဌာန်။
၈။ ကိလေသာ=လောဘ, ဒေါသ စသော ကိလေသာ။
၉။ အာပတ္တိ=သင့်သောအပြစ်အာပတ်ထိခြင်း။
၁၀။ အက္ကောသ=မေထုန်နှင့် စပ်၍လည်းကောင်း၊ အင်္ဂါဇာတ်နှင့် စပ်၍လည်းကောင်း၊ ဟဲ့ခွေး, ဟဲ့နွား စသည်ဖြင့် ဆဲခြင်း၊ ပေါင်း ၁၀-မျိုး။

( သတ္တမအကြိမ် )

ထိုဝတ္ထု ၁၀-ပါးရှိသဖြင့် ထိခိုက်ပုံလည်း ၁၀-ပါး ရှိပေသည်၊ ဟဲ့ သူတောင်းစားဟု စိတ်ဆိုး၍ ဆိုလျှင် ဇာတ်ဖြင့်ဆဲ၏၊ ဟေ့ ဒူလာသယ်ဟု ဆိုလျှင် အာဗာဓဖြင့် ဆဲ၏၊ ဤနည်းမှီ၍ ဆဲပုံသိပါ။

မျိုး,မည်,နွယ်,ကမ်၊ တတ်,နာ,သက်၊ ကိလ်,အာ,အက်ထိ။
ဆဲခြင်း ဆယ်ပါး၊ ရဟန်းအား၊ ဆဲငြား ပြစ်ဒကာသိ။

(ခ) ပရိဘာသတိ—အရ ခြိမ်းခြောက်ဆိုတာ ဘယ်လိုလဲ ?

ရဟန်းတို့အား ခေါင်းပြတ်သွားမည်၊ ရိုက်မည်၊ နှက်မည်၊ သတ်မည် စသည်ဖြင့် ကြိမ်းမောင်းခြင်းကို ခြိမ်းခြောက်သည်ဟု ဆိုရသည်။

အက္ကောသတိ ပရိဘာသတီတိ အက္ကောသတိ စေဝ ဘယ ဒဿနေန စ တဇ္ဇေတိ။ (ဟာ ထာ)

၁၀။ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ အင်္ဂါ၌

(က) ကွဲပြားအောင် ကုန်းတိုက်ဆိုတာ ဘယ်လိုလဲ?

ရဟန်းတော်ချင်း ကွဲပြားအောင် (မတဲ့အောင် အချစ်ပျက်အောင်) ကုန်းတိုက်ခြင်း, ရန်တိုက်ခြင်းတို့သည် ကွဲပြားအောင် ကုန်းတိုက်သည် မည်၏။

(ခ) ဒကာသင့်သော အပြစ်ဟာ ဤ ၁၀-ပါးသာ ရှိသလား?

မကပါ၊ သာမဏေတို့ သေခိယ သိက္ခာပုဒ်လွန်ကျူးမှု၊ ခန္ဓကဝတ် ၁၄-ပါးလွန်ကျူးမှုတို့ပြင် သုက္ကဝိဿဋ္ဌိစသောလောကပြစ်ရောက်သည့် ဝိနည်းတော်လာ လောကဝဇ္ဇ သိက္ခာပုဒ်တို့ လွန်ကျူးမှုများလဲ ဒကာထိုက် ပါသည်။

အာဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ သေခိယ- ဝတ္တခန္ဓကဝတ္တေသု အညေသု စ သုက္ကဝိဿဋ္ဌိအာဒိ လောကဝဇ္ဇ- သိက္ခာပဒေသု သာမဏေရေဟိ ဝတ္တိတဗ္ဗံ၊ ဘတ္တ အဝတ္တမာနော အလဇ္ဇီဒဏ္ဍကမ္မာရဟော စ ဟောတီတိ ဒဿေတိ။ (ဝိဋီ)

( သတ္တမအကြိမ် )

## လေ့ကျင့်ခန်း မေးခွန်း

၁။ ဒုက္ခ၏ အဓိပ္ပါယ်နှင့် အရကောက်ကို ဖော်ပြပါ။

၂။ ဒုက္ခမပေးသင့်ပုံနှင့် ဒုက္ခပေးနိုင်သူတို့ကို ဖော်ပြစမ်းပါ။

၃။ နေလှဲ၍ မုန့်စားတဲ့ သာမဏေ၏ ဒုက္ခအပြစ်ကို အင်္ဂါနှင့်တကွ ဖော်ပြပါ။

၄။ အောက်ပါ သာမဏေတို့ အပြစ်ရောက်-မရောက် ပါဠိ အစိတ်ကိုး၍ ဖြေပါ။

(က) ရှေ့က ခေါင်းဆောင်၍ လိုက်ပြီး က,အောင် လက်မြှောက်တဲ့ ရှင်ဓမ္မ။

(ခ) ဝိနည်းလင်္ကာကို သံရှည်မဆွဲပဲ ရွတ်ဆိုတဲ့ ရှင်ဝရ။

(ဂ) ဝတ္တံ အပရိပူရေန္တော ပါဠိဂါထာကို ခြေထောက်က စည်းလိုက်၍ သာယာဖွယ်ရွတ်တဲ့ ရှင်ထုတိ။

(ဃ) ဆွမ်းခံသွားခါနီး မသိမသာအလှဆီလိမ်းတဲ့ ရှင်သုတိ။

၅။ အင်္ကောသတိ-အရ ဆဲပုံသုံးမျိုးလောက် ထုတ်၍ အနတ္တာသယပုဒ်ကို အနက်သမ္ဗန်ပါ။

ဒုက္ခ ၁၀-ပါး မှတ်သားဖွယ် ပြီး၏။

( သတ္တမအကြိမ် )

# သေခိယပါဠိ

## ၁—ပရိမဏ္ဍလ ဝဂ္ဂ

ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

၁။ ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။

၂။ ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။

၃။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၅။ သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၆။ သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၇။ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၈။ ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၉။ န ဥက္ခိတ္တကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၀။ န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

---

## ၂—ဥဇ္ဇဂ္ဃိကဝဂ္ဂ

၁၁။ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

( သတ္တမအကြိမ် )

၁၂။ န ဥဇ္ဇုဂ္ဂိကာယ အန္တရာယရေ နိသိဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၃။ အပ္ပသဒ္ဒေါ အန္တရာယရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၄။ အပ္ပသဒ္ဒေါ အန္တရာယရေ နိသိဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅။ န ကာယပ္ပစာလကံ အန္တရာယရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆။ န ကာယပ္ပစာလကံ အန္တရာယရေ နိသိဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇။ န ဗာဟုပ္ပစာလကံ အန္တရာယရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈။ န ဗာဟုပ္ပစာလကံ အန္တရာယရေ နိသိဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉။ န သီသပ္ပစာလကံ အန္တရာယရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀။ န သီသပ္ပစာလကံ အန္တရာယရေ နိသိဒိဿာမီတိ သိက္ခာ ကရဏီယာ။

ဥဇ္ဇုဂ္ဂိကဝဂ္ဂေါ ဒုတိယော။

---

## ၃-ခမ္ဘကတဝဂ္ဂ

၂၁။ န ခမ္ဘကတော အန္တရာယရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၂။ န ခမ္ဘကတော အန္တရာယရေ နိသိဒိဿာမီတိ သိက္ခာ ကရဏီယာ။

(ယတ္တမအကြိမ်)

၂၃။ န ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၄။ န ဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၅။ န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၆။ န ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၇။ သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၈။ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၉။ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၃၀။ သမတိတ္တိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

ခမ္ဘကတဝဂ္ဂေါ တတိယော။

---

## ၄ · သက္ကစ္စဝဂ္ဂ

၃၁။ သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၂။ ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၃။ သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၄။ သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၅။ န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၆။ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

၃၇။ န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

**( သတ္တမအကြိမ် )**

၃၈။ နဲ ဥဇ္ဇာနသညိ ပရေသံ ပတ္တံ ဩလောကေဿာမိတိ သိက္ခာ ကရဏီယာ။

၃၉။ နာတိမဟန္တံ ကဗဠံ ကရိဿာမိတိ သိက္ခာ ကရဏီယာ။

၄၀။ ပရိမဏ္ဍလံ အာလောပံ ကရိဿာမိတိ သိက္ခာ ကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

## ၅-ကဗဠဝဂ္ဂ

၄၁။ နဲ အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမိတိ သိက္ခာ ကရဏီယာ။

၄၂။ နဲ ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမိတိ သိက္ခာ ကရဏီယာ။

၄၃။ နဲ သကဗဠေန မုခေန ဗျာဟရိဿာမိတိ သိက္ခာ ကရဏီယာ။

၄၄။ နဲ ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၄၅။ နဲ ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၄၆။ နဲ အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၄၇။ နဲ ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၄၈။ နဲ သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၄၉။ နဲ ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၅၀။ နဲ စပု စပု ကာရကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

## ၆-သုရုသုရုဝဂ္ဂ

၅၁။ နဲ သုရု သုရု ကာရကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၅၂။ နဲ ဟတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

( သတ္တမအကြိမ် )

၅၃။ န ပတ္တနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၄။ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၅။ န သာမိသေန ဟတ္ထေန ပါနီယတ္ထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၅၆။ န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရဏီယာ။

၅၇။ န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၅၈။ န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၅၉။ န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၀။ န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

## ၇—ပါဒုကဝဂ္ဂ

၆၁။ န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၂။ န ဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၃။ န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(သတ္တမအကြိမ်)

၆၄။ န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၅။ န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၆။ န ဝေဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၇။ န ဩဂုဏ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၈။ န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၉။ န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၀။ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၁။ န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၂။ န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၃။ န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၄။ န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၅။ န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကာဝဂ္ဂေါ သတ္တမော။

(သတ္တမအကြိမ်)

# သေခိယအနက်

## ၁—ပရိမဏ္ဍလဝဂ်

အာယသ္မန္တော၊ အရှင်တို့။ သေခိယာ၊ သေခိယ အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။ ဥဒ္ဒေသံ၊ အကျဉ်း ရွတ်ဆိုခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

(၁-၂) ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ နိဝါသေဿာမိ၊ သင်းပိုင်ကို ဝတ်အံ့။ ပါရုပိဿာမိ၊ ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

(၃-၄) သုပ္ပဋိစ္ဆန္နော၊ လည်,လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

(၅-၆) သုသံဝုတော၊ လက်, ခြေတို့ကို မကစားပဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

(၇-၈) ဩက္ခိတ္တစက္ခု၊လေးတောင်ခန့်မျှ ကြည့်သဖြင့် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍။အန္တရဃရေ၊ရွာတွင်း၌။ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

(၉-၁၀) ဥက္ခိတ္တကာယ၊ သင်္ကန်းကို ပင့်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ပဌမော၊ ရှေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ၊ ပရိမဏ္ဍလဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၂–ဥဇ္ဇုဂ္ဂိကပင်

(၁-၂) ဥဇ္ဇုဂ္ဂိကာယ၊ ပြင်းစွာရယ်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၃-၄) အပ္ပသဒ္ဒေါ၊ ငယ်သော အသံ ရှိသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊သွားအံ့။ နိသီဒိဿာမိ၊နေထိုင်အံ့။

(၅-၆) ကာယပ္ပစာလကံ၊ ကိုယ်ကို လှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၇-၈) ဗာဟုပ္ပစာလကံ၊ လက်ရုံးကို လှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌၊ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၉-၁၀) သီသပ္ပစာလကံ၊ ဦးခေါင်းကို လှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့၊ န နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ဒုတိယော၊ နှစ်ခုမြောက်သော။ ဥဇ္ဇုဂ္ဂိကဝဂ္ဂေါ၊ ဥဇ္ဇုဂ္ဂိကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၃–ခမ္ဘကတဝဂ်

(၁-၂) ခမ္ဘကတော၊ ခါးကိုထောက်လျက်။ အန္တရဃရေ၊ရွာတွင်း၌။ န ဂမိဿာမိ၊မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၃-၄) သြဂုဏ္ဌိတော၊ဦးခေါင်းကိုခြုံလျက်။ အန္တရဃရေ၊ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

( သတ္တမအကြိမ် )

(၅) ဥက္ကုဋ္ဋိကာယ၊ ဖဝါးဆွဲနင်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။

(၆) ပလ္လတ္ထိကာယ၊ လက်အာယောဂပတ်, ပုဆိုးအာယောဂပတ် ဖွဲ့လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၇) သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

(၈) ပတ္တသညီ၊ သပိတ်၌အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

(၉) သမသူပကံ၊ ဆွမ်း၏ လေးဖို့တဖို့ ပဲနောက်ဟင်း စသည်နှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

၁၀) သမတိတ္တိကံ၊ သပိတ်အတွင်း အနားရေးနှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

တတိယော၊ သုံးခုမြောက်သော။ ခမ္ဘကတဝဂ္ဂေါ၊ ခမ္ဘကတဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄-သက္ကစ္စဝဂ်

(၁) သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

(၂) ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

( သတ္တမအကြိမ် )

(၃) သပဒါနံ၊ အစဉ်အတိုင်း။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

(၄) သမသူပကံ၊ ဆွမ်း၏ လေးဖို့တဖို့ ပဲနောက်ဟင်း စသည်နှင့် အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

(၅) ထူပကတော၊ ဆွမ်းဦးမှ။ ဩမဒ္ဒိတွာ၊ နှိပ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

(၆) သူပံ ဝါ၊ ဟင်းကိုလည်းကောင်း။ ဗျဉ္ဇနံ ဝါ၊စားမဲဟင်းလျာ ကိုလည်းကောင်း။ ဘိယျောကမျတံ၊ များသည်ကို အလို ရှိသည်၏ အဖြစ်ကို။ ဥပါဒါယ၊ စွဲ၍။ ဩဒနေန၊ ဆွမ်းဖြင့်။ န ပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့။

(၇) သူပံ ဝါ၊ ဟင်းကိုလည်းကောင်း။ ဩဒနံ ဝါ၊ ဆွမ်းကို လည်းကောင်း။ အဂိလာနော၊ မနာမဖျားပဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှာ။ ဝိညာပေတွာ၊ တောင်း၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

(၈) ဥဇ္ဈာနသညီ၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည် ဖြစ်၍။ ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊ သပိတ်ကို။ န ဩလောကေဿာမိ၊ မကြည့်အံ့။

(၉) အတိမဟန္တံ၊ အလွန်ကြီးသော။ ကဗဠံ၊ ဆွမ်းလုတ်ကို။ န ကရိဿာမိ၊ မပြုအံ့။

(၁၀) ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာလောပံ၊ ဆွမ်းလုတ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

စတုတ္ထော၊ လေးခုမြောက်သော။ သက္ကစ္စဝဂ္ဂေါ၊ သက္ကစ္စဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

( ထတ္တမအကြိမ် )

## ၅-ကဗဠဝဂ်

(၁) ကဗဠင္ဂ၊ ဆွမ်းလုတ်သည်၊ အနာဟရေ၊ ခံတွင်းဝသို့မရောက်မီ။ မုခဒွါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဖွင့်အံ့။

(၂) ဘုဥ္ဇမာနော၊ ဆွမ်းစားသော ငါသည်။ သဗ္ဗံ၊ ဟတ္ထံ၊ အလုံးစုံသော လက်ကို။ မုခေ၊ ခံတွင်း၌။ န ပက္ခိပိဿာမိ၊ မထည့်အံ့။

(၃) သ ကဗဠေန၊ ဆွမ်းလုတ်နှင့်တကွသော။ မုခေန၊ ခံတွင်းဖြင့်။ န ဗျာဟရိဿာမိ၊ စကားမဆိုအံ့။

(၄) ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုတ်ကို မြှောက်၍ မြှောက်၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။

(၅) ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုတ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။

(၆) အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ ထား၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။

(၇) ဟတ္ထနိဒ္ဓုနကံ၊ လက်ကို ခါ၍ ခါ၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။

(၈) သိတ္ထာဝကာရကံ၊ ဆွမ်းလုံးကို ကြဲ၍ ကြဲ၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။

(၉) ဇိဝှါနိစ္ဆာရကံ၊ လျှာကို ထုတ်၍ ထုတ်၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။

(၁၀) စပု စပု ကာရကံ၊ စပ်စပ်အသံကိုပြု၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ပဥ္စမော၊ ငါးခုမြောက်သော။ ကဗဠဝဂ္ဂေါ၊ ကဗဠဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

( သတ္တမအကြိမ် )

## ၆—သုရုသုရုဝဂ်

(၁) သုရု သုရု ကာရကံ၊ ရှပ် ရှပ် အသံကိုပြု၍။ န ဘုဥ္ဇိတဗ္ဗံ၊ မစားအပ်။

(၂) ဟတ္ထနိလ္လေဟကံ၊ လက်ကို လျက်၍ လျက်၍။ န ဘုဥ္ဇိတဗ္ဗံ၊ မစားအပ်။

(၃) ပတ္တနိလ္လေဟကံ၊ သပိတ်ကို ခြစ်၍ ခြစ်၍။ န ဘုဥ္ဇိတဗ္ဗံ၊ မစားအပ်။

(၄) ဩဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကို လျက်၍လျက်၍။ န ဘုဥ္ဇိတဗ္ဗံ၊ မစားအပ်။

(၅) သာမိသေန၊ ဆွမ်းစသော အာမိသနှင့်တကွသော။ ဟတ္ထေန၊ လက်ဖြင့်။ ပါနီယထာလကံ၊ သောက်ရေခွက်ကို။ န ပဋိဂ္ဂဟေတဗ္ဗံ၊ မကိုင်အပ်။

(၆) သ သိတ္ထကံ၊ ဆွမ်းလုံးနှင့်တကွသော။ ပတ္တဓောဝနံ၊ သပိတ်ဆေးရေးကို။ အန္တရဃရေ၊ ရွာတွင်း၌။ န ဆဍ္ဍေတဗ္ဗံ၊ မစွန့်အပ်။

(၇) ဆတ္တပါဏိဿ၊ ထီးလက်၌ရှိသော။ အဂိလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေတဗ္ဗံ၊ မဟောအပ်။

(၈) ဒဏ္ဍပါဏိဿ၊ တုတ်, တောင်ဝှေးလက်၌ရှိသော။ အဂိလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေတဗ္ဗံ၊ မဟောအပ်။

(၉) သတ္ထပါဏိဿ၊ ဓား, လက်နက် လက်၌ရှိသော။ အဂိလာနဿ၊ မနာ မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေတဗ္ဗံ၊ မဟောအပ်။

( သတ္တမအကြိမ် )

(၁၀) အာဝုဓပါဏိသ္မာ၊ လေး, လက်နက် လက်၌ရှိသော။ အင်္ဂလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ဆဋ္ဌော၊ ခြောက်ခုမြောက်သော။ သုရု သုရုဝဂ္ဂေါ၊
သုရု သုရုဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၇–ပါဒုကဝဂ်

(၁) ပါဒုကာရုဠှဿ၊ ခြေနင်းစီးသော။ အင်္ဂလာနဿ၊မနာမဖျားသောသူအား။ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၂) ဥပါဟနာရုဠှဿ၊ ဖိနပ်စီးသော။ အင်္ဂလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၃) ယာနဂတဿ၊ ယာဉ်စီးသော။ အင်္ဂလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၄) သယနဂတဿ၊ အိပ်ရာ၌နေသော။ အင်္ဂလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၅) ပလ္လတ္ထိကာယ၊ လက်အာယောဂပတ်, ပုဆိုးအာယောဂပတ် ဖွဲ့လျက်။ နိသိန္နဿ၊ ထိုင်သော။ အင်္ဂလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၆) ဝေဌိတသီသဿ၊ ဦးရစ်ပေါင်းသော ဦးခေါင်း ရှိသော။ အင်္ဂလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၇) ဩဂုဏ္ဌိတသီသဿ၊ ခြုံသောဦးခေါင်းရှိသော။အင်္ဂလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ အံ့။

(၈) ဆမာယံ၊ မြေ၌။ နိသီဒိတွာ၊ နေ၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အင်္ဂလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(သတ္တမအကြိမ်)

(၉) နိစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသီဒိတွာ၊ နေ၍။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၁၀) ဌိတော၊ ရပ်သော ငါသည်။ နိသိန္နဿ၊ ထိုင်သော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၁၁) ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၁၂) ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပထေန၊ ခရီးဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

(၁၃) အဂိလာနော၊ မနာမဖျားပဲ။ ဌိတော၊ ရပ်လျက်။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ န ကရိဿာမိ၊ မစွန့်အံ့။

(၁၄) အဂိလာနော၊ မနာမဖျားပဲ။ ဟရိတေ၊ စိမ်းသော မြက်သစ်ပင်ရှိရာအရပ်၌။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ ခေဠံ ဝါ၊ တံတွေးကိုလည်းကောင်း။ န ကရိဿာမိ၊ မစွန့်အံ့။

(၁၅) အဂိလာနော၊ မနာမဖျားပဲ။ ဥဒကေ၊ သုံးဆောင်ကောင်းသော ရေ၌။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ ခေဠံ ဝါ၊ တံတွေးကိုလည်းကောင်း။ န ကရိဿာမိ၊ မစွန့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

သတ္တမော၊ ခုနစ်ခုမြောက်သော။ ပါဒုကဝဂ္ဂေါ၊ ပါဒုကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

သေခိယ အနက် ပြီး၏။

( သတ္တမအကြိမ် )

## သေခိယ မှတ်သားဖွယ်

### (က) ဘာကြောင့် သေခိယ ခေါ်သလဲ?

''သိက္ခိတဗ္ဗာတိ သေခိယာ''သိ-ခာတ် ဏျ-ပစ္စည်း၊ က္ခ-ဦ က-ချေ၊ ဣ-ကို ဧ-ပြု၊ ဣ-လာ၊ ကမ္မသာဓနနှင့်အညီ သင်ထိုက် ကျင့်ထိုက် သင်အပ် ကျင့်အပ်သောကြောင့် သေခိယဟု ခေါ်ရပါသည်။

**အဓိပ္ပာယ်မှာ —** ပြလတ္တံ့ ကျင့်ဝတ်များကို ရဟန်း, သာမဏေတို့ နားလည်အောင် သင်ယူရမည်၊ နားလည်သည့်အခါ သိက္ခာပုဒ်လာတိုင်း ကျင့်ရမည်ဟု ဆိုလိုသည်၊ သို့ပါ၍ လွန်စွာ ကြည်ညိုဖွယ် ဆောင်သော သေခိယသိက္ခာပုဒ်များကို နှုတ်ငုံဆောင်ရွက် ကျက်မှတ်ရုံနှင့် မပြီးသေးပဲ ဆရာထံ ကျနအောင် သင်လဲ သင်ယူပါ၊ ကျင့်လဲ ကျင့်ကြံပါဟု အထူး တိုက်တွန်းရပေမည်။

**သင်အပ်, ကျင့်အပ်၊ အကျင့်မြတ်၊ ခေါ်မှတ် သေခိယာ။**

### (ခ) ဣမေ ခေါ ပန-မှစ၍ အာဂစ္ဆန္တိ တိုင်အောင် စကားက ဘာလဲ?

သေခိယ သိက္ခာပုဒ်များ၏ အချီးစကားပျိုး အနှုန်းနိဒါန်း စကားတည်း။

### (ဂ) ဘယ်လိုပျိုး၍ နှုန်းသလဲ?

ဝိနည်းလောက၌ ရဟန်းတော်များ သိမ်တွင်း ဥပုသ်ပြုရာ ရွတ်ဆို ပြခန်းတွင် ဤသေခိယ သိက္ခာပုဒ်များလဲ ပါပင်၍ ရွတ်ပြသည့်ရဟန်းက သေခိယ သိက္ခာပုဒ်တို့ ရွတ်ပြခါနီး၍ ရဟန်းတော်များအား ''အို-အရှင်မြတ်တို့ ဤမည်သော သေခိယ သိက္ခာပုဒ်တို့ကို သရုပ်ထုတ်၍ ပြဖို့ ရောက်လာပါပြီ ဘုရား''ဟု သတိနှိုး၍ စကားပျိုးလိုက်တဲ့ နိဒါန်းစကား ဖြစ်ပါသည်။

### (ဃ) ၇၅-ပါးရှိလျက် ပဥ္စသတ္တတိ-ဟု သချာဘာကြောင့် မတပ်တာလဲ?

ဝတ္တခန္ဓက၌ အာဂန္တုကဝတ်,အာဝါသိကဝတ်စသည်ဖြင့် ကျင့်ဝတ်များစွာ ရှိသေး၏၊ ထိုကျင့်ဝတ်များကိုလဲ သေခိယပင် ဖြစ်သောကြောင့်

(သတ္တမအကြိမ်)

ဒွေမာတိကာ၌ ပြထားသော ၇၅-ပါးသော သေခိယာဖြင့် မကုန်သေးသောကြောင့် ပဉ္စသတ္တတိ-ဟု သင်္ချာတပ်၍ မဟောပါ။

(င) ဘာကြောင့် ပရိမဏ္ဍလဝဂ်ဟု ခေါ်သလဲ?

သိက္ခာပုဒ်အပေါင်းအစုကိုပါဠိလိုဝဂ္ဂ-ဆို၍ မြန်မာလို(ဝဂ်)အပေါင်းအစုဟု ခေါ်ပါသည်၊ ပရိမဏ္ဍလ-သိက္ခာပုဒ် အစထားသော သိက္ခာပုဒ်အစုကို ပရိမဏ္ဍလဝဂ်ဟု ခေါ်ရပါသည်၊ကျန်သောဝဂ်များ၏ အဓိပ္ပါယ်ကို ဤနည်းမှီ၍ သိပါလေ၊ ဝဂ်တိုင်း သိက္ခာပုဒ် ဂဏန်းပြ၍ ရေးပေလတ္တံ့။

၁။ ပရိမဏ္ဍလ ပထမသိက္ခာပုဒ်၌—

(က) အဝန်းညီစွာ သင်းပိုင်ကို ဝတ်ဆိုတာ ဘယ်လိုဝတ်တာလဲ?

အတွင်းခါး၌ ဝတ်ဆင်သော အဝတ်ကို သင်းပိုင်ဟု ခေါ်သည်၊ ထိုသင်းပိုင်ကို ဝတ်သောအခါ အထက်ပိုင်း၌ ချက်ကို ဖုံးမိစေလျက် အောက်ပိုင်းမှာ ဒူးဆစ် မြင်းခေါင်းရိုးအောက် လက်ရှစ်သစ်လောက် ဝန်းဝိုင်းအောင် (အဝန်းညီအောင်) ဝတ်ထားခြင်းသည် (ပရိမဏ္ဍလ နိဝါသန)အဝန်းညီစွာ သင်းပိုင်ကိုဝတ်သည်မည်ပါသည်၊ (ပရိ=အထက်အောက် ပတ်ဝန်းကျင် + မဏ္ဍလ = ဝန်းဝိုင်းနေအောင် + နိဝါသန=သင်းပိုင်ကို ဝတ်ခြင်း။)

(ခ) ဖုံးလွှမ်းရမည့်အဝန်း ဘယ်နှစ်ပါးရှိသလဲ?

၁။နာဘိမဏ္ဍလ-ချက်အဝန်းတပါးနှင့်, ဇာဏုမဏ္ဍလ-ပုဆစ်ဒူးဝန်း ၂-ခု၊ ပေါင်း ၃-ပါး ရှိပါသည်။

(ဂ) သင်းပိုင်ကို ပုဆစ်ဒူးဝန်းအောက် လက်ရှစ်သစ် ချဆိုတာ ဝတ်တိုင်း ရှစ်သစ် အတိအကျ ဖြစ်နိုင်မလား?

အတိအကျဖြစ်ဖို့ ခဲယဉ်းပါသည်၊ ထို့ကြောင့် အနည်းငယ် အတိုအရှည်ရှိသော်လဲ အပြစ်မရှိ၊ ဒါကြောင့် အဋ္ဌကထာ၌ လက်ရှစ်သစ်ဟု အတိအကျမဆိုပဲ အဋ္ဌင်္ဂုလိမတ္တံ လက်ရှစ်သစ်လောက်ဟု မတ္တ-သဒ္ဒါဖြင့်

(သတ္တမအကြိမ်)

မသေမချာ ပြသည်၊ ဆိုလိုရင်းမှာ လက်ရှစ်သစ်လောက်ကျအောင် မှန်း၍ မတိုလွန်း မရှည်လွန်းပဲ သာရုပ်ပြဖြစ်အောင် ဝတ်မှုကို လိုအပ်၏ဟု ဝိမတိဋ္ဌကာ ဆိုသည်။

## (ဿ) လက်ရှစ်သစ်ဆိုတာ လက်ချောင်းငယ်တို့ဖြင့် တိုင်းရမလား?

ယခု လက်ချောင်း ရှစ်ချောင်းဖြင့် မတိုင်းရ၊ ပိုက်ဆံတပြားစာလျှင် တလက်သစ်ကျ တိုင်းရမည်ဟု ပါတိမောက် ဘာသာဋီကာ၌ ဆိုသည်၊ တမိုက်၏ ရှစ်ပုံတပုံကို တလက်သစ်ပြု၍ တိုင်းပါ။

## (င) ပရိမဏ္ဍလ ပထမ သိက္ခာပုဒ်ဖြင့် ဘယ်လိုဝတ်မိလျှင် အပြစ်ရောက်မလဲ?

ဆိုခဲ့သလို မဝတ်မူ၍ မရိမသေ မလေးမစားပဲ သင်းပိုင်ကို ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း တွဲရရွဲဆွဲ၍ ဝတ်သောသာမဏေ ဒဏ်သင့်၏၊ ရဟန်း ဒုက္ကဋ်သင့်ပါသည်။

## (စ) မဝတ်ကောင်းသော ဝတ်ပုံမျိုး ရှိသေးသလား?

ရှိသေးတယ်။ (၁) ဟတ္ထိသောဏ္ဍက။ (၂) မစ္ဆဝါလက။ (၃) စတုက္ကဏ္ဏက။ (၄) တာဠဝဏ္ဋက။ (၅) သတဝလိက။ (၆) သံဝလ္လိယ- ပေါင်း နိဝါသနဒေါသ ခြောက်ပါး ခန္ဓက၌ လာသည်။

၁။ ချက်ရင်းမှ ဆင်နှာမောင်းနှင့် တူသော တွဲရရွဲချ၍ ဝတ်ခြင်းသည် ဟတ္ထိသောဏ္ဍက ဝတ်ပုံမည်၏၊ ကြည်းကုလားမတို့ ဝတ်ပုံနှင့်တူ၏။

၂။ တဘက်မှအမြိတ်စွန်းကိုတဘက်မှကွင်းစွန်းကို။ ဝါ-အိတ်ထောင် စွန်းကို တွဲလျားချ၍ ဝတ်ဆင်ခြင်းသည် ငါးကြင်းမြီးကဲ့သို့ ဝတ်သော မစ္ဆဝါလက ဝတ်ပုံမည်၏။

၃။ အထက်နှစ်စွန်း အောက် နှစ်စွန်းတို့ကို ပြ၍ ဝတ်ခြင်းသည် လေးစွန်း ထွက်ပတ်သော စတုက္ကဏ္ဏက ဝတ်ပုံမည်၏။

၄။ ယပ်ဝန်းကဲ့သို့ တွဲရရွဲဆွဲ၍ဝတ်ခြင်းသည် တာတဝဏ္ဋက ဝတ်ပုံ မည်၏။

၅။ ပုဆိုးရှည်ကြီးကို အကြိမ်များစွာခေါက်၍ အတွန့်ကို ပြုလုပ်ဝတ်ခြင်းမျိုးသည်လည်းကောင်း၊ လက်ဝဲလက်ျာ နံပါးတို့၌ အခြားမရှိအတွန့်တို့ပြ၍ ဝတ်ခြင်းမျိုးသည်လည်းကောင်း သတဝလိက ဝတ်ပုံမည်၏။

၆။ ခါးတောင်းကျိုက်၍ ဝတ်ခြင်းသည် သံဝလ္လိယ ဝတ်ပုံ မည်၏၊ ထိုခြောက်မျိုး ဝတ်ပုံများကို ဝတ်လျှင် ဒုက္ကဋ်သင့်၏ဟု မှတ်ပါ၊ ရှင်သာမဏေတို့ ခါးတောင်းမကျိုက်မိပါစေလင့်။

## (ဆ) ချွတ်ချော်လျှင် ဒုက္ကဋ်အပြစ် ရောက်သေးသလား?

ညီညွတ်အောင် ဝတ်အံ့ဟု နှလုံးပြုဝတ်ရာ၌ ချွတ်ချော် ဝတ်မိလျှင် အပြစ်မရှိ၊ အလုပ်အကိုင် လုပ်နေခြင်းစသည်ဖြင့် အာရုံတပါး ပြုနေစဉ် ချွတ်ချော်ဝတ်မိလျှင် အပြစ်မရှိ၊ မဝတ်တတ်သေးလျှင် အပြစ်မရှိ၊ ဝတ်တတ်အောင် သင်အပ်၏၊ သလုံးမြင်းခေါင်း, ခြေသားလုံး စသည်၌ အနာအဖု စသည်ရှိမူ မတင့်တယ်မူ နှိမ့်ချ၍ လည်းကောင်း၊ မြှင့်တင်၍ လည်းကောင်း ဝတ်အပ်၏။

အမှာ အခြားသိက္ခာပုဒ်တို့နှင့် ဆိုင်သောအရာကို အဆုံး၌ ပြဆိုအံ့။

## (ဇ) ပထမ ပရိမဏ္ဍလ သိက္ခာပုဒ်၌ အင်္ဂါ ဘယ်နှစ်ပါးလဲ?

၁။ အနာဒရိယံ-သိက္ခာပုဒ်ကို မကျင့်လိုသော အနာဒရိယ စိတ်ထားရှိခြင်း။

၂။ အနာပတ္တိကာရဏာဘာဝေါ-အာပတ်, ဒုက္ကဋ် လွတ်ငြိမ်းဖို့အကြောင်း မရှိခြင်း။ (ဘေးရန်စသော အကြောင်းမရှိခြင်း ဟူလို)

၃။ အပရိမဏ္ဍလနိဝါသန - ထက်ဝန်းကျင် ဝန်းဝိုင်းအောင် မဝတ်ခြင်း။ (မညီမညွတ် တွဲရရွဲဝတ်ခြင်း ဟူလို) ပေါင်း ၃-ပါး ရှိသည်။

ဤအင်္ဂါသုံးပါးနှင့်ညီလျှင် အာပတ်,ဒုက္ကဋ်သင့်ရောက်ပါ၏၊ ၎င်းအင်္ဂါ ၃-ပါးတွင်ရှေးအင်္ဂါ ၂ ပါးသည် သေခိယသိက္ခာပုဒ်အားလုံးနှင့်ဆိုင်၏၊ နောက်ဆုံး ၁-ပါးမှာ သိက္ခာပုဒ်၌ ပြသော ကျင့်ဖွယ်ကို ပြောင်းပြန်ပြန်ထားသော အင်္ဂါဖြစ်သည်၊ ဥပမာ--သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်၌ ကောင်းစွာ

မဖုံးလွှမ်းပဲ ရုံခြင်းဟု တတိယအင်္ဂါဖြစ်ပါလိမ့်မည်၊ ဤသို့လျှင် ရှေးအင်္ဂါ နှစ်ပါးနှင့်ပေါင်းသော် အင်္ဂါသုံးပါး ဖြစ်ပုံထောက်၍ နောက်ဆုံးအင်္ဂါ ကို ကျင့်ဖွယ်မှ ပြန်လျက် အင်္ဂါသုံးပါးဖြစ်ပုံ သိနိုင်ကြပါစေ၊ နောက် သိက္ခာပုဒ်များ အင်္ဂါ မရေးတော့ပါ။

> မရှိသေခြင်း၊ ဒုက်သင့် ကင်းဘိ၊ ကြောင်းမရှိပဲ၊ တွဲရရွဲမညီ၊ ဝတ်ဆင်ဘိသော်၊ ပရိမဏ္ဍလာ၊ သုံးအင်္ဂါပြု၊ နောက်နောက်စု လည်း၊ ယခုရှေ့ဖျား၊အင်နှစ်ပါးနှင့်၊နောက်သွားတမျိုး၊ကျ ပြန် တိုးသည်၊ မှတ်ရိုးသုံးပါးစီသ ၁တည်း။

## ၂။ ဒုတိယပရိမဏ္ဍလသိက္ခာပုဒ်၌ (က) အဝန်းညီစွာ ကိုယ်ဝတ် သင်္ကန်းကို ရုံဆိုတာ ဘယ်လိုရုံတာလဲ?

ပါရုပိဿာမိ-ရုံအံ့ဟု ဆိုသော်လဲ ဆွမ်းခံသွားတဲ့အခါ လည်ပင်း, လက်ကောက်ဝတ်တို့ ဖုံးလွှမ်း၍ ရုံတာမျိုး မဟုတ်ပါ၊ ယခု အခေါ်မျိုး ဖြင့် ရမ်းခြင်းကိုသာ ရုံအံ့ဟုဆိုလိုသည်၊ အဋ္ဌကထာ၌ လူတို့ရုံခြင်းကဲ့သို့ မရုံပဲ အနားစွန်းနှစ်ခုတို့ကို ညီစွာပြု၍ ရုံခြင်းကို အဝန်းညီစွာ ဝတ်ရုံခြင်း (ပရိမဏ္ဍလပါရုပန)ခေါ်သည်ဟု ဆိုသည်။

> ဂိဟိပါရုတံ အပါရုပိတွာ ဥဘော ကဏ္ဏေ သမံ ကတွာ ပါရု- ပနံ ပရိမဏ္ဍလပါရုပနံ နာမ။ (အဋ္ဌကထာ)

ထိုအဋ္ဌကထာလာ သင်္ကန်းအနားစွန်းနှစ်ခုကို ညီစွာထား ဆိုသော စကား၌ အယူအဆမတူကြပဲ ယခုကာလ သင်္ကန်းရမ်းနည်း၌ ရှေ့ရင်ပတ် ဘက်ကျသော သင်္ကန်းအနားစွန်းနှင့် ကျောဘက်ကျသော သင်္ကန်း အနားစွန်းနှစ်ခုတို့ အကျညီခြင်းကို အဋ္ဌကထာလာ အနားစွန်းနှစ်ခု ညီစွာထားသည်ဟု (ဝိနိစ္ဆယ ဋီကာ) ဆရာ ဆိုသည်၊ ထို ဝါဒကိုမြန်မာ နိုင်ငံရှိ ဆရာတော်အများအပြား ကြိုက်နှစ်သက်ကြ၏၊ ခင်မွန် ဆရာတော် ဘုရားလည်း ဤနည်းအတိုင်း မိန့်ဘူးသည်ဟု ဝိနယတ္ထဂဋ္ဌိတ္ထဒီပနီ ကျမ်း၌ ဆို၏၊ သီဟိုဠ်ဆရာတော်များကား "ဥဘော ကဏ္ဏေ သမံ ကတွာ" အဋ္ဌ ကထာ အရ သင်္ကန်းရုံသကဲ့သို့ နှစ်ဘက်အစွန်း ညီညွတ်စွာ ပြု၍ ရုံကုန်၏၊ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်ကဲ့သို့ မလိပ်ပဲ လက်ဝဲပခုံးစွန်းကို တင်ကုန်၏၊

အကြောင်းပြကား သုပ္ပဒိုစ္ဆန္ဒအရာ၌လည်း ဥဘော ကဏ္ဏေ·ဟုပင် လာရှိသောကြောင့်တည်းဟု ဆိုကြ၏၊ ထို့ဝါဒ ကြိုက်နှစ်သက်ကြသော မြန်မာနိုင်ငံဆရာတော်များ, ယိုးဒယားဆရာတော်များလဲ ရှိကြပေ၏၊ ထိုသီဟိုဠ်ဆရာတော်များ''ဥဘော ကဏ္ဏေ သမံ ကတွာ''ယူဆပုံ ထင်ရှားစေသော ဝိသုဒ္ဓါရုံ ပရိမဏ္ဍလ ပါရုပန ဝိနိစ္ဆယ ထုတ်ပြအံ့။

တပည့်များ ငယ်စဉ်အခါက သီဟိုဠ်လက်ကတော့ စမွယ်တင်ရုံနည်းသင့်လျော်ကြောင်းကို မိန့်ဆိုတော်မူသော ကျေးဇူးရှင်ရွှေကျင်ဆရာတော်ဘုရားကြီး စကားကို ကောင်းစွာ နားမလည်လိုက်ပါ၊ ၎င်းရုံနည်းကို အသေအချာ သိလိုပါကြောင်းနှင့် ကျိုက္ကစံဆရာတော် လျှောက်သည်ကို ဖြေဆိုချက်—

ပရိမဏ္ဍလံ ပါရုပိတဗ္ဗံ ဥဘော ကဏ္ဏေ သမံ ကတွာ။

(ပါရုပန သိက္ခာပုဒ် ပါဠိတော်)

အနေကပ္ပကာရံ ဂိဟိ ပါရုပနံ အပါရုပိတွာ ဣမံ ဝုတ္တနယေ-နေဝ ဥဘော ကဏ္ဏေ သမံ ကတွာ ပါရုပနံ ဝတ္တံ ပူရေန္တေန ပရိ-မဏ္ဍလံ ပါရုပိတဗ္ဗံ။ (၎င်း အဋ္ဌကထာ)

သုပ္ပဋိစ္ဆန္နေနာတိ န သသီသံ ပါရုတေန၊ အထ ခေါ ဂဏ္ဌိကံ ပဋိမုဥ္စိတွာ အနုဝါတန္တေန ဂီဝံ ပဋိစ္ဆာဒေတွာ။ လ။ အန္တရဃရေ ဂန္တဗ္ဗံ။ လ။ နိသီဒိတဗ္ဗံ။ (သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် အဋ္ဌကထာ)

ဤ ပရိမဏ္ဍလပါရုပန, သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် ၂-ပါးလုံး၌ပင်''ဥဘော ကဏ္ဏေ သမံ ကတွာ'' ပါကြသည်ကို စပ်၍ ဆင်ခြင်လျှင် သုပ္ပဋိစ္ဆန္န၌ ''သမံ ကတွာ ပဋိသံဟရိတွာ''ဆိုသောကြောင့် ရှာဝင်မည့် ရုံသည့်အခါ လက်ဝဲလကျ်ာအစွန်းနှစ်ခုကို အညီပြုပြီး၍ လိပ်ရသည်၊ ပရိမဏ္ဍလ၌ကား ပဋိသံဟရိတွာ မပါ ''ဥဘော ကဏ္ဏေ သမံ ကတွာ''၌ကား အတူတူပင် လာသောကြောင့် ရှာပင်မည့်ရုံသည့်အတူ အစွန်းနှစ်ခုကို အညီပြုပြီးလျှင် မလိပ်ပဲ ရုံးစုလျက် လက်ဝဲပခုံးထက်သို့ တင်ရသည်၊ သီဟိုဠ်များ နေ့ကိုင်ကောသိ သင်္ကန်းရမ်းနည်းကြ၏၊ ယက်ကောက်ဝတ်တိုင် လက်ရုံးကိုဖုံးမိ၏၊

( သတ္တမအကြိမ် )

ရုပ်ပွားဆင်းတုတော်များ သက်နှုန်းရမ်းပုံကို ရှုရမည်၊ ဤနည်းပင် ပခုံးတော် ရှေ့နောက်ကျသော သင်္ကန်းတွန့်ကား ဒုကုဋ်တော်ကို ခေါက်၍ တင်ဟန် ထုသည်၊ တင်ပါးတော်အောက်ဝင်၍ တင်ပလ္လင်ခွေရှေ့သို့ ထွက်လာသော သင်္ကန်းတွန့်ကား နေရာမကျ အလှသာ ထုလုပ်ကြသည်၊ ရှာတွင်းမှာဖြစ်မူ ကောသိ သင်္ကန်းကြီးများကို ဖိ၍မထိုင်အပ်၊ ဤပရိ-မဏ္ဍလအရာ၌ ဝိနယဝိနိစ္ဆယဋီကာ ဆရာကား ယခုကာလ ရဟန်းများ နေ့ကိုင်ရမ်းကြသော နည်းအတိုင်း "ပိဋ္ဌိပဿေ စ ဥဒရပဿေ စ" စသည်ဖြင့် ကျောဘက် ဝမ်းဘက်ကျသော သင်္ကန်းထောင့်စ နှစ်ခုကို ဥဘောကဏ္ဏေယူ၍ ဆုံးဖြတ် ရေးသားလေသည်၊ မြန်မာဖြစ် ဋီကာဖြစ်၍ မိမိမြင်ရာကို ကြည့်ရှု၍ ရေးသားသည်သာ။

"ဥဘောကဏ္ဏေ သမံ ကတွာ ပရိမဏ္ဍလံ ပါရုပိတဗ္ဗံ"ဟု ရှေ့နောက် ဝိသေ-သန ဝိသေသယ လာသော သုပ္ပဋိစ္ဆန္န အဋ္ဌကထာ စကားနှင့်အညီ "စီဝရ-ဝံသေ ဝါ စီဝရရဇ္ဇုယာ ဝါ စီဝရံ နိက္ခိပိတွာ ဝစ္စကုဋိံ ပဝိသိတဗ္ဗာ"-ဟူသော ပါဠိတော်၌ကဲ့သို့ ရှေ့နောက်ကို နေရာကျအောင် ယူရသည်၊ ဝိနိစ္ဆယဋီကာ ဆိုသောနည်းကား "ဝါမဗာဟုံ ဝိဝရိတွာ"စသည်ဖြင့် ခန္ဓက၌ အဋ္ဌကထာဖွင့်ဆိုသော ပါဠိကာရက ရဟန်း၏ ရမ်းနည်းနှင့် အလားတူ၏၊ ဤသိက္ခာပုဒ်၌ လက်မောင်းကိုဖော်၍ ရမ်းလျှင် အာပတ် သင့်သည် မသင့်သည်ကို ဆုံးဖြတ်ရန်မှာ—

ယော အနာဒရိယံ ပဋိစ္စ ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗေန္တော ပါရုပတိ၊ အာပတ္တိ ဒုက္ကဋဿ။

ဟု ပါဠိတော်လာတိုင်း ရှေ့တွဲလဲ နောက်တွဲလဲကျ၍ မညီမညွတ် ရမ်းမှ ခန္ဓက၌ လာသော ဂိဟိပါရုတ-လူတို့ ရုံနည်းကို ရုံမှ ယခုကာလ အာပတ်သင့်သည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးလည်း မြန်မာ ရဟန်းများနည်း ရမ်းသော်လည်း တဖောင်ဆစ်ကို ဖုံးမိလျှင် တော်သင့် လျောက်ပတ်အပ်၏ဟု မိန့်ဆို၏၊ ဂိဟိပါရုတ၌ ပါဝင်သော ပါဠိ ကာရက ရဟန်းရုံနည်းမှာ ပခုံးထိတင်၍ လက်ဝဲမောင်းရင်းထိ လုံးလုံး ပေါ်သောကြောင့် ဗုဒ္ဓုပဋ္ဌာန သံဿယန္ဒီပါတ စသည်၌ အာပတ်

(သတ္တမအကြိမ်)

သင့်သည်၊ တတောင်ဆစ် ဖုံးမိမှုကား ပါဠိကာရက ရှုံနည်း မကျသော ကြောင့် သင့်လျော်လျောက်ပတ်အပ်သင့်ပေ၏၊ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် အာပတ်သင့်ပုံ အဆုံးအဖြတ်ကား—

ယော အနာဒရိယံ ပဋိစ္စ ကာယံ ဝိဝရိတွာ ဂစ္ဆတိ၊ အာပတ္တိ ဒုက္ကဋဿ။

ကာယံ ဝိဝရိတွာတိ ဇာဏုမ္ပိ ဥရမ္ပိ ဝိဝရိတွာ။(ဋင်းအဋ္ဌကထာ)

ဤသို့လာသောကြောင့်ဒူးဆစ်ရင်ပတ်တို့ကိုဖော်မှအာပတ်သင့်သည်၊ "ယာဝ မဏိဗန္ဓ ပဋိစ္ဆာဒေတွာ"စသော အဋ္ဌကထာ ဝိဓာန စကားသည် လိုရင်းမဟုတ်၊ "နော အာပတ္တိဝါရ"စကားသာ လိုရင်း၊ ထို့ကြောင့် ရွာတွင်း ဆွမ်းစားရာ၌ လက်ကောက်ဝတ်ပေါ်သော်လည်း အာပတ် မသင့်ဟု ဆိုသင့်၏၊ဒူးဆစ်ကို ဖုံးရမည်ဆိုသော်လည်း သင်းပိုင်ဖုံးသည်ကို ဆိုသည်၊ ဥက္ခိတ္တကာယ၌ သင်္ကန်းကို ခါးပေါ်အောင်ပင့်မှ အာပတ်သင့် သည်ဟု ဆိုသည်ကိုလည်းကောင်း၊ သံဃာဋီဥတ္တရာသင်္ဂ တို့၏ အနုံပမာဏ မုတ္တိဋီကာ-ဟု လာသည်ကိုလည်းကောင်း ထောက်၍ သိလေ၊ ၁၂၇၀- ပြည့်နှစ်(ပရိမဏ္ဍလ ပါရုပန ဝိနိစ္ဆယပြီးပြီ။ ဝိသုဒ္ဓါရုံ အဆုံးအဖြတ် ကျမ်းမှ ထုတ်ပြသည်) ဆိုခဲ့သော နှစ်ဝါဒလုံးမှာပင် ကေသီကို ဒူးဆစ် အောက် လက်လေးသစ်လောက်ချ၍ တွဲရရွဲမဆွဲစေပဲ အဝန်းညီစွာ ရမ်းရမည်ဟူသော ဝိမတိဋီကာ ဝါဒကို နှစ်သက်ကြပေသည်။

(ခ) ဤသိက္ခာပုဒ်နှင့် ဆန့်ကျင်သော (ဂိဟိပါရုတ) လူတို့ရုံပုံ ဘယ်နှစ်ပါး ရှိသလဲ?

၁။ အဝတ်ဖြူဝတ်သော တက္ကတွန်းတို့ကဲ့သို့ အထက်ပိုင်း ကိုယ်မျှကို သာ ဝတ်ခြင်းဟူသော သေတပါရုတ တမျိုး။

၂။ ပရိဗိုဇ်တို့ကဲ့သို့ ပခုံးစွန်းနှစ်ဘက်ကို တင်၍ ရင်ဘတ်ကို ဖော်ပြီး ဝတ်ရုံခြင်း ပရိဗ္ဗာဇကပါရုတ။

၃။ ပုဆိုးတထည်သာရှိသူတို့သည် ဝတ်သောပုဆိုး၏ အစွန်းတခုဖြင့် ကျောက်ကုန်းကိုခြုံ၍ အစွန်းနှစ်ဘက်ကို ပခုံးစွန်းနှစ်ဘက်သို့ တင်၍ ဝတ်ရုံသကဲ့သို့ ဝတ်ရုံသော ဧကသာဋကပါရုတ။

(သတ္တမအကြိမ်)

၄။ သေသောက်ကြူး စသည်တို့ကဲ့သို့ ပုဆိုးဖြင့် လည်ပင်းကို ရစ်ပတ်၍ အစွန်းနှစ်ဘက် ရင်၌ လည်းကောင်း၊ ကျောက်ကုန်း၌ လည်းကောင်း ချ၍ဝတ်သော သုရာသောဏ္ဍကပါရုတ။

၅။ နန်းတွင်းသူတို့ကဲ့သို့ မျက်စိမျှကို ပြ၍ ဦးခေါင်းခြုံ ဝတ်ရုံသော အဝဋ္ဌေပုရိကပါရုတ။

၆။ လက်သမားကြီးတို့ကဲ့သို့ပုဆိုးရှည်ကိုဝတ်၍ ထိုပုဆိုးရှည်၏အစွန်းတခုဖြင့် တကိုယ်လုံးရစ်ပတ်၍ ရုံသော မဟာဇေဋ္ဌကပါရုတ။

၇။ လယ်သမားတို့သည် လယ်တဲသို့ဝင်သည်ရှိသော် ပုဆိုးကိုရစ်ပတ်၍ လက်ကတီးကြား၌ ထားပြီး တခုသော အစွန်းဖြင့် ကိုယ်ကို ခြုံသကဲ့သို့ ဝတ်ရုံသော ကုဋိပဝေသနပါရုတ။

၈။ ပုဏ္ဏားတို့သည် လက်ကတီးကြား နှစ်ဘက်သို့ သွင်း၍ ပခုံးစွန်း နှစ်ဘက်သို့ တင်ထားသကဲ့သို့ ဝတ်ရုံသော ဗြာဟ္မဏပါရုတ။

၉။ စီတန်းခြင်းပြုသော ရဟန်းသည် ပခုံးစွန်းတဘက်သို့ လုံးတင်လျက် လက်မောင်းကို ဖော်၍ ရုံသကဲ့သို့ ရုံသော ပါဠိကာရကပါရုတတမျိုး။

ဤသို့ စသည်ဖြင့် (ဂိဟိပါရုတ) လူတို့ ဝတ်ရုံပုံတွေ များပြား၏၊ ထိုဂိဟိပါရုတမျိုး ဝတ်ရုံလျှင် ရဟန်း, သာမဏေတို့ အာပတ်, ဒဏ်သင့်၍ ဖော်ပြလိုက်သည်။

## (ဂ) ဤပရိမဏ္ဍလ သိက္ခာပုဒ် ၂-ခုကို ဘယ်အရပ်၌ ကျင့်ရမလဲ?

ကျောင်းတိုက်တွင်းရော ရွာတွင်းရော ကျင့်ရမည်ဟု အဋ္ဌကထာဆို၏၊ ကျောင်းတိုက်တွင်းဆိုရာ၌ ဘုရားရှေ့ သံဃာရှေ့၌ အစည်းအဝေး သံဃာများနှင့် ဆက်ဆံရာ ဆွမ်းစားကျောင်း၊ ဒကာ-ဒကာမတို့ရှေ့ စသည်နှင့် ဆရာသမား မထေရ်ကြီးများရှေ့ စသည်တို့၌ ကျင့်ရမည်၊ (ဝါသူပဂတ) နေထိုင်ရန် ကပ်ရောက်သော (တည်းခိုရာ) ရွာတွင်း၌လည်း ပရိမဏ္ဍလ သိက္ခာပုဒ် နှစ်ပါးစလုံး ကျင့်ရမည်၊ အိပ်ပျော်နေခိုက် သူတထူးတို့နှင့် လွတ်လပ်စွာ နေခိုက်တို့၌ ဤပရိမဏ္ဍလသိက္ခာပုဒ်တို့ညီညွတ်ရန် ခဲယဉ်း၍

(သတ္တမအကြိမ်)

အပြစ်ရောက်သည်ဟု အဆိုမရှိ၊ သို့သော် အနာဒရိယစိတ် မပေါ်ဖို့ အရေးကြီးသည်။

ဝိဟာရေပိတိ သံဃသန္တိပါတ ဗုဒ္ဓုပဋ္ဌာနာဒိကာလံ သန္ဓာယ ဝုတ္တံ။ (ဝိ-ဋ္ဌ)

ပရိမဏ္ဍလ သိက္ခာပုဒ် ၂-ခုတို့သည် အပြစ် လွတ်လပ်ခွင့်တူ၏၊ အင်္ဂါ ခန်း၌ နောက်ဆုံးအင်္ဂါမှာ(အပရိမဏ္ဍလ ပါရုပန)မညီမညာတ် ရမ်းခြင်း ထည့်၍ ပြောင်းယူရန်မှာခဲ့ပြီ၊ နောက်သိက္ခာပုဒ်တို့၌ ဂမိဿာမိ-သဒ္ဒါဖြင့် သွားစဉ်ကျင့်ခန်းနှင့် နိသီဒိဿာမိ နေထိုင်စဉ်ကျင့်ခန်း ၂-မျိုးရှိ သိက္ခာ ပုဒ်တို့ကို ၂-ပါး ၂ ပါးတွဲ၍ အဓိပ္ပာယ်ရှင်းပြပါအံ့၊ စပ်၍ရှုပါ။

၃ ၄ (က) သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် နှစ်ပါး၌ အဓိပ္ပာယ် ဘယ်လိုလဲ?

မြို့တွင်း,ရွာတွင်းသို့ သွားလိုသောအခါ အနားပတ်သီး တပ်ပြီးလျှင် လည်ပင်း,လက်ကောက်ဝတ်များကို ဖုံးမိလောက်အောင်သင်္ကန်းရုံလျက် သွားခြင်းကို(သုပ္ပဋိစ္ဆန္နဂမန)လည်း,လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းသွားသည်ဟု ခေါ်သည်၊ (၁) လည်မျိုမှအထက် ဦးခေါင်း ကိုလည်းကောင်း၊ (၂) လက်ကောက်ဝတ်မှ အဖျား ပြင်ဘက် လက်ကို လည်းကောင်း၊ (၃) သလုံးသားမှ အောက်ခြေကို လည်းကောင်း၊ ထိုသုံးမျိုးဖော်ပြီးလျှင် အခြားကိုယ်အင်္ဂါများကို ဖုံး၍ နေထိုင်ခြင်းကို (သုပ္ပဋိစ္ဆန္န နိသီဒန) လည်း, လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းလျက်နေသည်ဟု ခေါ်သည်၊ (သု=ကောင်းစွာ + ပဋိစ္ဆန္န= ဖုံးလွှမ်းလျက်) ဤ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်တို့ကား ရွာတွင်း, မြို့တွင်း၌ ကောသ် ရုံပုံပြသော သိက္ခာပုဒ်တို့တည်း၊ သင်းပိုင်မှာ ပရိမဏ္ဍလ သိက္ခာပုဒ်ကဆိုသည့်အတိုင်းပင်၊ ဤသုပ္ပဋိစ္ဆန္နရုံပုံမှာ အစွန်း ၂-ခု ပူး၍ လိပ်ပြီး ဘယ်ဘက်ပခုံးသို့ တင်ရသည်၊ ဒူးဆစ်အောက် ၄-သစ်လောက် ချ၍ မပွလွန်း မကြပ်လွန်းအောင် ရုံရသည်၊ (မလွယ်ကူလှ လက်ထပ် သင်မှ တတ်မည်။)

(ခ) ဖုံးရမည်ဆို၍ ဘယ်ဝတ္ထု ဖော်ပြီး သွားလာနေထိုင်လျှင် အာပတ်,ဒဏ် သင့်မလဲ?

ပါဠိတော်က''ကာယံဝိဝရိတွာ''ဆိုသည်ကို အဋ္ဌကထာက ''ဇာဏုမ္ပိ ဥရမ္ပိ ဝိဝရိတွာ''ဖွင့်ဆိုသောကြောင့် ပုဆစ်ဒူးဝန်းကိုဖြစ်စေ၊ ရင်ဘတ်ကို

ဖြစ်စေ ဖေါ်ထား ဖွင့်ထား၍ ရွာထဲ သွားလာနေထိုင်လျှင် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်တို့ ပျက်၍ အာပတ်ဒုက်သင့်မည်ဟု မှတ်ပါ။

### (ဂ) အန္တရဃရေ ရွာတွင်းဆိုရာ အိမ်ဘယ်လောက်ရှိတဲ့ရွာ ယူရမလဲ?

လယ်လုပ်ကြသည့် တဲပင်ဖြစ်စေကာမူ အိမ်သားတို့(တဦတု)လေးလ ကျော်ကျော် နေခဲ့ဘူးလျှင် တအိမ်ထဲရှိရှိ ရွာဟု ခေါ်ရသည်၊ ၂-အိမ်, ၃-အိမ်ရှိမှုကား ဆိုဖွယ်မရှိ၊ ထိုရွာတွင်း၌ ဆိုင်ရာ သိက္ခာပုဒ် ကျင့်သုံးရမည်ဟု မှတ်။

### (ဃ) အန္တရဃရေ ရွာထဲ၌ ဆိုရာတွင် ဘယ်လောက်ကစ၍ သတ်မှတ်ရမလဲ?

အရံရှိသောရွာ၌ အတွင်းတံခါးတိုင်(တံခါးခုံ)မှစ၍ ကျင့်ကြံသင့်သည်၊ အရံမရှိသောရွာ၌ ဒုတိယခဲတပစ်မှစ၍ ရွာတွင်းယူ၍ ကျင့်ကြံသင့်ပါသည်။

အန္တရေ ဃရန္တိ ဃရတော ပဋ္ဌာယ န ဧဝံ ဂဏ္ဌဗ္ဗံ။(အဋ္ဌဂ-ထာ)

အန္တရေ ဃရန္တိ ဃရတော ပဋ္ဌာယာတိ ပရိက္ခိတ္တဿ ဂါမဿ အန္တရေ ဥမ္မာရတော ပဋ္ဌာယ အပရိက္ခိတ္တဿ ပန ဒုတိယ- လေဍ္ဍုပါတတော ပဋ္ဌာယ န ဧဝံ ဂဏ္ဌဗ္ဗံ။ (ကခ်ါဋီကာသစ် ဥက္ခိတ္တက သိက္ခာပုဒ် အဖွင့်)

### (င) အန္တရဃရေရွာတွင်း၌ဟုဆိုသောကြောင့် ဤသုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ကို ရွာတွင်း၌သာ ကျင့်ရမလား?

ကျောင်းတွင်း၌လည်း လူတို့ ချက်ပြုတ် စားသောက်သော အရပ်သို့ သွားလျှင် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် ကျင့်သုံးရပါမည်၊ မကျင့်လျှင် အာပတ်သင့်ကြောင်းကို ဝိနိစ္ဆယဋီကာ ဆိုသည်။

### (စ) ရွာထဲ၌ သင်္ကန်းမရုံပဲ နေနိုင်ခွင့် မရဘူးလား?

မြို့ရွာထဲ၌ တည်းခိုနေထိုင်သော(ဝါသူပဂတ) ရဟန်း,သာမဏေတို့မှာ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်အရ သင်္ကန်း မရုံပဲ နေသော်လည်း အာပတ်

(သတ္တမအကြိမ်)

ဒဏ်ပြစ်မရှိ၊ သို့သော် တည်းခိုနေထိုင်ရန် သွားသည့်အခါ၌ သင်္ကန်းရုံ၍သာ သွားရမည်ဟု မှတ်။

(ဆ) ဝါသူပဂတ-တည်းခိုနေထိုင်ဆိုတာ ဘယ်လိုတည်းခိုသလဲ?

ဝိနယ ဝိနိစ္ဆယဋီကာ၌ "ဝါသူပဂမော နာမ ရတ္တိံ ဝါသတ္ထာယ ဥပဂတော"ဟု ဖွင့်၏၊ ကင်္ခါဋီကာသစ်၌ "ဝါသူပဂတဿာတိ ရတ္တိံ ဝါသတ္ထာယ ဥပဂတဿ"ဟု ဖွင့်၏၊ ထိုဋီကာနှစ်စောင်တို့အလိုဖြင့် ညဉ့်အိပ်နေခြင်းအကျိုးငှါ ကပ်ရောက်နေထိုင်သူကို (ဝါသူပဂတ) တည်းခိုနေထိုင်သည်ဟု ဆိုလိုသည်၊ ထိုဝါဒသည် ဘိက္ခုနိ တည၌မျှနေလျှင် ဘိက္ခုနုပဿယ မည်၏ဟု ဆိုသောစကားနှင့် ညီ၏။

ဘိက္ခုနုပဿယော နာမ ယတ္ထ ဘိက္ခုနိယော ဧကရတ္တံပိ ဝသန္တိ။ (ပါစိတ် ဝိဘင်းပါဠိတော်)

အဋ္ဌကထာကြီး၌ကား—

ဝါသူပဂတဿာတိ ဝါသတ္ထာယ ဥပဂတဿ ရတ္တိဘာဂေ ဝါ ဒိဝသဘာဂေ ဝါ ကာယံ ဝိဝရိတွာ နိသိဒတော အနာပတ္တိ—

ဟု ရတ္တိံသဒ္ဒါ မပါပဲ သာမညအားဖြင့် ပြ၏၊ **အဓိပ္ပာယ်မှာ** နေ့ဖို့အကျိုးငှါ ကပ်ရောက်သော ရဟန်းအား ညဉ့်အဖို့ ဖြစ်စေ၊ နေ့အဖို့ ဖြစ်စေ ကိုယ်ကို ဖွင့်၍ နေသော်လည်း အာပတ် မသင့်ဟု ဆိုလိုသည်၊ ဝိနည်းဋီကာကြီး သုံးစောင်၌လည်း ရတ္တိံ-ဟု အထူး ဖွင့်ပြခြင်းမရှိ၊ သို့ပါ၍ အဋ္ဌကထာလာ ဒိဝသဘာဂေ ဝါ—ဟူသော စကားအမြွက်ကို ထောက်၍ နေ့အဖို့ တည်းခိုရန် ကပ်ရောက်ခြင်းလည်း (ဝါသူပဂတ) အရ တည်းခို နေထိုင်သည်ဟုပင် ယူသင့်သည်ဟု ဆုံးဖြတ်ကြ၏၊ သို့သော် ညဉ့်အိပ်တည်းခိုမှ ဝါသူပဂတ ယူခြင်းသည် ကောင်းမြတ်၏၊ နောက် သိက္ခာပုဒ်တို့၌ ဝါသူပဂတဆိုလျှင် နားလည်ကြစေ၊ ထိုဆိုခဲ့သောတည်းခိုနေထိုင်ခြင်း ဝါသူပဂတ မဟုတ်ပဲ ရွာတွင်း၌ ပရိတ်ရွတ်, တရားဟော စသော ကိစ္စတို့အတွက် အချိန်ကြာမြင့်စွာ နေရသော်လဲ သင်္ကန်းရုံခြင်း စသော ဆိုင်ရာသိက္ခာပုဒ်တို့ကို ဖြည့်ကျင့်ရမည် မှတ်လေ။

(သတ္တမအကြိမ်)

**ရွာတွင်း လွတ်လပ်ခွင့်** ယခုကာလ အချို့ဒကာ - ဒကာမတို့သည် မိမိတို့ အိမ်,တိုက်,မဏ္ဍာပ်စသော ပိုင်ဆိုင်ရာသို့ ရောက်လာသော ရဟန်း, သာမဏေတို့ကို ချမ်းသာစွာ နေထိုင်ခွင့် ရစေလိုသော သဘောဖြင့် "ကျောင်းအမှတ်ဖြင့်သီတင်းသုံးတော်မူကြပါဘုရားဟူ၍လည်းကောင်း အရှင်တို့နေသရွေ့ ကျောင်းအဖြစ် လှူပါ၏ ဟူ၍ လည်းကောင်း" လျှောက်ထားလေ့ရှိကြ၏၊ သို့သော် ထိုသို့ လျှောက်ရုံမျှဖြင့် ကျောင်းလည်းမဖြစ်၊ အလှူလည်းမမြောက်ရကား ရဟန်း,သာမဏေများ ထူး၍ လွတ်လပ်စွာ နေထိုင်ခွင့်မရနိုင်ဟု ဝိမတိဋီကာ ဆိုသည်။

**ကျမ်းရေးသူ ယူဆချက်** ရွာတွင်း၌ ရဟန်း,သာမဏေတို့ ချမ်းသာစွာ နေထိုင်ခွင့် ရစေလိုလျှင် (ဝါသူပဂတ) တည်းခိုနေထိုင်မှု သဘောသက်ရောက်အောင် လျှောက်သူ ဒကာ-ဒကာမတို့ကလဲ လျှောက်ရမည်၊ ရဟန်းသာမဏေတို့ကလဲ တည်းခိုနေထိုင်မှု သဘောဖြင့် နေထိုင်လျှင် ချမ်းသာစွာ လွတ်လပ်ခွင့်ရဖို့ ရှိရာသည်၊ ဥပမာ - အလှူအတန်းကိစ္စ စသည်တို့ ပြီးဆုံးသောအခါ ဒကာ - ဒကာမတို့က ဖြေးဖြေးမှ ကြွကြတာပေါ့၊ ဤအိမ်၌ ချမ်းသာသလို တည်းခို နေထိုင်တော်မူကြပါဟု လျှောက်ရမည်၊ ရဟန်း,သာမဏေတို့ကလည်း ငါတို့ ဤအိမ်၌ တည်းခို နေထိုင်ဦးမည်၊နေပူသေးသည်၊ညဉ့်နက်လွန်းသည် စသည်တို့ အကြောင်းကြောင့် မသွားသေးဟု ဝါသူပဂတ သဘောပေါက်အောင် နေထိုင်ခဲ့လျှင် "ဝါသူပဂတဿာတိ ဝါသတ္ထာယ ဥပဂတဿ" ဟူသော အဋ္ဌကထာနှင့်ညီစွာ နေထိုင်ခွင့်ရမည်ဟု ယူဆသည်။

**မှတ်ချက်** ညဉ့်အိပ်တည်းခိုမှ "ဝါသူပဂတ" မြောက်သည်ဟု ဆရာတို့ ယူဆကြသည်။

## ၅-၆။ သုသံဝုတသိက္ခာပုဒ် ၂-ပါး အဓိပ္ပာယ်ကား ဘယ်လိုလဲ?

မြို့ထဲ,ရွာထဲ၌ သွားလာသောအခါ နေထိုင်သောအခါတို့၌ လက်, ခြေတို့ကို ဟိုရမ်း သည်ရမ်း ဟိုဆွဲ သည်ဆွဲ ဟိုဆိတ် သည်ဆိတ် စသည်ဖြင့် ဆော့ကစားခြင်းကို မပြုလုပ်ပဲ လက်,ခြေတို့ကို ငြိမ်သက်စွာ ထား၍ ဣန္ဒြေစောင့်စည်းလျက် သွားလာနေထိုင်ရမည်ဟု ဆိုလိုသည်၊ "ဟတ္ထံ ဝါ ပါဒံ ဝါ ကီဠာပေန္တော။ လ။ အပတ္တိ ဒုက္ကဋဿ" ဟု ပါဠိတော်ဆိုသဖြင့်

မရှိသေးမှုစဲ့၍ လက်,ခြေတို့ကို ဆော့မော့ကစားလျက် ရွာတွင်းသွားလာနေထိုင်လျှင် ဒုက်,အာပတ် သင့်၏ဟုမှတ်၊ (သု=ကောင်းစွာ+သံဝုတ= လက်,ခြေတို့ကို စောင့်စည်း)ဤသုသံဝုတ သိက္ခာပုဒ်တို့သည် ဘေးရန်တို့ကြောင့် လွတ်လပ်ခွင့်မရှိသည်ကား အခြားသိက္ခာပုဒ်တို့ထက်ထူးသည်ကို သတိပြုခဲ့ပါ။

၇၈ ။ (က) **ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-ပါး အဓိပ္ပာယ် ဘယ်လိုလဲ?**

မြို့တွင်း,ရွာတွင်း၌ သွားလာနေထိုင်သောအခါ ဟိုကြည့်သည်ကြည့်မကြည့်ရ၊ရထားထမ်းပိုး၏တပြန်(လေးတောင်ခန့်လောက်သာ)ကြည့်၍ သွားခြင်း နေထိုင်ခြင်းကို စက္ခုနြွေချပြီး သွားလာ နေထိုင်သည်ဟုလဲ ဆိုရသည်၊ဤသိက္ခာပုဒ်တို့ပြည့်စုံအောင် ကျင့်သည်ဟုလည်းဆိုရပါသည်၊ (ဩက္ခိတ္တ=အောက်၌ ချအပ်သော+စက္ခု=မျက်စိရှိသူ) ဝါသူပဂတ ပုဂ္ဂိုလ်တို့ ဤသိက္ခာပုဒ်တို့အတွက် လွတ်လပ်ခွင့်မရ၊ ဘေးရန် ရှိ-မရှိ သိဖို့ရန် ရွာထဲ၌ ရပ်၍ အဝေးသို့ လှမ်းကြည့်သော်လည်း မပြစ်မရှိ။

(ခ) **လေးတောင်ခန့်ကြည့်ဆိုတာ ဘယ်သူ့လေးတောင်လဲ?**

(ဝဇ္ဇိရဗုဒ္ဓိ) လက်သမားတို့ လေးတောင်ကို ရည်၍ ဆိုကြကုန်၏ဟု ဝိမတိ ဆိုသည်။

(ဂ) **ဘယ်လို သွားလာနေထိုင်လျှင် ဩက္ခိတ္တစက္ခု သိက္ခာပုဒ်ပျက်၍ အာပတ်,ဒုက် သင့်သလဲ?**

"တဟံ တဟံ ဩလောကေန္တော" ဟု ပါဠိတော် လာသောကြောင့် ရွာတွင်း၌ မရှိသေးခြင်းကိုစွဲ၍ လေးတောင်မက ထိုထိုအရပ်ကို ကြည့်ရှု သွားလာနေထိုင်လျှင် သိက္ခာပုဒ်ပျက်၍ အာပတ် ဒုက်သင့်၏။

၉-၁၀။ **ဥက္ခိတ္တက သိက္ခာပုဒ် ၂-ပါး အဓိပ္ပာယ် ဘယ်လိုမှတ်ရမလဲ?**

မြို့ထဲ,ရွာထဲ သွားလာ နေထိုင်တဲ့အခါ သင်္ကန်းကို ပါဘက်မှ ဖြစ်စေ၊ နှစ်ဘက်မှ ဖြစ်စေ အထက်သို့ မြှောက်ပင့် ချီမ,လျက်(စွန်တောင်စွဲပြီး) မသွား မလာ မနေမထိုင်ရ၊ မရှိသေးမှုကို စွဲ၍ သွားလာ နေထိုင်လျှင် အာပတ်,ဒုက်တို့သင့်၏ဟု မှတ်၊ ရွာထဲ၌ ဓမ္မကရိုဏ်(ရေစစ်)ထုတ်သူသည် သင်္ကန်းကို မပင့်မြှောက်ပဲ ထုတ်ယူအပ်၏ဟု အဋ္ဌကထာ ဆိုသည်၊ ဝါသူ-ပဂတပုဂ္ဂိုလ်တို့အား ဥက္ခိတ္တကနိသိဒန-သိက္ခာပုဒ်လွတ်လပ်ခွင့်ရပေသည်။

( သတ္တမအကြိမ် )

**ကျမ်းရေးသူ ယူဆချက်** ဥက္ခိတ္တက သိက္ခာပုဒ်၌ "ဥက္ခိတ္တကစိဝရော ဟုတွာ"ဟု အဋ္ဌကထာ ဖွင့်သည်ကို "ကဋ္ဌိတော ဥဒ္ဓံ ကာယဗန္ဓနာဒိ-ဒဿနဝသေနေဝုက္ခိပနံ သန္ဓာယ ဝုတ္တံ" စသည်ဖြင့် ဝိမတိ ဋီကာဖွင့်သည်ကိုထောက်ဆ၍ (ပင့်မြှောက်သောသင်္ကန်း)ဟူသည် ကောသိသင်္ကန်း၏ ပင့်မြှောက်ခြင်းကိုသာ ယူရမည်ဟု ယူဆသည်၊ ကောသိမြှောက်ပင့်မှ ခါးပန်းကြိုး တွေ့မြင်ဖွယ် ရှိသည်၊ သင်းပိုင်သင်္ကန်း ပင့်၍ ပုဆစ်ဒူးဝန်းပေါ်လျှင် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်တို့က ကန့်ကွက်လျက် ထားသည်ကို ထောက်ကြစေလိုသည်၊ ဤသိက္ခာပုဒ်တို့ အာပတ်, ဒုက္ကဋ် သင့်ဖို့ရန်မှာ "ကဋ္ဌိတော ဥဒ္ဓံ ကာယဗန္ဓနာဒိ ဒဿန ဝသေန" ဟူသော ဝိမတိကို ထောက်၍ ခါးအထက် ခါးပန်းကြိုး ပေါ်အောင် ပင့်မြှောက်ပါမှ အာပတ်, ဒုက္ကဋ်သင့်ဖွယ်ရှိသည်ဟု ယူဆသည်၊ သို့သော် အချို့ဆရာတော်တို့က သင်းပိုင်, ကောသိ ၂-မျိုးစလုံး မပင့်ရဟု ယူကြသည်။

## လေ့ကျင့်ခန်း မေးခွန်း

၁။ သေခိယအမိပ္ပာယ်ကိုရေး၍"ဣမေ ခေါ ပန"မှစ၍အာဂန္တုက္တိ တိုင်ရုံ အနက်သမ္ဗန်ပါ။

၂။ သင်းပိုင်ကို ဒူးဆစ်အောက် ဘယ်လောက်ချ၍ ဝတ်သင့်သလဲ။

၃။ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်နှင့် ညီညွတ်အောင် ရွာထဲမှာ ဘယ်လို နေရမလဲ။

၄။ ဒုတိယ ဩက္ခိတ္တသိက္ခာပုဒ်ကို အနက်ယောဇနာ၍လေးတောင်ခန့် ကြည့်ရမည်ဆိုတာ ဘယ်သူ့ လေးတောင် ယူရမလဲ။

၅။ ရွာထဲမှာ သင်္ကန်းပင့်မနေရန် ဘယ်သိက္ခာပုဒ်ကတားမြစ်သလဲ။

အမှာ အနက်သမ္ဗန် အနက်ယောဇနာ ဆိုသော စကားသည် ပါဠိနှင့် အနက်စပ်ယှဉ်ပြပါဟုဆိုလိုသည်၊ ဥပမာ(ဘန္တေ)ဆိုတဲ့ပါဠိနှင့် (အရှင်ဘုရား)ဆိုသော အနက်ကို တွဲစပ်၍ "ဘန္တေ အရှင်ဘုရား"ဟုဆိုခြင်းသည် အနက်သမ္ဗန်ဟုလည်းကောင်း၊ အနက်ယောဇနာဟုလည်းကောင်း ဆိုသည်မှတ်။

ပရိမဏ္ဍလဝဂ် မှတ်သားဖွယ် ပြီးပြီ။

(သတ္တမအကြိမ်)

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ပုတ်သားဖွယ်

**၁-၂။ (က) ဥဇ္ဇဂ္ဃိက သိက္ခာပုဒ် ၂ ပါးတို့ အဓိပ္ပာယ်ကား ဘယ်လိုလဲ?**

မြို့တွင်း,ရွာတွင်း သွားလာနေထိုင်သောအခါ ကျယ်လောင် ပြင်းပြစွာရယ်လျက် မသွားမလာ မနေထိုင်ရ၊ ရယ်စရာ တွေ့ကြုံလျှင် ပြုံးရုံသာ ပြုံးရသည်၊ရွာတွင်း ပြင်းပြကျယ်လောင်စွာရယ်လျက် သွားလာ နေထိုင်လျှင် ဒုက္ကဋ်, ဒဏ်သင့်၏။ (ဥ=ကျယ်လောင် ပြင်းပြစွာ+ဇဂ္ဃိက=ရယ်လျက်)

**(ခ) ဘယ်လောက် ရယ်သည်လို ကျယ်လောင် ပြင်းပြသည်ဟု ကန့်သတ်နိုင်သလဲ ?**

အလင်္ကာကျမ်း၌ ရယ်ခြင်း ခြောက်မျိုး လာသည်။

၁။ ပြုံးခြင်းမျှသည် သိတ မည်၏။

၂။ စဉ်းငယ် သွားပေါ်အောင် ရယ်ခြင်းသည် ဟသိတ။

၃။ ညှင်းညှင်း အသံထွက်အောင် ရယ်ခြင်းသည် ဝိဟသိတ။

၄။ ပခုံး, ဦးခေါင်းလှုပ်အောင် ရယ်ခြင်းသည် ဥပဟသိဟ။

၅။ မျက်ရည်ထွက်အောင် ရယ်ခြင်းသည် အပဟသိတ။

၆။ လက်ခြေတို့ကို ထိုမှဤမှ ပစ်၍ ရယ်ခြင်းသည် အတိဟသိတမည်၏။

သူမြတ်-ပြုံးရုံနှင့် စဉ်းငယ်သွားပေါ်ရုံ ၂-မျိုး ရယ်၏၊ သူလတ်-အသံညှင်းရုံနှင့် ဦးခေါင်းလှုပ်ရုံ ရယ်သည်၊ သူယုတ် မျက်ရည်ထွက်အောင်နှင့် လက်ခြေကိုပစ်၍ ရယ်သည်၊ အစဉ်အတိုင်း အစ- ၂ သူမြတ်၊ အလယ်- ၂ သူလတ်၊ အဆုံး- ၂ သူယုတ်ဟု ဝေဖန်သည်။ ထိုခြောက်မျိုးတွင် နောက်သုံးပါးရယ်ပုံကို(ဥဇ္ဇဂ္ဃိက)အရ ပြင်းစွာရယ်ဟုယူလျှင် သင့်အံ့ထင်သည်ဟု ပါတိမောက္ခ ဝိနိစ္ဆယကျမ်း၌ ဆိုသည်။

**ကျမ်းရေးသူ ယူဆချက်** ထိုသိက္ခာပုဒ် အပြစ် အာပတ်, ဒဏ်မသင့်ရောက်သော အနာပတ္တိဝါရ၌ ''ဟသနိယသ္မိံ ဝတ္ထုသ္မိံ မိဟိတမတ္တံ ကရောတိ'' အဆိုဖြင့် ရယ်ခြင်းခြောက်မျိုးတွင် အလင်္ကာအဆိုသူမြတ်တို့ ရယ်သည့် သိတ,ဟသိတ နှစ်ပါးတို့ဖြင့်ရယ်လျှင် အပြစ်မရှိ၍ ကျန်လေးပါးတို့နှင့် ရယ်လျှင် (ဥဇ္ဇဂ္ဃိက)ပြင်းစွာ ရယ်သည်ဟု ယူဆရန်ရှိပေသည်၊ ရဟန်း, သာမဏေတို့ကား သူမြတ်၌ ထည့်သွင်းသင့်သောကြောင့် နောက်လေးပါး ဥဇ္ဇဂ္ဃိက၌ သင်္ဂြိုဟ်သင့်သည်ဟု ထင်ပေသည်။

**( သတ္တမအကြိမ် )**

**၃-၄။ (က) အပ္ပသဒ္ဒ သိက္ခာပုဒ်တို့၏ အဓိပ္ပါယ်ကား ဘယ်လိုလဲ ?**

မြို့တွင်း, ရွာတွင်း၌ သွားလာနေထိုင်သောအခါ အသံကျယ်စွာ မပြော မဆိုရ၊ ကိစ္စရှိလျှင် အနီးအပါး ကြားလောက်ရုံ တိုးတိုးသာသာ အသံငယ်ဖြင့် ပြောဆို သွားလာ နေထိုင်ရမည်ဟု ဆိုလိုသည်၊ တရားဟော ပရိတ်ရွတ် ပါတိမောက်ပြရာတို့၌ကား ကျယ်လောင်စွာ ရွတ်ဆိုနိုင်သည်။ (အပ္ပ=ငယ်တိုးသော+သဒ္ဒ=အသံ)

**(ခ) (အပ္ပသဒ္ဒ) ငယ်သောအသံနှင့် (မဟာသဒ္ဒ) ကြီးသောအသံ ဘယ်လို ခွဲမလဲ ?**

ဆယ့်နှစ်တောင်လောက်က နားလည်သောအသံသည် (အပ္ပသဒ္ဒ— ငယ်သောအသံ မဟုတ်၊ မဟာသဒ္ဒ—ကြီးသော အသံ မည်၏။) ၎င်း မဟာသဒ္ဒဖြင့်စကားပြောလျှင် အပြစ်မလွတ်၊ဆယ့်နှစ်တောင်လောက်က သဲ့သဲ့ကွဲကွဲ နားမလည်သော အသံသည် အပ္ပသဒ္ဒ မည်၏၊ မဟာသဒ္ဒ မဟုတ်၊ ထိုအပ္ပသဒ္ဒဖြင့် ပြောကောင်းသည်၊ ဥပမာ—ဆယ့်နှစ်တောင် ကျယ်သော အိမ်၌ လက်ဝဲဘက်အစွန်းမှတပါး, အလယ်၌တပါး, လက်ျာဘက်အစွန်းမှတပါး ထိုင်နေကြရာ လက်ဝဲဘက်အစွန်းပုဂ္ဂိုလ်က ခြောက်တောင်ကွာနေသော အလယ်ပုဂ္ဂိုလ်ကို လှမ်း၍ စကားပြောရာ အလယ်ပုဂ္ဂိုလ်သာ အသံလည်းကြား စကားအဓိပ္ပာယ်ကိုလည်း နားလည်၍ လက်ျာဘက်အစွန်းပုဂ္ဂိုလ်မှာ အသံသာ ကြား၍ အဓိပ္ပာယ် သဲသဲကွဲကွဲ နားမလည်လျှင် (အပ္ပသဒ္ဒ-ငယ်တိုးသောအသံ မည်၏။) လက်ျာဘက် အစွန်းပုဂ္ဂိုလ် သဲသဲကွဲကွဲနားလည်လျှင် (မဟာသဒ္ဒ-ကြီးသော အသံ မည်၏။) ထိုကြီးသောမဟာသဒ္ဒဖြင့်ပြောလျှင် အာပတ်, ဒုက် သင့်၏ဟု မှတ်၊ ဝါသူပဂတပုဂ္ဂိုလ်တို့ ဥဇ္ဈဂ္ဃိက အပ္ပသဒ္ဒ သိက္ခာပုဒ်တို့ လွတ်လပ်ခွင့် မရှိ။

**၅-၆။ ကာယပ္ပစာလက သိက္ခာပုဒ် ၂-ပါးတို့ အဓိပ္ပါယ် ဘယ်လိုလဲ ?**

မြို့တွင်း, ရွာတွင်းသွားလာနေထိုင်သောအခါ ကိုယ်ကို လှုပ်၍လှုပ်၍ မသွားလာ မနေထိုင်ရ၊ မတုန်မလှုပ် ဖြောင့်မတ်သောကိုယ် ငြိမ်သက်သော ဣရိယာပုထ်ဖြင့် သွားလာ နေထိုင်အပ်၏၊ ကိုယ်ဆိုသော်လဲ သွားတဲ့အခါ အထက်ပိုင်းကိုသာ ဆိုလိုသည်၊ အောက်ပိုင်းကား မလှုပ်လို့ မဖြစ်။ (ကာယ=ကိုယ်+ပစာလက=အမျိုးမျိုး လှုပ်စေ၍)

( သတ္တမအကြိမ် )

## ၇·ဂ။ (က) ဗာဟုပ္ပစာလက သိက္ခာပုဒ် ၂·ပါးကို ဘယ်လို ကျင့်ရမလဲ ?

မြို့ရွာကွင်း၌ သွားလာ နေထိုင်သောအခါ လက်ရုံး လက်မောင်းတို့ မလှုပ်မရှား ငြိမ်သက်စွာထား၍ သွားလာ နေထိုင်ရမည်ဟု ဆိုလိုသည်။ (ဗာဟု=လက်ရုံး လက်မောင်း)

### (ခ) ဗာဟု·အရ လက်ရုံးဆိုတာ ဘယ်အပိုင်းကို ဆိုသလဲ ?

လက်ကောက်ဝတ်မှစ၍ ပခုံးစွန်းတိုင်အောင် (ဗာဟု)အရ ကောက်ယူပါ။

## ၉·၁၀။ သီသပ္ပစာလက သိက္ခာပုဒ် ၂-ပါး အဓိပ္ပာယ် ဘယ်လိုလဲ ?

မြို့ရွာတွင်း သွားလာနေထိုင်ရာ ဦးခေါင်းကို ခါ၍ ညိတ်၍ ရမ်း၍ လှုပ်၍ မသွားလာ မနေထိုင်အပ်၊ ဦးခေါင်းကို ငြိမ်ငြိမ်သက်သက်ထား၍ သွားလာ နေထိုင်ရပါမည်။ (သီသ=ဦးခေါင်း)

### ဥဇ္ဇဂ္ဃိကဝဂ်၌ ပစာလက သိက္ခာပုဒ် ဘယ်လောက် ရှိသလဲ ?

ကာယပ္ပစာလကမှ စ၍ ပစာလကသိက္ခာပုဒ် ခြောက်ပါး ရှိပါသည်၊ ပစာလက ဂမန သိက္ခာပုဒ် သုံးပါး၊ ပစာလက နိသီဒန သိက္ခာပုဒ် သုံးပါး ပေါင်း ခြောက်ပါး၊ ပစာလက နိသီဒန သိက္ခာပုဒ် သုံးပါး တို့မှာ ဝါသူပဂတပုဂ္ဂိုလ်တို့ လွတ်လပ်ခွင့် ရပါသည်။

### လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ဥဇ္ဇဂ္ဃိကာယကို အနက်သမ္ဗန်၍ အလင်္ကာကျမ်းလာ ရယ်ခြင်း ခြောက်မျိုး ထုတ်ပြပါ။

၂။ အတိဟသိတ ရယ်ပုံကို ရေး၍ ဝါသူပဂတပုဂ္ဂိုလ်တို့ ရွာထဲမှာ ကျယ်လောင်စွာ ရယ်နေနိုင်သလား။

၃။ ၁၅·တောင်လောက်က သဲကွဲစွာ ကြားရအောင် ပြောတဲ့ စကားသည် အပ္ပသဒ္ဒ ဖြစ်နိုင် မဖြစ်နိုင် ဖော်ပြပါ။

၄။ ပစာလက သိက္ခာပုဒ်တခု ကြိုက်ရာ အနက်ပေး၍ အဓိပ္ပါယ် ရေးခဲ့ပါ။

၅။ ဗာဟုပ္ပစာလကံ·ဟူသော ပုဒ်၌ ဗာဟု၏ အရ ကောက်၍ပြပါ။

ဥဇ္ဇဂ္ဃိကဝဂ် မှတ်သားဖွယ် ပြီး၏။

( သတ္တမအကြိမ် )

## ခမ္ဘကတဝဂ် မှတ်သားဖွယ်

### (က) ခမ္ဘကတဝဂ်လာ သိက္ခာပုဒ် ၁၀-ပါးတို့၏ အဓိပ္ပာယ်ဘယ်လိုလဲ ?

သိက္ခာပုဒ် အစဉ်အတိုင်းနံပါတ်တပ်၍ ရေးသားပါမည်၊နိသျနံပါတ်နှင့် ကိုက်၍ ရှုပါ။

၁-၂။ **ခမ္ဘကတ** ရွာတွင်း, မြို့တွင်း၌ ခါးကို လက်ဖြင့်ထောက်၍ မသွားရ၊မနေထိုင်ရပါ၊ မရိုသေမှုစွဲ၍ ခါးကို တဘက်၌ဖြစ်စေ၊နှစ်ဘက်၌ဖြစ်စေ ထောက်လျက် သွားလာ နေထိုင်လျှင် အာပတ်, ဒုက် သင့်၏ဟု ခမ္ဘကတ သိက္ခာပုဒ် ၂-ပါးက ပြပါသည်၊ (ခမ္ဘကတ=ခါးထောက်) ဝါသူပဂတတို့ ခါးထောက်နေနိုင်သည်၊ သွားတော့ မသွားကောင်း။

၃-၄။ **ဩဂုဏ္ဌိတ** မြို့ရွာတွင်း၌ ဦးခေါင်းကိုခြုံလျက် (ခေါင်းမြီးခြုံပြီး မသွားလာ မနေထိုင်အပ်၊ မရိုသေမှုစွဲ၍ ဦးခေါင်းနှင့်တကွ ခြုံရုံ၍ ရွာထဲသွားလာ နေထိုင်လျှင် အာပတ်, ဒုက် သင့်သည်ဟု ဩဂုဏ္ဌိတ သိက္ခာပုဒ် ၂-ခုက ပြပါသည်၊ (ဩဂုဏ္ဌိတ=ခြုံရုံသော ဦးခေါင်းရှိသူ) ဝါသူပဂတတို့ ဦးခေါင်းခြုံ၍ ရွာထဲနေနိုင်သည်၊သွားလို့တော့မအပ်ပါ။

၅။ **ဥက္ကုဋိက**၌ ခြေဖျားဖြင့်သာ မြေ၌ နင်း၍ ခြေဖနောင့်က မြေမထိပဲ ခြေဖျားထောက် သွားခြင်း တမျိုး၊ ခြေဖနောင့်ဖြင့်သာ မြေ၌နင်း၍ ခြေဖျားက မြေ၌မထိပဲ ခြေဖနောင့်ထောက်၍ သွားခြင်း တမျိုး၊ ၎င်းနှစ်မျိုးဖြင့် နင်းသွားခြင်းသည် ဖဝါးဆွံ့နင်းသည်ဟု ဆိုကြသည်၊ ဖြောင့်မတ်အောင် မသွားနိုင်ပဲ ဆွံ့တွန့်သွားရသဖြင့် ဖဝါးဆွံ့နင်းသည်ဟု ဆိုသည်၊ အချို့ ဥက္ကုဋိကကို ဖဆွံ့နင်းဟုလဲ သမ္မုန်ကြသည်၊ အချို့ဖဝါးစွန်းနင်းသည်ဟု ဆိုကြသေး၏၊ (ဥ=အထက်၌+ကုဋိက=အစွန်းရှိလျက်) နင်းရိုး နင်းစဉ်အတိုင်း ဖနောင့်ခြေဖျား ၂-ခုစလုံး ချမနင်းပဲ အထက်၌ အစွန်းတခုပြု၍ အောက်အစွန်း တခုဖြင့်သာ နင်းသွားသောကြောင့် ဖဝါးစွန်းနင်းသည်ဟုဆိုကြလေသည်၊ဆိုခဲ့သော ဖဝါးဆွံ့နင်းမျိုး တခုခုဖြင့် မရိုမသေမှုစွဲ၍ ရွာထဲသွားခဲ့လျှင် အာပတ်, ဒုက်သင့်၏ဟု ဥက္ကုဋိက သိက္ခာပုဒ်က ပြပေသည်။

၆။ **ပလ္လတ္ထိက**၌ ထိုင်သည့်အခါ ဒူး ၂-ဘက်ထောင်၍ လက်ဖြင့် ပတ်ဖွဲ့လျက် ထိုင်ခြင်းကို(ဟတ္ထပလ္လတ္ထိက) လက်အာယောဂပတ် ဖွဲ့သည်ဟု

သိုရသည်၊ ဒူးခေါင်းနှင့် ကျောက်ဆစ်ကို အဝတ်သက်န်းဖြင့် ပတ်ဖွဲ့ ထိုင်ခြင်းကို(ဒုဿပလ္လတ္ထိက) ပုဆိုးအာယောဂပတ်ဖွဲ့သည်ဟု ဆိုရသည်၊ ထိုဖွဲ့ခြင်း ၂-မျိုးဖြင့် မြို့ရွာတွင်း မနေထိုင်အပ်၊ မရိုသေမှုစွဲ၍ ထိုဖွဲ့ခြင်း ၂-မျိုးတို့တွင် တမျိုးမျိုးဖြင့် နေထိုင်လျှင် အာပတ်, ဒုက် သင့်၏ဟု ပလ္လတ္ထိက သိက္ခာပုဒ်ကပြသည်၊ ထိုပလ္လတ္ထိက သိက္ခာပုဒ်၌ ဝါသူပဂတတို့ လွတ်လပ်ခွင့် ရှိသည်။

ပလ္လတ္တိက, ပလ္လတ္ထိက ဘယ်ပါဌ်သင့်သလဲ?

သဒ္ဒတ္တော=ထက်ဝန်းကျင်မှ+အသနံ(ခိပနံ)=ပစ်ချ ရစ်ပတ်ခြင်းသည် ပလ္လတ္တိမည်၏၊ အသ-ဓာတ် တိ-ပစ္စည်းဖြင့် အတ္တိပြီးစေ၍ ရှေ့ ရိ-၌ ဣ-ကို ယ-ပြု၊ ရ-ကို လ-ပြု၊ လျ-ကို လ္လ-ပြု၍ ပလ္လတ္တိ ပြီးပုံမျိုးဖြင့် ပလ္လတ္တိက သင့်ပါသည်၊ ပလ္လတ္ထ-သဒ္ဒါသည် အာယောဂကရဏ အာယောဂပတ် ပြုခြင်း၌ ဖြစ်၏၊ က-ပစ္စည်း သောတ္တ အ-ကို ဣ-ပြု၍ ပလ္လတ္ထိက ပြီးပုံမျိုးဖြင့် ပလတ္ထိကသင့်ပါသည်၊ ကြိုက်သလို ၂-ထွေရှိသင့်ပါ၏၊ နောက်နည်း ကြိုက်သူများ၏။

**အမှာ** အစမှစ၍ ဤပလ္လတ္ထိကသိက္ခာပုဒ်တိုင်း ၂၆-ပါးသော သိက္ခာပုဒ်တို့သည် လျောက်ပတ်သပ္ပာယ်စွာ နေထိုင်ကြဖို့ရန် ပညတ်တော်မူအပ်သောကြောင့် သာရုပ္ပသိက္ခာပုဒ် ၂၆-ပါးဟု အမည်တော်ရသည်။

၇။ **သက္ကစ္စ ပဋိဂ္ဂဟဏ** ဆွမ်းခံသောအခါ ဆွမ်းတို့, ဟင်းတို့ကို မလိုချင်သလို သန့်ပစ်ချင်သလို အရေးမထားသလို အနေမျိုးဖြင့် မခံယူပဲ ဆွမ်းတို့, ဟင်းတို့ကို လေးလေးစားစား သတိထားခံယူခြင်းကို (သက္ကစ္စ) ရိုသေသည်ဟုခေါ်သည်၊ အနာဒရိယ-မရိုသေမှုစွဲ၍ စွန့်ပစ်လိုက်သကဲ့သို့ မလေးမစား ဆွမ်းတို့၌ သတိမထား ခံယူလျှင် အာပတ် ဒုက် သင့်၏ဟု သက္ကစ္စ ပဋိဂ္ဂဟဏ သိက္ခာပုဒ်ကပြသည်၊ ပါဠိတော်၌"ဆဗ္ဗေတုကာမေဝိယ"ဟု လိုရင်းပြဆိုသည်။ (သက္ကစ္စ=ကောင်းစွာပြု၍၊ ဝါ-ရိုသေစွာ+ပဋိဂ္ဂဟဏ=ခံယူခြင်း)

၈။ **ပတ္တသညီ ပဋိဂ္ဂဟဏ** ဆွမ်းခံသောအခါ ဟိုကြည့် သည်ကြည့် ကြည့်ရ၊ ငေး၍မနေရ၊ဟိုကြည့်သည်ကြည့်ငေးငိုင်နေလျှင်ဆွမ်းလောင်း

( သတ္တမအကြိမ် )

နေမှန်းလဲမသိ၊ ဆွမ်းလောင်း ပြီးမှန်းလဲ မသိပဲ ဖြစ်နေလိမ့်မည်၊ သို့ပါ၍ သပိတ်၌အမှတ်သညာထား၍ဆွမ်းခံရမည်ဟု ပတ္တသညီ ပဋိဂ္ဂဟာဏသိက္ခာပုဒ်ကပြသည်၊ (ပတ္တသညီ=သပိတ်၌ အမှတ်ရှိသည် ဖြစ်၍+ပဋိဂ္ဂဟာဏ=ခံယူခြင်း) "တဟံ တဟံ ဩလောကေန္တော" ဟုပါဠိတော်၌မိန့်ဆိုသဖြင့် မရှိသေခြင်းကို စွဲ၍ သပိတ်၌ အမှတ်မထားပဲ ဟိုကြည့် သည်ကြည့် ကြည့်လျှင် ဤသိက္ခာပုဒ်ဖြင့် အာပတ်,ဒုက္ကဋ်သင့်၏ဟု မှတ်။

၉။ **သမသူပက ပဋိဂ္ဂဟာဏ** ဆွမ်း၏လေးပုံ တပုံမျှ ပဲဟင်းကို အလှူခံရမည်၊ ပို၍ပဲဟင်း အလှူခံလျှင် အာပတ်, ဒုက္ကဋ်သင့်၏ လျော့ခံလျှင် အပြစ်မရှိ၊ ဤသိက္ခာပုဒ်၌ သူပ-ဟင်းဆိုတာ(၁) မုဂ္ဂသူပ-ပဲနောက်ဟင်း၊ (၂)မာသသူပ-ပဲကြီးဟင်း၊ထိုဟင်း ၂-မျိုး လက်ကော်ရချက်ထားသည်ကို သူပ-အရ ယူရမည်ဟု ပါဠိတော်၌ ဖွင့်သည်၊မဟာပစ္စရိက်အဋ္ဌကထာ၌ ကုလားပဲဟင်း စသည်တို့လည်း သူပ၌ ထည့်သွင်းရမည်ဟု ဖွင့်၏၊ ကြွင်းသောဟင်းစုကို ဆွမ်း၏ လေးပုံ တပုံထက် ခံယူသော်လဲ အပြစ်မရှိ၊ ဆွေးမျိုးနှင့် ဖိတ်ကြားသူတို့ထံကား ပိုခံကောင်း၏၊ (သမ=ဆွမ်းနှင့် မျှသော+သူပက=ပဲဟင်းရှိအောင်)

၁၀။ **သမတိတ္တိက ပဋိဂ္ဂဟာဏ** သပိတ်မှာ အတွင်းနခမ်း, အပြင်နခမ်း ၂-မျိုးရှိ၏၊ အတွင်းနခမ်းထက် အပြင်နခမ်းက မြင့်သည်၊ ဆွမ်းခံသောအခါ အတွင်းနခမ်းနှင့် ညီမျှရုံ ပြည့်အောင်သာ ဆွမ်းခံရသည်၊ အတွင်းနခမ်းကပို၍ မောက်လျှံတက်နေအောင် မခံရ၊ ဤသိက္ခာပုဒ်၌ ပိဏ္ဍပါတဆွမ်းဆိုတာလည်း မွန်းမလွဲပိသာ စားအပ်သော ယာဂုဆွမ်း သစ်သီးကြီးငယ်စသော ယာဝကာလိက ဘောဇဉ်ကိုသာ ပိဏ္ဍပါတအရ ယူရသဖြင့် အခြား ယာမကာလိကစသော ဆေးဝတ္ထုတို့ကို ပိုခံသော်လည်း အပြစ်မရှိ၊ဤသိက္ခာပုဒ်၌သပိတ်ဆိုရာမှာ အဓိဋ္ဌာန်လောက်သော သပိတ်၏ အတွင်းအနားရေးကိုသာ ဆိုလိုသည်၊ အဓိဋ္ဌာန်လောက်တဲ့သပိတ်မှာ အငယ်ဆုံး သုံးစလယ်ဝင်,အကြီးဆုံးသုံးပြည်ဝင်လျက် မည်းနက်အောင် ဖုတ်၍ ကွဲပေါက်မထင်သော သပိတ်သာ အဓိဋ္ဌာန်လောက်၏၊ ထိုထက် ကြီးလွန်း ငယ်လွန်းသော သပိတ်ဖြင့် ပိုခံသော်လည်း အပြစ်မရှိ၊ ဆွမ်းပေါ်၌ တင်ထားသော သပိတ်ခွက်, ပန်းကန်စသည်ဖြင့် ခံယူလျှင်

( သတ္တမအကြိမ် )

လည်း အပြစ်မရှိ၊ သပိက်တလုံး ပြည့်၍ တလုံး လဲခံလျှင်လည်း အပ်ပါ၏၊ ဤ သမတိတ္ထိက ပဋိဂ္ဂဟဏ သိက္ခာပုဒ် ဂိလာနတို့ လွတ်လပ်ခွင့်မရ၊ ဤခန္ဓကတဝဂ်၌ ပဋိဂ္ဂဟဏ သိက္ခာပုဒ် လေးပါးရှိသည်၊ ထို ပဋိဂ္ဂဟဏ-သိက္ခာပုဒ်တို့နှင့် မညီပဲ ဆွမ်းခံယူ၍ ရလာသော ဆွမ်းတို့ကား (သုပ္ပဋိဂ္ဂဟိတ) ကောင်းသော ခံယူခြင်းဟုပင် ဆိုရ၍ စားသုံးခြင်းငှါ အပ်ပါ၏၊

သဗ္ဗတ္ထ ပန ပဋိဂ္ဂဟေတုမေဝ န ဝဋ္ဋတိ၊ ပဋိဂ္ဂဟိတံ ပန သုပ္ပဋိဂ္ဂဟိတမေဝ ဟောတိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီတိ။ (ပါစိတ်-ထာ)

## လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ရွာထဲ ခေါင်းမြီးခြုံမသွားရဘူးဟု ဘယ်သိက္ခာပုဒ်က ကန့်ကွက်သလဲ။

၂။ ဘယ်လို နင်းသွားတာကို ဖဝါးဆွဲနင်းသည်ဟု မှတ်ရမလဲ၊ ဆရာတို့ဆိုပုံ အထူးကို ဖော်ပြပါ။

၃။ ပုဆိုးအာယောဂပတ်ဖွဲ့၍ နေပုံရေး၍ ရွာထဲ၌ ဝါသူပဂတ ပုဂ္ဂိုလ်တို့ အာယောဂပတ် ဖွဲ့နေနိုင်ပါသလား ဖော်ပြပါ။

၄။ ခမ္ဘကတဝဂ် နောက်ဆုံး သိက္ခာပုဒ်ကို အနက်ယောဇနာ၍ သစ်သီးများကို ပြည့်မောက်အောင်ခံလျှင် အပြစ်လွတ်-မလွတ် ဆုံးဖြတ်ပါ။

၅။ သမတိတ္တိက သိက္ခာပုဒ်၌ ဘယ်သပိတ်၏ အတွင်းအနားရေးကို ယူရမည်ကို သပိတ် ပမာဏနှင့်တကွ ဖော်ပြပါ။

ခမ္ဘကတဝဂ် မှတ်သားဖွယ် ပြီးပြီ။

---

## သက္ကစ္စဝဂ် မှတ်သားဖွယ်

သက္ကစ္စဝဂ်လာ သိက္ခာပုဒ် ၁၀-ပါ တို့၏ အဓိပ္ပာယ်ကား ဘယ်လိုလဲ?

နိဿျ ဂဏန်းစဉ်အတိုင်း ရှုပါ။

၁။ သက္ကစ္စဘုဉ္ဇန မစားချင်သလို မစားချင်စားချင်နှင့် စားသကဲ့သို့ မပြုပဲ ကောင်းမွန်စွာ စိတ်ပါလက်ပါ လေးလေးစားစား သတိထား၍

ဆွမ်းစားခြင်းသည် (သက္ကစ္စ` ရိုသေသည်မည်၏၊ "အဘုဥ္စိတုကာမာ· ဝိယ"ဟု ပါဠိတော်ရှိသဖြင့် မရိုသေမှုစွဲ၍ မစားချင်သလို မလေးမစား သတိမထားပဲ စားလျှင် ဒုက္ကဋ်၊ ဒဏ်သင့်၏ဟု မှတ်။ (သက္ကစ္စ=ရိုသေ လေးစား သတိထား၍+ဘုဥ္စန=စား)

၂။ **ပတ္တသညီဘုဥ္စန** ဆွမ်းစားတဲ့အခါ ဟိုကြည့်သည်ကြည့် ကြည့်၍ မစားရ၊ ဟိုကြည့် သည်ကြည့်လုပ်နေလျှင် သပိတ်ထဲသို့ ဆွမ်းတို့ ဟင်းတို့ ထည့်ပေးဆဲ ထည့်ပေးပြီးလဲ မသိ ဖြစ်နေလိမ့်မည်၊ သပိတ်၌ အမှတ် သညာထား (သပိတ်၌ စိတ်ထား၍)စားရမည်ဟု ဆိုလိုသည်၊ "တဟံ တဟံ ဩလောကေန္တော"ဟု ပါဠိတော်လာ၍ မရိုသေမှု စွဲလျက် ထိုထို အရပ်ကိုကြည့်ရှုပြီး သပိတ်၌ အမှတ်မပြုပဲ ဆွမ်းစားလျှင် အာပတ်၊ ဒဏ်သင့်၏ဟု မှတ်။ (ပတ္တ=သပိတ်၌+သညီ=အမှတ် ရှိသည်ဖြစ်၍+ ဘုဥ္စန=ဆွမ်းစား)

၃။ **သပဒါန** ဆွမ်းစားသောအခါ သပိတ်ထဲ (ပန်းကန်ပြားထဲ၊ ဇလုံထဲ)မှာရှိသောဆွမ်းကို ဟိုနားကနှိုက်ယူလိုက် သည်နားက နှိုက်ယူ လိုက် မစားရ၊ တသမတ်တဲ မခုန်ကျော်ပဲ စားခြင်းကို(သပဒါန)အစဉ် အတိုင်း စားသည်ဟု ဆိုရသည်၊ ဤသို့အစဉ်အတိုင်း ဆွမ်းစားရမည်ဟု သပဒါန သိက္ခာပုဒ်က ပြသည်၊ ပေးလို လောင်းလိုလျှင် ယူချင်တဲ့ အပိုင်းက ယူနှိုက်ပေးနိုင်သည် (သပဒါန=အစဉ်အတိုင်း)

၄။ **သမသူပကဘုဥ္စန** ဆွေမျိုးတော်သူ၊ ဖိတ်ကြားသူ မဟုတ်တဲ့ သူများက လှူသောဆွမ်းကို စားသောအခါ လက်ကော်ရသော ပဲဟင်း ကို ဆွမ်း၏ လေးပုံ တပုံလောက်သာ စားရသည်၊ မရိုသေပဲ ပိုလွန် စားလျှင် အာပတ်၊ ဒဏ် သင့်မည်၊ ဆွေမျိုးတော်သူ ဖိတ်ကြားသူတို့က ပေးလှူလျှင်ကား ကြိုက်သလိုစားနိုင်ပါသည်။ (သမ=ဆွမ်းနှင့် တော် လောက်ရုံမျှသော+သူပက=ပဲဟင်းရှိသည်) သူပ·အရကို သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်အတိုင်း မှတ်။

၅။ **ထူပက** ဆွမ်းခွက်အလယ်ဗဟိုက မို့မောက်နေသော နေရာကို ဆွမ်းဦးဆွမ်းထိပ်ဟု ခေါ်သည်။ **ဆွမ်းစားသောအခါ ထို ဆွမ်းဦး**

ဆွမ်းထိပ်ကို နှိပ်၍ (နှိုက်၍) မစားရ၊ နခမ်းအစမှ စ၍ အစဉ်အတိုင်း ယူပြီး စားရမည်ဟု ထူပကသိက္ခာပုဒ်က ပြ၏၊ (ထူပက=မို့မောက်သော ဆွမ်းဦးဆွမ်းလယ်) အကြွင်းအကျန်ကို ရုံးစုပြီး အလယ်မြင့်မောက်ရာ၌ နှိပ်၍ စားလျှင် အပြစ် မရှိ။

၆။ **သူပဗျဉ္ဇန ပဋိစ္ဆာဒန** ပဲဟင်း၊ ငါးသားဟင်းတို့ကို များများ လိုချင်သောအားဖြင့် ရပြီးဟင်းတို့ကို ဆွမ်းဖြင့် ဖုံးမထားရ၊ ဖုံးလျှင် အာပတ်ဒုက္ကဋ် သင့်၏၊ ဥပမာ-အချို့ ဟင်းလောင်း ဟင်းလိုက်သူတို့က ဟင်းမရသေးသော ကိုယ်တော်တို့ကိုသာ လောင်းချင် လိုက်ချင်၏၊ သို့ပါ၍ ရပြီးတဲ့ဟင်းတို့ကို လောင်းသူ လိုက်သူတို့မမြင်ရအောင် နောက်ထပ် အလိုရှိ၍ ဆွမ်းဖြင့်မဖုံးရဟု ဤသိက္ခာပုဒ်တော်က တားမြစ်သည်၊ ငါး၊ သားမပေါ်ရဟု အစိုးရတို့ကမောင်းစည်လှည့်၍ပိတ်ပင်ထားသော မာဃာတ၊ သမယစသော အခါ၌ သူတို့ဘာသာ ဆွမ်းဖြင့် ဖုံးလွှမ်း၍ လောင်းလိုက်သည်ကို ခံယူလျှင် အပ်၏၊ များသည်ကိုမလိုပဲ ဖုံးလျှင် အပြစ်မရှိ၊ ကျေးဇူးရှင်ဘုရားကြီးဆရာတော် ပါစိတ်ပါဠိတော် နိသျ၌ ''သူပံပိ၊ ပဲနောက် ပဲကြီးဟင်းကိုလည်းကောင်း။ ဗျဉ္ဇနံပိ၊ ငါး အမဲဟင်း ကိုလည်းကောင်း''ဟု ယောဇနာသဖြင့် ထိုဆရာတော်၏အလို သူပ-ပဲဟင်း၊ ဗျဉ္ဇန-ငါး၊ အမဲဟင်းဟု ယူလိုသည်၊ အဘိဓာန်၌ သူပနှင့် ဗျဉ္ဇန ပရိယာယ်ဆိုသည်၊ ''သုခေန ပါတဗ္ဗန္တိ သူပံ''ဟူသောဝစနတ္ထစကားကို ကိုးကား၍ သောက်၍ စားကောင်းသော ဟင်းရည်မျိုးကို သူပ-အရ ယူ၍ ဗျဉ္ဇန-အရ ငါးသားစသော ဟင်းလျာ လက်သုပ်များကို ယူ ဟုလည်း ဆရာတို့ ဆိုကြ၏၊ ဤသိက္ခာပုဒ် ဂိလာနတို့ လွတ်လပ်ခွင့်မရ။

၇။ **သူပေါဒန ဝိညတ္တိ** အမျိုးမတော်သူ၊ ပယောင်းပါဟု ဖိတ်ကြားမထားသူတို့အား ဆွမ်းကို ဖြစ်စေ၊ ဟင်းကိုဖြစ်စေ မိမိ အကျိုးငှါ ကျန်းမာလျက် နှုတ်မြွက်၍ တောင်းမစားရဟု အဓိပ္ပါယ် ဆိုလိုသည်၊ ကျန်းမာလျက် မရှိသေမှုစွဲ၍ မိမိအတွက် ဆွမ်းတို့ဟင်းတို့ကို တောင်း စားလျှင် အာပတ်ဒုက္ကဋ်သင့်၏၊ ဆွမ်းတွင် ဟင်းတွင် မဟုတ် အမျိုး မတော်သူ၊ မဖိတ်ကြားသူထံ ဘယ်ပစ္စည်းမျှမတောင်းအပ်၊ အယုတ်ဆုံး ရေသော်မှ မတောင်းအပ်။

( သတ္တမအကြိမ် )

**အပ်စပ်သော တောင်းနည်း** ပိုင်ရှင်တို့ထံ သွား၍ နှုတ်မြွက် မဆိုပဲ ကိုယ်ဖြင့် ရပ်ရသည်၊ ထိုအခါ ပိုင်ရှင်တို့က (ဘာ အလိုရှိပါသလဲ) ဘာကိစ္စလဲ မေးသောအခါမှ အပ်သောဆွမ်းဟင်း, ဆေးစသည်တို့ကိုပြောပြရသည်၊ ထိုသို့ပြော၍ သူ့ဘာသာလှူလျှင် ခံယူအပ်၏၊ မလှူချင်သည်ကို လှူချင်အောင် သွယ်ဝိုက်၍ မပြောအပ်၊ ပြော၍ရလာလျှင် တသာသနာလုံး မအပ်။

**သူတပါးအတွက် တောင်းရေး** မိမိဆွေမျိုး, မိမိ ဖိတ်ကြားသူတို့အားလည်းကောင်း၊ သူတပါး ဆွေမျိုး, သူတပါး ဖိတ်ကြားသူတို့အားလည်းကောင်း သူတပါးအတွက် တောင်းအပ်၏၊ ဥပမာ-ဦးတိဿသည် မိမိဆွေမျိုး, မိမိဖိတ်ကြားသူ ဒါယကာတို့ထံ၌လည်းကောင်း၊ ဦးလာဘ-ဆွေမျိုး, ဦးလာဘအား ဖိတ်ကြားသူတို့ထံ၌လည်းကောင်း ဦးလာဘအတွက် ပစ္စည်းလေးပါး တောင်းအပ်၏၊ ထိုမှတပါး ဦးတိဿသည် ဦးလာဘ အကျိုးငှါ တောင်းလျှင် မအပ်ဟု စင်စစ်မှတ်ရာ၏၊ သို့ပါ၍ ဘာမျှမတော်စပ်သူတို့ထံ၌ ဆွမ်းဖိတ်ပေးခြင်း ပစ္စည်းလေးပါး ဖိတ်ခိုင်းစေခြင်း ရဟန်းဒါယကာ ရှင်ဒကာ ရှာပေးခြင်းတို့ကား အထူး ရှောင်ကြဉ်သင့်သော အချက်ကြီးတခု ဖြစ်သည်ဟု သတိချပ်စေလိုပေသည်။

၇။ **ဥဇ္ဈာနသညီ** တချို့သူတို့သည် ကဲ့ရဲ့လို၍ သူတပါး သပိတ်ကို ကြည့်တတ်ကြ၏၊ ဆွမ်းများများတွေ့လျှင်လဲ သဒ္ဓေးတွေအိမ်ကလောင်းလိုက်ဟန်ရှိသည်၊ တယ်....အလှုပ်ကောင်းတဲ့လူပဲ စသည်ဖြင့် ကဲ့ရဲ့လိုခြင်းတည်းဟူသော ယုတ်မာသောစိတ်ဖြင့် ကြည့်ခြင်းကို ကဲ့ရဲ့လို၍ ကြည့်ခြင်းဟု ဆိုသည်၊ ထိုကဲ့ရဲ့လိုစိတ်ဖြင့် သူတပါးသပိတ်ကိုမကြည့်ကောင်း၊ နဲလျှင်ပေးမည်- များလျှင် တောင်းမည် စသော ကောင်းသော စိတ်ဓာတ်ဖြင့် ကြည့်လျှင် အပြစ်မရှိ၊ (ဥဇ္ဈာန= ကဲ့ရဲ့ခြင်း၌+ သညီ=အမှတ်ရှိသည်) ဤသိက္ခာပုဒ် ဂိလာနတို့ လွတ်လပ်ခွင့်မရ။

၈။ **အတိမဟန္တ ကဗဠ** ဒေါင်းဥသည် အလွန်ကြီး၍ အတိမဟန္တခေါ်ရသည်၊ ကြက်ဥသည် အလွန်သေး၍ အတိခုဒ္ဒကဟု ဆိုသည်၊ ဆွမ်းစားသောရဟန်း,သာမဏေတို့သည် ထိုဒေါင်းဥ,ကြက်ဥတို့၏ အကြားလောက်ရှိ ဆွမ်းလုတ်ပြုလုပ်၍ စားရမည်၊ဒေါင်းဥလောက်မကြီးစေရဟု

သတ်မှုက်သည်၊ ငယ်၍ ဝိနည်းပြစ်မရှိ၊ ခဲဖွယ် သစ်သီးကြီးငယ် လက်သုပ်တို့ ဒေါင်းဥလောက် ကြီးအောင်လုပ်၍ စားသော်လည်း အပြစ်မရှိ။ (အတိမဟန္တ=အလွန်ကြီးသော+ကဗဠ=ဆွမ်းလုတ်)

၁၈။ **ပရိမဏ္ဍလ အာလောပသိက္ခာပုဒ်၌** (ပရိမဏ္ဍလ) အဝန်းညီဆိုတာ ဆွမ်းစားသောအခါ ဆွမ်းလုတ်ရှည်ရှည်လျားလျား မဖြစ်စေပဲ ခပ်ဝိုင်းဝိုင်းနေအောင် ပြုပြင်လုပ်ခြင်းကိုအဝန်းညီလုပ်သည်ဟုဆိုရသည်၊ အလွန်ဝိုင်းစက်နေအောင် လုပ်ဖို့ မဟုတ်ပါ၊ လုပ်ရန်လည်း ခဲယဉ်းပါ၏၊ သို့ပါ၍ ပါဠိတော်၌ "ဒီဃံ အာလောပံ ကရောတိ၊ အာပတ္တိ ဒုက္ကဋဿ" ဆိုသည်ကို ထောက်ထားလျက် မရှိသေမှုကိုစွဲ၍ ဆွမ်းလုတ်ရှည်ရှည်လျားလျား ပြုလုပ်ပါမှ အပြစ်သို့ ရောက်သည်ဟုမှတ် (ပရိမဏ္ဍလ=ထက်ဝန်းကျင်ဝိုင်းသော+အာလောပ=ဆွမ်းလုတ်)

**ဆွမ်းလုတ်ဝိုင်းအောင် လုပ်နည်း** ဆွမ်းစားသောအခါ ဆွမ်းလုတ်ကို လက်ထဲထည့်ပြီး လက်မဖြင့်လှည့်ပတ်၍ခံတွင်းနှင့်တော်ရုံ ဝိုင်းဝန်းအောင် ပြင်ပါ၊ဆွမ်းလုတ်ပြင်ယင်း ပစ္စဝေက္ခဏာဆင်ခြင်နိုင်ပါသေးသည်၊ဆွမ်းလုတ်ကလဲ ဝိုးဝန်း ပစ္စဝေက္ခဏာကလဲ ဆင်ခြင်၍စားသော ဆွမ်းတလုတ်အချိန်အဖို့ ပြည့်စုံသော သီလတော်မြတ်၏ အကျိုး အပိုင်းအခြားကို ဘယ်သူ ဟောပြနိုင်ပါအံ့နည်း၊ "အာနိသံသပရိစ္ဆေဒံ တဿ သီလဿ ကော ဝဒေ" ခဲဖွယ် သစ်သီးကြီးငယ် လက်သုပ်တို့၌မဝန်းဝိုင်းလဲအပ်၏။

### လေ့ကျင့်ခန်း ပုစ္ဆာ

၁။ သက္ကစ္စ-အရ ရိုသေပုံနှင့် အသက္ကစ္စ-မရိုမသေလုပ်ပုံ ဖော်ပြပါ။

၂။ ဆွမ်း၏ထက်ဝက်မျှပဲနောက်ဟင်းစားတဲ့သာမဏေဘယ်သိက္ခာပုဒ်နှင့် ထိခိုက်သည်ဟု ဖော်ပြပါ။

၃။ သူတပါးကို ဆွမ်းပေးချင်ဒါနဲ့ သူတပါး သပိတ် ကြည့်တဲ့ သာမဏေ အပြစ်ရောက်သေးသလား၊ ဘယ် သိက္ခာပုဒ်နှင့် လွတ်လပ်ခွင့်ရပါသလဲ ဖော်ပြပါ။

( သတ္တမအကြိမ် )

၄။ အမျိုးမတော်သူထံ ဆွမ်းတောင်းနိုင်သော အချက်များကို သူပေါဒုန သိက္ခာပုဒ်၏ လွတ်လပ်ခွင့်တို့မှ ဖော်ပြစမ်းပါ။
၅။ အတိမဟန္တ ဆွမ်းလုတ် ပုံသဏ္ဌာန်နှင့် အတိခုဒ္ဒက ဆွမ်းလုတ် ပုံသဏ္ဌာန်တို့ကို ဖော်ပြပါ။

သက္ကစ္စဝဂ် မှတ်သားဖွယ် ပြီးပြီ။

---

## ကဗဠဝဂ် မှတ်သားဖွယ်

### ကဗဠဝဂ်လာ သိက္ခာပုဒ် ၁၀-ပါး၏ အဓိပ္ပာယ် ဘယ်လိုလဲ?

နိသျှနှင့် တွဲရှုပါ။

၁။ **ကဗဠ** ဆွမ်းစားသောအခါ ပါးစပ်ပေါက်နားသို့ ဆွမ်းလုတ် မရောက်ခင် ပါးစပ်ကို အစောက ဖွင့်ဟထားခြင်းသည် မယဉ်ကျေးသော အမူအရာဖြစ်၏၊ သို့ပါ၍ ပါးစပ်ပေါက်သို့ ဆွမ်းလုတ်မရောက်မီခံတွင်း ပါးစပ်ကို ဖွင့်မထားရဟု ဤ ကဗဠသိက္ခာပုဒ်က ပြသည်။ (ကဗဠ=ဆွမ်းလုတ်)

၂။ **ဘုဥ္စမာန** ဆွမ်းစားသောအခါ လက်ချောင်းများကို ခံတွင်းသို့ မသွင်းမိစေရ၊ ဟတ္ထ-သဒ္ဒါသည် လက်ကောက်ဝတ်မှစ၍ လက်ချောင်း အဖျားတိုင်အောင် ယူသော်လည်း ဤ၌ လက်ချောင်း သက်သက်ကိုသာ ယူရမည်။ သဗ္ဗ–ဟု ဟောသောကြောင့် လက်ချောင်း အားလုံးကို (တချောင်းတခုလမျှ) ခံတွင်း၌ မသွင်းရဟု ဋီကာတို့ ဖွင့်၏။

သဗ္ဗံ ဟတ္ထန္တိ ဟတ္ထေကဒေသာ အင်္ဂုလိယော ဝုတ္တာ ဟတ္ထမုဒ္ဒါတိ-အာဒီသု ဝိယ၊ တသ္မာ ဧကင်္ဂုလိမ္ပိ မုခေ ပက္ခိပိတုံ န ဝဋ္ဋတိ။ (ဝိ-ဋီ)

မရှိသေမှုစွဲ၍ လက်တချောင်းတလေ ခံတွင်းသို့ သွင်း၍ စားမိလျှင် အာပတ်ဒုက္ကဋ်သင့်၏၊ ခံတွင်းဆိုသည်မှာ နှုတ်ခမ်းသွားတို့၏ အတွင်းဘက်ကို ဆိုသည်။

၃။ **သကဗဠ** စကားလုံး မပြီသလောက်အောင် ဆွမ်းပြည့်နေတဲ့ ခံတွင်းဖြင့် စကားမဆိုရဟု တားမြစ်သည်၊ စကားလုံးပြီသသော ဆွမ်းနှင့်ကား စကားပြောကောင်းပါသည်၊ သို့သော် မပြောပဲ နေတာက ပိုကောင်းသည်။

(သတ္တမအကြိမ်)

၄။ ပိဏ္ဍုက္ခေပက ဆွမ်းစားသောအခါ ဆွမ်းအခဲကိုဖြစ်စေ၊ ဆွမ်းလုတ်ကိုဖြစ်စေ၊ ပါးစပ်ကွင်းသို့ မြှောက်၍(ပစ်လွှတ်၍)မသွင်းရ၊ ပါးစပ်နား တေ့မိမှသာ ဆွမ်းလုတ်ကို သွင်းရသည်၊ မုန့်ခဲဖွယ်များနှင့် သစ်သီးများကိုကား မြှောက်ပစ်လွှတ်၍ သွင်းသော်လည်း အပြစ်မရှိ၊ သို့သော် ပါးစပ်နားကပ်၍ သွင်းခြင်းသာ ယဉ်ကျေးသည်။

၅။ ကဗဠာဝစ္ဆေဒက ဆွမ်းစားသောအခါ ဆွမ်းလုတ်(ဆွမ်းဆုပ်)ကို ကိုက်ဖြတ်၍ မစားကောင်း၊ ခဲဖွယ် သစ်သီး ကြီးငယ် လက်သုပ်,ဟင်းလျာတို့ကို ကိုက်ဖြတ် စားနိုင်သည်၊ (ကဗဠ=ဆွမ်းလုတ်,ဆွမ်းဆုပ်ကို+အာဝစ္ဆေဒက ကိုက်ဖြတ်၍)

၆။ အဝဂဏ္ဍကာရက မျောက်သတ္တဝါသည် အစာ စားသောအခါ ပါးစောင်တဖက် ဖောင်းနေအောင် ထား၍ စားလေ့ရှိကြ၏၊ ရဟန်း, သာမဏေများသည် ထို မျောက်တို့ကဲ့သို့ ပါးစောင်တဖက်၌ ထား၍ မစားကောင်းပါ၊ ခံတွင်းအလယ်မှာထား၍ စားရသည်၊ မရိုသေမှုစွဲ၍ ပါးစောင်တဖက်မှဖြစ်စေ၊ နှစ်ဖက်မှဖြစ်စေ ပါးစောင်၌ထား၍စားလျှင် အာပတ်,ဒုက္ကဋ်သင့်သည်၊ သစ်သီး ကြီးငယ်တို့ကိုကား ပါးစောင်၌ထား စားကောင်းပါသည်၊ "ခဇ္ဇကေ ဥတ္တရိဘင်္ဂေ"တို့ ပါဠိတော်၌ မပါ၍ မုန့်ခဲဖွယ်,လက်သုပ်, ဟင်းလျာတို့ကိုလည်း ပါးစောင်၌ထား၍ မစား ကောင်းဟု မှတ်ပါ။ (အာ=ယုတ်ညံ့စွာ+ဂဏ္ဍကာရက=ပါးစောင်ကို ပြု၍)

၇။ ဟတ္ထနိဒ္ဓုနက ဆွမ်းစားသောအခါ လက်ကိုခါ၍ခါ၍ မစားရ၊ လက်မှာပေနေလျှင် မခါပဲ လက်မဖြင့် အသာပယ်ချရသည်၊ အမှိုက်စွန့်လိုခြင်းဖြင့် လက်ကို ခါလျှင် အပြစ်မရှိ။ (ဟတ္ထ=လက်ကို+နိဒ္ဓုနက=ခါ၍ ခါ၍)

၈။ သိတ္ထာဝကာရက ဆွမ်းစားသောအခါ ဆွမ်းလုံးများကို ဟိုကြဲ သည်ကြဲနှင့် ကြဲဖြန့်၍ မစားရ၊ အမှိုက်စွန့်လိုက်တာနှင့် ဆွမ်းလုံးကျ သွားလျှင် အပြစ်မရှိ။ (သိတ္ထ=ဆွမ်းလုံးကို+အဝကာရက=ကြဲဖြန့်၍)

၉။ ဇိဝှါနိစ္ဆာရက အချို့ကလေးများသည် ပါးစပ်နားရောက်လာ သောထမင်းလုတ်ကို လျှာထုတ်၍ လှမ်းကော်ယူလျက် စားတတ်ကြသလို

ရဟန်း,သာမဏေတို့ကား ဆွမ်းကိုလည်းကောင်း၊ဟင်းကိုလည်းကောင်း လျှာထုတ်၍ ကော်ယူမစားရဟု ဇိဝှါနိစ္ဆာရက သိက္ခာပုဒ်က တားမြစ်၏၊ ဇိဝှါ=လျှာကို+နိစ္ဆာရက=ထုတ်၍၊ ဝါ-လှမ်းကော်ယူ၍)

၁၀။ **စပုစပုကာရက** ဆွမ်းစားသောအခါ စပ်စပ် ပြွတ်ပြွတ်အသံ မြည်အောင်မစားရ၊စပ်စပ်ပြွတ်ပြွတ်မြည်အောင်စားခြင်းသည်ယဉ်ကျေး သော စားသောက်ခြင်းမျိုးမဟုတ်၊ ဤသိက္ခာပုဒ်၌ စပုစပု-သဒ္ဒါကား ဆွမ်းစားတဲ့အခါ ပါးစပ်မှမြည်သံကို အတုလိုက်၍ပြုလုပ်ထားသည့် အနုကရဏ သဒ္ဒါမျိုး ဖြစ်သည်၊ စားသောနေရာမှာ လူတမျိုးနှင့် လူတမျိုး မြည်ပုံ မတူကြ၊ ပါဠိအနေအားဖြင့် စားတဲ့အခါ စပုစပုဟု မြည်ပုံရပေ သည်၊ အချို့ မြန်မာတို့က ပြွတ်ပြွတ်ဟု မြည်တတ်၏၊ အချို့ စပ်စပ်ဟု မြည်တတ်၏၊ ထိုသို့ ဆွမ်းနှင့်နှုတ်ခမ်း ခံတွင်းတို့မှ ပေါ်လာသော အသံ တို့ကား ရိုင်းပြသော အသံချည့်ပဲဖြစ်၍ ဤသိက္ခာပုဒ်တော်ဖြင့် အသံ မထွက်အောင် ယဉ်ကျေးအောင် စားရေးကို ညွှန်ပြတော်မူသည်၊ အနု ကရဏသဒ္ဒါနှင့် ပညတ်ထားသော သိက္ခာပုဒ်ဟု မှတ်ခဲ့ပါ။ (စပုစပု= စပ်စပ် ပြွတ်ပြွတ်+ကာရက=ပြု၍)

## လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ကဗဠ သိက္ခာပုဒ် ပါဠိမဖက် မြန်မာပြန်သက်သက် ရေး၍ ဘုဥ္စမာန သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးပြပါ။

၂။ သမ္ဗံ ဟတ္ထံဟုဆို၍ အလုံးစုံလက်ကိုခံတွင်းထဲထည့်မှအပြစ်ရောက် သလား၊ တချောင်းတလေထည့်လျှင် အပြစ်မရောက်ဘူးလား။

၃။ ဆွမ်းလုတ်ကြီးနှင့်စကားမပြောရဟုဘယ်သိက္ခာပုဒ်ကတားမြစ် သလဲ။

၄။ ဆွမ်းစားသောအခါ မျောက်ကဲ့သို့ ပါးစောင်၌ ထားမစား ရဘူးဆိုလျှင် ဘယ်မှာ ထားစားရမလဲ။

၅။ အောက်ပါ ပါဠိတို့၏အနက်မျှဖော်ပြ၍ ဆိုင်ရာသိက္ခာပုဒ်ပါဠိ ထုတ်ပြပါ။ (က) ဟတ္ထ (ခ) သိတ္ထ (ဂ) ဇိဝှါ။

ကဗဠဝဂ် မှတ်သားဖွယ် ပြီးပြီ။

(သတ္တမအကြိမ်)

## သုရုသုရုဝဂ် ပုတ်သားဖွယ်
## ၁၀-ပါးရှိသော သုရုသုရုဝဂ်လာ သိက္ခာပုဒ်တို့ကို ဘယ်လို မှတ်သင့်သလဲ ?

သိက္ခာပုဒ် အစဉ်အတိုင်း ပြပါမည်။

၁။ **သုရုသုရုကာရက** သိက္ခာပုဒ်၌ သုရုသုရုသဒ္ဒါသည် ဆိုခဲ့သောစပု စပုသဒ္ဒါကဲ့သို့ လဘက်ရေဟင်းချိုသောက်စားခြင်းစသည်တို့၌ပေါ်ထွက် မြည်လာတဲ့ အသံရင်းကို အတုလိုက်၍ ပြုလုပ်ထားသော အနုကရဏ သဒ္ဒါပင်မှတ်၊ သုရုသုရုပါဠိကို မြန်မာက ယှုရှယှုရှ၊ တနည်း ရှုပ်ရှုပ်အသံ မြည်တတ်သည်၊ ဤ၌လည်း မြည်ပုံကို လူ့ဘမျိုးနှင့် လူဘမျိုး တူကြမည် မဟုတ်ချေ၊ ထိုသို့ ဆွမ်းဟင်းရေ, နွားနို့, လဘက်ရေ စသည်တို့ သုံးစား သောအခါ အလျော် ခံတွင်းထဲမသွင်းပဲ လေနှင့်စုတ်သူတို့ အထူးမြည်သံ ပေါ်ထွက်တတ်ပေသည်၊ ထို့ကြောင့် ရဟန်း,သာမဏေတို့သည် ဆွမ်း ဘုဉ်းပေးသောအခါ ရှုပ်ရှုပ်မြည်အောင်မစားရဟု ဤသိက္ခာပုဒ်တော်က တားမြစ်လေသည်။ (သုရုသုရု=ရှုပ်ရှုပ်ဟု + ကာရက=အသံပြု၍)

၂။ **ဟတ္ထနိလ္လေဟက** ဆွမ်းစားသော ရဟန်း, သာမဏေတို့သည် လက်ကို လျက်၍ မစားရ၊ အယုတ်ဆုံး လက်ချောင်းကလေး တခုကို သော်မှ လျက်၍မစားရ၊ လက်ဝါးပြင်တို့ကို လျက်စားလျှင် ဆိုဖွယ်မရှိ၊ သို့သော် ပြစ်ခဲသော ယာဂု,ပျားရည်, တင်လဲ,နို့ဃနာ စသည်တို့ကို လက်ချောင်းဖြင့် ကော်၍ ခံတွင်းသို့ သွင်းပြီး စားကောင်းသည်ဟု အဋ္ဌ ကထာတို့ ဆို၏၊ ထိုသို့ ဆိုခြင်းဖြင့် လက်ချောင်း ခံတွင်းထဲ သွင်းသော်လဲ ဂဗ္ဗဝဂ်လာဘုဉ်းမာနသိက္ခာပုဒ်နှင့်ဤသိက္ခာပုဒ်တို့မှာ အပြစ်မရောက်ဟု ညွှန်ပြပေသည်ဟုဝိမတိဆိုသည်၊ (ဟတ္ထ=လက်ကို+နိလ္လေဟက=လျက်၍)

၃။ **ပတ္တနိလ္လေဟက** ဆွမ်းစားသော ရဟန်း, သာမဏေတို့သည် ဆွမ်းစားသောအခါ လက်တချောင်းဖြင့် သော်လည်း သပိတ်ကို မခြစ် ကောင်း၊ သို့သော်လဲ ပြစ်ခဲသော ယာဂု စသည်တို့ကိုကား ခြစ်ကောင်း သည်ဟု မှတ်၊ ကုန်ခါနီး အနည်းငယ်မျှ ကြွင်းကုန်သော ဆွမ်းတို့ကို တပေါင်းတည်း စုပေါင်းကာ ခြစ်စားနိုင်၏။ (ပတ္တ=သပိတ်ကို+နိလ္လေ-ဟက=ခြစ်၍)

(သတ္တမအကြိမ်)

၄။ **ဩဋ္ဌနိလ္လေဟကံ** ဆွမ်းစားသောအခါ နှုတ်ခမ်း၌ ကပ်နေသော (အကပ်အသတ်ကလေးများ ကုန်အောင်) လျှာဖြင့် မလျက်ရ၊ အကပ်အသတ်များကို နှုတ်ခမ်းချင်းဖြင့်သာ သိမ်းယူ၍ ခံတွင်းထဲရောက်အောင် သွင်းယူနိုင်သည်၊ တခဲနက်ဖြစ်သော ယာဂု စသည်ကိုကား လျှာဖြင့် နှုတ်ခမ်းမှ လျက်ယူနိုင်ပါသည်။ ( ဩဋ္ဌ=နှုတ်ခမ်းကို+နိလ္လေဟကံ= လျက်၍)

ဧသော စ နယောတိ ဃနယာဂုအာဒီသု ပတ္တံ ဟတ္ထေန ဩဋ္ဌဥ္စ ဇိဝှါယ နိလ္လေဟိတုံ ဝဋ္ဋတီတိ အတိဒိသတိ။ (ဝိ·ဋ္ဌ)

နိလ္လေဟက သိက္ခာပုဒ် ၃·ပါး မှတ်ခဲ့ပါ။

၅။ **ပါနီယထာလကံ** ရဟန်း, သာမဏေတို့သည် ဆွမ်းဟင်း သားရေစာ စသည်တို့ ပေနေသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်ရပါ၊ ရွံရှာဖွယ် ကောင်းသဖြင့် တားမြစ်သောကြောင့် သံဃာ့ခွက် ဖြစ်စေ၊ မိမိခွက်ဖြစ်စေ၊ ဘယ်သူ့ခွက်ကိုမျှ မကိုင်ကောင်းဟု မှတ်၊ သောက်ရေခရားသင်းစသည်တို့ကိုလည်း မကိုင်အပ်၊ အာမိသ မပေသောလက်ဖြင့် ကိုင်ကောင်း၏၊ ခွက်ကိုဆေးအံ့၊ ဆေးခိုင်းအံ့ဟု နှလုံးပြု၍ကား ကိုင်ကောင်းပါ၏၊ (ပါနီယ=သောက်ရေ+ထာလက=ခွက်)

၆။ **သသိတ္ထကံ** ရဟန်း, သာမဏေတို့သည် ဆွမ်းလုံးတွေနှင့်တကွ သပိတ်ဆေးရေကို ရွာထဲ, မြို့ထဲ မသွန်လောင်းရ၊ ရှေးအခါ ဆွမ်းခံသွားယင်း မြို့တွင်း, ရွာတွင်းမှာပင် ဆွမ်းစားကြပြီး ဆွမ်းလုံးတွေနှင့် သပိတ်ဆေးရေတွေ သွန်ထားတာကို ကဲ့ရဲ့မှုကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူသည်၊ ဆွမ်းလုံးပါတဲ့ ဆေးရေတို့ကား သွန်ထားလျှင် ရွံရှာဖွယ်ရှိသဖြင့် ရွာတွင်းတွင် မဟုတ်ပဲ ကျောင်းတွင်း စသည်တို့၌လည်း အမှတ်မဲ့ မသွန်မိအောင် သတိဆောင်သင့်၏၊ သွန်ဆိုတာ မြေပေါ် သွန်၍သာ အပြစ်ရောက်သည်၊ထွေးခံ လက်ဆေးခံထဲ သွန်ကောင်းပါသည်၊ ဆွမ်းလုံးတွေ စုရုံးဆယ်ယူပြီး ရေချည်းသက်သက် သွန်လျှင်လည်းကောင်း၊ ဆွမ်းလုံးတွေ ခွဲချေ၍ ရေအလားဟူ ပြု၍ စွန့်လျှင်လည်းကောင်း အပြစ်မရှိပါ။ (သ=တကွ+သိတ္ထက=ဆွမ်းလုံး)

( သတ္တမဝဂ်ပြီး )

အပုံ ခုဒ္ဒကဝတ္ထုဂ် သေက္ခိယ ပဋိဂ္ဂဟဏ သိက္ခာပုဒ်မှစ၍ ဤသေခိယကဏ္ဍက သိက္ခာပုဒ်တိုင် ၃၀-တို့ကား ဆွမ်းဘောဇဉ်နှင့်စပ်သောကြောင့် ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် ၃၀-တို့ဟူ၍မှတ်ခဲ့ပါ၊ ဤမှနောက်၌ တရားဟောမှုနှင့် စပ်ဆိုင်သော သိက္ခာပုဒ်များ လာလိမ့်မည်။

၄။ ဆတ္တပါဏိ ဂိလာနမဟုတ် ကျန်းမာလျက် လက်၌ ထီးကိုင်ထားသူအား တရားမဟောကောင်း၊ တရားဟောလိုလျှင် ထီးကို လက်မှလွှတ်စေပြီးမှသာ ဟောရမည်၊ ထီးဆောင်းထားတား ပေါင်ပေါ်တင်ထားထား လက်မှမလွှတ်လျှင် မဟောအပ်၊ ကိုယ်အင်္ဂါတစုံတခုနှင့်ထိနေသော်လည်း မကိုင်ထားလျှင်လည်းကောင်း၊ သူတပါး ဆောင်းပေးထားလျှင် လည်းကောင်း၊ အနား ကီးချထားလျှင် လည်းကောင်း တရားဟောကောင်းပါ၏၊ ဒဏ္ဍပါဏိ သိက္ခာပုဒ်၌လည်း ဤနည်း မှတ်ပါ၊ ဤသိက္ခာပုဒ်၌ ဆတ္တ-အရ ထီးကိုမှာ—

၁။ သေတစ္ဆတ္တ အဝတ်ပုဆိုးဖြူတို့ဖြင့် ပြုလုပ်သော ထီးဖြူ။

၂။ ကိလဉ္ဇစ္ဆတ္တ—ဖျာဖြင့် ပြုလုပ်သော ဖျာထီး။

၃။ ပဏ္ဏစ္ဆတ္တ—သစ်ရွက်ဖြင့် ပြုလုပ်သော သစ်ရွက်ထီး—ပေါင်းသုံးပါးယူပါ။

အယုတ်ဆုံး အပင်က ပါသောအရိုးဖြင့် ထန်းရွက် စသည်တို့ကို ထီးအလိုငှါဆောင်လျှင် ဤသိက္ခာပုဒ်အရ ဆတ္တပါဏိထဲပါ၍ တရားမဟောအပ်၊ ဤသိက္ခာပုဒ်၌ ဟောသော ဓမ္မတရားအရကား ပါဠိတော်ပါဠိတော်ပဒသောဓမ္မ သိက္ခာပုဒ်က ဓမ္မအရနှင့် တူသည်ဟု အဋ္ဌကထာ ဆိုသည်၊ သို့ပါ၍ ဓမ္မအရ သင်္ဂါယနာ သုံးတန်တင်သော ပါဠိတော်အဋ္ဌကထာဓမ္မ၊ သင်္ဂါယနာ သုံးတန်မတင်သော ရာဇောဝါဒ စသော ဓမ္မမျိုးကို ယူပါ၊ ဟောရာ၌ မာဂဓ ပါဠိဘာသာဖြင့် ဟောမှ အပြစ်ရောက်သည်၊ မြန်မာဘာသာစသည်တို့ဖြင့် ဟောသော တရားမျိုးကို ဟော၍ အပြစ်မရောက်ပါ၊ နောက်တရားဟောနှင့်စပ်သော သိက္ခာပုဒ်တို့၏ ဓမ္မ-အရ ဟောပြပုံကိုကား အတူတူပဲဟုမှတ်ပါ။ (ဆတ္တ=ထီး+ပါဏိ=လက်၌ရှိသူ)

၈။ ဒဏ္ဍပါဏိ ဒဏ္ဍ-အရ မဇ္ဈိမပုရိသ လေးတောင်ရှိသော တုတ်တောင်ဝှေးကိုယူ၊ ကျန်းမာလျက် ထိုလေးတောင်ရှိ တောင်ဝှေးကိုင်ထားသူကို တရား မဟောကောင်း၊ မဇ္ဈိမပုရိသ၏ လေးတောင်ဟု အဋ္ဌကထာ ဆိုသည်။

( သတ္တမအကြိမ် )

ဘုရားဇေတောင်၊ မသုံးတောင်၊ တို့မှာ မလေးတောင့်ထွာ။

ဆိုသော ရှေးဆရာတို့ တိုင်းထွာပုံနှင့်ဆိုလျှင် ယခုလူတို့ အတောင်အားဖြင့် ခြောက်တောင်ရှိတောင်ဝှေးဟု ယူရပါလိမ့်မည်၊ ထိုမဇ္ဈိမပုရိသ လေးတောင်ထက် ရှည်တိုသော တောင်ဝှေးတို့ကို ကိုင်ထားသော်လည်း တရားဟောနိုင်ပါသည်။ (ဒဏ္ဍ=တုတ်၊ တောင်ဝှေး+ပါဏိ=လက်၌ရှိသူ)

၉။ **သတ္ထပါဏိ၌** ဓား၊ သန်လျက်၊ လှံ၊ တင်းပုတ်၊ သေနတ် စသော လက်နက်တွင် ပါဝင်သမျှအားလုံး သတ္ထ-အရ ယူ၊ ကျန်းမာပါလျက် လက်နက်ကိုင်ဆောင်ထားသူ တရားမဟောကောင်း၊ ဓား စသည်တို့ကို အအိမ်ထဲသွင်း၍မကိုင်ပဲ လွယ်ထားသူတို့အား သတ္ထပါဏိ မဟုတ်သဖြင့် တရားဟောကောင်း၏။ (သတ္ထ=ဓားလက်နက်+ပါဏိ=လက်၌ရှိသူ)

၁၀။ **အာဝုဓပါဏိ** အာဝုဓ-လေးသည် စာပ-လင်းလေး၊ ကောဒဏ္ဍ-တူးလေးဟု ၂-မျိုးလာ၏၊ ဤ၌ လေးသက်သက်ဖြစ်စေ၊ မြားနှင့်တကွ လေး ဖြစ်စေ၊ ညှို့တင်သည် ဖြစ်စေ၊ မတင်သည် ဖြစ်စေ၊ လေးဆိုင်ရာ အားလုံး လေးကိုင်း လေးကြိုး မြားတို့ပါ အာဝုဓ-အရ ယူရပါမည်၊ ကျန်းမာလျက် လေးကိုင်ထားသူ တရားမဟောကောင်းပါ၊ လွယ်ထားလျှင် ဟောကောင်း၏။ (အာဝုဓ=လေး+ပါဏိ=လက်၌ရှိသူ)

## လေ့ကျင့်ခန်း ပုစ္ဆာ

၁။ သုရှသုရှဝဂ်၌ အနုကရဏ သဒ္ဒါပါသော သိက္ခာပုဒ်တော်ကို အနက်ပေး၍ လဘက်ရည် သောက်ရာ၌ အပြစ်လွတ်အောင် သောက်ပုံ ဖော်ပြပါ။

၂။ နှုတ်ခမ်း၌ ကပ်တဲ့ ဆွမ်းကို ခံတွင်းထဲ ဘယ်လို အပ်အောင် သွင်းရမလဲ။

၃။ မြို့လယ်၌ သပိတ်ဆေးရေ သွန်ကောင်းအောင် ဘယ်လိုလုပ် သွန်ရမလဲ။

၄။ ဒဏ္ဍ သိက္ခာပုဒ်၌ တောင်ဝှေးဆိုတာ ဘယ်လောက် ရှည်တဲ့ တောင်ဝှေး ယူရမလဲ။

၅။ သုရှသုရှဝဂ်၌ အဂိလာနဿပါသော သိက္ခာပုဒ်တခု အနက် ပေး၍ တခုလောက် အဓိပ္ပါယ် ရေးပြပါ။

သုရှသုရှဝဂ် မှတ်သားဖွယ် ပြီးပြီ။

## ပါဒုကာဝဂ် ပုတ်သားဖွယ်

**ပါဒုကာဝဂ်လာ သိက္ခာပုဒ် ၁၅-ပါးတို့၏ အဓိပ္ပါယ်ကား ဘယ်လိုလဲ ?**

သိက္ခာပုဒ် အစဉ်အတိုင်း ရှင်းပြအံ့။

၁-၂။ **ပါဒုကာရုဠ္ဟနှင့်** ဥပါဟနာရုဠ္ဟ တရားဟောမှုသည် တရားနာသူတို့ကို တတ်သိနားလည်အောင် ပြောပြရသော အလုပ်ဖြစ်၍ အလွန်မြင့်မြတ်သော အလုပ်တခု ဖြစ်သည်၊ မြင့်မြတ်သောအလုပ်ကို လုပ်သူသည် မြင့်မြတ်သော အနေမျိုးဖြင့်သာ ပြုလုပ်ရေးကို ဘုရား အလိုကျဖြစ်သည်၊ တရားနာသူတို့၏ အောက်ကျ နောက်ကျခံသော အနေမျိုးဖြင့် တရားဟောခြင်းကို ဘုရား သဘောကျတော် မမူသောကြောင့် **အထက်တန်းကျစေတတ်တဲ့** ပါဒုကာရုဠ္ဟ စသော သိက္ခာပုဒ်တော်တို့ကို ပညတ်ထားလေသည်၊ သို့ပါ၍ ကျွန်းမာလျက် (ပါဒုကာရုဠ္ဟ) ခြေနင်းစီးထားသူ၊ ကျွန်းမာလျက် (ဥပါဟနာရုဠ္ဟ) ဖိနပ်စီးထားသူတို့ကို တရားမဟောရဟု ပညတ်တော်မူသည်၊ ပါဒုကာ-ခြေနင်းနှင့် ဥပါဟန-ဖိနပ်တို့ကား တူသယောင်ယောင်ဖြစ်နေသည်၊ အဘိဓာန်၌ မင်းမြွေ့ာက်တန်ဆာငါးပါးကိုပြရာ၌ ပါဒုကနှင့်သုံးစွဲ၍ သံကိစ္စဇာတ်၌ ဥပါဟနဟု သုံးပြန်သောကြောင့် ပါဒုကနှင့် ဥပါဟနတို့ အနက်တူဟု ထိုထိုအရာ၌ မှတ်သင့်၏။

ဤ သေခိယ၌ကား သိက္ခာပုဒ်တော် ခွဲထား၍ မတူနိုင်ဟု မှတ်ပါ။

**အထူးကား** ပါဒုကာ-ခြေနင်းကို သစ်သား, ထန်းလက်, ဝါး, မြက်, သစ်ရွက်တို့ဖြင့် ပြု၏၊ (ဥပါဟန) ဖိနပ်ကို သားရေဖြင့် ပြု၏ဟု ညောင်လေးပင် ရှင်ကျင့်ပတ်၌ဆို၏၊ ဝိနည်းပါဠိတော်နှင့်လျော်လှ၏၊ ဟိန္ဒူများစီးလေ့ရှိသော သဲကြိုးမပါ အဖျား၌ ကြေးဗုတပ်၍ ထိုကြေးဗုကို ခြေမ, ခြေညှိုးဖြင့်ညှပ်လျက်စီးရသောဖိနပ်ကို ပါဒုကခေါ်၍ အခြားသဲကြိုးတပ် အမျိုးမျိုးနှင့် ယခုခေတ် ရှူးဖိနပ် ခြေနင်းများကို ဥပါဟန ခေါ်သင့်သည်ဟု ပါတိမောက် ဘာသာဋီကာ၌ ဆိုသည်၊ ဤကား အထူးတည်း။

**စီးနင်းသူ သုံးမျိုး**

၁။ ခြေချောင်းမသွင်း နင်းထားသူ အက္ကန္တ။

၂။ ခြေဖျားစွပ်သွင်း စီးနင်းထားသူ ပဋိမုက္က။

( သတ္တမအကြိမ် )

၃။ ဖနောင့်ပိတ်သွင်း စီးနင်းထားသူ ဩမုက္က၊ ကျန်းမာကြလျှင် ဤသုံးယောက်စလုံး တရားမဟောကောင်း၊ မကျန်းမာလျှင် တရားဟောနှင့် စပ်သော သိက္ခာပုဒ်အားလုံးတို့၌ ဘယ်လို နေနေ ဟောကောင်း၏ဟု မှတ်ပါလေ။

၃။ **ယာနဂတ** ကျန်းမာလျက် ယာဉ်စီးထားသူ တရား မဟောကောင်း၊ ဖျက်ထားသောလှည်းဘီးထက်၌ နေသူအားလည်း တရား မဟောအပ်၊ ယာဉ်တခုတည်း၌ နှစ်ယောက်အတူနေလျက် ဟောလျှင် အပ်၏။

## ဤသိက္ခာပုဒ်လာ ယာဉ် ၆-မျိုး

၁။ ဝယှ=ယာဉ်ပေါင်းချုပ်။

၂။ ရထ=ရထား။

၃။ သကဋ=လှည်း။

၄။ သန္ဒမာနိကာ=ဂဠုန်တောင်ကဲ့သို့တပ်သော လှည်း။

၅။ သိဝိကာ=ထမ်းစဉ်။

၆။ ပါဋင်္ကီ=သံလျှင်း၊ ပေါင်း ယာဉ် ၆-မျိုး ရှိ၏။

အခြင်,ရွှေရိုး,ရွှေတံ,ပွတ်လုံး,လက်တင်တို့ဖြင့် စီရင်၍ ဂဠုန်တောင် ကဲ့သို့ပြုသော လှည်းသည် သန္ဒမာနိက မည်၏၊ ထိုယာဉ် အားလုံး၌ ကျန်းမာလျက် နေသူအား တရား မဟောအပ်၊ လူတို့သည် လက်ကို ယှက်၍ ယူသူအားလည်းကောင်း၊ ပုဆိုး၌ထား၍ ပါးဖြင့် ဆောင်ယူသူ အားလည်းကောင်း မဟောအပ်ဟု မှတ်၊ ယာဉ်ချင်းတူသော်လည်း နောက်ကလည်း မဟောရ၊ နိမ့်ရာကလည်း မဟောရ၊ ညှိရာက မဟောရ ဆိုလိုသည်။ (ယာန=ယာဉ်ပေါ်၌+ဂတ=ရောက်နေ စီးနေသူ)

၄။ **သယနဂတသိက္ခာပုဒ်၌** သယန-အိပ်ရာဆိုသည်မှာ အိပ်ဖို့ပြင် ထားသောနေရာကိုသာ ယူရမည် မဟုတ်၊ မြေကြီးပေါ်၌ လျောင်းနေ လျှင် ထိုမြေကြီးသည် အိပ်ရာပင်တည်း၊ဖျာပေါ်လျောင်းလျှင် ဖျာသည် အိပ်ရာတည်း၊ ဆိုလိုရင်းမှာ ကျန်းမာလျက် လျောင်းအိပ်နေသူကို တရား

ဟောသူက ပလ္လင်·အင်းပျဉ် ညောင်စောင်းမှာ နေလျက်ပင် ဖြစ်စေ၊ ရပ်လျက် ထိုင်လျက်ဖြင့်စေ မဟောရ ဟူလို၊ (လျှောင်းတာချင်း တူလျှင် ဟောသူနေရာက မနိမ့်မှု ဟောကောင်း၏၊ လျှောင်းသူက ထိုင်သူ ရပ်သူ ၂ မျိုးလုံး ဟောကောင်း၏၊ ထိုင်သူက ထိုင်သူ ရပ်သူ ၂-မျိုးလုံး ဟောကောင်း၏၊ ရပ်သူကား ရပ်သူချင်းတူနေသူကိုသာ ဟောကောင်း ၏၊) (သယန=အိပ်ရာ၌+ဂတ=ရောက်နေသူ)

၅။ **ပလ္လတ္ထိကနိသိန္နသိက္ခာပုဒ်** ၌ အဓိပ္ပါယ်မှာ ခမ္ဘကတဝဂ်ပလ္လတ္ထိက သိက္ခာပုဒ်၌ဆိုခဲ့သည့်အတိုင်း ကျန်းမာလျက် လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့၍ နေသူကို တရားမဟောရဟု မှတ်။

၆။ **ဝေဋ္ဌိတသီသ** ဝေဋ္ဌိတ-အရ ခေါင်းပေါင်းသော ရစ်ပတ်ခြင်း၊ ဦးထုပ် မကိုင်ဆောင်းသောရစ်ပတ်ခြင်းစသည်ဖြင့် ဆံပင်မပေါ်အောင် ရစ်ပေါင်းအုပ်ထားမှုကို ရစ်ပေါင်းဟု ဆိုသည်၊ ထိုသို့ ဆံပင်မပေါ် အောင် ရစ်ပေါင်းထားသူအား တရား မဟောအပ်၊ ဟောလိုလျှင် ဆံစပေါ်အောင် ပြုလုပ်၍ ဟောကောင်း၏၊ မြန်မာတို့ ခေါင်းပေါင်း ပေါင်းပုံကား ဆံစပေါ်၍ လွတ်လပ်ခွင့် ရ၏။

၇။ **သြဂုဏ္ဌိတသီသ** ခေါင်းမြီးခြုံထားသူအား တရား မဟော ကောင်း၊ ဟောလိုလျှင် ခေါင်းမြီးခြုံဖွင့်စေပြီးမှ ဟောရမည်။

၈။ **ဆမာ** မြေပေါ်၌ ထိုင်ခနေသောသူသည် မြက်အခင်း ဖြစ်စေ၊ အဝတ်ဖြစ်စေ ခင်းထိုင်နေသူအား တရားမဟောကောင်း။

၉။ နိစ နိမ့်သောနေရာ၌နေ၍ မြင့်သောနေရာ၌နေသူအား တရား မဟောကောင်း၊ အယုတ်ဆုံး မြေပြင်ချင်းတူသော်လည်း နိမ့်သောမြေ၌ ထိုင်လျက် မြင့်သောမြေ၌ ထိုင်နေသူအား တရားမဟောကောင်း။

၁၀။ **ဌိတ** မတ်တတ်ရပ်သူက ထိုင်သူအား တရားမဟောကောင်း၊ ဆရာထေရ်ကြီးသည် ထိုင်လျက် မိမိအနီးအပါး၌ ရပ်နေသူ ရဟန်း သာမဏေအားပါဠိအဋ္ဌကထာဆိုင်ရာပြဿနာကိုမသိ၍မေးလျှင် ရဟန်း သာမဏေက မဖြေကောင်း၊ ဆရာကိုရပ်၍ မေးပါဟု လျှောက်ရန်လည်း မသင့်၊ ထိုအခါ မိမိနား ရပ်နေသူကို ဖြေဆိုမည်ဟု နှလုံးသွင်း၍ ဖြေဆို

ရမည်ဟု အဋ္ဌကထာ ဆိုသည်၊ ၎င်း အဋ္ဌကထာ၌ မထေရ်ကြီးသည် မိမိ၏ ယုံမှားသက်ဝ်ကို မေးလိုသောကြောင့်သာ မဖြေဆိုကောင်းဟု ဆိုသည်၊ သိတင်းငယ်၏ ဉာဏ်စွမ်းသိလို၍ မေးသောမထေရ်ကြီးအား လက်အုပ်ချီ လျက်ပင် ဖြေဆိုနိုင်ပါသေးသည်ဟု မှတ်၊ မတ်တတ်ရပ်ဟောသော ဓမ္မ ကထိကတို့ ဤနည်းယူ၍ ဟောသင့်ပေသည်။

၁၁။ **ပစ္ဆတော ဂစ္ဆန္တ** နောက်မှလိုက်၍ ရှေ့က သွားနေသူအား တရားမဟောကောင်း၊ပုစ္ဆာမေးသော်လည်း မဖြေဆိုအပ်၊ မိမိနောက်က လိုက်လာသူရှိလျှင် နောက်လိုက်သူအား ပြောမည်ဟု ဖြေဆိုလျှင် အပ်၏၊ အတူသင်ယူအပ်သော ပါဠိဓမ္မကို သရဇ္ဈာယ်ခြင်းငှါလည်း အပ်၏၊ညီတူ သွားသူအား တရားဟောခြင်းငှါ အပ်၏။ (ပစ္ဆတော=နောက်မှ)

၁၂။ **ဥပ္ပထေန ဂစ္ဆန္တ** လမ်းဘေး (လမ်းမဟုတ်သည်မှ)လိုက်၍ ကျန်းမာလျက် လမ်းပေါ်သွားသူအား တရားမဟောကောင်း၊ လှည်း လမ်း၌ တလမ်းစီဖြင့်လည်းကောင်း၊ လမ်းမဟုတ်ချင်း တူသဖြင့်လည်း ကောင်း ညီတူ သွားရာ၌ ဟောနိုင်၏။ (ဥပ္ပထေန=ခရီးမဟုတ်သဖြင့်)

**အမှာ** သုရှသုရှဝဂ် ဆတ္တပါဏိ သိက္ခာပုဒ်မှစ၍ ဤ ဥပ္ပထေန ဂစ္ဆန္တ သိက္ခာပုဒ်တိုင်အောင်ကား တရားဟောခြင်းနှင့် စပ်သောကြောင့် ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ် ၁၆-ပါးဟု မှတ်ခဲ့ပါ။

၁၃။ **ဌိတော ဥစ္စာရ** ရဟန်း, သာမဏေတို့သည် ကျန်းမာလျက် မတ်မတ်ရပ်ပြီး ကျင်ကြီး ကျင်ငယ် မစွန့်ရ၊ စွန့်ရာအရပ်သို့ သွားနေစဉ် မချုပ်တီးနိုင်၍ ထွက်သွားလျှင်အပြစ်မရှိ၊ (ဥစ္စာရ=ကျင်ကြီး + ပဿာဝ= ကျင်ငယ်)

၁၄။ **ဟရိတေ ဥစ္စာရ** မနားမဖျားသော သာမဏေတို့သည် မသေ သေးသော မြက်ပေါ်၌လည်းကောင်း၊ မြေကြီးပေါ်ဝယ် ပေါ်ထွက် နေသော သစ်မြစ်နှင့်ပင်စည် အကိုင်းအခက် အရွက်တို့ အပေါ်၌ လည်း ကောင်း ကျင်ကြီးကျင်ငယ် တံတွေး နှပ်တို့ကို မစွန့်ရဟု ဤသိက္ခာပုဒ်က တားမြစ်သည်၊ သစ်ကိုင်း၌ ထိုင်၍ စိမ်းသော မြက်သစ်ပင်မရှိရာ အရပ်၌

စွန့်ခြင်းငှါ အပ်၏၊ နေရာရှာနေစဉ် အဆောတလျင် ထွက်သွားလျှင် လူနာအရာ၌ တည်သောကြောင့် အပြစ်မရှိ၊ မြက်ခင်းပေါ်၌ စွန့်စရာ မြေကွက်ရှာမရမူ မြက်ကရွတ်ခွေ သစ်ရွက်ခြောက် စက္ကူ စသည်တို့ အပေါ်၌ စွန့်အပ်၏၊ တံတွေးကို ရေနှင့်ရောထွေးလျှင် အပ်၏၊ ဝါ– ပါးစပ်ဖြင့် ငုံထားသောရေ တွေးသွန်ကောင်း၏၊ တံတွေးဖြင့် နှပ်ကို လည်း ရေတွက်အပ်၍ မြက် သစ်ပင်တို့၌ နှပ်မည်စိုရ၊ မစွန့်ရဟု မှတ်။

၁၅။ ဥဒကေ ဥစ္စာရ သိက္ခာပုဒ်၌ သုံးစွဲ သောက်ချိုးကောင်းသော ရေကို ဥဒက-အရ ယူပါ၊ ထိုသုံးစွဲ သောက်ချိုး ကောင်းသော ရေ၌ ကျင်းမာလျက်ကျင်ကြီးကျင်ငယ် ဟတံတွေးနှင့် နှပ်တို့ မစွန့်ရဟုဆိုလိုသည်၊ ကုဋိတွင်းဝင်သောရေစသော မကောင်းသောရေ သမုဒ္ဒရာရေတို့၌ စွန့် သော်လည်း အပြစ်မရှိ၊မြစ်ထဲ လှေသင်္ဘောစီးစဉ်လည်းကောင်း၊ ရေပြင် ကြီး ဖြစ်နေခဲ့လျှင်လည်းကောင်း၊ ရေလွတ်ရာ ရှာမရခဲ့လျှင်လည်း ကောင်း ရေထဲ၌ စွန့်ခြင်းငှါ အပ်၏၊ ကုန်း၌စွန့်လျက် ရေထဲသို့ စီးဆင်း လျှင် အပြစ်မရှိ။

ပါဒုကဝဂ် မှတ်သားဖွယ် ပြီးပြီ။

---

## သေခိယပြိုးပြမ်း မှတ်သားဖွယ်

### (က) သေခိယသိက္ခာပုဒ်တို့ကို ဘယ်မြို့၌ ဘယ်သူ့အကြောင်းပြု၍ ဘုရားရှင် ပညတ်ပါသလဲ?

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ပုဏ္ဏား တယောက် လူ့ဒါန်းသော နို့ရည်အဖျော်ကို ရှုပ်ရှုပ်မြည်အောင် သောက် သော ရဟန်းတို့အား ကချေသည်ဖြစ်ဘူးတဲ့ ရဟန်းတပါးက အချမ်း နှိပ်စက်နေသလား၊ မြွေအပေါင်းလားဟု ပြက်ရယ်ပြုခြင်းကြောင့် သုရ သုရကာရကသိက္ခာပုဒ် ပညတ်တော်မူသည်၊ သုရသုရဝဂ်၌ ပါနီယတ္ထာ- လကသိက္ခာပုဒ်နှင့် သသိတ္ထကသိက္ခာပုဒ် ၂-ပါးကို ဘဂ္ဂတိုင်း ကောကနုဒ မည်သော ဗောဓိမင်းသားပြာသာဒ်၌ အာမိသရှိသောလက်ဖြင့် သောက် ရေခွက် ကိုင်ကုန်သော ရဟန်းများနှင့် ဆွမ်းလုံးနှင့်တကွ သပိတ်ဆေးရေ

( ဆက်လက်ဖော်ပြမည် )

စွန့်သော ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်၊ ကြွင်းကျန်သော ၇၂-ပါးသော သိက္ခာပုဒ်တို့ကို သာဝတ္ထိပြည်၌အကြင်အကြင် ချွတ်ယွင်းချက်ကြောင့် ကဲ့ရဲ့ခံရသော (ဆဗ္ဗဂ္ဂီ) ခြောက်ယောက် အစုရှိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူခဲ့ပေသည်။

## (ခ) သိက္ခာပုဒ် ရှိသေလျက် မတော်ဘဲဆ ချွတ်ယွင်းလျှင် သေခိယ သိက္ခာပုဒ်တို့အတွက် အပြစ်ရောက်နိုင်သေးသလား ?

သေခိယ ၇၅-ပါးလုံးပါဠိတော်၌“အနာဒရိယံပဋိစ္စ”ဟုဟောတော်မူသောကြောင့် မရိုမသေ မလေးမစားသော အနာဒရိယ စိတ်နှင့်တကွ လွန်ကျူးမှ အပြစ်ရောက်သည်ဟု မှတ်၊ သို့သော် မရိုသေ စိတ်ကား လွန်စွာ သိမ်မွေ့သည်၊ ထို့ပြင် ပါဠိတော် အပြစ်ရောက်သော အခန်း၌ သေခိယသိက္ခာပုဒ်တိုင်း (၁)အသဉ္စိစ္စ-ပညတ်တော်လွန်ကျူးအံ့ဟူသော စိတ်စေတနာမရှိပဲ ချွတ်ယွင်းခဲ့လျှင် လည်းကောင်း၊ (၂)အသတိယာ-သတိမထား တခြားနှလုံးသွင်းလျက် ချွတ်ယွင်းခဲ့လျှင် လည်းကောင်း၊ (၃)အဇာနန္တဿ-မသိခိုက်ဖြစ်၍ ချွတ်ယွင်းခဲ့လျှင်လည်းကောင်းသုံးပါးစလုံး အပြစ်မရှိဟု မှတ်ပါ။

## (ဂ) သားရဲ ခိုးသူ စသော ဘေးရန်တို့ကြောင့်သော်မှ အပြစ်မလွတ်နိုင်တဲ့ သိက္ခာပုဒ် ရှိသေးသလား ?

သုသံဝုတ သိက္ခာပုဒ် နှစ်ခုဟာ ဘေးရန်တို့ကြောင့် မလွတ်ပါ၊ ကြွင်း ၇၃-ပါးသော သိက္ခာပုဒ်တို့ကား “အနာပတ္တိ အာပဒါသု”ဟု ဟောသောကြောင့် ဘေးရန်တို့အတွက် လွတ်ပါသည်။

## (ဃ) ပါစိတျာဒိ အဋ္ဌကထာကြီးမှာ ဘယ်လိုဆိုသေးသလဲ ?

သေခိယ ၇၅-ပါးစလုံး၌ အာဗာဓ-အနာ ဟူသော အကြောင်းကြောင့် အပြစ်မရှိ လွတ်လပ်ခွင့်ရှိသည်ဟု ဆိုပါသည်။

သဗ္ဗသေခိယေသု အာဗာဓပစ္စယာ အနပတ္တိ။ (ထာ)

(သတ္တမအကြိမ်)

(င) ဂိလာန-မကျန်းမာသူတို့သော်မှ မလွတ်နိုင်တဲ့ သေခိယ သိက္ခာပုဒ် ဘယ်လောက်လဲ?

(၁) သမတိတ္တိကာ၊ (၂) သူပဗျဉ္ဇနပဋိစ္ဆာဒန၊ (၃) ဥဇ္ဈာနသညီ ၎င်းသိက္ခာပုဒ် သုံးပါးတို့သည် ဂိလာနသော်မှ မလွတ်၊ ကြွင်း ၇၂-ပါး သော သေခိယတို့မှာ "အနာပတ္တိ ဂိလာနဿ" ဟု ဟောသောကြောင့် ဂိလာနတို့ လွတ်လပ်ခွင့် ရပါသည်။

(စ) ရွာတွင်း တည်းခိုသောအားဖြင့် နေထိုင်သော ဝါသူပဂတ ပုဂ္ဂိုလ်တို့ လွတ်လပ်ခွင့်ရသော သေခိယ သိက္ခာပုဒ်တို့ကား ဘယ်လောက်လဲ?

နိသိဒန ဖြစ်ကုန်သော (၁) သုပ္ပဋိစ္ဆန္န၊ (၂) ဥက္ခိတ္တကာယ၊ (၃) ကာယပ္ပစာလက၊ (၄) ဗာဟုပ္ပစာလက၊ (၅) သီသပ္ပစာလက၊ (၆) ခမ္ဘကတ၊ (၇) ဩဂုဏ္ဌိတ၊ (၈) ပလ္လတ္ထိကာယ-အားဖြင့် နိသိဒန သိက္ခာပုဒ် ၈-ပါးတို့၌ အနာပတ္တိ ဝါသူပဂတဿ ဟု ဟောသောကြောင့် ဝါသူပဂတတို့ လွတ်လပ်ခွင့် ရပါသည်။

(ဆ) ကိုယ်,နှုတ်,စိတ် သုံးပါးကြောင့် ဖြစ်သော သေခိယ သိက္ခာပုဒ်တို့ကား ဘယ်လောက်လဲ?

ဥဇ္ဇဂ္ဃိက ၂-ခု, အပ္ပသဒ္ဒ ၂-ခု, သကဗဠဗျာဟရဏ, ဆမာ, နီစ, န ဋ္ဌိတော နိသိန္န, ပစ္ဆတောဂမန, ဥပ္ပထဂမန အားဖြင့် သိက္ခာပုဒ် ၁၀-ခု တို့သည် (သမနုဘာသနသမုဋ္ဌာန်) ကိုယ်,နှုတ်,စိတ်သုံးပါးကြောင့်ဖြစ်၏၊ ထို့ဖြင့် ကြိယ, သညာဝိမောက္ခ, သစိတ္တက, လောကဝဇ္ဇ, ကာယကမ္မ, ဝစီကမ္မ, အကုသလစိတ္တ, ဒုက္ခဝေဒနာတို့ ဖြစ်ကုန်၏။

(ဇ) ကိုယ်,စိတ်ကြောင့်လည်းကောင်း၊ ကိုယ်,နှုတ်,စိတ်ကြောင့် လည်းကောင်း ဖြစ်တဲ့ သေခိယ သိက္ခာပုဒ်ကား ဘယ်ဟာလဲ?

သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်တခု ဖြစ်ပေသည်၊ ၎င်းသည် ထေယျ သမုဋ္ဌာန်ဖြစ်၍ ကြိယာ စသည်တို့ အထက်အတိုင်း တူ၏။

( သတ္တမအကြိမ် )

## (ဈ) နှုတ်, စိတ်ကြောင့်ဖြစ်သော သေခိယ သိက္ခာပုဒ်ကား ဘယ်မျှရှိသလဲ ?

(၁) ဆတ္တပါဏိ၊ (၂) ဒဏ္ဍပါဏိ၊ (၃) သတ္ထပါဏိ၊ (၄) အာဝုဓ ပါဏိ၊ (၅) ပါဒုကာရုဠ္ဟ၊ (၆) ဥပါဟနာရုဠ္ဟ၊ (၇) ယာနဂတ၊ (၈) သယနဂတ၊ (၉) ပလ္လတ္ထိက၊ (၁၀) ဝေဌိတသီသ၊ (၁၁) ဩဂုဏ္ဌိတသီသ အားဖြင့် သိက္ခာပုဒ် ၁၁-ပါးတို့သည် ( ဓမ္မဒေသနာ သမုဋ္ဌာန်) နှုတ်,စိတ်ကြောင့် ဖြစ်ကုန်၏၊ ကြိယာကြိယ,ဝစီကမ္မ ဖြစ်၏၊ အကြွင်း အထက်နှင့် တူပြီ။

## (ည) ကိုယ်, စိတ်ကြောင့်ဖြစ်သော သေခိယ သိက္ခာပုဒ်ကား ဘယ်လောက် ရှိသလဲ ?

ဆ-ဇ-ဈ၊ နံပါတ်လာ သုံးရပ်မှကြွင်းသော ၅၃-ခုသော သိက္ခာပုဒ် တို့သည် (မေထုနသမုဋ္ဌာန်) ကိုယ်, စိတ်ကြောင့် ဖြစ်ကုန်၏၊ ကြိယာ, ကာယကမ္မတို့တည်း၊ အကြွင်း အထက်အတိုင်း တူ၏။

## ( ဋ ) အထက်က ပြခဲ့သော ကြိယ ကြိယာကြိယ စသည်တို့၏ အဓိပ္ပာယ်ကား ဘယ်လိုလဲ ?

၁။ မပြုသင့်သည်ကို ပြုခြင်းကြောင့်ဖြစ်သော အပြစ်သည် ကြိယာ မည်၏။

၂။ မပြုသင့်သည်ကိုပြု၊ ပြုသင့်သည်ကို မပြုခြင်းသည် ကြိယာကြိယ မည်၏။

၃။ လွန်ကျူးလိုသော သညာမရှိသဖြင့် လွတ်နိုင်သောအပြစ်သည် သညာဝိမောက္ခ မည်၏။

၄။ အကုသိုလ်စိတ် အင်္ဂါနှင့်တကွဖြစ်သော အပြစ်သည် သစိတ္တက မည်၏။

( သတ္တမအကြိမ် )

၅။ ပကတိအားဖြင့် လောကပြစ် အကုသိုလ် မလွတ်သော အပြစ်သည် လောကဝဇ္ဇ မည်၏။

၆။ ကိုယ်ဖြင့်ပြုသော အမှုရှိသော အပြစ်သည် ကာယကမ္မ မည်၏။

၇။ နှုတ်ဖြင့်ပြောသော အမှုရှိသော အပြစ်သည် ဝစီကမ္မ မည်၏။

၈။ အကုသိုလ်စိတ်ရှိသော အပြစ်သည် အကုသလစိတ္တ မည်၏။

၉။ ဒေါမနဿ ဝေဒနာရှိသော အပြစ်သည် ဒုက္ခဝေဒနာ မည်၏၊ ၃၅-ပါးလုံး သညာဝိမောက္ခ, သစိတ္တက, လောကဝဇ္ဇ, အကုသလစိတ္တ, ဒုက္ခဝေဒနာ-၅ ပါးချက် တူ၏၊ သမုဋ္ဌာန်, ကြိယာ, ကာယ, ဝစီတို့သာ ထူးထွေကြသည်။

## လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ခြေနင်းစီးထားသူ ဖျားနာနေလျှင် တရားဟောကောင်းသည်ဟု ဘယ်ပါဠိက ပြသလဲ အစိတ်ထုတ်ပြပါ။

၂။ ခြေနင်းနှင့် ဖိနပ်တို့၏ အထူးကို ဖော်ပြ၍ ထီးဆောင်း ဖိနပ်စီး၍ မတ်တတ်ရပ်သူအား ထိုင်တရားဟောတဲ့ သာမဏေ ဘယ်သိက္ခာပုဒ်နှင့် ထိခိုက်သည် ဟု သိက္ခာပုဒ်အမည်မျှ ဖော်ပြပါ။

၃။ အိပ်ရာထဲကျန်းမာလျက်လျောင်းနေသူအား တရားဟောသော သာမဏေ အပြစ်မရောက်အောင် ဘယ်သို့ ဟောသင့်ပါသလဲ။

၄။ ဂိလာနတို့ မလွတ်နိုင်သည့် သိက္ခာပုဒ်တို့ကို ပါဠိမျှ ထုတ်ပြပါ။

၅။ ဝါသူပဂတ-ပုဂ္ဂိုလ်တို့ လွတ်လပ်ခွင့်ရနိုင်တဲ့ သိက္ခာပုဒ် သုံးခုလောက် အနက်ယောဇနာပါ။

သေခိယ ပြိုးပြွမ်း မှတ်သားဖွယ် ပြီးပြီ။

(သတ္တမအကြိမ်)

# ခန္ဓကဝတ် ပါဠိ အနက်

စုဒ္ဒသ ခန္ဓက ဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ကထံ . အာဂန္တုကဝတ္တံ, အာဝါသိကဝတ္တံ, ဂမိကဝတ္တံ, အနုမောဒနာဝတ္တံ, ဘတ္တဂ္ဂဝတ္တံ, ပိဏ္ဍစာရိကဝတ္တံ, အာရညကဝတ္တံ, သေနာသနဝတ္တံ, ဇန္တာဃရဝတ္တံ, ဝစ္စကုဋိဝတ္တံ, ဥပဇ္ဈာယဝတ္တံ, သဒ္ဓိဝိဟာရိကဝတ္တံ, အာစရိယဝတ္တံ, အန္တေဝါသိကဝတ္တဉ္စာတိ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ တောနိ စ သဗ္ဗေသံ သဗ္ဗဒါ စ ယထာရဟံ စရိတဗ္ဗာနိ။

၁။ ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။

၂။ ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။

၃။ ယံ ဝတ္တံ ပရိပူရေန္တော၊ သီလံပိ ပရိပူရတိ။
ဝိသုဒ္ဓသီလော သပညော၊ စိတ္တေကဂ္ဂံပိ ဝိန္ဒတိ။

၄။ အဝိက္ခိတ္တစိတ္တော ဧကဂ္ဂေါ၊ သမ္မာ ဓမ္မံ ဝိပဿတိ။
သမ္ပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ သော ပရိမုစ္စတိ။

၅။ တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာနမေဟိတိ။

(စူဠဝါ ပါဠိတော်)

စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိနာမ၊ ခန္ဓကဝတ်မည်သည်တို့ကို။ ခန္ဓကေ၊ မဟာဝါခန္ဓက, စူဠဝါခန္ဓက၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ကတမံ ဝုတ္တာနိ၊ အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်း ဟူမူကား။

ရွှေဂူ-၂၀ (သတ္တမအကြိမ်)

၁။ အာဂန္တုကဝတ္တဥ္စ၊ အာရာမ်တွင်းသို့ မဝင်မီ ဖိနပ်ချွတ်ခြင်း, ထီးရုပ်ခြင်း, ဦးခေါင်းခြုံကို ဖွင့်ခြင်း, ဦးခေါင်း၌ တင်သော သင်္ကန်းကို ပခုံးသို့ချခြင်း, အာဝါသိက ရဟန်းကြီးကို ရှိခိုးခြင်းစသော အာဂန္တုက ရဟန်း သာမဏေတို့ ပြုရသောဝတ်လည်းကောင်း။

၂။ အာဝါသိကဝတ္တဥ္စ၊ အာဂန္တုကရဟန်းကြီးကိုမြင်လျှင် ခရီးဦးကြိုဆိုခြင်း, သပိတ်,သင်္ကန်းကို လှမ်းယူခြင်း, အာဂန္တုကရဟန်းကြီးကို ရှိခိုးခြင်း, ခြေဆေးရေ ခြေဆေးအင်းပျဉ် စသည်ကို အနီး၌ ထားခြင်း စသော အာဝါသိကရဟန်း,သာမဏေတို့ပြုရသောဝတ်လည်းကောင်း။

၃။ ဂမိကဝတ္တဥ္စ၊ သစ်ဘဏ္ဍာ, မြေဘဏ္ဍာ စသည်တို့ကို သိုမှီးခြင်း, တံခါးမ, လေသာတံခါးတို့ကို ပိတ်ခြင်း, ပန်ကြား၍ သွားခြင်း စသော ခရီးသွားအံ့သော ရဟန်း,သာမဏေတို့ ပြုရသောဝတ်လည်းကောင်း။

၄။ အနုမောဒနာဝတ္တဥ္စ၊ မထေရ်ကြီး ကိုယ်တိုင် တရားဟောခြင်း, မထေရ်ကြီးကတိုက်တွန်းမှ ဟောခြင်း, ပန်လျှောက်၍ ဟောခြင်းစသော တရားဟောရာ၌ ပြုရသောဝတ်လည်းကောင်း။

၅။ ဘတ္တဂ္ဂဝတ္တဥ္စ၊ တရားဟောခြင်း, ရဟန်းကြီးကို တိုးဝှေ့၍ မနေ မထိုင်ခြင်း ရဟန်းငယ်တို့အား နေရာဖြင့် မတားမြစ်ခြင်းစသော ဆွမ်းစားရာ၌ ပြုရသောဝတ်လည်းကောင်း။

၆။ ပိဏ္ဍစာရိကဝတ္တဥ္စ၊ သစ်ဘဏ္ဍာ, မြေဘဏ္ဍာ စသည်တို့ကို သိုမှီးခြင်း, သပိတ်ကို ရေကျင်းခြင်း, ခါးပန်းကို ဖွဲ့ခြင်း, သင်းပိုင်, သင်္ကန်းတို့ကို အပန်းညီစွာ ဝတ်ရုံခြင်း, သေခိယနှင့် အညီ သွားခြင်း, မနှေးမလျင် ရွာတွင်းသို့ဝင်ခြင်း, မရှည်မကြာ ရပ်ခြင်းစသော ဆွမ်းခံ ရဟန်း သာမဏေတို့ ပြုရသောဝတ်လည်းကောင်း။

၇။ အာရညကဝတ္တဥ္စ၊ သောက်ရေ, သုံးဆောင်ရေတည်ထားခြင်း, မီးပွတ်ခုံ ပွတ်ကျည် တောင်ဝှေး ထားခြင်း, အရပ်လေးမျက်နှာ တာရာ

( သတ္တမအကြိမ် )

နက္ခတ်တို့ကို မှတ်သားစေခြင်း စသော တောနေ ရဟန်း၊ သာမဏေတို့ ပြုရသောဝတ်လည်းကောင်း။

၈။ သေနာသနဝတ္တဉ္စ၊ ကျောင်းစောင်း အင်းပျဉ် အိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ ပရိဝုဏ်၊ ရေချိုးအိမ်၊ ဝစ္စကုဋီ စသည်တို့ကို တံမြက်လှည်းခြင်းစသော ကျောင်း၌ပြုရသော ဝတ်လည်းကောင်း။

၉။ ဇန္တာဃရဝတ္တဉ္စ၊ ပြာကိုစွန့်ခြင်း၊ တံမြက် လှည်းခြင်း စသော ချွေးဇရုံး အိမ်၌ ပြုရသောဝတ်လည်းကောင်း။

၁၀။ ဝစ္စကုဋိဝတ္တဉ္စ၊ ချောင်းဟန့်ခြင်း၊ သက်နံးတန်း၌ သင်္ကန်းကို တင်၍ မနှေးမလျင် ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မဝင်ခြင်း၊ နင်းခုံ၌ နင်းမိမှ သင်းပိုင်ကို ပင့်ခြင်း၊ ကြမ်းသော ကနုတ်စသည်ဖြင့် မသုတ်ခြင်း သန့်သက်ရေ ဆေးခြင်း၊ နင်းခုံ၌ နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း စသော ကျင်ကြီးအိမ်၌ ပြုရသောဝတ်လည်းကောင်း။

၁၁။ ဥပဇ္ဈာယဝတ္တဉ္စ၊ နံနက် စောစောထ၍ ကိုယ်ဝတ်ကို လက် ကန်တော့တင်၍ မျက်သစ်ရေ တံပူကပ်ခြင်း၊ ယာဂုဆွမ်း ကပ်ခြင်း၊ သပိတ်ခွက် ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ် ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရသောဝတ်လည်းကောင်း။

၁၂။ သဒ္ဓိဝိဟာရိကဝတ္တဉ္စ၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်းစသည် တို့ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရသောဝတ် လည်းကောင်း။

၁၃။ အာစရိယဝတ္တဉ္စ၊ နံနက်စောစော ထ၍ ကိုယ်ဝတ်ကို လက် ကန်တော့တင်၍ မျက်သစ်ရေ တံပူ ကပ်ခြင်း၊ ယာဂုဆွမ်း ကပ်ခြင်း၊ သပိတ်ခွက် ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဆရာ လေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသောဝတ်လည်းကောင်း။

( သတ္တမအကြိမ် )

၁၄။ အန္တေဝါသိကဝတ္တ၊ သင်္ဂြိုဟ်ထောက်ပင့်ချီးမြှင့်ခြင်းစသည် ဖြင့် တပည့် လေးပါးတို့၌ ဆရာ လေးပါးတို့က ပြုရသောဝတ် လည်းကောင်း။

ဣတိ၊ ဤသို့။ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ဤတဆယ့်လေးပါးသော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တောနိ စ၊ ထိုဝတ် တို့ကိုလည်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ရဟန်း သာမဏေ တို့သည်။ သဗ္ဗဒါ စ၊ အခါခပ်သိမ်းလျှင်။ ယထာရဟံ၊ ကျင့်ထိုက်သည့် အား လျော်စွာ။ စရိတဗ္ဗာနိ၊ ကျင့်အပ်ကုန်၏။

၁။ ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။အပရိပူရေန္တော၊ မပြည့်ကျင့်သော ရဟန်း, သာမဏေသည်။ သီလံ၊ သီလကို။ န ပရိပူရတိ၊ ဖြည့်ကျင့် သည်မမည်။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊ ပညာနည်းသော ရဟန်း, သာမဏေသည်။ စိတ္တေကဂ္ဂံ၊ စိတ်၏ငြိမ်သက် တည်ကြည်ခြင်းကို။ န ဝိန္ဒတိ၊ မရနိုင်။

၂။ ဝိက္ခိတ္တစိတ္တော၊ လေခပ်သော တံခွန်ကဲ့သို့ပြန့်လွင့်သော စိတ် ရှိသည်ဖြစ်၍။ နေကဂ္ဂေါ၊ မတည်ကြည်သော ရဟန်း,သာမဏေသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို။ န ပဿတိ၊ မမြင်ရနိုင်။ သဒ္ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို။ အပဿမာနော၊ မမြင် ရသော ရဟန်း, သာမဏေသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။န ပရိမုစ္စတိ၊ မလွတ်ရနိုင်။

၃။ ယံ-ယသ္မာ၊ အကြင့်ကြောင့်။ ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ ပရိပူရေန္တော၊ ဖြည့်ကျင့်သော။ ယော၊ အကြင် ရဟန်းသာမဏေသည်။ သီလမ္ပိ၊ သီလကိုလည်း။ ပရိပူရတိ၊ ဖြည့်ကျင့်သည် မည်၏။ ဝိသုဒ္ဓသီလော၊ စင်ကြယ်သော သီလရှိသော ရဟန်း, သာမဏေသည်။ သပ္ပညော၊ ပညာရှိသည်ဖြစ်၍။စိတ္တေကဂ္ဂမ္ပိ၊ စိတ်၏တည်ကြည်ခြင်းကိုလည်း။ ဝိန္ဒတိ၊ ရနိုင်၏။

၄။ အဝိက္ခိတ္တစိတ္တော၊ မပြန့်လွင့်သော စိတ်ရှိသော ရဟန်း, သာမဏေသည်။ ဧကဂ္ဂေါ၊ တခုတည်းသော အာရုံရှိသည် ဖြစ်၍။

(သတ္တမအကြိမ်)

သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန် တရားကို။ ဝိပဿတိ၊ အထူး သဖြင့် မြင်နိုင်၏။ သဒ္ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို။ သမ္မာသမာနေ့ာ၊ ကောင်းစွာမြင်သော။ သော၊ ထိုရဟန်း, သာမဏေသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။ ပရိမုစ္စတိ၊ လွတ်နိုင်၏။

၅။ တသ္မာဟိ·တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ ဗုဒ္ဓသေဋ္ဌဿ၊ ချီးမွမ်းအပ် သော သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ ဩဝါဒံ၊ အဆုံးအမတော်ကို။ ကတ္ဝာ၊ အရိုအသေ ပြုရသောကြောင့်။ ဝါ၊ ပြုသည်ရှိသော်။ ဝိစက္ခဏော၊ အမြော်အမြင် ပညာမျက်စိရှိသော။ ဇိနပုတ္တော၊ ဘုရားသားတော်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဧဟိတိ၊ ရောက်ရလိမ့်သတည်း။

### ဝတ်ပိုင်း မှတ်သားဖွယ်

### (က) ဘာကြောင့် ဝတ်ဟု ခေါ်သလဲ?

သဒ္ဓိဝိဟာရိက စသော ရဟန်း, သာမဏေတို့သည် ဥပဇ္ဈာယ်ဆရာ စသည်တို့၌ ဖြစ်စေအပ်သောကြောင့် (ဝတ္တ) ဝတ်ဟု ခေါ်ပါသည်။

ဝတ္တေတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဝတ္တံ၊ သဒ္ဓိဝိဟာရိကာဒီဟိ ဥပဇ္ဈာ· ယာဒီသု ပဝတ္တေတဗ္ဗံ အာဘိသမာစာရိကသီလံ။

(ဝိနယာလင်္ကာရ ဋီကာ)

### (ခ) ဝတ်ဆိုတာဘာလဲ·ဘာကို ဝတ်ဟု ယူရမလဲ ?

သဒ္ဓိဝိဟာရိကစသည်တို့က ဥပဇ္ဈာယ်ဆရာစသည်တို့၌ပြုစုခြင်းစသော အာဘိသမာစာရိက သီလ ကျင့်ဝတ်မျိုးကို ဝတ်ဟု ယူပါ။

ခန္ဓကဝတ္တပရိယာပန္နံ အာဘိသမာစာရိကံ။ (ဝိသုဒ္ဓိမဂ်)

(သတ္တမအကြိမ်)

(ဂ) သက်နှ်းပေး စသည်၌ လာသော ဝဋ်နှင့် ဤဝတ်ပိုင်းလာ ဝတ်တို့ ဘယ်လို ထူးသလဲ ?

အဖန်ဖန်လည်လိမ့်နေတဲ့ ဘုံသုံးပါး ရုပ်နာမ်တရားကို ဝဋ်ဟုဆိုသည်၊ ထူးမြတ်ကောင်းမွန်သောအာဘိသမာစာရိကသီလကိုဝတ်ဟုအထူးမှတ်။

(ဃ) ဝတ် ဘယ်လောက် ရှိသလဲ ?

စူဠဝါပါဠိတော် ဝတ္တက္ခန္ဓကလာ ဤ၌ပြဆိုသည့်ဝတ်တို့ကား ၁၄-ပါး ရှိပါသည်၊ ပြဆိုခဲ့ပြီးသော သေခိယ ၇၅-ပါးတို့သည်လည်း ဝတ်ပင် မည်၏၊ ပရိဝါ၌ ၈၂-ပါးသော မဟာဝတ်တို့လည်း ရှိပါသေးသည်။

(င) ရှင်ကျင့်ဝတ်၌ စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ-ကစ စရိတဗ္ဗာနိ တိုင်အောင် စကားစဉ်ကား ဘယ်က ထုတ်ထားတာလဲ?

ဝိမတိဋီကာ ပထမပါရာဇိကအဖွင့်၌ဆိုသောစကားကိုမှီ၍ ရှေးဆရာတို့ တည့်ထားဟန်တူသည်၊ ဝိမတိ၌"ဝတ္တက္ခန္ဓကေ ဝုတ္တာနိ" ဟု လာ၏၊ ပါဠိ တော်၌ကား ဝတ်တပါး တပါးစီ ဟောကြားတော်မူပါသည်။

(စ) ဝတ္တံ အပရိပူရေန္တော စသော ဂါထာတို့ကား ဘယ်က ယူထားပါသလဲ ?

စူဠဝါ ဝတ္တက္ခန္ဓက ပါဠိတော်မှ ထုတ်ထားပါသည်။

(ဆ) ခန္ဓကဝတ္တာနိ ဆိုတဲ့ အဓိပ္ပာယ် ဘယ်လိုလဲ ?

စူဠပါ ခန္ဓက, မဟာဝါ ခန္ဓက ပါဠိတော်တို့၌ ဟောကြားအပ်သော ဝတ်တို့ဖြစ်၍ ခန္ဓကဝတ်တို့ဟုဆိုရပါသည်၊မဟာဝါ၌ ၄-ပါးမျှဟောပါ သည်၊ စူဠဝါ၌ ၁၄-ပါးစလုံးဟောသည်၊ထို့ကြောင့်"ခန္ဓကေ ဝုတ္တာနိ" ဟု ဆိုပါသည်။

(ဇ) ထိုခန္ဓကဝတ် ၁၄-ပါးတို့၏ အဓိပ္ပာယ်ကား ဘယ်လိုလဲ ?

ဝတ်အမည်နှင့်အသီးသီးကျင့်အပ်သောဝတ်တို့ကိုတခုစီဖော်ပြပါအံ့။

၁-အာဂန္တုကဝတ်

သူတပါး ကျောင်းတိုက်သို့ ခေတ္တခဏ သွားရောက်သော ရဟန်း, သာမဏေတို့ကို အာဂန္တုကဧည့်သည်ဟုခေါ်သည်၊ဧည့်သည် အာဂန္တုက တို့ ပြုကျင့်ရမည့်ဝတ် ဖြစ်သောကြောင့် အာဂန္တုကဝတ်ဟု ဆိုရသည်၊

( သတ္တမအကြိမ် )

ထိုဝတ်တို့ကို မပြုခဲ့လျှင် ရဟန်း ဒုက္ကဋ်, သာမဏေ ဒဏ်သင့်ပါသည်၊ ဝတ်အားလုံး ဤနည်းမှတ်ပါ။

## အာဂန္တုကတို့ ပြုရမည့်ဝတ်များ

အာဂန္တုက ပုဂ္ဂိုလ်သည် သူတပါး ဥပစာ အရံအတွင်းသို့ မဝင်မီ ဖိနပ် ချွတ်ရခြင်း၊ ထီးရုပ်ရခြင်း၊ ဦးခေါင်းခြုံ ဖွင့်ရခြင်း၊ ဦးခေါင်း၌ တင်သောသင်္ကန်းကိုပခုံးသို့ချရခြင်း၊ မနှေးမလျင် အရံတွင်းသို့ဝင်ရခြင်း၊ ဘယ်နေရာ၌ အာဝါသိက ကျောင်းနေ ရဟန်းတို့ နေထိုင် စည်းဝေးကုန်သနည်းဟု အမှတ်ပြုခြင်း၊ ထို အာဝါသိကတို့ထံ သွား၍ သင့်လျော်ရာ၌ ပါလာသော သပိတ်, သင်္ကန်းတို့ကိုထားခြင်း၊ လျောက်ပတ်သောနေရာ၌ နေထိုင်ခြင်း၊ ဘယ်ဟာသောက်ရေပါနည်းဟု မေးမြန်းရခြင်း၊ ရေဆာလျှင် သောက်ရေကို ယူသောက်ခြင်း၊ ခြေဆေးလိုလျှင် သုံးရေကိုယူ၍ ဆေးရခြင်း၊ ခြေဆေးသောအခါ၌ လက်တဖက်ဖြင့် ရေသွန်လောင်း၍ လက်တဖက်ဖြင့် ခြေကို ပွတ်တိုက် ဆေးကြောရခြင်း၊ ဆေးကြောသည့် လက်ဖြင့် ရေမသွန်ရ၊ သွန်လောင်းသည့်လက်ဖြင့် ခြေမဆေးရ၊ ဖိနပ်သုတ် ပုဆိုးကြမ်းကိုမေး၍ ဖိနပ်သုတ်ရခြင်း၊ ရှေ့ဦးစွာ ခြောက်သောပုဆိုးကြမ်းဖြင့်သုတ်၍ နောက်မှ စိုသောပုဆိုးကြမ်းဖြင့် သုတ်ရခြင်း၊ ဖိနပ်သုတ်ပြီးသော ပုဆိုးကြမ်းကို ဖွပ်လျှော်၍ သင့်တော်ရာ၌ ဖြန့်လှန်းထားရခြင်း၊ အာဝါသိကထေရ်ကြီးကို ရှိခိုးရခြင်း၊ အာဝါသိက သီတင်းငယ်ကို ရှိခိုးစေခြင်း။

**အမှာ** သီတင်းငယ်ကို သင်, ဝါဘယ်လောက် ရှိပြီလဲဟု မေးလိုက်လျှင် သူ့ဘာသာရှိခိုးလတ္တံ့၊ ဤသို့ မေးခြင်းကို ရှိခိုးစေခြင်းဟု ဆိုလိုသည်၊ ဘယ်ကျောင်းနေရမည်နည်းဟု ကျောင်းကို မေးမြန်းရခြင်း၊ ထိုကျောင်း၌ ရှေးက လူနေဘူး မနေဘူးကို သိအောင် မေးမြန်းရခြင်း၊ ဆွမ်းခံရွာနီးသလော, ဝေးသလော, စောစော ဆွမ်းခံရသလော, နေမြင့်မှ ဆွမ်းခံ ထွက်ရသလောဟု ဆွမ်းခံ ချိန်ကို မေးမြန်းရခြင်းနှင့် ဆွမ်းမခံသင့်သောရပ်ရွာကို မေးမြန်းရခြင်း၊ (ဤ၌ မိစ္ဆာဒိဋ္ဌိတို့၏ ရွာ, ပိုင်းခြားသော ဆွမ်းရှိသောရွာ, တပါးနှစ်ပါးသော သံဃာအား ဆွမ်းလှူသော ရွာတို့သည် ဆွမ်းမခံသင့်သော အဂေါစရရွာတို့ မည်ကုန်၏၊)

(သတ္တမအကြိမ်)

မြို့ရွာထဲ၌သဒ္ဒါပွားရှုပစ္စည်းရှားသော ဒါယကာ၊ ဒါယိကာမများကို (ဆွမ်းမခံမိစေရန်) သေက္ခဟု သံဃာတော်များက သမုတ်ထားကုန်၏၊ ထိုသေက္ခဟု သမုတ်ထားသော ဒါယကာတို့ကို မေးမြန်းရခြင်း၊ ကျင်ကြီး ကျင်ငယ်အိမ်တို့ကို မေးမြန်းရခြင်း၊ ဤရေတွင်းရေကန် ဤမြစ်ချောင်း၌ သောက်ရေကိုသာ အသုံးပြုသလော၊ သုံးရေကိုသာ အသုံးပြုသလော၊ သောက်ရေ, သုံးရေ နှစ်မျိုးစလုံးပင် အသုံးပြုသလောဟု သောက်ရေ, သုံးရေတို့ကို မေးမြန်းရခြင်း၊ လက်ကသုံးတောင်ဝှေးကို မေးမြန်းရခြင်း၊ သံဃာများ ကတိကဝတ်တည်ထားသည်ကို မေးမြန်းရခြင်း၊ (ဤ၌ အချို့ ကျောင်းတိုက်၌ သံဃာများက ဤအမှုကို တရားအားလျော်စွာ ပြုကြစတမ်း၊ ဤအမှုတို့ကို မပြုကြစတမ်းဟူ၍ အညီအညွတ် ပြုလုပ်ထားသော ဥပဒေမျိုးကို ကတိကဝတ် တည်ထားသည်ဟု ဆိုလိုသည်၊) အချို့သော အရပ်တို့၌ သားရဲ ဘီလူးတို့ ရှိကုန်သောကြောင့် ဘယ်အချိန်အခါ၌ ဝင်အပ်သနည်း၊ ဘယ်အချိန် ထွက်အပ်သနည်းဟု ဝင်ရာ, ထွက်ရာအချိန် အခါကိုမေးမြန်းရခြင်း၊ အာဂန္တုကဖြစ်သော မိမိအား အာဝါသိကတို့က နေထိုင်ရန်ချထားသောကျောင်းသည် လူမနေမထိုင်ပဲအလွတ်ထားသော ကျောင်းဖြစ်အံ့၊ တံခါးရွက်ကို ခေါက်၍ တခဏမျှ ငံ့ဆိုင်းလျက် တံခါး ကျည်မင်းတုံးကိုဖွင့်ပြီး တံခါးကို တွန်းလိုက်၍ အတွင်း၌ မြွေ, ဘီလူးများ အကယ်၍ ရှိလင့်က အပသို့ ထွက်ရန် လမ်းပေး၍ အပြင်၌ ရပ်လျက် ကြည့်ရှုခြင်း၊ ထိုကျောင်း၌ အမှိုက်သရိုက်ထူ၍ ညောင်စောင်းချင်းထပ် အင်းပျဉ်ချင်း ထပ်ထားလျက် အထက်၌ အစုစုပြွမ်း၍ ရှုပ်ထွေးနေအံ့၊ စွမ်းနိုင်လျှင် တကျောင်းပြင်လုံး သုတ်သင်ရခြင်း၊ မစွမ်းနိုင် မတတ်နိုင် သေးလျှင် မိမိနေရာ၌သုတ်သင်ရခြင်း၊ (တကျောင်းလုံးသုတ်သင်ပုံဝတ်ကို သေနာသနဝတ်၌ ပြဆိုပါအံ့။)

ဤဆိုခဲ့သော ဝတ်တို့၌ မသိသော အရာတို့ကို အာဝါသိကတို့အား အာဂန္တုက-က မေးမြန်းရသော ဝတ်တို့သည် ရှေးအခါ ရောက်ဘူးပြီး ဖြစ်၍ လည်းကောင်း၊ အာဝါသိက ရဟန်းက ပြောကြားပြီး ဖြစ်၍ လည်းကောင်း သိပြီးဖြစ်က မေးမြန်းဖွယ် မလိုတော့ပြီ၊ တရွာတည်း၌ တပါးသောကျောင်းမှ လာသောသူသည်လည်း အာဂန္တုပင် မည်၏၊ ရောက်လာစအာဂန္တုကသည် အာဝါသိကတို့က နေရာချထား၍ နေရာ

ရပြီးသောအခါ ကျောင်းနေ အာဝါသိကတို့ကဲ့သို့ ဖိနပ်စီးခြင်း စသည် ပြုအပ်၏၊ သူတပါးကျောင်းသို့ သွားသူသည် သွားစဉ်က ဤကျောင်း၌ ငါ ပြန်နေဦးမည် ဟူသော (အာဝါသ - ပလိဗောဓ) မပြတ်သေးပဲ လပေါင်းများစွာနေခဲ့၍ပြန်လာသော်လည်းမိမိနေရင်းကျောင်းအတွက် အာဂန္တုကဝတ် ပြုဖွယ်မရှိ။ (အာဝါသ-ပလိဗောဓ)ပြတ်၍ အာလာယ ပြတ် သွားသောသူသည်သာ တဖန် ပြန်လာသောအခါ အာဂန္တုက ဝတ်ကို မချွတ် ကျင့်သင့်ပေသည်။

**(က) တပါးသော ကျောင်းတိုက်သို့ လမ်းဖြတ်သွားသော ရဟန်းတို့သည် အာဂန္တုကဝတ်ကို ပြုသင့်သလား?**

တိပိဋကဝိနိစ္ဆယကျမ်း၌ ကျောင်းတိုက်ရဟန်းတို့ထံမဝင်ပဲ လမ်းဖြတ် သွားသူသည် အာဂန္တုကဝတ် ပြုဖွယ်မလိုဟု ဆို၏။

ယာ ပန ဘိက္ခုနီ ဇာနံ သဘိက္ခုကံ အာရာမံ အနာပုစ္ဆာ ပဝိသေယျ ပါစိတ္တိယံ—

ဟူသော ပါစိတ်ပါဠိတော် အနာပတ္တိဝါရ၌ "အာရာမေန မဂ္ဂေါ ဟောတိ"ဟု ဟောသောကြောင့် ဤ၌ အလားတူ မှတ်ရမည်၊ အနာ-ပတ္တိဝါရ၌ ဂိလာနာယ လာသောကြောင့် ဂိလာန အာဂန္တုက ရဟန်း, သာမဏေတို့သည် သူတပါးတိုက်တာ ရဟန်းတို့ထံ ထီး, ဖိနပ်, လှည်း, ယာဉ်, ထမ်းစင်တို့ ဆောင်း, စီး, ဦးခေါင်းခြုံလျက် ဝင်သော်လည်း အပြစ်မရှိသည်ကို ကြံစည် ယုံကြည်ရ၏ဟု ၁၃၁-နံပါတ်၌ ပါရှိ၏။

**(ခ) အာဝါသိကပုဂ္ဂိုလ်တို့က ဖိနပ်စီး, ထီးဆောင်းပါဟု ခွင့်ပေး၍လည်းကောင်း ၊ခွင့်တောင်း၍လည်းကောင်း အာဂန္တုကတို့က သူတပါးကျောင်း၌ ဖိနပ်စီး, ထီးဆောင်းကောင်းသလား ?**

ညောင်လေးပင် ရှင့်ကျင့်ဝတ်၌ ကျောင်းရှင် ခွင့်ပေးသော်လည်း ကောင်း၊ မဂ္ဂသညာဖြင့်သော်လည်းကောင်း အပ်သည်ဟု အချို့ဆိုကြ၏။ စာ၌ မတွေ့ဟု ပါရှိသည်။

**ကျမ်းရေးသူ ယူဆချက်**"အညဿ ပုဂ္ဂလိကေတိ ဣဓာပိ ဝိဿာသိက-ပုဂ္ဂလိကံ အတ္တနော ပုဂ္ဂလိကသဒိသမေဝ၊ ယထာ စ ဣဓ ဧဝံ သဗ္ဗတ္ထ" ဟူသော နိကစ္စနသိက္ခာပုဒ် အဋ္ဌကထာ၌ အကျမ်းဝင်သော ရဟန်း၏ ပုဂ္ဂလိကဥစ္စာသည် မိမိ၏ ပုဂ္ဂလိကဥစ္စာနှင့် တူသည်ဟု ဆိုသောကြောင့်

အာဝါသိက ကျောင်းရှင်က သူပိုင်ပုဂ္ဂလိကကျောင်းအရံကို ဖိနပ်စီးပါ၊ ထီးဆောင်းပါဟု ဆိုလျှင် ထိုကျောင်းတိုက်သည် မိမိကျောင်းအရာ၌ တည်သောကြောင့် ထီးဆောင်း, ဖိနပ်စီးခဲ့လျှင် ဥပဇ္ဈာယဝတ်များ သဘောကဲ့သို့ အပ်နိုင်စရာရှိ၏ဟု ယူဆသည်၊ သံဃိကကျောင်းတိုက်၌ ခွင့်ပေး၍ ဖြစ်စေ၊ ခွင့်တောင်း၍ ဖြစ်စေ၊ အပ်နိုင်ဖို့ မမြင်။

အာဂန္တုကဝတ် မှတ်သားဖွယ် ပြီးပြီ။

---

## ၂—အာဝါသိကဝတ်

မိမိတို့နေမြဲကျောင်း၌ အတော်ကြာကြာနေသော ရဟန်း, သာမဏေကို အာဝါသိက ကျောင်းနေပုဂ္ဂိုလ်ဟု ခေါ်သည်၊ ထို အာဝါသိကတို့ ပြုကျင့်အပ်သောဝတ်ကို အာဝါသိကဝတ်ဟု ဆိုသည်။

### အာဝါသိကတို့ ပြုကျင့်ရမည့်ဝတ်များ

ကျောင်းနေ အာဝါသိကတို့သည် မိမိထက်ကြီးသော အာဂန္တုက ပုဂ္ဂိုလ်ကြွလာသည်ကို မြင်လျှင်မြင်ခြင်း၊ နေရာခင်းရခြင်း၊ ခြေဆေးရေ, ခြေဆေးအင်းပျဉ်, ခြေပွတ်အိုးခြမ်းတို့ကို အနီးအနား ထားခြင်း၊ ကြွလာသော အာဂန္တုမထေရ်ကြီးထံသို့ အထူးလေးစား ရိုသေသောအားဖြင့် မရောက်မီ သွားကြိုဆို၍ ပါလာသော သပိတ် သင်္ကန်းစသော ပစ္စည်းတို့ကို လှမ်းယူရခြင်း၊ ဤ၌ မထေရ်ကြီး မအားလပ်စဉ် ရောက်လာခဲ့အံ့၊ သင်္ကန်းအမှု, နဝကမ္မအမှုတို့ကို ချထားလိုက်ရမည်၊ စေတီယင်ပြင် တံမြက်စည်း လှည်းနေခဲ့လျှင် တံမြက်စည်းချထား၍ ဝတ်ပြုရမည်၊ ပညာရှိတဲ့ အာဂန္တုဖြစ်လျှင် စေတီယင်ပြင် တံမြက်စည်း ပြီးအောင် လှည်းပါဦးဟု ဆိုလတ္တံ့၊ ဂိလာနဆေးကို စီစဉ်နေစဉ် ရောက်လာပါက ရောဂါပြင်းထန်သော ဂိလာနမဟုတ်မူ ဆေးချထား၍ ဝတ်ကို ဦးစွာပြုလိုက်ရမည်၊ ရောဂါ ပြင်းထန်သော မဟာဂိလာန ဖြစ်ခဲ့လျှင် ဝတ်-ထမပြုနိုင်သေးပဲ ဆေးတိုက်ခြင်း စသည် ပြုပြီးမှ ဝတ်ပြုရမည်၊ ပညာရှိတဲ့အာဂန္တုကဖြစ်ခဲ့လျှင် ဆေးသာပြီးအောင်တိုက်ပါဟုဆိုလတ္တံ့၊ သောက်ရေ အလိုရှိပါသလားဟု မေးမြန်းရခြင်း၊ (ရေဆာနိုင်သော ပင်ပန်းလာမှုစသော အခါကို ကြည့်၍ သောက်ရေများ ဆက်ကပ်လျှင် မေးမြန်းဖွယ်မလို) သောက်ရေ အလိုရှိလျှင် ကိုယ်တိုင်သော်လည်း

သောက်ရေကပ်ရသည်၊ သို့မဟုတ် တယောက် ယောက်ကိုသော်လည်း အကပ်ခိုင်းရသည်၊ တကြိမ်ကပ်သောရေကို အကုန် သောက်လိုက်လျှင် ထပ်၍ အလိုရှိပါသေးသလားဟု မေးလျှောက်ရမည်၊ ယပ်လေခပ်ပေးရခြင်း၊ (ယပ်ခပ်ပုံကား ခြေဖမိုး တကြိမ်, အလယ်ကိုယ်ပိုင်း တကြိမ်, ဦးခေါင်းတကြိမ် ရွှေ၍ရွှေ၍ခပ်ရသည်၊ တော်ပါပြီဟု ဆိုခဲ့လျှင် ထိုထက် ဖြည်းဖြည်းသာသာ ခပ်ပေးရသည်၊ ဤနည်းဖြင့် သုံးကြိမ်ကိုင် တားမြစ်မှ ယပ်ချထားလိုက်ရမည်။)

အာဂန္တုက မထေရ်ကြီး၏ ခြေတို့ကို ဆေးပေးရခြင်း၊ ဆေးပြီးလျှင် သုတ်ပေးရခြင်း၊ သုတ်ပြီးသောအခါ မိမိဆီရှိက မိမိဆီဖြင့် သုတ်လိမ်းပေးရခြင်း၊ မိမိထံဆီမရှိက အာဂန္တုက၏ဆီဖြင့် သုတ်လိမ်းပေးရခြင်း၊ မိမိ၏အလိုအစွမ်းဖြင့် ဖိနပ်ကို ဖုံပြောင်အောင် သုတ်လိုက သုတ်ပေးရခြင်း၊ (သုတ်မပေး၍ အပြစ်မရှိ) သုတ်လျှင် ပုဆိုးကြမ်းဖြင့် သုတ်ရခြင်း၊ ရှေးဦး အခြောက်နှင့်သုတ်၍ နောက်အစိုနှင့် သုတ်ရသည်၊ သုတ်ပြီး ပုဆိုးကြမ်းကိုဖွပ်၍ သင့်တော်ရာ၌ ဖြန့်လှန်းထားရခြင်း၊ အာဂန္တုကမထေရ်ကြီးကို ရှိခိုးရခြင်း၊ ထို ကျောင်းအိပ်ရာနေရာ၌ သိတင်းသုံးတော်မူပါဟု လျှောက်ထား ညွှန်ပြ ခင်းပေးရခြင်း၊ ထိုကျောင်း ရှေး၌ လူနေဘူး, မနေဘူးကိုလည်းကောင်း၊ ဆွမ်းခံထွက်ချိန်ကိုလည်းကောင်း၊ ဆွမ်းမခံသင့်သော ရပ်ရွာကိုလည်းကောင်း၊ သေက္ခဟုသမုတ်ထားသော အမျိုးတို့ကိုလည်းကောင်း၊ ကျင်ကြီးအိမ် ကျင်ငယ်အိမ် တို့ကိုလည်းကောင်း၊ သောက်သုံးရေ ကိုလည်းကောင်း၊ လက်ကသုံး တောင်ဝှေးကိုလည်းကောင်း၊ သံဃာတို့ ကတိကဝတ်ကိုလည်းကောင်း၊ ထွက်ရာကာလများကိုလည်းကောင်း လျှောက်ကြား ပြောကြားထားရခြင်း၊ အာဂန္တုကသည် သိတင်းငယ်ဖြစ်အံ့၊ ထိုင်လျက်သာ ဤနေရာ၌ သပိတ်ထား, ဤနေရာထိုင်စသည်ဖြင့် မထေရ်ကြီးအား ပြောသည့်အတိုင်း ပြောကြားရမည်၊ သိတင်းငယ်၍ ရှိမခိုးပဲ ငါ့သျှင် ဝါဘယ်မျှရှိပြီနည်းဟု မေးလျှင် သူ့ဘာသာ ရှိခိုးလတ္တံ့ဖြစ်သောအားဖြင့် ရှိခိုးစေခြင်း ဤမျှထူး၏၊ ဤပြောကြားရေး၌ မရောက်ပေါက်ဘူး၍ မသိသူတို့ကိုသာ ပြောကြားရေးကိစ္စ လို၏၊ သိပြီးက ပြုဖွယ် မလို၊ ကျောင်းပေါင်း များစွာရှိသော တိုက်ကြီး၌ မိမိတို့ထံသို့ တိုက်ရိုက်ရောက်လာသော အာဂန္တုကို

ကား ဝတ်မပြုပဲ နေခွင့်မရှိ၊ အခြားကျောင်းရောက်လျှင်ကား မပြုပဲ နေလိုက နေနိုင်ဖွယ်ရာရှိသည်။

**(က) ကျောင်းဝိုင်းလပ်းကျ၍ဖြတ်သွားသော တပါးကျောင်းပုဂ္ဂိုလ်အား ဒရိုးဦ ကြိုဆိုခြင်းစသော အာဂန္တုကဝတ် ပြုသင့်သေးသလား?**

ပြုဖွယ်မလိုပါ၊ အာဂန္တုကဝတ်ခန်း၌ ကိပိဋကာ ဝိနည်းဆိုယ ကျမ်းမှ လုတ်ပြသော စကားဖြင့် ထင်ရှားလှပါပြီ။

**(ခ) အာဝါသိက-က အာဂန္တုကအား ဖိနပ်စီးပါ ထီးဆောင်းပါဟု ပြောရသောဝတ်များ ပါဠိတော် အဋ္ဌကထာ၌ တွေ့မိပါသလား?**

မတွေ့ရပါ။

**(ဂ) အာဂါသိက အာဂန္တုကအား ဆွမ်းကျွေးရမည်ဟု ကျမ်းဂန် ရှိပါသလား?**

ဝိနည်းတော် ဝတ်အနေဖြင့် မတွေ့ရပါ၊ မရှိလို့မကျွေးနိုင်လျှင် အပြစ်မရှိပါ၊ လောက၌ တခြားဟရပ်မှ လာသော ဉာတိမိတ္တ ဧည့်သည်တို့ အကျိုးငှါအထူးအစီစဉ်၍ယားသော အာဟုနခေါ် အာဂန္တုကဒါနရှိပါ သဖြင့် အာဝါသိက များက အာဂန္တုကတို့အား ကျွေးမွေးရေးသည် လောကဝတ် ဖြစ်သည်ဟု ယူဆရပါသည်။

ပါဟုနံ ပုစ္ဆတိ ဒိသာ ဝိဒိသာဟော အာဂတာနံ ပိယမနာပါနံ ဉာတိမိတ္တာနမတ္ထာယ သင်္ခတပ ပဋိယတ္တံ အာဂန္တုကဒါနံ။

(ဝိသုဒ္ဓိမဂ်-ထာ)

ရေနှင့်ဆီသာ ပေးရေးတွေ့ရပါသည်။

**(ဃ) ဂိလာန အာဝါသိကပုဂ္ဂိုလ်ကဝတ်မပြုနိုင်၍ မပြုခဲ့လျှင် အပြစ်ရောက်နိုင်သေးသလား?**

နံ-အကျွရာနှင့် မမြစ်သောဝတ် ၁၄-ပါးစလုံး၌ ဂိလာနပုဂ္ဂိုလ်အပြစ် မရောက်သည်ကို အောက်ပါ အဋ္ဌကထာထောက်၍ သိရပါသည်။

အဂိလာနေနဟိ သဗ္ဗဝိဟာရိကေန သဗ္ဗဝဿေနာပိ သဗ္ဗံ ဥပဇ္ဈာယဝတ္တံ ကာတဗ္ဗံ၊ အနာဒရေန အကရောန္တဿ ဝတ္တဘေဒေ ဒုက္ကဋံ၊ နံ-ကာရပဋိသံယုတ္တေသု ပန ပဒေသု ဂိလာနဿာပိ ပဋိက္ခိတ္တကိရိယံ ကရောန္တဿ ဒုက္ကဋမေဝ။ (ဟာ-ထာ)

**( သတ္တမအကြိမ် )**

**လေ့ကျင့်ခန်း ပုစ္ဆာ**

၁။ ဝတ်၏အရ ကောက်ပြ၍ အစဆုံး အာဂန္တုကဝတ္တံ ဟူသော ပုဒ်ကို စာကိုယ်အတိုင်း အနက်သမ္ဗန်ပါ။

၂။ အာဂန္တုက၏အဓိပ္ပာယ်ကိုရေးသား၍ အာဂန္တုကမထေရ်ကြီးက ပြုလုပ်သင့်သောဝတ် ၅-မျိုးလောက် ထုတ်ပြပါ။

၃။ သူတပါးကျောင်း ဖြတ်သွားလျှင် ဖိနပ် ချွတ်သင့် မချွတ်သင့် ဝိနိစ္ဆယကြည့်၍ ရှင်းပြပါ။

၄။ အာဝါသိက သီတင်းငယ် ပြုသင့်သောဝတ် ၅-မျိုးမျှထုတ်ပြ၍ **အာဝါသိက-က** အာဂန္တုကအား ဆွမ်းကျွေးရမည့် ဝတ်များ ပါဠိတော် အဋ္ဌကထာ၌ ရှိပါသလော။

၅။ ဂိလာနပြုစုနေသော အာဝါသိကသည် ဝတ်မပြုပဲနေ၍ အပြစ် ရောက်-မရောက် ဖော်ပြပါ။

အာဝါသိကဝတ် မှတ်သားဖွယ် ပြီးပြီ။

---

## ၃-ဂမိကဝတ်

ခရီးသွားမည့် ရဟန်း, သာမဏေတို့ကို ဂမိက-ပုဂ္ဂိုလ်တို့ဟုခေါ်သည်၊ ထို ဂမိက-ပုဂ္ဂိုလ်တို့ ပြုရသောဝတ်ကို ဂမိက-ဝတ်ဟု ဆိုရသည်။

### ဂမိကပုဂ္ဂိုလ်တို့ ပြုရမည့် ဝတ်များ

ခရီးသွားမည့်ပုဂ္ဂိုလ်တို့သည်သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ကိုမီးတင်းကုပ်၌ဖြစ်စေ၊ လုံခြုံရာတခုခု၌ဖြစ်စေ၊ သိုမှီးထားခဲ့ရခြင်း၊ တံခါးမ, လေသာတံခါးတို့ကိုပိတ်ရခြင်း၊ ကျောင်းကိုကြည့်ရှုလိုက်ပါ၊ တပည့်တော်ဘယ်ကို သွားဦးမည်ဟု ပန်ကြား၍ ဖဲသွားရခြင်း၊ ပန်ကြားရာ၌ ရဟန်းမရှိလျှင် သာမဏေ၊ သာမဏေ မရှိလျှင် အာရာမ်စောင့်တို့ကို ပန်ကြားရမည်၊ ပန်ကြားစရာ မရှိခဲ့လျှင် ကျောင်းတိုင် လေးခု၌ ညောင်စောင်းထား၍ အပေါ်၌ထပ်ပြီးညောင်စောင်းအင်းပျဉ် အဆင့်ဆင့်တင်၍ကျောင်းအိပ်ရာများ စုပုံထားလျက် သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ကို သိမ်းဆည်းခြင်းကို ပြု၍ တံခါးမ, လေသာတံခါးတို့ကို ပိတ်ပြီး ဖဲသွားခြင်း၊ ကျောင်း မိုး

မလုံခဲ့သော် စွမ်းနိုင်လျှင် မိုးရခြင်း၊ မိုးစရာ သက်ကယ် စသည်ရှိခဲ့လျှင် ဝိနည်းနှင့် လျော်အောင် ကြောင့်ကြပြုရခြင်း၊ မိမိ ကြောင့်ကြကြောင့် မိုးလုံလျှင် ကောင်း၏၊ မလုံလျှင် ကျောက်ဂူ လိုဏ်စသည်တို့၌ ကျောက်တုံးများခံပြီး ရှေးနည်းအတူ သိုဝှး၍ တံခါးများပိတ်၍ ဖဲသွားရခြင်း၊ ကျောင်း၌ ဘယ်နည်းနှင့်မျှ မိုးမစိုအောင် မထားနိုင်လျှင် ရွာသို့ ဆောင်နိုင်ပါက ဆောင်ထားရခြင်း၊ မဆောင်နိုင်လျှင် ဆောင်ထားဖို့ ကြောင့်ကြပြု, ကြောင့်ကြပြုသော်လည်း မစွမ်းနိုင်ခဲ့အံ့၊ မိုးမလုံသော ကျောင်း၌ထားခဲ့လျှင် အပေါ်မှဆွေး၍ကျသောပစ္စည်းတို့ကြောင့်အင်္ဂါ တို့ ပျက်စီးမည်ဖြစ်၍ လွင်တီးခေါင်၌ ကျောက်တုံးလေးခုခံ၍ ရှေးနည်း အတိုင်း သိုမှီးသိမ်းဆည်း၍ မြက်သစ်ပင်တို့ဖြင့် ဖုံးလွှမ်းပြီး ဖဲသွား ရာသည်။

မှတ်ချက် သစ်သားဖြင့်ပြုလုပ်သော ခုတင်, ကုလားထိုင်, စားပွဲ, ဘီဒို စသည် ဝတ္ထုများကို သစ်ဘဏ္ဍာခေါ်သည်၊ မြေဖြင့် ပြုလုပ် ရသော ချိုးရေအိုး, သောက်ရေအိုး, ကရား, ထွေးခံ, အင်တုံ စသည်တို့ကို မြေဘဏ္ဍာဟု ခေါ်သည်။

ဂမိကဝတ် မှတ်သားဖွယ် ပြီးပြီ။

## ၄-အနုမောဒနာဝတ်

ကျောင်းတိုက်တွင်းမှာဖြစ်စေ၊ မြို့ရွာတွင်းမှာဖြစ်စေ၊ ဆွမ်းကျွေးပြီး သောအခါ စသည်တို့၌ ဒကာ, ဒကာမတို့အား ဝမ်းမြောက် ဝမ်းသာ ရှိအောင် တရားဟောခြင်းကို အနုမောဒနာ ပြုသည်ဟု ခေါ်ဆိုသည်၊ ( အနု=အဖန်ဖန်+မောဒနာ=ဝမ်းမြောက်စေခြင်း ) ထို အနုမောဒနာ တရား ဟောမှုနှင့် စပ်၍ ပြုကျင့်အပ်သောကြောင့် အနုမောဒနာဝတ် ဆိုရသည်။

အနု ပုနပ္ပုနံ မော ဒိယန္တေ ဧတ ပမောဒိယတေတိ အနုမောဒနာ၊ ကာ, သာ ဓမ္မကထာ၊ အနုမောဒနာယ ကတ္တဗ္ဗံ ဝတ္တံ အနု-မောဒနဝတ္တံ။

(ဝိနယာလင်္ကာရ ဋီကာ)

( သတ္တမအကြိမ် )

## အနုမောဒနာ ဝတ်အကျင့်များ

တရားဟောခြင်းအနုမောဒနာပြုမှုသည် အကြီးဆုံးပုဂ္ဂိုလ်၏တာဝန် ဖြစ်၏၊ ထို့ကြောင့် အကြီးဆုံးပုဂ္ဂိုလ်သည် စွမ်းနိုင်လျှင် ကိုယ်တိုင် အနုမောဒနပြုရခြင်း၊မစွမ်းနိုင်လျှင်စွမ်းနိုင်သူတပါးပါးကို(သာမဏေလေး ဖြစ်စေ) အနုမောဒနာ ပြုပါဟု တိုက်တွန်းရခြင်း၊ အကြီးဆုံးပုဂ္ဂိုလ်က မတိုက်တွန်းပဲ မည်သူမျှ အနုမောဒနာ မပြုရ၊ အကြီးဆုံး ပုဂ္ဂိုလ် တိုက်တွန်းလျှင် မငြင်းဆန်ပဲ စွမ်းနိုင်သမျှဟောရခြင်း၊အကြီးဆုံးပုဂ္ဂိုလ်သည် ဝတ္တရားနားမလည်၍ မိမိလဲမဟော သူတပါးလဲ မတိုက်တွန်းလျှင် စွမ်းနိုင်သောပုဂ္ဂိုလ်က အကြီးဆုံးထံ ခွင့်ပန်၍ တရားဟောရခြင်း။

**စောင့်ဆိုင်းရခြင်း** အကြီးဆုံးမထေရ်တရားဟောနေလျှင် ထိုမထေရ်ကြီးအောက် ဝါစဉ်အတိုင်းလေးပါး,ငါးပါးစောင့်ဆိုင်းထိုင်နေရမည်၊ (စတုဟိ-ပဉ္စဟိ-ဟု ပါဠိတော် လာ၍ လေးပါး စောင့်စောင့်, ငါးပါး စောင့်စောင့် ဖြစ်နိုင်သည်၊ ငါးပါးထက်အလွန်လဲ စောင့်နိုင်ပါသည်၊) အကြီးဆုံးမထေရ်ကြီးအောက် ငယ်သော အနုထေရ်တရားဟောနေလျှင် အကြီးဆုံး မထေရ်ကြီးနှင့် တရားဟော အနုထေရ်အောက် သုံးပါးတို့ စောင့်ဆိုင်းရမည်၊ ငါးပါးမြောက် ရဟန်းက တရားဟောနေလျှင် အကြီးဆုံးမထေရ်မှစ၍ အထက်လေးပါးတို့က စောင့်ဆိုင်းရမည်၊ပဉ္စင်းငယ်တပါးအား တိုက်တွန်း၍ တရားဟောနေလျှင် အကြီးဆုံးမထေရ်မှ အစဉ်အတိုင်းမထေရ်လေးပါးတို့စောင့်ဆိုင်းရမည်၊(အချုပ်မှာ—တရားဟောပုဂ္ဂိုလ်မှတပါး ကျန်ရစ်သောပုဂ္ဂိုလ်ထဲတွင် အကြီးဆုံးမှစ၍ လေးပါး စောင့်ဆိုင်းရမည်ဟု ဆိုလိုသည်၊) တရားဟော ရဟန်းက အရှင်ဘုရားတို့ ကြွတော်မူကြပါ၊ ငံ့လင့်ဖို့ကိစ္စ မရှိပါဟုဆိုလျှင် မငံ့ဆိုင်းပဲ ကြွသွားနိုင်ပါသည်၊ မဟာထေရ်က တရားဟောရဟန်းအား ငါ့သျှင် ငါတို့သွားကုန်တော့အံ့ဟုဆို၍ တရားဟောရဟန်းက ကြွကြပါဘုရားဟု ခွင့်လွှတ်လျှင် ကြွသွားနိုင်၏၊(အဋ္ဌကထာ၌ မဟာထေရနေ-သာ လာပါသော်လည်း တပါးပုဂ္ဂိုလ်များလည်း ထို့အတူ ခွင့်တောင်း၍ ခွင့်ပေးသဖြင့် သွားလျှင် အပ်ဖို့ရှိပါသည်၊)ရွာပမှုဖြစ်စေ၊ တကျောင်းကျောင်းမှုဖြစ်စေ ငံ့လင့်စောင့်ဆိုင်းနေအံ့ဟု နှလုံးသွင်းလျက် ကြွသွားပြီးလျှင်

နှုလုံးသွင်းရာဌာန ရောက်သောအခါ မိမိ တပည့်များအား ဓမ္မကထိက ပုဂ္ဂိုလ်တို့ သင်တို့ ငုံ့လင့်နေကြဟု မှာကြား၍ လိုရာ သွားနိုင်သည်ဟု အဋ္ဌကထာဆိုသည်၊ စောင့်ဆိုင်းသောသူသည် ထသွားရန် ကိစ္စတစုံတခု ရှိက အနီးနေပုဂ္ဂိုလ်အားပန်ကြား၍ ထသွားနိုင်လေသည်၊လှူဒါယကာ တို့သည် မိမိတို့၏အလိုအားဖြင့် နှစ်သက်ရာတပါးပါးကို တရားဟောရန် အစောက တောင်းဆိုခဲ့ပြီးအံ့၊ ထို ပုဂ္ဂိုလ်သည် မပန်ကြားပဲ တရား ဟောခြင်းကြောင့် အပြစ်မရောက်နိုင်၊ တရားဟောနေသူအား စောင့် ဆိုင်းရန်လဲ မထေရ်ကြီး၌ ဝန်မရှိ၊ အများစည်းဝေးကုန်စဉ် အနီးနေသူ တို့အား ဟောကြားမည့် တရား၌ လူတို့က တရားဟောရန် တောင်းပန် လျှောက်ထားပြီးအံ့၊ ထိုဓမ္မကထိက ပုဂ္ဂိုလ်သည် မထေရ်ကြီးကို ပန် ကြားအပ်သေး၏၊ မဟာထေရ်သည်လည်း အနုမောဒနာပြုရန် တိုက် တွန်းအပ်သော ရဟန်းကိုသာလျှင် စောင့်ဆိုင်းအပ်ပေသည်။

အနုမောဒနာဝတ် မှတ်သားဖွယ် ပြီးပြီ။

---

## ၅·ဘတ္တဂ္ဂဝတ်

ဆွမ်းစားရာ (ဆွမ်းလုပ်ကျွေးရာ)ဌာနဖြစ်သော ကျောင်းကိုဖြစ်စေ၊ ဇရပ်ကိုဖြစ်စေ၊ အိမ်ကိုဖြစ်စေ ဘတ္တဂ္ဂ-ဟု ခေါ်၏။ (ဘတ္တ=ဆွမ်း+ဂ္ဂ= ယူရာဌာန) ထိုဆွမ်းစားရာ ဆွမ်းလုပ်ကျွေးရာဌာန၌ ပြုကျင့်အပ်သော ကြောင့် ဘတ္တဂ္ဂဝတ်·ဟု ဆိုရသည်။

ဘတ္တဂ္ဂဝတ္တေတိ ဘတ္တံ ဂဏှန္တိ ဧတ္ထာတိ ဘတ္တဂ္ဂံ၊ ပရိဝိသန-
ဋ္ဌာနံ၊ တသ္မိံ ကတ္တဗ္ဗံ ဝတ္တံ ဘတ္တဂ္ဂဝတ္တံ။ (စူဠဝါ ယောဇနာ)

### ဘတ္တဂ္ဂဝတ် ပြုကျင့်ရပုံများ

ရွာတွင်းဖြစ်စေ၊ ကျောင်းဥပစာအတွင်းဖြစ်စေ သားမယားနှင့်တကွ လှူဒါယကာများ ဆွမ်းလုပ်ကျွေးရာဌာန (ဘတ္တဂ္ဂ) သို့ အချက်ပေးပင့် လျှောက်၍ကြွသွားခဲ့သော်သင်းပိုင်ကို အဝန်းညီစွာဝတ်ရုံခြင်း၊ခါးပန်း ကိုဖွဲ့ခြင်း၊သင်္ကန်းရုံခြင်း၊ အနားပတ်သီးတပ်ခြင်း၊ သပိတ်ဆေး၍ယူလာ ရခြင်း၊ မနွေးမလျင် ဘတ္တဂ္ဂသို့ဝင်ရခြင်း၊ မထေရ်ကြီးကိုရှောင်၍ ရှေ့သို့ မသွားပဲ မထေရ်ကြီးတို့ နောက်မှ လိုက်ရခြင်း၊ ရွာတွင်း ဘတ္တဂ္ဂသို့

( သတ္တမအကြိမ် )

သွားခြင်း၊နေခြင်း၊ပြန်ခြင်းတို့၌ ရွာတွင်းကျင့်ကြံရသောသေခိယသိက္ခာပုဒ်တို့ကို လိုက်နာကျင့်ကြံရခြင်း၊ မထေရ်ကြီးတို့ကို တိုးဝှေ့၍ မနေထိုင်ရခြင်း၊ သီတင်းငယ်တို့အားလည်း ရှိနေသော နေရာကို မထိုင်နှင့်ဟု မတားမြစ်ရခြင်း၊ မဟာထေရ်ကြီးနေသော နေရာနှင့် အမြင့်အမြတ်တူမျှသော နေရာအများရှိခဲ့အံ့၊သီတင်းငယ်သည် တနေရာနှစ်နေရာတို့ကို အကြားထား၍ထိုင်နေရခြင်း၊ရဟန်းတို့ ရေတွက်၍ ခင်းထားသောနေရာမျိုး၌ မထိုင်ပဲ ရပ်နေရမည်၊ မထေရ်ကြီးက ထိုင်လော့ဟုဆိုမှ ထိုင်ရခြင်း၊ မထိုင်ပဲနေလျက် မထေရ်ကြီးက ဘာမှ မပြောပဲနေလျှင် သီတင်းငယ်က ''အရှင်ဘုရား ဤနေရာကား မြင့်မြတ်ပါ၏ဘုရား'' ဟု လျှောက်ရမည်၊ ထိုသို့ လျှောက်၍ မထေရ်ကြီးက ထိုင်ပါဟု ဆိုခဲ့လျှင် ထိုင်ရခြင်း· လျှောက်ကြားလျက် မထေရ်ကြီးက ဘာမျှမဆိုချေသော် ထိုင်သော သီတင်းငယ် အပြစ်မရှိ၊ မထေရ်ကြီး အာပတ်သင့်၏၊ မထေရ်ကြီးက ထိုင်လော့ဟုလည်း မပြောပဲ မိမိကလည်း ဤနေရာ မြင့်မြတ်ပါ၏ဟု ပန်ကြား မလျှောက်ထားပဲ ထိုင်လျှင် သီတင်းငယ် အပြစ်ရောက်၏၊ ရွာတွင်း၌ ရုံထားသော သံဃာဋိ နှစ်ထပ်သင်္ကန်း ကိုယ်ရုံသင်္ကန်းတို့ကို မပင့်မြှောက်ပဲ ဖိ၍ မထိုင်ရခြင်း။

ဤ၌ ''န သံဃာဋိံ ဩတ္ထရိတွာ အန္တရဃရေ နိသီဒိတဗ္ဗံ'' ဟူသော ပါဠိတော်ကို ''ပါရုတသံဃာဋိံ အဝတ္ထရိတွာ အနုက္ခိပိတွာတိအတ္ထော'' ဟု ဝိမတိ၌ ပါရုတ-သဒ္ဒါနှင့် ဖွင့်သည်ကို ထောက်၍ သံဃာဋိ-သဒ္ဒါသည် တထပ်ရှိ ကိုယ်ရုံနှင့် နှစ်ထပ် ဒုကုဋ်ကို ဟောသည်ဟု ညောင်လေးပင်ရှင့်ကျင့်၌ ပါရှိ၏၊ အချို့နှစ်ထပ် ဒုကုဋ်ကိုသာ ယူကြသည်၊ ထိုဆရာတို့အလိုဖြင့် ဝိမတိ၌ ပါရုတသည် ရုံထားတဲ့ ဒုကုဋ်သာ ဖိမထိုင်ရ၊ မရုံတဲ့ ဒုကုဋ်ကိုကား ဖိ၍ ထိုင်နိုင်သည် ဟူသော အဓိပ္ပါယ် ယူကြဟန်ရှိသည်၊ သင့်လျော်လှပေ၏၊ အကပ်ခံရာတို့၌ လက်နှစ်ဘက်ဖြင့် ခံယူရခြင်း၊ ဒကာတို့ ရေစက်သွန်းချလိုသည်ရှိသော် ရှေ့၌ သပိတ်ထားလျက် ခံယူရခြင်း ဆွမ်းစားသောအခါ သေခိယနှင့်ညီစွာ စားသောက်ရခြင်း၊ ဆွမ်းစားခါနီးဖြစ်စေ၊ ဆွမ်းစားပြီးနောက် ဖြစ်စေ လက်စသည်ဆေးသောအခါ ရေသံ ပလုပ်ကျင်းသံ စသည် မကြားရအောင် ငြိမ်သက်စွာ ဆေးရခြင်း၊ အနီးအပါး ပုဂ္ဂိုလ်များကို ရေမစင်အောင် သတိထား၍

လက်ဆေးခံ့, ထွေးခံတို့၌သာ ဆေးရ, ထွေးရသည်၊ ဆွမ်းစားပြီး ဆွမ်းစားရာ ဘတ္တဂ္ဂ ကျဉ်းမြောင်း၍ ပြန်ကြွရာ၌ သိတင်းငယ်တို့က ထွက်ရာ တံခါးဝ စသည်နှင့် နီးအံ့၊ မထေရ်ကြီး ထွက်စရာမရှိ၍ သိတင်းငယ်တို့ အရင်ထွက်ပြီး တံခါးဝ၌ ရပ်နေရသည်၊ မထေရ်ကြီးများ ထွက်လာပြီးမှ အစဉ်အတိုင်း ကြွရသည်၊ ထွက်ရန် မထေရ်များ နေရာထွက်ပေါက်ဦး၌ နေသည်ရှိသော် မထေရ်ကြီးများ ရှေ့ဦးကြွ၍ ထွက်ပြန်ရခြင်း၊ ကိုယ်ချင်း ချင်းမထိခိုက်စေပဲ အကြားအကြား၌ လူများ သွားနိုင်အောင် ကွာကျဲ သောအစဉ်ဖြင့် ပြန်ကြွရခြင်း။

## (က) န တာဝ ထေရေန ဘုဥ္ဇတဗ္ဗံ ယာဝ န သဗ္ဗေသံ ဩဒနော သမ္ပတ္တော ဟောတိ–ဟူသော ဘတ္တဂ္ဂဝတ်လာ ပါဠိတော်၏ အဓိပ္ပါယ်ကား ဘယ်လိုလဲ?

လူဒါယကာတို့က အားလုံးရောက်၍ စုံစေ့သောအခါ ရှိခိုးလိုသော ရဟန်းအပိုင်းအခြားရှိ၍ ဘတ္တဂ္ဂ၌အားလုံးသောရဟန်းတို့ ဆွမ်းမရောက် သေးသမျှ မထေရ်ကြီးမှာ ဆွမ်းမစားရသေး၊ ငံ့လင့်နေရမည်၊ အချို့ နေရာ ဆွမ်းစားကုန်လျက် အချို့နေရာ ရေသုံးနေ၍ ကျယ်ဝန်းသော ဘတ္တဂ္ဂ၌ကား မထေရ်ကြီး ငံ့လင့်ဖွယ်မလို၊ အလိုရှိတိုင်း စားနိုင်၏ဟု အဋ္ဌကထာ ဆိုသည်။

## (ခ) န တာဝ ထေရေန ဥဒကံ ပဋိဂ္ဂဟေတဗ္ဗံ ယာဝ နသဗ္ဗေဝ ဘုတ္တာဝိနော ဟောန္တိ–ဟူသော ဘတ္တဂ္ဂဝတ်လာ ပါဠိတော် အဓိပ္ပါယ်ကား ဘယ်လိုလဲ?

အားလုံး ဆွမ်းစားမပြီးသေးမီ မထေရ်ကြီးသည် အပြီးသတ် လက်ဆေးရေ မယူအပ်ဟု ဆိုလိုသည်၊ အဋ္ဌကထာ၌ ရေဟူသည် လက်ဆေးရေကို ဆိုလိုသည်၊ လူတို့ကလည်းကောင်း၊ ရဟန်းတို့က လည်းကောင်း ဆေးပါ ယူပါဟုဆိုလျှင် ယူအပ်သည်ဟု ဖွင့်၏၊ ဆွမ်းမဝသေးမီ အကြား၌ကားရေငတ်၍လည်းကောင်း၊ ဆွမ်းနင်၍လည်းကောင်း ရေသောက်ပြီး လျှင် လက်မဆေးအပ်ဟု အဋ္ဌကထာ ဖွင့်သည်၊ ဋီကာတို့ မနှစ်သက်ကြ၊ လက်ဆေးအပ်၏ ဟူ၍သာ ဖြစ်သင့်သည်ဟု ဆိုကြကုန်၏။

( သတ္တမအကြိမ် )

### လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ဂမိကဝတ္တ ဟူသောပုဒ်ကို အနက်ယောဇနာ၍ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဂမိက ခေါ်ရသည်ဟု ဖော်ပြပါ။
၂။ အနုမောဒနာ၌ အနု-သဒ္ဒါ၏ အနက်ကို ထုတ်ပြ၍ သီတင်းသုံးဖော်ယ်များ တရားဟောနိုင်သော အချက်ကို ဖော်ပြပါ။
၃။ ဘတ္တဂ္ဂဝတ်၌ ဘတ္တဂ္ဂ-သဒ္ဒါ၏ အနက်နှင့် ၎င်းဝတ် ၃-မျိုးလောက် ထုတ်ပြပါ။
၄။ ခရီးသွားလိုသော ရဟန်းသည် ဘယ်ဝတ်ကို ပြုကျင့်ရပါသလဲ။
၅။ ဘယ်လိုဌာနကို ဘတ္တဂ္ဂဟု ခေါ်ရသလဲ။
၆။ မြို့ထဲဆွမ်းစားပင့်၍သွားစားတဲ့ ရဟန်း,သာမဏေဟာ ဘယ်လိုလုပ်ပြီး သွားသင့်, စားသင့်, နေသင့်, ပြန်သင့်ပုံကို ညာဏ်စွမ်းရှိသလောက် ထုတ်ပြပါ။

ဘတ္တဂ္ဂဝတ် မှတ်သားဖွယ် ပြီးပြီ။

---

### ၆-ပိဏ္ဍစာရိကဝတ်

ဆွမ်းခံကြွသွားလေ့ရှိသော ရဟန်း, သာမဏေတို့ကို ပိဏ္ဍစာရိက-ဟု ခေါ်သည်၊ (ပိဏ္ဍ=ဆွမ်းအလို့ငှာ+စာရိက=လှည့်လည်လေ့ရှိသူ) ထိုဆွမ်းအလို့ငှာ လှည့်လည်သောပိဏ္ဍစာရိကပုဂ္ဂိုလ်သည် ကျင့်အပ်သောကြောင့် ပိဏ္ဍစာရိကဝတ်ဟု ခေါ်သည်။

### ပိဏ္ဍစာရိကဝတ်များ

ရွာသို့ဝင်အံ့ဟု နှလုံးပြု၍ သင်းပိုင်ကိုအဝန်းညီစွာဝတ်ခြင်း၊ခါးပန်းကိုဖွဲ့ခြင်း၊ အထပ်နှင့်တကွပြု၍ ကိုယ်ဝတ် ဒုကုဋ်တို့ကို သုပ္ပဋိစ္ဆန္န-အရ ရုံခြင်း၊အနားပတ်သီးတပ်ခြင်း၊သပိတ်ကို ရေဆေးခြင်း၊ရေကျင်းခြင်းကိုပြုလျက် သပိတ်ယူ၍ ကောင်းမွန်စွာ မနှေးမလျင် ရွာတွင်းသို့ဝင်ရခြင်း၊ ဘတ္တဂ္ဂဝတ်၌ကဲ့သို့ ကောင်းစွာ ဖုံးလွှမ်းလျက် ရွာထဲသွားရခြင်း စသော သေခိယနှင့်အညီ ဝတ်တို့ကိုလည်းပြုရခြင်း၊အိမ်သို့ဝင်သည်ရှိသော်အဝင်အထွက် တံခါးကို အမှတ်ပြုရခြင်း၊ အဆောတလျင် မဝင်မထွက်ရခြင်း၊ အလွန်ဝေးသောအရပ်၌ မရပ်ရခြင်း၊ မရှည်မကြာရပ်ခြင်း၊ လျင်မြန်စွာ မထွက်သွားရခြင်း၊ ဆွမ်းလှူလိုသလော, မလှူလိုသလောဟု ရပ်လျက်

မှတ်သားရခြင်း၊ ပြုလုပ်မြဲအမှုကို ချခဲ့သော်လည်းကောင်း ယောက်ျ, ယောက်မ, ဇွန်းကိုဖြစ်စေ၊ အိုးခွက်, ပန်းကန်ကိုဖြစ်စေ သုံးသပ်ခဲ့သော်လည်းကောင်း၊ရပ်တော်မူပါဦးဟုလျှောက်ခဲ့သော်လည်းကောင်း၊ ဆွမ်းလှူလိုပေသည်ဟု နှလုံးပြု၍ရပ်နေရခြင်း၊ ဆွမ်းလောင်းဘည်ရှိသော် လက်ဝဲလက်ဖြင့် ရုံထားသော သံဃာဋိသင်္ကန်းကို ဖယ်ရှား၍ လက်ျာလက်ဖြင့်သပိတ်ကိုညွတ်၍ လက်နှစ်ဖက်တို့ဖြင့် သပိတ်ကိုမ, စသိမ်းဆည်း၍ ဆွမ်းကိုခံရခြင်း၊ သေခိယ သိက္ခာပုဒ်တော်နှင့်အညီ ခံယူရခြင်း၊ ဆွမ်းကို လောင်းလှူသော ဒါယကာ ဒါယိကာမတို့၏ မျက်နှာကို မကြည့်ရခြင်း၊ ဟင်းကိုလည်း လှူလိုသည် မလှူလိုသည်ကို ရှေ့က ဆွမ်း၌ ဆိုခဲ့ပြီးအတူ အမူအရာကိုကြည့်ရှုခြင်း လျှောက်ထားခြင်းတို့ဖြင့် ဟင်းကို လှူလိုသေးသည်ဖြစ်ခဲ့မူ ရပ်နေရခြင်း၊ ဆွမ်းဟင်းစသည်ကို လောင်းလှူခဲ့ပြီးသော် သံဃာဋိသင်္ကန်းဖြင့် သပိတ်ကိုဖုံးလွှမ်း၍ ရိုသေကောင်းမွန်စွာ ကိုယ်အမူအရာဖြင့် မနှေးမလျင် ပြန်နှစ်ထွက်လာခဲ့ရခြင်း။

မှတ်ချက် ရှေးအခါ ဆွမ်းခံရာတို့၌ သပိတ်ဖုံးမပါသဖြင့် ရုံထားသော သံဃာဋိဖြင့် သပိတ်ကိုဖုံးလျက် ဆွမ်းခံထွက်သောကြောင့် ထိုသံဃာဋိတို့ဖယ်၍ ဆွမ်းခံခြင်း၊သပိတ်ကိုဖုံးရခြင်းဆိုသည်၊ ယခုကာလ သပိတ်ဖုံး ပါပြီးဖြစ်၍ ဖယ်ခြင်း, ဖုံးခြင်းကိစ္စတို့ ပြုဖွယ်မရှိပြီ။

ရှေးဦးစွာ ဆွမ်းခံရွာမှ ကျောင်းသို့ ပြန်ရောက်သော ရဟန်းသည် ကျောင်း၌ နေရာခင်းရခြင်း၊ ခြေဆေးရေ, ခြေဆေးအင်းပျဉ်, ခြေပွတ်အိုးခြမ်းတို့ကို အနီး၌ထားရခြင်း၊(အတ္တောရပါတိ)ခေါ် ဆွမ်းဦးထည့်သောခွက်ကို ဆေး၍ထားရခြင်း၊ (အတ္တောရပါတိ) ခေါ် ဆွမ်းထည့်သော ခွက်ကား ဆွမ်းကိုခံယူပြီးသော ပိဏ္ဍစာရိကရဟန်းသည် မိမိမျှတ သုံးဆောင်လောက်ရုံသော ဆွမ်းထက် ပိုလျှံသော ဆွမ်းကို ရည်မှတ် တိုင်းထွာလျက် ရှေးဦးစွာ ပယ်ရှားဆောင်ယူ၍ထားရာဖြစ်သောခွက်ဟု ကျမ်းဂန်တို့၌ ဆို၏။

ရှေးအခါ ဆွမ်းခံအတူကြွရိုး, အတူစားရိုး မရှိပဲ ထိုဆွမ်းလောင်းခွက်ကို ပထမပုဂ္ဂိုလ်က ဆွမ်းပိုများကို နောက်ကြွကိုယ်တော်တို့ဘုဉ်းပေး

(သတ္တမအကြိမ်)

လိုက ဘုဉ်းပေးနိုင်ကြရန်ဟု ထားကြလေသည်၊ ထိုကြောင့် ထိုခွက်ကို ရှေးဦးရောက်နှင့်သောပုဂ္ဂိုလ်က ဆေးထားခြင်း၊ ပိုလွန်သော ဆွမ်းများ မစားသေးမီ သွန်ထည့်ခြင်းတို့ ပြုရလေသည်၊ထို့ပြင် သောက်ရေ,သုံးရေ များ တည်ထားရခြင်း၊ ဆွမ်းခံရွာမှ နောက်ရောက်သော ရဟန်းသည် ရှေးပုဂ္ဂိုလ်များမှ ကျန်ခဲ့သောဆွမ်းကိုအလိုရှိခဲ့လျှင်ယူ၍ဘုဉ်းပေးရခြင်း၊ အလိုမရှိခဲ့လျှင် စိမ်းသော မြက်သစ်ပင်မရှိသော မြေ,ပိုးမရှိသောရေတို့၌ သွန်ပစ်,မျှောပစ်ရခြင်း၊ရှေ့ရဟန်းခင်းထားသောနေရာတို့ကိုခေါက်သိမ်း ရခြင်း၊ ခြေဆေးရေ, ခြေဆေးအင်းပျဉ်, ခြေပွတ် အိုးချမ်းတို့ကို သိုမှီး သိမ်းဆည်းရခြင်း၊ ဆွမ်းဦးလောင်းခွက်ကို ဆေး၍ သိမ်းဆည်းရခြင်း၊ ဆွမ်းစားရာ အရပ်ကို တံမြက်စည်းလှည်းရခြင်း၊ ရေမရှိသော သောက် ရေအိုး, သုံးရေအိုး, သန့်သက်ရေအိုးတို့ တွေ့ခဲ့လျှင် ရေထည့်ရခြင်း၊ ထို အိုးကို မချီ မ-မနိုင်လျှင် အဖော်ပုဂ္ဂိုလ်တို့ကိုလက်ယပ်ခေါ်၍ နှစ်ယောက် လက်တွဲ၍ ရေတည်ရခြင်း၊ထိုရေအိုး မချီ မသယ်နိုင်မှုအတွက် နှုတ်မြွက်၍ မခေါ်ငင်ရခြင်း၊ စကားပြောလျှင် မိမိနှင့်တကွ စကားသံကြားသူတို့ အတွက် သမာဓိပျက်ဖွယ်ရှိ၍သာ ပိတ်ပင်လေသည်၊ ကျောင်း၌ လူစောင့် မကျန်ခဲ့ပဲ ဆွမ်းခံရွာသို့ ထွက်ရမည့်ကျောင်းမျိုး၌ သစ်ဘဏ္ဍာ,မြေဘဏ္ဍာ စသည်တို့ကို သိုမှီးခြင်း၊တံခါးပိတ်ခြင်း၊သော့ခတ်ရခြင်း စသော ခိုးသားရန် တားမြစ်ရေးတို့ကိုလည်း ပြုသင့်လေသည်၊ ထို့ကြောင့် ပိဏ္ဍစာရိကဝတ် အနက်၌ သစ်ဘဏ္ဍာ, မြေဘဏ္ဍာ စသည်တို့ကို သိုမှီးခြင်းဟု ထည့်၍ သမ္မန်တော်မူကြပါသည်၊ ပါဠိတော်၌ကား မတွေ့။

ပိဏ္ဍစာရိကဝတ် မှတ်သားဖွယ် ပြီးပြီ။

## ၇-အာရညကဝတ်

တောကျောင်း၌ နေတတ်သော ပုဂ္ဂိုလ်ကို အာရညက ပုဂ္ဂိုလ်ဟု ခေါ်ရသည်၊ (အာရည=တော၌+က=နေတတ်သူ)ထိုတောကျောင်းနေ အာရညက ပုဂ္ဂိုလ်သည် ကျင့်ကြံအပ်သော ဝတ်ဖြစ်သောကြောင့် အာရညကဝတ်ဟု ဆိုသည်။

အရညေ ဝသတီတိ အာရညိကော၊ တေန ဝတ္တိတဗ္ဗံ ဝတ္တံ အာရညိကဝတ္တံ။ (ဝိနယာလင်္ကာရ ဋီကာ)

ထိုဋီကာအရ အာရညကင်ဓုတင် မဆောက်တည်သော်လည်း အာရညကဝတ်ကိုကား ပြုရမည်ဟု မှတ်ပါလေ။

**အာရညကဝတ်များ**

တောနေပုဂ္ဂိုလ်သည် စောစောထ၍ သပိတ်ကို အိတ်၌ထည့်၍ ပခုံး၌ ချိတ်ပြီး သင်္ကန်းကို ပခုံး၌တင်ခြင်း၊ သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ကို သိုမှီးခြင်း၊ တံခါးမ,လေသာတံခါးတို့ကို ပိတ်ခြင်းတို့ကိုပြု၍ ဖိနပ်စီးလျက် မိမိနေရာအရပ်မှ ထွက်ရခြင်း၊ ရွာဝင်တော့မည် ပြုသောအခါ ဖိနပ်ချွတ်၍ ကောင်းမွန်စွာ ခါရမ်းလျက် သင်းပိုင်ကိုအဝန်းညီစွာ ဝတ်ခြင်း၊ခါးပန်းကိုဖွဲ့ခြင်း အထပ်ရှိသည်ကို ပြု၍ သံဃာဋိ သင်္ကန်းတို့ကိုရုံခြင်း၊ (ဤ၌ ဒုကုဋ်နှင့်ကိုယ်ရုံ ထပ်ရုံရမည်၊ သံဃာဋိ-ဒုကုဋ်မရှိသောသူမှာကား ကိုယ်ရုံ တထည်ဖြစ်စေ၊ နှစ်ထည်ဖြစ်စေ ရုံနိုင်သည်၊ ထို့ကြောင့် အထပ်ရှိသည်ကို ပြု၍ဟု ဆိုခဲ့သည်၊ အနားပတ်သီးတပ်ရခြင်း၊ ဆေးပြီး သပိတ်ယူ၍ ကောင်းမွန်စွာ မနှေးမလျင် ရွာထဲသို့ ဝင်ရခြင်း၊ ဘတ္တဂ္ဂဝတ်၌ ဆိုခဲ့ပြီး သောနည်းတူ ကောင်းစွာ ဖုံးလွှမ်း၍ သွားရခြင်း စသော သေခိယလာ သွားသော အစီအရင်တို့ဖြင့် သွားရခြင်း၊ အိမ်ဝင်သောအခါ အဝင် အထွက်, တံခါးမှတ်ခြင်း စသော ဆွမ်းခံ လှည့်လည်သော အစီအရင်ကို ပိဏ္ဍစာရိကဝတ်၌ ဆိုခဲ့ပြီးသောနည်းအတိုင်း ကျင့်ကြံရခြင်း၊ တောနေပုဂ္ဂိုလ်သည် သောက်ရေသုံးရေ တည်ထားရခြင်း၊ ရေအိုး,ရေခွက် မပြည့်စုံပါက သောက်ရေကိုပင် သုံးရေပြု၍ တအိုးတည်းပင် တည်ထားရခြင်း၊ အိုးခွက် ရှာမရခဲ့သော် ဝါးကျည်တောက်ကိုပင် အိုးပြု၍ တည်ထားရခြင်း၊ ဝါးကျည်တောက်ကိုပင် ရှာမရခဲ့သော် မိမိ ကျောင်းအနီး၌ ရေတွင်းနီးအောင် ပြုလုပ်ထားရခြင်း၊ မီးကို အမြဲမပြတ် တည်ထား မွှေးထားရခြင်း၊ မီးပွတ်ခုံနှင့် ပွတ်ကျည်ထားရခြင်း၊ (မီး လိုသောအခါ ရရှိရန် သစ်သားလေးဖက်ဖြစ်စေ၊ နှစ်ဖက်ဖြစ်စေ၊တဖက်ဖြစ်စေ ညီညွတ်အောင် ရွေ၍ ပွတ်ရန် အရာများပြု၍ထားသော သစ်သားဝတ္ထုကို မီး ပွတ်ခုံခေါ်သည်၊ ထိုမီးပွတ်ခုံအရာပြုရာ၌ ပွတ်ရန်ပြုထားသော သစ်သား ချောင်းကို ပွတ်ကျည်ဟု ခေါ်သည်၊ မီးလိုလျှင် ပွတ်ကျည် သစ်သား ချောင်းဖြင့် ပွတ်ခုံကို ပွတ်လှည့်လျှင် မီးထွက်နိုင်၏၊)မီးပွတ်ခုံ, ပွတ်ကျည် တို့အစား ယခုကာလ ဓာတ်မီးချစ်, သစ်သားမီးချစ်, မီးခတ်ကျောက်တို့

ထားလျှင်လည်း အတူတူပင်ဟု မှတ်၊ ထိုသို့ မီးဖြစ်နိုင်သော မီးပွတ်ခုံ ပွတ်ကျည်တို့ရှိခဲ့လျှင် မီးမွေးမထားပဲလည်း နေနိုင်၏။

တောနေ ရဟန်းများအတူ ကန္တာရ ခရီးသွားသော သူများလည်း မီးပွတ်ခုံ ပွတ်ကျည်တို့ ဆောင်သွားရမည်ဟု ဆို၏၊ အများစု၍ ဂိုဏ်း အပေါင်း၌နေသူအား ထိုမီးပွတ်ခုံ ပွတ်ကျည်တို့ မရှိပဲလည်း နေနိုင်ပါ၏၊ တောင်ဝှေးထားရခြင်း အလုံးစုံဖြစ်စေ၊ အချို့ဖြစ်စေ၊ နက္ခတ်တို့ကို သင်ထားရခြင်း၊ ဤပါဠိတော်တွင် တောနေရဟန်းများအား ခိုးသူတို့က အရှင်ဘုရားတို့ ယနေ့သည် ဘယ်နက္ခတ်နှင့် ယှဉ်ပါသလဲဟု မေးမြန်း၍ မရသဖြင့် ဤသူတွေဟာ သူခိုးတွေပဲ ရဟန်းမဟုတ်ဟု ပြောဆိုရိုက်နှက် ကုန်လျက် သွားကြကုန်သောကြောင့် နက္ခတ်တို့ကို အလုံးစုံဖြစ်စေ၊ အချို့ ဖြစ်စေ သင်ရမည့် ဝတ်အကျင့်တို့ကို ပညတ်တော်မူ၏၊ နက္ခတ်ဟူသည် ကောင်းကင်၌ မြင်းမိုရ်တောင်ကို လှည့်ပတ်၍ သွားလာနေကြသော ခြောက်လုံး သုံးလုံးစသော ကြယ်အပေါင်းကိုပင် အဿဝနီနက္ခတ် ဘရဏီ နက္ခတ် စသည် ခေါ်ဝေါ်ပညတ်ကြ၏၊ အဘိဓာန် သင်္ဂဟကျမ်းမှ နက္ခတ် ၂၇-လုံး ထုတ်ပြပါအံ့။

၁။ အဿဝနီနက္ခတ်။
၂။ ဘရဏီ။
၃။ ကြတ္တိကာ။
၄။ ရောဟဏီ။
၅။ မိဂသီ။
၆။ အဒြ။
၇။ ပုနဗ္ဗုသျှ။
၈။ ဖုသျှ။
၉။ အသလိဿ။
၁၀။ မာဃ။
၁၁။ ပြုဗ္ဗဖလဂုနီ။
၁၂။ ဥတ္တရဖလဂုနီ။
၁၃။ ဟသတ။
၁၄။ စိတြ
၁၅။ သွာတိ။
၁၆။ ဝိသာခါ။
၁၇။ အနုရာဓ။
၁၈။ ဇေဋ္ဌ။
၁၉။ မူလ။
၂၀။ ပြုဗ္ဗာသာဠ်။
၂၁။ ဥတ္တရာသာဠ်။
၂၂။ သရဝဏ်။
၂၃။ ဓနသိဋ္ဌ။
၂၄။ သတဘိသျှ။
၂၅။ ပြုဗ္ဗဘဒြပိုဒ်။
၂၆။ ဥတ္တရဘဒြပိုဒ်။
၂၇။ ရေဝတီ နက္ခတ်၊ ပေါင်း ၂၇-လုံးလာရှိသည်။

(သတ္တမအကြိမ်)

မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကထာ တုဝဋ္ဋကသုတ္တနိဒ္ဒေသ၌ ''နက္ခတ္တပါဌကာ နက္ခတ္တံ အာဒိသန္တိ အဋ္ဌဝီသတိ နက္ခတ္တာနိ ကြမိနာ နက္ခတ္တေန ဃရပဝေသော ကာတဗ္ဗော'' စသည်ဖြင့် နက္ခတ် ၂၈-လုံး လာသည်။

**အာရညကဝတ် အနက်၌ နက္ခတ် တာရာတို့ကို မှတ်သားခြင်းဟု**

**သမ္ဗန္ဓ်ရ.ဝယ် နက္ခတ်နှင့်တာရာ တူသလော? ထူးသလော?**

တာရာတို့ကို ဝိနည်းတို့၌ မတွေ့ရ၊ ထိုအာရညကဝတ်၌ ''နက္ခတ္တပဒါနိ''ဟုသာ လာခဲ့သည်၊ မာဂဓ အဘိဓာန်၌ ''နက္ခတ္တံ ဇောတိ ဘံ တာရာ၊ အပုမေ တာရကောဋ္ဌု စ''ဟု နက္ခတ်ပရိယာယ် ခြောက်ပုဒ် အတွင်း၌ တာရာ-ပါနေသဖြင့် နက္ခတ်, တာရာ အတူတူပါဟု ဆိုဖွယ်ရှိ၏၊ သို့သော် လောကီကျမ်းများ၌ နက္ခတ်ကြီး ၂၇-လုံးအပြင် တာရာကြီး ၉-လုံးကို ပြကြသေး၏၊ ထိုတာရာကြီး ၉-လုံးမှာ နက္ခတ်တို့ကဲ့သို့ ကြယ် ၁၀-လုံး အပေါင်းစသည်ကို ကြိုးတာရာ စသည် ခေါ်ဝေါ်ကြသဖြင့် ၎င်းလောကီတို့အလို နက္ခတ်နှင့် တာရာ မတူ ထူးခြားသည်ဟု ယူဆဖွယ် ရှိသည်၊ တာရာကြီး ၉-လုံးကား—

| | |
|---|---|
| ၁။ ကြိုးတာရာ။ | ၆။ တံငါတာရာ။ |
| ၂။ ဟင်္သာတာရာ။ | ၇။ ဆင်တာရာ။ |
| ၃။ ပုဇွန်တာရာ။ | ၈။ မြင်းတာရာ။ |
| ၄။ ချိန်တာရာ။ | ၉။ ဗျိုင်းတာရာ။ |
| ၅။ ဆန်ကျင်တာရာ။ | |

**ပုဇွန်, ဟင်္သာ၊ ချိန်, တံငါ, ဆင်၊ ဆန်ကျင်, ကြိုး, မြင်း၊**

**ဗျိုင်းကိုသွင်း, ကိုးသင်း တာရာကြီး။**

ဆိုခဲ့သော နက္ခတ်, တာရာတို့ကို အမည်နှင့်တကွ လနှင့်ယှဉ်ပုံ စသည်တို့ကို သိအောင် စွမ်းနိုင်သမျှ သင်ကြားထားရမည့်ပြင် အရပ်မျက်နှာကို မှတ်သားထားရခြင်း၊ (ဤအရာနှင့်စပ်၍ တနင်္ဂနွေစသောနေ့များ, ဝါရမိတ္တူ, နဂါးလှည့်, ရက်ရာဇာ, ပြဿဒါးစသော သူခိုးဒမြတို့ မေးတတ်သော အချက်တို့ကို သိထားနိုင်က ဘုရားအလိုတော်နှင့်တကွ ဘေးရန်အပြစ်များ လွတ်လပ်ခြင်းအကျိုး ပွားတိုးနိုင်ဖွယ်ရာ ရှိလေသည်။)

အာရညကဝတ် မှတ်သားဖွယ် ပြီးပြီ။

**( သတ္တမအကြိမ် )**

## ဂ–သေနာသနဝတ်

ကျောင်းကို လည်းကောင်း၊ အိပ်ရာ နေရာကို လည်းကောင်း၊ သေနာသနဟု ခေါ်သည်၊ ( သေန=အိပ်ရာ+အာသန–နေရာ ) ထို ကျောင်းအိပ်ရာ နေရာတို့၌ ပြုကျင့်အပ်သော ဝတ်ဖြစ်သောကြောင့် သေနာသနဝတ်ဟု ဆိုရသည်။

### သေနာသနဝတ်များ

ရဟန်း သာမဏေတို့သည် မိမိတို့နေရာ ကျောင်း အိပ်ရာ နေရာကို သန့်ရှင်းအောင် သုတ်သင် ရှင်းလင်းကြရသည်၊ ထို့ကြောင့် နေသော ကျောင်း၌ သုတ်သင် ရှင်းလင်းခြင်းငှာ စွမ်းနိုင်ခဲ့အံ့၊ ရှေးဦးစွာ သပိတ်, သက်နိုး, နိသီဒိုင်, ဘုံလျှိ ခေါင်းအုံးများကို လည်းကောင်း၊ ညောင် စောင်း အင်းပျဉ်, ညောင်စောင်းခြေ, ကုလားထိုင်, ဗိရို, ထွေးခံ, တကဲပြင်, စားပွဲ စသည်တို့ကိုလည်းကောင်း မထိခိုက်အောင် ထုတ်၍ သင့်တော်ရာ၌ ထားရခြင်း၊ မြေအခင်း သင်ဖြူးစသော အခင်းမျိုးတို့ကို ခင်းထားပုံ အခြင်းအရာ မှတ်သားလျက် ခေါက်လိပ် ထုတ်ဆောင်၍ သင့်လျော်ရာ၌ ထားရခြင်း၊ ကျောင်း၌ ပင့်ကူအိမ် ပိုးအိမ် စသော အမှိုက်သရိုက်ရှိခဲ့သော် အထက် မျက်နှာကြက် ဗိတာန်မှစ၍ လှည်းပယ် ပွတ်ခတ်ချရခြင်း၊ လေသာပြတင်း တိုက်ခန်းထောင့်အဖို့တို့ကို ပွတ်တိုက် ရခြင်း၊ ဂေ့ သဘော (သဘောဆေး) စသည်ဖြင့် အပြေအပြစ်ပြုထား သော နံရံတို့ မှိုတက်ခဲ့အံ့၊ ပုဆိုးကြမ်း ရေဆွတ်ညှစ်ပြီး ပွတ်တိုက်ရခြင်း၊ မည်းနက်သော အရောင်အဆင်းဖြင့် အပြေအပြစ် ပြုထားသော မြေ သည် မှိုတက်ခဲ့အံ့၊ ထို့အတူ ပွတ်တိုက်ရခြင်း၊ အပြေအပြစ် မပြုသော မြေအဖို့၌ကား ကျောင်းကို မြူသည် မနှိပ်စက် မဖျက်ဆီးပါစေလင့်ဟု နှလုံးပြု၍ ရေဖြင့်ဖြန်းလျက် မြေအဖို့ကို တံမြက်ခတ်ရခြင်း၊ အမှိုက်တို့ကို စုရုံး၍ သင့်တော်သောဒေသ၌ သွားစွန့်ပစ်ရခြင်း၊ ရဟန်း သာမဏေတို့ အနီးအပါး ကျောင်းအနီးအပါး သောက်ရေအိုး, သုံးရေအိုး အနီး အပါး လေညာ လေထက်အရပ်တို့၌ ကျောင်းအိပ်ရာ နေရာစသည်တို့ကို အမှိုက်အမှုန် ထုတ်ခြင်းဖြင့် မခါမပုတ်ရခြင်း၊ လေအောက်၌ ပုတ်ခါရ ခြင်း၊ အခင်းအမျိုးတို့ကို သင့်တော်ရာ၌ နေလှန်းခြင်း၊ သုတ်သင်

( သတ္တမအကြိမ် )

ခြင်း၊ ခါပုတ်ခြင်းတို့ကို ပြု၍ ထားမြဲနေရာ၌ ပြန်ခင်းထားရခြင်း၊ ဤ၌ ပထမယူစဉ် ခင်းထားသူက နားလည်မှုမရှိ၍ ခင်းပုံ နေရာမကျ ရှိခဲ့သော် ရှေးခင်းထားအတိုင်း မခင်းမူ၍ ထက်ဝန်းကျင်မှ နံရံကို လက်နှစ်သစ်, သုံးသစ်မျှ လွတ်စေ၍ ခင်းထားခြင်းကား ခင်းထားရာ ဝတ္တရားတည်းဟု အဋ္ဌကထာ ဆိုသည်။

ညောင်စောင်းစသည်တို့ကို သင့်လျော်ရာ၌နေလှမ်းသုတ်သင်ခါလှန်းပြီးလျှင် ရှိသောကောင်းမွန်စွာ တံခါးရွက်, တံခါးပေါင်, မြေစသည်တို့ မထိခိုက်မပွတ်ခတ်စေပဲရှေးခင်းထားမြဲ အစဉ်အတိုင်းပြန်ခင်းထားရခြင်း၊ သပိတ်ထားသူသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်း,အင်းပျဉ်အောက်တို့ကို သုတ်သင်ပြီးမှ သပိတ်ထားရခြင်း၊ (အကြားမရှိ) အခင်းမရှိသော မြေ၌ သပိတ်မထားရခြင်း၊ အခင်းမရှိသော ဖုန်ကျောက်စရစ်ရှိသောမြေပေါ်၌ သပိတ်မထားအပ်၊မည်းသော အဆင်းဖြင့် အပြေအပြစ်ပြုသော မြေပေါ်၌ ဖြစ်စေ၊ အင်္ဂတေကျံထားသော မြေပေါ်၌ ဖြစ်စေ၊ မြူမှုန်ကင်းခဲ့သည်ဖြစ်အံ့၊ သပိတ်ထားခြင်းငှာ အပ်၏၊ သန့်ရှင်း ပြောင်စင်သော သဲပေါ်၌ သပိတ်ထားအပ်၏၊ မြေမှုန်, မြူ,ကျောက်စရစ် စသည်တို့ အပေါ်၌ သပိတ်မထားအပ်၊ၡင်းတို့အပေါ် သစ်ရွက်ဖြစ်စေ၊ သပိတ်ခြေဖြစ်စေ ခံ၍ သပိတ်ထားအပ်၏၊သင်္ကန်းထားသူသည် လက်တဖက်ဖြင့် သင်္ကန်းကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်းကို ပွတ်တိုက်ပြီး၍ ထိုမှာဘက်က အစွန်းကို ထားလျက် ဤမှာဘက်မှ အခွေပြု၍(အခေါက်ပြု၍)တင်ထားရခြင်း (ဤ၌ သင်္ကန်းတန်းစသည်တို့၏အောက်၌ လက်ကိုသွင်း၍ ရှေ့ရှုသောလက်ဖြင့် ဖြည်းဖြည်းသာသာချဖို့ရန်အတွက် ဟိုဘက်ကို အစွန်းပြု၍ မိမိဘက် အခွေအခေါက်) ပြုထားဟုဆိုလိုသည်၊ အစွန်းတို့ကိုကိုင်၍ အခွေလိုက် အခေါက်လိုက် သင်္ကန်းတန်းအပေါ် ပစ်တင်ခဲ့အံ၊အခေါက်ကို နံရံ၌ထိပါးရာ၏၊ထို့ကြောင့် ထိုထိပါးသော အခြင်းအရာအားဖြင့် မပြုအပ်ဟု အဋ္ဌကထာဆိုသည်၊ မြူနှင့်တကွ လေလာသည်ရှိသော် လေသာပြုတင်းကို ပိတ်ရခြင်း၊ ချမ်းအေးသော အခါ နေ့အချိန်တွင် လေသာပြဘင်းဖွင့်၍ ညအချိန် ပိတ်ရခြင်း၊ ပူသော အခါ နေ့အချိန် လေသာပြုတင်း ပိတ်၍ ညအချိန် ဖွင့်ရခြင်း ပရိဝုဏ်, ရေချိုးအိမ်, တံခါးမုခ်, ညီမူရာဇရပ်, မီးတင်းကုပ်တို့၌ အမှိုက်ရှိခဲ့အံ့၊

အမှိုက်များ လှည်းရခြင်း၊ (ဤ၌ ပရိဝုဏ်ဟူသည် ပတ်ဝန်းကျင် အတွင်းအရပ်ကို) ဆိုသည်၊ ထိုပရိဝုဏ်သည် ကျောင်းပတ်ဝန်းကျင် အဘွင်းကို ကျောင်းပရိဝုဏ်၊ ကုဋိပတ်ဝန်းကျင် အတွင်းကို ကုဋိပရိဝုဏ်၊ ဘုရားစေတီ ပတ်ဝန်းကျင် အတွင်းကို စေတီပရိဝုဏ်ဟု အမျိုးမျိုးရှိသည်ဟု မှတ်။

ပရိဝေဏန္တိ ဝိဟာရကုဋိ ပရိက္ခေပဗ္ဘန္တရံ။ (စူဠဝ ါ အဋ္ဌကထာ ခုဒ္ဒကဝတ္ထု)

သောက်ရေ,သုံးရေမရှိက တည်ထားရခြင်း၊ သန့်သက်ရေအိုး၌ ရေမရှိခဲ့အံ့၊ ရေခပ်သွန်းလောင်းရခြင်း၊ (ဤဝတ်တိုင်အောင် ကျောင်းသုတ်သင်ရှင်းလင်းသော ဝိဟာရ သောဓန ဝတ်ဟု ခေါ်သည်၊ တပါးသော ဝတ်ပြုခြင်းတို့၌ ကျောင်းသုတ်သင်ရခြင်း၊ ဝိဟာရ သောဓန ဝတ်ဆိုပါက ဤ တိုင်အောင်သော ဝတ်စုဟု မှတ်ပါ၊) မထေရ်ကြီးနှင့် တကျောင်းတည်း နေခဲ့အံ့၊ မထေရ်ကြီးကို မပန်ကြားပဲ ပါဠိ အဋ္ဌကထာ မချပို့ မသင်ပေးရခြင်း၊ ရွတ်အံသရဇ္ဈာယ်ခြင်းကိုမပြုရခြင်း၊ တရားမဟောရခြင်း၊ (ဆီမီး ခေါတ်မီး) မထွန်းရ, မငြိမ်းသတ်ရခြင်း၊ လေသာပြတင်းကို မဖွင့် မပိတ်ရ၊ ဤတကျောင်းတည်းနေ မထေရ်ကြီးကို ပန်ကြားရာ၌ အများသုံးဆောင်သော တံခါးမ၌ ပန်ကြားဖွယ် မလို၊ ပါဠိတော် သင်ပေးခြင်း စသည်တို့ကိုကား ပန်ကြားရမည်သာ၊ နေ့တိုင်းသော်လည်း ပန်ကြားရ၏၊ သို့မဟုတ် ပါဠိ သင်ခြင်းစသည်တို့ကို အလိုရှိတိုင်း ပြုလုပ်နိုင်ရန် ခွင့်ပြုတော်မူပါသည် စသည်ဖြင့် အပြီးပန်ကြားထားသည်ရှိသော် မထေရ်ကြီးက ကောင်းပြီဟု ခွင့်ပြုခဲ့အံ့၊ ပန်ကြားဖွယ်မရှိ၊ မပန်ကြားသေးမီ မထေရ်ကြီး ကိုယ်တိုင်က ချမ်းသာအောင်နေဟု အစောက ခွင့်ပေးထားအံ့၊ ပန်ကြားဖွယ်မရှိပြီ။ တနည်းအားဖြင့် အကျွမ်းဝင် ချစ်ခင်သော မထေရ်ကြီးအား အကျွမ်းဝင်သောအားဖြင့် ငါပြုသည်ကိုသဘောတူလတ္တံ့ဟု နှလုံးပြု၍ မပန်ကြားပဲ ပါဠိသင်ခြင်းစသည် ပြုနိုင်၏ဟု အဋ္ဌကထာ ဆိုသည်၊ မထေရ်ကြီးနှင့် စကြံသွားခဲ့အံ့၊ မထေရ်ကြီးဘက်သို့ မျက်နှာမူလှည့်၍ သွားရခြင်း၊ (ကျောပေး၍ မလှည့်ရဟု ဆိုလိုသည်၊) မထေရ်ကြီးကို သက်နှန်းစွန်းဖြင့် ထိပါးတိုက်ခိုက်ခြင်းအမှုများ မပြုရခြင်း၊ ဆွမ်းစားကျောင်းစသည်တို့၌ နေထိုင်သွားသော အခါတို့၌ ထို့အတူ မထေရ်ကြီးကို မျက်နှာမူ၍ နေထိုင်သွားလာ လှည့်ပတ်ရခြင်း၊ ဤကား

(သတ္တမအကြိမ်)

ပါဠိတော်အဋ္ဌကထာတို့၌ လာသော သေနာသန ဝတ်ပြုပုံတည်း၊ ဤမှ တပါး ယခုခေတ်နှင့်လျော်သော သေနာသနဝတ်များလည်း ရှိတန်ရာ၏၊ ကျန်းဂန်ထဲ မပါသော်လည်း ပြုသင့်သည်ဟု မှတ်၊ ဥပမာ-စက်ရှိသော ကျောင်း၌ မီးစက်မောင်းခြင်း၊ မီတာဖွင့်ခြင်း၊ မီးဖွင့်ခြင်း၊ ထင်းလှောင်ထားသော ကျောင်းမျိုး၌ ထင်းပေါက် ထင်းခွဲ ထင်းဖြတ်ခြင်း စသည်တို့သည် သေနာသနဝတ်အတွင်းသို့ သက်ဝင်သည်ဟု မှတ်။

သေနာသနဝတ် မှတ်သားဖွယ် ပြီးပြီ။

---

## ၉-ဇန္တာဃရဝတ်

ဆီးနှင်းအားကြီး၍ အအေးများသော အရပ်ဒေသတို့၌ ငှက်ဖျားစသော အအေးမိသော ရောဂါများ ဖြစ်တတ်၏၊ ထိုရောဂါများ မဖြစ်ရအောင် ကိုယ်ခန္ဓာ၌ ချွေးထွက်၍ အဖွင့်ခတ်ရစေခြင်းငှာ မီးဖိုပါသော ရေချိုးအိမ်များကို ဆောက်လုပ်ကြရ၏၊ ထို ရေချိုးအိမ် ကျောင်းငယ်ကို ဇန္တာဃရရေချိုးအိမ်ဟု ခေါ်သည်၊ (ဇံ=ကိုယ်ကို+တာ=စောင့်ရှောက်သော ဆေးအကျိုးငှါ+ဃရ=ပြုသောအိမ်) ထိုရေချိုးအိမ်ကို ချွေးအောင်းရာ အရပ်ဟုလည်း ဆိုနိုင်သည်။

ဇန္တာဃရဥ္စ နာမ ဟိမပါတဗဟုလေသု ဒေသေသု တပ္ပစ္စယ-
ရောဂပီဠာဒိနိဝါရဏတ္ထံ သရီရသေဒါပနဋ္ဌာနံ။ (ဝိ-ဋီ)

ထိုရေချိုးအိမ်၌ ပြုကျင့်သော ဝတ်ဖြစ်သောကြောင့် ဇန္တာဃရဝတ်ဟု ခေါ်သည်။

### ဇန္တာဃရဝတ်များ

ချွေးရေချိုးအိမ်သို့ ရှေးဦးစွာသွားသူသည် ပြာများနေအံ့၊ ပြာကိုစွန့်ပစ်ရခြင်း၊ ချွေးရေချိုးအိမ် အကျည်, ပရိဝုဏ်, တံခါးမုခ်, ချွေးရေချိုးရပ်တို့၌ အမှိုက်ရှိအံ့၊ တံမြက်လှည်းရခြင်း၊ ရေချိုးကသယ်မှုန့်ကို စုရိုးလုံးထွေးရခြင်း၊ မြေညက်ကို ရေဆွတ်ရခြင်း၊ (ချွေးရေချိုးအိမ်ထဲ ဝင်သောအခါ မီးပူခံနိုင်ရန် မျက်နှာကိုသုတ်လိမ်းရန်အတွက် မြေညက် ရေဆွတ်၍ ထားရလေသည်၊) ရေထည့်သော စကျဉ်း, စည်ပိုင်းစသည်၌ ရေသွန်းလောင်းရခြင်း၊ မြေညက်ဖြင့် မျက်နှာလိမ်းကျံ၍ ရှေ့ဘက် နောက်ဘက်မှ ဖုံးလွှမ်း

လျက် ဇရုံးအိမ်ထဲသို့ ဝင်ရခြင်း၊ မထေရ်ကြီးကို တိုးဝှေ့၍ မနေရခြင်း၊ သီတင်းငယ်ကို နေရာဖြင့် မတားမြစ်ရခြင်း၊ စွမ်းနိုင်အံ့ မထေရ်ကြီးအား ချေးတွန်းပေးရခြင်း၊ (ဤ၌ ချွေးဇရုံးအိမ်ကား မှောင်မိုက်နေသဖြင့် အများအပြား တပြိုင်တည်းဝင်၍ သင်္ကန်းများ ချထား၍ မီးမပူအောင် မျက်နှာ မြေညက်လိမ်းကျံခါ ခန္ဓာကိုယ်၌ အလိုရှိသလောက် ချွေးထွက်စေပြီးလျှင် ဆပ်ပြာ ကသယ်မှုန့် စသည်တို့ဖြင့် ပွတ်တိုက်ကြ၍ နောင်ခါ ရေချိုးကြမည်ဖြစ်သောကြောင့် မထေရ်ကြီးများအားစွမ်းနိုင်ကဤ၌ပင် ချေးတွန်းပေးရခြင်း ဝတ်ကိုဆိုလေသည်၊) ဇရုံးအိမ်မှ ထွက်သောအခါ ဇရုံးအိမ်ခင်း အင်းပျဉ်ကိုယူ၍ ရှေ့အတူဖုံးလွှမ်းလျက်ထွက်ရခြင်း၊ အပြင် ရေချိုးရာ၌လည်းစွမ်းနိုင်လျှင် မထေရ်ကြီးတို့အား ချေးတွန်းပေးရခြင်း၊ မထေရ်ကြီးတို့၏ ရှေ့ဘက် အထက်ဘက်က ရေမချိုးရခြင်း၊ ရေချိုးရာမှ တက်သူသည် ရေချိုးဆင်းသူအား ရှောင်၍ လမ်းပေးရခြင်း၊ နောက်ဆုံး ဇရုံးအိမ်မှ ထွက်သူသည် ဇရုံးအိမ်၌ ညွန်ဗွက် ထနေအံ့၊ ဆေးကြော သုတ်သင်ရခြင်း၊ မြေညက်ထည့်သော ခွက်စကျင်းတို့ကို ရေဆေးရခြင်း၊ ဇရုံးအင်းပျဉ်ကို သိမ်းဆည်းရခြင်း၊ မီးငြိမ်းသတ်ခြင်း၊ တံခါးပိတ်ခြင်း အမှုတို့ကိုပြု၍ ဖဲသွားရခြင်း။

## လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ဆွမ်းခံကြသူတို့ ပြုစုရသော ဝတ်ငါးခုလောက်ထုတ်၍ ဆွမ်းခံ ပြန်လာသော ရဟန်းများ ရှေးအခါဘယ်သို့ ပြုကြသည်ကို စွမ်းနိုင်သလောက် ဖော်ပြပါ။

၂။ ယခုကာလ ဆွမ်းခံသွားခါနီး သော့ခတ်ရခြင်းများကို ပါဠိတော် အဋ္ဌကထာတို့၌ ဝတ်ဟု ဆိုထားပါသလား။

၃။ အာရညကဝတ္တံကို စာကိုယ်အတိုင်း အနက်ပေး၍ နက္ခတ်နှင့် တာရာတို့ ထူး-မထူး ဖော်ပြပါ။

၄။ မထေရ်ကြီးနှင့် အတူနေသူ မီးထွန်း မီးငြိမ်းလိုက ပန်ကြားရခြင်းသည် ဘယ်ဝတ်ဖြစ်သည်ဟု ဖော်ပြပါ။

၅။ ဇန္တာဃရ၌ ဇံ-၏ အနက် တာ-၏ အနက်ကို ခွဲခြားပြ၍ ဇရုံးအိမ်၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

ဇန္တာဃရဝတ် မှတ်သားဖွယ် ပြီး၏။

( သတ္တမအကြိမ် )

## ၁၀ - ဝစ္စကုဋိဝတ်

ကျင်ကြီးစွန့်သော ကျောင်းငယ်ကို ဝစ္စကုဋိဟုလည်းကောင်း၊ ကုဋိအိမ်ဟုလည်းကောင်း ခေါ်သည်၊ ထိုကုဋိအိမ်၌ ပြုသင့်သော ဝတ်ဖြစ်သောကြောင့် ဝစ္စကုဋိဝတ်ဟု ခေါ်သည်။

### ဝစ္စကုဋိဝတ်များ

ကုဋိအိမ်သို့ဝင်မည်ကြံလျှင် အတွင်း၌ လူရှိမရှိ သိရအောင်(အဟမ်း) ဟုချောင်းဟန့်ရခြင်း၊ အတွင်းမှာ လူရှိလျှင် ထိုသူကပြန်၍ ချောင်းဟန့်လိမ့်မည်၊ လူမရှိလျှင် အပေါ်ကောသီကို အပြင်သက်န်းတန်း၌ တင်ထားပြီးမှ တံခါးကိုဖွင့်၍ မနှေးမလျင် အတွင်းသို့ ဝင်ရခြင်း၊ ကုဋိပြင်ဘက်၌ သင်္ကန်းထားဖို့ တန်းရှိစေရမည်၊ ယခုကာလ အတွင်း၌ တန်းထားသည်ကို တွေ့ရသည်၊ အတွင်းသို့ ရောက်လျှင် ခြေနင်းခုံပေါ်၌ ခြေစုံရပ်ပြီးမှ သင်းပိုင်ကို ပင့်(မ)ရခြင်း၊ ကုဋိတွင်းသို့ သင်းပိုင်ကို ပင့်(မ)၍ မဝင်ရခြင်း၊ ကျင်ကြီးစွန့်နေစဉ် (အင်း,အင်း) ဟု ညည်းသံ ညစ်သံ မမြည်စေရခြင်း၊ ကျင်ကြီးစွန့်နေတုန်းမှာ တံပူကို ပါးစပ်ဖြင့် ကိုက်မထားရခြင်း၊ ကျင်ကြီးခွက်,ကျင်ငယ်ခွက် (ကျင်ကြီးသရေက်,ကျင်ငယ်သရောက်)တို့၏ ဘေးမရောက်စေပဲ ခွက်,သရောက်ထဲ တဲ့တဲ့ကျအောင် စွန့်ရခြင်း၊ ကျင်ငယ်ခွက်သရောက်ထဲ၌ နှပ်, တံတွေးတို့ကို မညစ်ထွေးရခြင်း၊ (ကုဋိတွင်း ထွေးခံရှိစေသင့်သည်) ကြမ်းသော ကနုတ်စသည်တို့ဖြင့် မသုတ်အပ်။

### မအပ်သော ကနုတံ ခြောက်မျိုး

၁။ ဖာလိတ=ကွဲတဲ့ ကနုတံ။
၂။ ခရ =ကြမ်းတမ်းတဲ့ ကနုတံ။
၃။ ဂဏ္ဌိက =အဆစ်ရှိတဲ့ ကနုတံ။
၄။ ကဏ္ဍက =ဆူးရှိတဲ့ ကနုတံ။
၅။ သုသိရ =အခေါင်းရှိတဲ့ ကနုတံ။
၆။ ပုတိ =ပုပ်ဆွေးတဲ့ ကနုတံ ပေါင်း ခြောက်မျိုး။

ကွဲ, ကြမ်း, ဆစ်, ဖု၊ ဆူး, ခေါင်း, ပု၊ ကနု မအပ်ခြောက်။
(သတ္တမအကြိမ်)

ကနုတံ မယူပဲ ဝင်သွားသော ရဟန်းအား ကနုတံမသုတ်သင်၍ အာပတ် မသင့်ဟု အဋ္ဌကထာဆိုသည်၊ ကနုတံကို ကျင်ကြီးတွင်း သရောက်တို့၌ မချရခြင်း၊ ဝစ္စကုဋီအတွင်း နင်းခုံပေါ်ရပ်လျက် သင်းပိုင်ကို ဖုံးလွှမ်း ရခြင်း၊မနှေးမလျင် ထွက်ရခြင်း၊သန့်သက်ရေဆေးတဲ့ နင်းခုံပေါ်တက်၍ သင်းပိုင်ကို ပင့်ပြီး သန့်သက်ရေဆေးရခြင်း၊ (ဖင်ဆေးရေကို သန့်သက် ရေဟု ခေါ်သည်၊) ထိုသန့်သက်ရေကို ရှေးတုန်းက ကုဋီထဲ မထားပဲ သီးသန့်ထားလေ့ရှိ၏၊ ယခုအခါ ကုဋီထဲမှာပင် ထားကြ၏၊ထိုထားသည့် နေရာ၌ပင် သန့်သက်ရေဖြင့် ကျင်ကြီး ပြောင်စင်အောင် ဆေးရခြင်း၊ သန့်သက်ရေဆေးသောအခါ အသံမမြည်အောင်ဆေးရခြင်း၊ သန့်သက် ရေခွက်ထဲ၌ ရေကျန် မထားရခြင်း၊(ခွက်မှောက်ထားပါဟုဆိုလိုသည်။) သန့်သက်ရေခွက်ထဲ၌ ရေကြွင်း မထားရဟု ဆိုသောစကားကို ခပ်သိမ်း သော ရဟန်းတို့နှင့် ဆက်ဆံသော အရပ်ကို ရည်၍သာဆိုသည်၊ သံဃိက ကျောင်းတနေရာရာ၌ မိမိမပြတ်သွားဖို့ လုပ်ထားသောဌာနနှင့် ပုဂ္ဂလိက ကုဋီတို့၌ ရေကြွင်းကျန်သော်လည်း အပြစ်မရှိ၊ ဝမ်းနုတ်ဆေး စား၍ မကြာခဏ ကုဋီတက်နေသူအားလည်း ရေကြွင်းရှိ၍ အပြစ်မရောက်ဟု အဋ္ဌကထာဆိုသည်၊ ဝစ္စကုဋီကျင်ကြီးများ လိမ်းကျံမှုတွေ့က ဆေးကြော သုတ်သင်ရခြင်း၊ အကယ်၍ ကနုတံပုံး ပြည့်နေက ယူသွန်ရခြင်း၊ ရေမရှိ ခွက်မရှိက တခုခုဖြင့် သုတ်ပြီး သွားနိုင်၏၊ ဝစ္စကုဋီ အကျည် ပရိဝုဏ် တံခါးမုခ်တို့၌ အမှိုက်ရှိက အမှိုက်လှဲရခြင်း၊ သန့်သက်ရေအိုး၌ ရေမရှိအံ့၊ ပုဂ္ဂိုလ်မရွေး ရေခပ်ထည့်ရခြင်း၊ တာဝန်ယူထားသူ ရှိပါက အကြောင်းကြား ခပ်စေသဖြင့် အပြစ်လွတ်ဖွယ်ရှိ၏၊ ကျင်ကြီး စွန့်ပြီး သူသည် ရေရှိလျက် သန့်သက်ရေ မဆေးပဲ မနေရခြင်း၊ ရေရှိသော နေရာကား ဖုံးကွယ်ရာမရှိပါက ရေယူ၍ ဖုံးကွယ်ရာ၌ ဆေးကြောရခြင်း၊ အိုးခွက်မရှိက သပိတ်ဖြင့်ဆောင်၍ ဆေးကြောအပ်၏၊ သပိတ် မရှိက မဆေးကြောပဲ နေနိုင်၏၊ ဤနေရာ၌ ဟင်းလင်း ပွင့်နေ၍ ရှေ့မှာ ရေရလတ္တံ့ဟု သွားသူအား ရေမရပဲ ဆွမ်းခံဖို့ စသော ကိစ္စကြုံလာက ရေမဆေးတော့ပဲ တုတ်စသည်ဖြင့် သုတ်၍ ဆိုင်ရာအလုပ် လုပ်နိုင်တော့ သည်၊ ကျင်ကြီးအိမ်, ကျင်ငယ်စွန့်ရာဌာန, ရေချိုးဆိပ် ဤသုံးပါးတို့၌

ဝါစဉ်မလို၊ ရောက်လာသော အစဉ်အားဖြင့် တက်ကြ ချီးကြရမည်၊ ရောက်စဉ်သာ ပမာဏဟု အဋ္ဌကထာ ဆိုသည်။

(က) ကနုတ်ဖြင့်သုတ်ရမည်ကို ဝတ္တရားအနေဖြင့် ပါဠိတော် အဋ္ဌကထာ ရှိပါသလား ?

"န ဖရုသေန ကဋ္ဌေန အဝလေခိတဗ္ဗံ"၌ ကြမ်းသော ကနုတ်ဖြင့် မသုတ်ရဟုသာ ပါဠိတော် လာပါသည်၊ ကနုတ်ချောချောနှင့် သုတ်ဟု တိုက်ရိုက်မလာ၊ ကနုတ်မသုတ်ခြင်းကြောင့် အပြစ်ပြုမှု မတွေ့ပါ၊ တုတ်, စက္ကူတို့ဖြင့်သုတ်၍အပြစ်တွေ့ပါသည်၊ "အဝလေခနကဋ္ဌံပန အဂ္ဂဟေတွာ ပဝိဋ္ဌဿ အာပတ္တိနတ္ထိ"ဟူသော အဋ္ဌကထာ၌ ကနုတ်မယူပဲ ဝင်သွားတဲ့ ပုဂ္ဂိုလ် အာပတ်မရှိဟုဆိုသော စကား၌ ကနုတ် ယူသွားခဲ့လျှင်လည်းကောင်း၊ ကုဋိထဲ၌ ကနုတ်ရှိခဲ့လျှင် လည်းကောင်း၊ ကနုတ်ဖြင့် သုံးရမည်ဟူသော အဓိပ္ပာယ် ထွက်နေပါသေးသည်၊ ထို့ပြင် "သစေ အဝလိခန ပိဓရော ပူရဟောတိ အဝလိခနကဋ္ဌံ ဆဋ္ဌေတဗ္ဗံ" ဟူသော ပါဠိတော်၌ ကနုတ်ပုံးပြည့်နေလျှင် ကနုတ်ကို စွန့်ရမည့်ဝတ် တွေ့နေပါသောကြောင့် ကနုတ်ဖြင့် သုတ်လိုက သုတ်သင့်သည်ဟု ယူဆသည်၊ သို့သော် မသုတ်ခြင်းကြောင့် အပြစ်တပ်နိုင်မည်ဟု ဉာဏ်မရောက်ပါ၊ ထိုသို့ ကနုတ်ဖြင့် မသုတ်ပဲ ကိစ္စပြီးနိုင်လျှင် ရေမျှားမျှားထား၍ ကနုတ်တို့ မထားပဲ ရေမျှား ဆပ်ပြာမျှား လက်သုတ်ပုဝါမျှား ထားခဲ့လျှင် ကိစ္စနည်း၍ ဗုဒ္ဓအလိုကျမည်ဟု ယူဆရလေသည်။

ဝစ္စကုဋိဝတ် မှတ်သားဖွယ် ပြီးပြီ။

---

## ၁၁-ဥပဇ္ဈာယဝတ်

မိဘတို့သည် သားသမီးတို့အပေါ် အမြဲကြည့်ရှု၍ သွန်သင်ဆုံးမ သကဲ့သို့ တပည့်အပေါ်၌ အမြဲကြည့်ရှု၍ သွန်သင်ဆုံးမသော ဆရာကို ဥပဇ္ဈာယ်ဆရာဟု ခေါ်သည်၊ ထိုဥပဇ္ဈာယ်ဆရာသည် သာသနာတော်၌ အရင်းနှီးဆုံး ဆရာဖြစ်သည်၊ ထိုဥပဇ္ဈာယ်၌ အတူနေတပည့်တို့က ပြုရသောဝတ် ဖြစ်သောကြောင့် ဥပဇ္ဈာယဝတ်ဟု ဆိုသည်။

( သတ္တမအကြိမ် )

## ဥပဇ္ဈာယ ဝတ်များ

ဥပဇ္ဈာယ်နှင့် အတူနေတပည့်သည် မိမိကိုယ်တိုင် နေထိုင်ကောင်းလျှင် နံနက်စောစောထ၍ ဖိနပ်ချွတ်ခြင်း၊ ကိုယ်ဝတ်သင်္ကန်း လက်ကန်တော့ တင်ခြင်းပြု၍ ဥပဇ္ဈာယ်အား တံပူကပ်ရခြင်း၊ (ဤ၌ အကြီး, အလတ်, အငယ် တံပူသုံးမျိုးထားလျက် ကပ်ရမည်၊ နှစ်သက်သော တံပူတမျိုးမျိုး ကိုသာ ကပ်ရ၏၊ အမှတ်မထား သုံးဆောင်ပြောင်းအံ့၊ အမှတ်မရှိ ရသော တံပူကို ကပ်ရ၏၊) မျက်နှာသစ်ရေ ကပ်ခြင်း၊ ဤ၌ ရေနွေး, ရေအေး နှစ်မျိုးပြုလုပ်၍ကပ်ရမည်၊ သုံးရက်တိုင်တိုင် ယူသုံးသောရေကို လေးရက် မြောက်နေ့ကစ၍ ကပ်ရ၏၊ အမှတ်မရှိ သုံးအံ့၊ ရသည့်အားလျော်စွာ ကပ်သင့်၏၊ (နှစ်မျိုးစလုံး သုံးအံ့၊ နှစ်မျိုးစလုံးပင် ကပ်သင့်၏၊)မျက်နှာ သစ်ရေ မျက်နှာသစ်သောနေရာ၌ ထား၍ ဝစ္စကုဋီမှုစ၍ တံမြက်လှည်း ရခြင်း၊ ဥပဇ္ဈာယ် ကုဋီတက်သည်ရှိသော် ပရိဝုဏ်ကို တံမြက်လှည်းရခြင်း၊ (ဤသို့ လှည်းသည်ရှိသော် ပရိဝုဏ် မဆိတ်သည်ဖြစ်၏၊) ဥဇ္ဈာယ်ကုဋီမှ မထွက်မီ နေရာ,ထိုင်ရာများကို ခင်းထားရခြင်း၊ကိုယ်လက်သုတ်သင်ခြင်း ကိစ္စပြီး၍ ခင်းထားသောနေရာ၌နေသော ဥပဇ္ဈာယ်အား ယာဂု ရှိအံ့၊ ခွက်ကို စင်ကြယ်အောင်ဆေး၍ ယာဂုကပ်ရခြင်း၊ ယာဂုဘုဉ်းပေးပြီး ဥဇ္ဈာယ်အား ရေပေးရခြင်း၊ ယာဂုခွက်ကို ကောင်းမွန် ရှိသေစွာ မထိခိုက်စေပဲ ဆေးကြော သိမ်းထားရခြင်း၊ ဥဇ္ဈာယ် နေရာမှ ထသည် ရှိသော် နေရာကို ခေါက်သိမ်းရခြင်း၊ ထိုအရပ်၌ အမှိုက်သရိုက်တို့ ရှိအံ့၊ တံမြက်လှည်းရခြင်း၊ (အမှိုက်မရှိရေပေါက်,ရေစက်တို့သာရှိအံ့၊လက်ဖြင့် ပွတ်တိုက်ရခြင်း) ဥဇ္ဈာယ်ဆရာ ရွာသို့ ကြွလိုသည်ဖြစ်အံ့ ရွာဝတ်သင်းပိုင် ပေးရခြင်း၊ ကျောင်းဝတ်သင်းပိုင်ကို ယူရခြင်း၊ ခါးပန်း ပေးရခြင်း၊ အထပ်ပြု၍ ကိုယ်ရုံ ဒုကုဋ်တို့ကို ပေးရခြင်း၊ ဆေးကြော၍ ရေနှင့်တကွ သပိတ်ကို ပေးရခြင်း၊ (ဤ၌ သပိတ်တွင် ဆွမ်းမကပ်စေခြင်းငှာလည်း ကောင်း၊ ရွာတွင်း၌ ရေငုံလိုက ငုံစေခြင်းငှာလည်းကောင်း ရေထည့်၍ ပေးရမည်၊)ဥပဇ္ဈာယ်ဆရာသည် နောက်ပါ အလိုရှိခဲ့အံ့၊ ဥပဇ္ဈာယ်နည်း အတိုင်း ပြုလုပ်၍ နောက်လိုက်ပြုရခြင်း၊ မဝေးလွန်း မနီးလွန်း လိုက် ရခြင်း၊ (နောက်ပြန်ကြည့်သော ဥပဇ္ဈာယ်ကို ခြေတလှမ်း နှစ်လှမ်းဖြင့်

မှီနိုင်သော လိုက်ပါ သွားလာခြင်းသည် မဝေးလွန်း မနီးလွန်း လိုက်သည်ဟု မှတ်။

ဥပဇ္ဈာယ်ဆရာ ယာဂုဆွမ်းတို့ကိုရ၍ သပိတ်ပူခြင်း၊ လေးခြင်းရှိခဲ့သော် မိမိသပိတ်ပေး၍ လဲယူရခြင်း၊ ဥပဇ္ဈာယ်စကားပြောစဉ် ဝင်၍မပြောရခြင်း၊ အာပတ်နီးကပ်လာသော ဥပဇ္ဈာယ်စကားကို တားမြစ် ပိတ်ပင်ရခြင်း၊ (တားမြစ်ဆိုသော်လဲ ဤစကား ဆိုသင့်သလော, အာပတ်မသင့်သလောစသည်ဖြင့် မေးသည့်အနေဖြင့် တားမြစ်အပ်၏၊ အဖိုးအို.... သည်စကားမျိုးမပြောနှင့် စသည် ရိုင်းပြသောစကားမျိုးဖြင့်မတားမြစ်အပ်၊) ရွာနီးခဲ့သော်လည်းကောင်း၊ ကျောင်း၌ ဂိလာနရှိခဲ့သော်လည်းကောင်း ရှေးဦးစွာ ပြန်လာရခြင်း၊ ရွာဝေးခဲ့အံ့၊ ဥပဇ္ဈာယ်နှင့်အတူ ပြန်သူမရှိခဲ့သော် ဥပဇ္ဈာယ်နှင့်အတူ ရွာမှ ထွက်ရခြင်း၊ ကျောင်းနီးသောအခါ ရှေးဦးရောက်အောင်ပြန်လာ၍ နေရာခင်းခြင်း၊ ခြေဆေးရေ, ခြေဆေးအင်းပျဉ်, ခြေပွတ်အိုးခြမ်းတို့ကိုထားခြင်း၊ ခရီးဦးကြိုဆို၍ သပိတ်, သင်္ကန်းလှမ်းယူခြင်း၊ ကျောင်းဝတ်သင်းပိုင်ကိုပေးခြင်း၊ ရွာဝတ်သင်းပိုင်ယူသိမ်းခြင်း၊ သင်္ကန်းချွေးစိုအံ့၊ ခေတ္တနေလှန်းရခြင်း၊ (ကြာကြာသင်္ကန်းနေမလှန်းအပ်၊) သင်္ကန်းများကို ခေါက်ရခြင်း၊ အလယ်ကျိုးမဖြစ်ရန် နှလုံးပြု၍ လက်လေးသစ်မျှသော အနားကိုချန်၍ သင်္ကန်းခေါက်သင့်၏၊ အညီပြု၍ ခေါက်ခဲ့အံ့၊ အလယ်၌ (ကျိုး)ချိုးသည်ဖြစ်၍ နေ့စဉ် အမြဲချိုးခဲ့သောချိုးရာ၌ အားနည်း၍ ဆွေးမြေ့ခဲ့ရာ၏၊ ထိုအပြစ်ကို တားမြစ်ခြင်းငှာ လက်လေးသစ် ရွှား၍ခေါက် ဟူသော စကားကို မိန့်သည်၊ ထို့ကြောင့် ယနေ့ ခေါက်ချိုးသောနေရာ၌ နက်ဖန်ခေါက်လျှင် မကျိုးစိမ့်သောငှာ မကျိုးရအောင် နေ့တိုင်း နေ့တိုင်း လက်လေးသစ်ရွှား၍ ရွှေ့၍ ခေါက်သင့်၏၊ သင်္ကန်းခွေထဲ၌ ခါးပန်းကြိုးထည့်ရခြင်း၊ ဆွမ်းရှိ၍ ဥပဇ္ဈာယ်ဆရာ ဘုဉ်းပေးလိုသည်ဖြစ်အံ့၊ ရေနှင့် ဆွမ်းကပ်ခြင်းကို ပြုရခြင်း၊ ရေဘုဉ်းပေးလိုသလားဟု သုံးကြိမ်တိုင် မေးမြန်းရခြင်း၊ နေမလွဲသေးပဲ အချိန်ရပါသေးလျှင် ဥပဇ္ဈာယ် ဆွမ်းဘုဉ်းပေးပြီးမှ မိမိဆွမ်းစားရခြင်း၊ အချိန်နီးကပ်နေအံ့၊ သောက်ရေကို ဥပဇ္ဈာယ်၏ အနီး၌ထား၍ ဆွမ်းစားရခြင်း၊ ဆွမ်းစားပြီးသော ဥပဇ္ဈာယ်အား

ရေကိုပေးရခြင်း၊ သပိတ်ယူ၍ ရှိသောကောင်းမွန်စွာ မထိခိုက်ရအောင် ဆေးကြောပြီး ရေမရှိအောင်ပြု၍ တခဏမျှ နေပူလှန်းရခြင်း၊ (နေပူ၌ သပိတ် ကြာရှည်မလှန်းရခြင်း၊)သပိတ်,သက်န်းကို နေရာချထားရခြင်း၊ (သပိတ်, သင်္ကန်းထားသင့် မသင့် အစီအရင်ကို သေနာသနဝတ်၌ ဆိုခဲ့ပြီ၊)ဥပဇ္ဈာယ် ထခဲ့သည်ရှိသော် နေရာစသည် သိမ်းရခြင်း၊ ဥပဇ္ဈာယ် ရေချိုးလိုအံ့၊ ရေနွေး, ရေအေး လိုလိုရာရာ စီရင်ရခြင်း၊ ဥပဇ္ဈာယ် ချွေးဇရုံးအိမ်သို့ ဝင်လိုအံ့၊ ရေချိုးကသယ်မှုန့်ကို လုံးရခြင်း၊ မြေညက်ကို ရေဆွတ်ရခြင်း၊ ဇရုံးအိမ် အင်းပျင်ကို ယူ၍ ဥပဇ္ဈာယ်နောက်မှ လိုက်ပါ သွား၍ ဇရုံးအိမ် အင်းပျဉ်ကို ပေးရခြင်း၊ သင်္ကန်းကို ယူ၍ သင့်တော်ရာ မီးခိုး, ပြာ မရှိသောနေရာ၌ ထားရခြင်း၊ ရေချိုးကသယ်မှုန့် မြေညက် တို့ကို ပေးရခြင်း၊ စွမ်းနိုင်အံ့ ဇရုံးအိမ်သို့ ဝင်ရခြင်း၊ (ဇရုံးအိမ် ဝင်ပုံ ပြုကျင့်ပုံ ဝတ်တို့ကို ဇန္တာဃရဝတ်၌ ဆိုခဲ့ပြီ။)

ဥပဇ္ဈာယ်အား ဇရုံးအိမ်အတွင်း၌ ချွေးတွန်းခြင်း စသောအမှု၊နောင် ရေချိုးသောအခါ၌ ချွေးတွန်းခြင်းစသောအမှုများ ပြုရခြင်း၊ မိမိကိုယ် ပါ ရေချိုးပြီးအံ့၊ရှေးဦးစွာ တက်၍ မိမိကိုယ်ကို ရေမရှိအောင်ပြုခြင်း၊ သင်းပိုင်ဝတ်၍ ဥပဇ္ဈာယ်၏ ကိုယ်မှ ရေကို သုတ်ခြင်း သင်းပိုင်,ကိုယ်ရုံ, ဒုကုဋ် ပေးခြင်း၊ ဇရုံးအင်းပျဉ် ယူ၍ ဥပဇ္ဈာယ်ဆရာ၏ ရှေးဦးပြန်လာ လျက် နေရာခင်းခြင်း စသည်ပြုပြင်ခြင်း၊ ဇရုံးအိမ်၌ မီးပူသောကြောင့် ရေမွတ်သိပ်ခြင်းဖြစ်တတ်ရကား ဥပဇ္ဈာယ်အား သောက်ရေဖြင့်မေးမြန်း ရခြင်း၊ ဆက်ကပ်ရခြင်း၊ ဥပဇ္ဈာယ်ဆရာနေသော ကျောင်း၌ အမှိုက်ရှိအံ့၊ တံမြက်လှည်းရခြင်း၊ အနာရောဂါမနှိပ်စက်သဖြင့် စွမ်းနိုင်ခဲ့အံ့၊ဥပဇ္ဈာယ် နေသောကျောင်းကို သုတ်သင်အပ်၏၊ (ကျောင်းသုတ်သင်ပုံ စုံစုံစေ့စေ့ သေနာသနဝတ်၌ရေးခဲ့ပြီ၊သန့်သက်ရေအိုး၌ရေထည့်ရခြင်းတိုင် သိလေ) ဥပဇ္ဈာယ်သာသနာ၌ မမွေ့မပျော်သည် ဖြစ်အံ့၊ ကလျာဏမိတ္တ စသည် ပြည့်စုံသော သင့်ရာအခြားအရပ်သို့ခေါ်ဆောင်သွားရခြင်း၊သူတပါးကို မူလည်း ခိုင်းရခြင်း၊ တရားစကားကိုမူလည်း ဟောရခြင်း၊ ဥပဇ္ဈာယ် ကုက္ကုစ္စအလိုလို့ဖြစ်အံ့၊ မိမိကိုယ်တိုင်ပင် ပယ်ဖျောက်ခြင်း၊ သူတပါးကိုမူ လည်း ပယ်ဖျောက်စေရခြင်း၊ ဥပဇ္ဈာယ်ဒိဋ္ဌိအယူဖြစ်နေအံ့၊ မိမိကိုယ်တိုင်

စွန့်လွှတ်အောင်ပြုရခြင်း၊သူတပါးကိုလည်း ခိုင်းရခြင်း၊ ဥပဇ္ဈာယ်သံဃာဒိသိသ်သို့ရောက်ခဲ့သော် သံဃာဒိသိသ်လွတ်ငြိမ်းရေး အားထုတ်ရခြင်း၊ တဇ္ဇနီယကံစသည်အပြုခံရရေးနှင့်စပ်၍ ပေါ့လျော့လွတ်ငြိမ်းခွင့်ရအောင် အားထုတ်ရခြင်း၊ဥပဇ္ဈာယ်သင်္ကန်းဖွပ်လို့ ချုပ်လို့ ဆိုးရေချက်လို့ ဆိုးရေဆိုးလိုအံ့ မိမိက အားလုံးပြုလုပ်ပေးခြင်း၊အလိုပြည့်အောင်လည်း လုံ့လပြုခြင်း၊ သင်္ကန်းဆိုးသူသည် ကောင်းစွာ သင်္ကန်းကို ပြန်လှန် ပြန်လှန်၍ ဆိုးရခြင်း၊ လှန်းသောသင်္ကန်းဆိုးရည်ကျ မပြတ်သေးမီ ဖဲမသွားရခြင်း၊ (ဤဝတ်တိုင် မှတ်ခဲ့ပါ၊ဥပဇ္ဈာယ်ဆရာ၏ မကြီးပွား မထွန်းကားခြင်းကို အလိုရှိသော ဥပဇ္ဈာယ်၏ ဝိသဘာဂပုဂ္ဂိုလ်အား ဥပဇ္ဈာယ် မပန်ကြားပဲ သပိတ်စသောပရိက္ခရာမပေးရခြင်း၊မိမိကလဲမယူရခြင်း၊ဆံရိတ်ချေးတွန်းခြင်းစသော ဝေယျာဝစ္စတို့ကို ဥပဇ္ဈာယ် မပန်ကြားပဲ ပြုမပေးရခြင်း၊ မိမိအားလည်း မပြုလုပ်စေရခြင်း၊နောက်လိုက်ရဟန်းမလုပ်ရခြင်း၊ ဆွမ်းဆောင် မပေးရခြင်း၊ မိမိအတွက်လည်း မလုပ်စေရ၊ ဥပဇ္ဈာယ် အလဇ္ဇီဖြစ်လျှင် သဒ္ဓိဝိဟာရိက တပည့်က ဆုံးမဟောပြောရမည်၊ မရလျှင် ဥပဇ္ဈာယ်၏ ဝိသဘာဂပုဂ္ဂိုလ် လဇ္ဇီနှင့် သမ္ဘောဂဆက်ဆံနိုင်၏၊ ဥပဇ္ဈာယ်အဖြစ် ပမာဏမဟုတ်ဟုဝိမတိဆိုသည်၊ ဥပဇ္ဈာယ်မပန်ကြားပဲ ရွာမဝင်ရ၊ သုသာန်မသွားရ၊ အရပ်တပါး မဖဲရ၊ဖဲလိုလျှင် ဥပဇ္ဈာယ်အား သုံးကြိမ်တိုင် လျှောက်ကြားရမည်၊ ရလျှင် သွားကောင်း၏၊ ခွင့်မရပဲ ဥပဇ္ဈာယ်နှင့် နေသော်လဲ စာသင်မှု ကမ္မဋ္ဌာန်းစီးဖြန်းမှုတို့ မပြည့်စုံပဲ ဥပဇ္ဈာယ်ကလည်း ဗာလဖြစ်လျှင် ခွင့်မရသော်လဲ သွားကောင်း၏၊ ဥပဇ္ဈာယ်မကျန်းမာလျှင် အသက်ထက်ဆုံး ဥပဇ္ဈာယ် ကျန်းမာအောင် လုပ်ကျွေးငံ့လင့်စောင့်ဆိုင်းရ၏၊ လုပ်ကျွေးမည့်သူရှိအံ့ ဆေးများရှာပေး၍ ဤသူသည်အရှင်မြတ်အားလုပ်ကျွေးလတ္တံ့ဟုဆို၍ ဖဲသွားနိုင်၏၊သဒ္ဓိဝိဟာရိကတပည့် မကျန်းမာခဲ့သော် ဝါ-၆၀ ရှိသော်လည်း ဥပဇ္ဈာယဝတ်ကို ပြုထိုက်၏၊ မရှိသေး၍မပြုခဲ့လျှင် အပြစ်မလွတ်ဟု အဋ္ဌကထာဆိုသည်။

ဥပဇ္ဈာယဝတ် မှတ်သားဖွယ် ပြီးပြီ။

(သတ္တမအကြိမ်)

## ၁၂-သဒ္ဓိဝိဟာရိက

ဥပဇ္ဈာယ်ယူထားသော တပည့်ကို သဒ္ဓိဝိဟာရိက အတူနေ တပည့်ဟု ခေါ်သည်၊ (သဒ္ဓိ=အတူ+ဝိဟာရိက=နေလေ့ရှိသူ) ဥပဇ္ဈာယ်ဆရာ အပေါ်၌ တပည့်ကသာ ဝတ်ပြုရသည် မဟုတ်သေး၊ ဥပဇ္ဈာယ်ဆရာ ကလည်း သဒ္ဓိဝိဟာရိက တပည့်များ အပေါ်၌ ပြုရသေးသည်၊ ထိုသို့ သဒ္ဓိဝိဟာရိက တပည့်၌ ဥပဇ္ဈာယ်ဆရာသည် ပြုအပ်သော ဝတ်ဖြစ် သောကြောင့် သဒ္ဓိဝိဟာရိကဝတ်ဟု ဆိုရသည်။

### သဒ္ဓိဝိဟာရိက ဝတ်များ

ဥပဇ္ဈာယ်ဆရာသည် သဒ္ဓိဝိဟာရိက တပည့်အား စာချပေးရခြင်း၊ ဆုံးမဩဝါဒ ပေးရခြင်း၊ မသင့်တော်ရာ၌ ကံမြစ်ခြင်းတို့ဖြင့် ချီးမြှောက် ထောက်ပံ့ရခြင်း၊ သပိတ်၊ သင်္ကန်းစသော ပရိက္ခရာမရှိခဲ့လျှင် ဥပဇ္ဈာယ်က ပေးသောအားဖြင့် ချီးမြှောက်ရခြင်း၊ ပေးစရာ အပိုမရှိလျှင် ဘယ်လို နည်းဖြင့် ငါ့တပည့် သပိတ်၊ သင်္ကန်း စသည် ရှိပါအံ့နည်းဟု ကြောင့်ကြ အားထုတ်ရခြင်း၊ တပည့် မကျန်းမာ ဖျားနာသောအခါ၌ တံပူပေး ရခြင်း၊ မျက်နှာသစ်ရေ ပေးရခြင်း၊ ယာဂုပေးရခြင်း၊ တပည့်နေရာ အမှိုက်ရှုပ်လျှင်လှည်းရခြင်းစသောဝတ်များကို တပည့်က ဆရာအပေါ်၌ အမြဲပြုရသကဲ့သို့ ဆရာကလည်း တပည့်အပေါ်မှာ ပြုရပေသည်။

အမှာ ဥပဇ္ဈာယဝတ်၌တံပူပေးရခြင်းမှစ ရေမရှိလျှင် သန့်သက်ရေအိုး၌ ထည့်ရခြင်းတိုင်အောင် ဥပဇ္ဈာယ်က ပြန်ပြုရမည်ဟု ဆိုလိုသည်၊ သဒ္ဓိဝိဟာရိက တပည့် သာသနာတော်၌ မမွေ့လျော်သော် လည်းကောင်း၊ ကုက္ကုစ္စဖြစ်ခဲ့သော် လည်းကောင်း၊ ဒိဋ္ဌိအယူ ယူသော်လည်းကောင်း (တပည့်က ပယ်ဖျောက်ပုံ နည်းအတိုင်း) ဥပဇ္ဈာယ်က အခါမရွေး ပယ်ဖျောက်ရခြင်း၊ သံဃာဒိသိသ်သို့ ရောက်ခြင်းနှင့် စပ်သော ကိစ္စ၊ တဇ္ဇနီယ စသော ကံပြုရေးနှင့် စပ်သောကိစ္စ အဝဝတို့၌ လွတ်ငြိမ်း ပေါ့လျော့ ချမ်းသာမှု ရအောင် အားထုတ်ပြုလုပ်ရခြင်း၊ သင်္ကန်းဖွပ်ပုံ၊ ချုပ်ပုံ၊ ဆိုးပုံ တို့ကို ညွှန်ပြသင်ပေးရခြင်း သူတပါးအား ညွှန်ပြစေရခြင်း၊ သဒ္ဓိဝိဟာရိက တပည့် မကျန်းမာခဲ့သော် အသက် ထက်ဆုံး

ဥပဇ္ဈာယ်က လုပ်ကျွေးပြုစုရခြင်း၊ ငံ့လင့်၍ အခြားမသွားရခြင်း၊ ပြုစုသူရှိအံ့၊ ဆေးရှာပေး၍ သင့်အား ထိုသူပြုလတ္တံ့ဟု ဆို၍ ဖဲ့သွားနိုင်၏။

သဒ္ဓိဝိဟာရိကဝတ် မှတ်သားဖွယ် ပြီးပြီ။

---

## ၁၃-အာစရိယဝတ်

အနိုးနေ အင္တေဝါသိက တပည့်တို့သည် လွန်စွာ လုပ်ကျွေးအပ်သောကြောင့် ဆရာလေးပါးကို အာစရိယဟုခေါ်သည် (အာ=အလွန်+ စရိယ = လုပ်ကျွေးအပ် - လုပ်ကျွေးထိုက်သူ) ထို ဆရာလေးပါးတို့၌ တပည့် လေးပါးတို့က ပြုကျင့်အပ်သောဝတ် ဖြစ်လေသောကြောင့် အာစရိယဝတ်ဟုဆိုသည်၊ ထိုအာစရိယဝတ် ပြုကျင့်ပုံ အမျိုးမျိုးသည် ဥပဇ္ဈာယ်ဆရာတို့၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုကျင့်ပုံ အမျိုးမျိုးနှင့် ထပ်တူ ဘုရားရှင် ဟောကြားတော်မူခဲ့ပေသည်၊ အမည်မျှ ထူးသည်၊ "နာမမတ္တမေဝ ဟေတ္ထ နာနံ" (ဝိနယသင်္ဂဟ-ထာ) သို့သော် အဋ္ဌကထာ ၌ နိဿယည်းလွတ်သော တပည့်၊ မလွတ်သော တပည့်ဟု နှစ်မျိုးခွဲခြား၍ မလွတ်သော တပည့်တို့သာ ဆရာတို့နှင့် ဝိသဘာဂ သဘောမတူသော သူအား ဆရာမပန်ကြားပဲ သပိတ်ပေးခြင်း စသည်ကိုပြုလျှင် အာပတ် သင့်၍ နိဿယည်းလွတ်သူတို့ အာပတ်မသင့်ဟု ဆို၏။

> ကေစ္စသ ပတ္တဒါနတော ပဋ္ဌာယ အမုတ္တနိဿယဿေဝ အာပတ္တိ။ (ဝိနယသင်္ဂဟ-ထာ)

အစမှစ၍ သင်္ကန်းဆိုးခန်း တိုင်အောင် ဝတ်ကိုကား နိဿယည်း လွတ်မလွတ် အားလုံး တပည့်လေးပါး မပြုကျင့်လျှင် အာပတ်ဒုက်သင့် သည်ဟု အဋ္ဌကထာဆိုသည်၊ ဆရာလေးပါးနှင့် တပည့်လေးပါးနောက်၌ တွဲ၍ ပြအံ့။

အာစရိယဝတ် မှတ်သားဖွယ် ပြီး၏။

---

( သတ္တမအကြိမ် )

## ၁၄·အန္တေဝါသိကဝတ်

ဆရာတို့၏ အနီးနေ တပည့်များကို အန္တေဝါသိကဟု ခေါ်သည်။ (အန္တေ=အနီး၌+ဝါသိက=နေသူ)ဆရာ၌သာ တပည့်တို့က ပြုစုရသော ဝတ်ရှိသည် မဟုတ်သေး၊ တပည့်တို့၌လည်း ဆရာတို့က ပြုစုရသောဝတ် ရှိသည်သာ၊ထိုသို့အန္တေဝါသိကတပည့်လေးပါးတို့၌ဆရာလေးပါးတို့က ပြုရသော ဝတ်ဖြစ်သောကြောင့် အန္တေဝါသိကဝတ်ဟု ဆိုသည်၊ ထို အန္တေဝါသိက ဝတ်မြှုပုံတို့မှာ သဒ္ဒိဝိဟာရိက တပည့်၌ ဥပဇ္ဈာယ်က ပြုရ သော သဒ္ဒိဝိဟာရိက ဝတ်ပြုပုံအတိုင်း ဘုရားရှင် ဟောထားလေသည်။

### ဆရာလေးပါးအစဉ်

၁။ နိဿယာစရိယ=နိဿယည်းပေးဆရာ။

၂။ ပဗ္ဗဇ္ဇာစရိယ=သရဏဂုံပေး၍ ရှင်ပြုပေးဆရာ။

၃။ ဥပသမ္ပဒါစရိယ=ကမ္မဝါစာဖတ်၍ ပဉ္စင်းပြုပေးတဲ့ဆရာ။

၄။ ဓမ္မာစရိယ=စာချပေးဆရာ။

### တပည့်လေးပါးအစဉ်

၁။ နိဿယန္တေဝါသိက=နိဿယည်းယူတပည့်။

၂။ ပဗ္ဗဇ္ဇန္တေဝါသိက=ရှင်ပြုပေးအပ်တဲ့တပည့်။

၃။ ဥပသမ္ပဒန္တေဝါသိက=ပဉ္စင်းပြုပေးအပ်တဲ့တပည့်။

၄။ ဓမ္မန္တေဝါသိက=စာသင်ယူတပည့်။ (ဆရာတပည့်အစဉ်ဟပ်ယူ)

၁။ နိဿယာစရိယ=နိဿယည်းဆရာနှင့် နိဿယန္တေဝါသိကတပည့် တို့သည်လည်းကောင်း။

၂။ ဓမ္မာစရိယ=စာချဆရာနှင့် ဓမ္မန္တေဝါသိက စာသင် တပည့်တို့ သည်လည်းကောင်း၊ (အနီးနေသောအခါ၌သာလျှင် အချင်း ချင်း ဝတ်ပြုကြရမည်၊ မနေလျှင် မပြု၍ အပြစ်မရှိ။)

၃။ ပဗ္ဗဇ္ဇာစရိယ=ရှင်ပြုဆရာနှင့် ပဗ္ဗဇ္ဇန္တေဝါသိက တပည့်တို့သည် လည်းကောင်း။

၄။ ဥပသမ္ပဒါစရိယ=ပဉ္စင်းပြုပေးဆရာနှင့် ဥပသမ္ပဒန္တေဝါသိက တပည့်တို့သည်လည်းကောင်း တသက်ပတ်လုံး ဝတ်ပြုဖို့တာဝန် ရှိကြသည်ဟု မှတ်။

( သတ္တမအာကြိမ် )

(က) ဆရာလေးပါးနှင့် တပည့်လေးပါးတို့၌ တဦးနှင့်တဦး ဝတ်မပြုပဲ နေမိက အပြစ်လွတ်အောင် ဘယ်သို့ပြုသင့်သလဲ?

ဥပဇ္ဈာယ်ဆရာနှင့် သဒ္ဓိဝိဟာရိက တပည့်တို့နည်းတူ အချင်းချင်း ခွင့်လွှတ်ထားပါက ဝတ်မပြုမိ၍ အပြစ်မရောက်နိုင်ပါ၊ (ဥပဇ္ဈာယ်ယူခန်းကို ပြန်ရှု။)

(ခ) တေနိ စ သမ္ဗေသံ သမ္ဗဒါ စ ယထာရဟံ စရိတဗ္ဗာနိ-ဟူသော ဝတ်ပိုင်းစကား၏ အဓိပ္ပာယ် ဘယ်လိုလဲ?

ဆိုခဲ့သော ဝတ်တဆယ့်လေးပါးတို့ကို ရဟန်းသာမဏေ အားလုံးတို့သည် အခါခပ်သိမ်း အချိန်မရွေး ထိုက်သင့်လျော်သလို ကျင့်ထိုက်သည်၊ ကျင့်ရမည်၊ ကျင့်ပါလေဟု ဆိုလိုသည်၊ ဤ၌ သဗ္ဗဒါပုဒ်ဖြင့် ထိုဝတ်တို့ကို အချိန်ကာလရွေးမနေရဟု ပြသည်၊ ၈၂-ပါးသော မဟာဝတ်တို့ကား တဇ္ဇနီယကံပြုသောအခါ စသည်မျိုး၌သာ ပြုရသည်၊ အခါရွေးရသေးသည်။

ဒွေ အသီတိ မဟာဝတ္တာနိ ပန တဇ္ဇနီယကမ္မကတာဒိကာလေ ယေဝ စရိတဗ္ဗာနိ၊ န သဗ္ဗဒါ။ (ဝိ-ဋ္ဌ)

(ဂ) ဝတ္တံ အပရိပူရေန္တော-စသော ၁-၂ ဂါထာတို့ အဓိပ္ပါယ်ကား ဘယ်လိုလဲ?

ဝတ်မဖြည့်ကျင့်ခြင်းကြောင့် အပြစ်အဆက်ဆက်ဖြစ်ပုံ ပြပါသည်၊ ပြပုံမှာ ဝတ်မဖြည့်မကျင့်လျှင် သီလမပြည့်စုံပါ၊သီလမပြည့်စုံလျှင် ပညာကင်း၍ သမာဓိတည်ကြည်မှု မရနိုင်၊ တည်ကြည်မှုမရပဲ ပျံ့လွင့်သူသည် တရားအားထုတ်သော်လည်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားကို မြင်မတွေ့မည် မဟုတ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်မမြင်လျှင် ဝဋ္ဋဆင်းရဲဒုက္ခ ညွှတ်ကွင်းမှ မလွတ်ပဲ ဖြစ်တော့၏၊ ရှင်သာမဏေပြုစဉ် "သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ" ဆိုတဲ့ ရည်ရွယ်ချက်နှင့် မကိုက်ပါဟု ဆိုလိုသည်။

( သတ္တမအကြိမ် )

## (ဿ) ၃-၄ နံပါတ် ဂါထာတို့၏ အဓိပ္ပါယ်က ဘယ်လိုလဲ?

ထိုဝတ်အကျင့်ကို ကျင့်ရခြင်း အကျိုးကျေးဇူးကို ဖော်ပြတဲ့ဂါထာတို့ ဖြစ်ပါသည်၊ ပြုပုံ ဝတ်ဖြည့်လျှင် သီလပြည့်၏၊ သီလပြည့်လျှင် ပညာရှိ၍ သမာဓိတည်၏၊ သမာဓိရ၍ စိတ်ငြိမ်သက်လျှင် တရားနှလုံးသွင်းလိုက်က မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရား မြင်ပါရော။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မြင်လျှင် ဆင်းရဲဒုက္ခ ညွှတ်ကွင်းမှ လွတ်ရှင်း တွက်မြောက်ပါတော့၏၊အစရည်ရွယ်ချက်နှင့် ကိုက်ညီပါတော့သည်ဟု ဆိုလိုသည်။

## (င) တဿ ဟိ ဝတ္တံ ပူရေယျ-အစဖြသော ဂါထာ၏ အဓိပ္ပါယ် ဘယ်လိုလဲ?

ဆိုခဲ့သော ဝတ်အကျင့်တို့ကို မဖြည့်ကျင့်ခြင်း၏ အပြစ်နှင့် ဖြည့်ကျင့်ရသော အကျိုးထူးရှိပါသောကြောင့် ဝတ်အကျင့် တဆယ့်လေးပါးကို ကြိုးစားဖြည့်ကျင့်ထိုက်လှပေသည်၊ ဘုရားမြတ်၏ ဆုံးမဩဝါဒကို ရိုသေလေးစားစွာ ပြုလုပ်ပါသော ပညာရှင် ဘုရားသားတော်သည် နိဗ္ဗာန်ကို ကေန် ရပါလိမ့်မည်ဟု ဆိုလိုသည်။

## လေ့ကျင့်ခန်း ပုစ္ဆာ

၁။ ဝစ္စကုဋီအိမ်အတွင်း၌ ကနုတံမရှိ၍ မသုတ်ခဲ့လျှင် ဒုက်အပြစ်သင့်နိုင်သလား။

၂။ ကေသီရုံရမ်း၍ ကုဋီတက်သာမဏေဘယ်အပြစ်ရောက်ပါသလဲ။

၃။ စာချပေးဆရာကို ဘယ်ဆရာခေါ်သည်ဟု အမည်မျှ ဖော်ပြ၍ ထိုစာချဆရာကို နှစ် ဘယ်လောက်ကြာအောင် ဝတ်ပြုသင့်ပါသလဲ ပိုင်းခြားပြပါ။

၄။ တပည့်ဖျားနေသောအခါ ဥပဇ္ဈာယ်က ပြုရသော ဝတ်ငါးခုလောက် ထုတ်ပြပါ။

၅။ ဝတ်ပြုလျှင် အကျိုးထူးရသည်ဟု ပြသော ဂါထာကို ပါဠိမျှ ရေး၍ စိတ်ငြိမ်သက်မှုမရလျှင် ဘယ်တရား ပျက်ကွက်သည်ဟု ဖော်ပြပါ။

ဝတ်ပိုင်း မှတ်သားဖွယ် ပြီးပြီ။

## ကျမ်းရေးသူ သတိပေးချက်

ပဗ္ဗဇ္ဇာ ဟိ နာမေသာ ပဋိသန္ဓိဂဟဏသဒိသာ၊ ယထာ မနုဿာ ယတ္ထ ပဋိသန္ဓိံ ဂဏှန္တိ၊ တေသံယေဝ ကုလာနံ အာစာရံ သိက္ခန္တိ၊ ဧဝံ ဘိက္ခူပိ(သာမဏေရာပိ)ယေသံ သန္တိကေ ပဗ္ဗဇန္တိ၊ တေသံယေဝ အာစာရံ ဂဏှန္တိ–

ဟူသော သဒ္ဒါယတနသံယုတ် အာသီဝိသဝဂ္ဂစတုတ္ထသုတ် အဋ္ဌကထာနှင့်အညီ ယခုအခါသာသနာလောက၌ ဆရာရဟန်းထံ သားငယ် တပည့်ငယ်များကို ရှင်ရဟန်းအဖြစ် အပ်နှံထားကြခြင်းသည် ဘဝအသစ်၌ ပဋိသန္ဓေအသစ် ယူစေခြင်းနှင့်တူ၏၊ လူ့ဘဝ၌ ပဋိသန္ဓေ နေသူသည် မိမိဖြစ်ရာ မိဘမျိုးနွယ်၏ ရိုးရာလိုက်၍ စားသောက်နေထိုင် ကျင့်ကြံလေ့ရှိသကဲ့သို့ ဆရာကောင်းထံ အပ်နှံမိလျှင် ဆရာကောင်း၏ အတုလိုက်၍ ဆရာမကောင်းထံ အပ်နှံမိလျှင်လည်း ဆရာမကောင်း၏ အကျင့်ဓလေ့ကိုသာ လိုက်မိတော့သည်၊ ထို့ကြောင့် ကျနစွာ သင်ပြမပေးတတ်သော ဆရာထံ၌ ရှင်ရဟန်းပြု၍နေမိခြင်းသည် အမျိုးညံ့၌ပဋိသန္ဓေယူမိသည်နှင့်တူ၏၊ ကျနစွာ သင်ပြပေးတတ်သော ဆရာထံ နေမိခြင်းသည် အမျိုးကောင်း မိဘကောင်းထံ၌ ပဋိသန္ဓေ နေမိသူနှင့် တူ၏၊ ဤကို ရည်၍ **နွားချစ်လျှင် မောင်း၍ခြံသွင်း၊ တပည့်သားချစ်လျှင် ဆရာကောင်းထံ အပ်နှင်း** ဟူသော ဆုံးမစာကို ဆိုရိုးပြုလေသည်၊ ထို့ကြောင့် မိဘ, ဆရာသမားတို့သည် သားငယ် တပည့်ငယ်များကို အထူးစိစစ်၍ ဆရာကောင်း ဆရာမြတ်ဟုံထံ၌ ရှင်ပြု ရဟန်းပြုရန် အပ်နှံမိဖို့ အထူးအရေးကြီးကြောင်းကို သတိ ပေးလိုက်ရပါသတည်း။

၁၃၁၂-ခုနှစ်က ရေးသားပြီးခဲ့ရာ လွန်စွာ ကျယ်လွန်း၍ စက်တင်မှု မပြုပဲ ကြာမြင့်ခဲ့သဖြင့် ယခုအခါ မူဟောင်းမှ စာသွားများ ပြင်ဆင်၍ တဖန်ရေးသားရာ ၁၃၁၈-ခု ဝါခေါင်လပြည့်ကျော် ၇-ရက် အင်္ဂါနေ့ **ရွှေဂူရှင်ကျင့်ဝတ် အကျယ်ကျမ်း** ပြီးဆုံးခြင်းသို့ ရောက်လေသည်။

(သတ္တမအကြိမ်)

# ဆုတောင်း

ဣမိနာ စ ဘဝေ မမှိ၊ သစ္ဆိကရေ အနာသဝံ။
နော စေ ဧတ္ထဝ နေယျော စေ စ၊ မေတ္တေယျဗုဒ္ဓသာသနေ။
ရွှေဂူစရိယထေရေန၊ ပဲခူးနဂရဝါသိနာ။
သုဇနာနံ သုသိက္ခာယ၊ မုဒ္ဒိတာယံ ဝိသောဓိတာ။

ရွှေဂူရှင့်ကျင့်ဝတ် အကျယ်ကျမ်း ပြီး၏။

( သတ္တမအကြိမ် )

စ-ပ-ပ-က—၃-၅-၀၂—၂၀၀၀

( သတ္တမအကြိမ် )

# ရှင်ပြုလိုသူတို့ သိမှတ်ဖွယ်

ယခုခေတ် ရှင်ပြုချိန်နီးကပ်မှ ဆရာရဟန်းထံ ပို့ထားခြင်းကား သားများကို ချစ်ရာမကျပဲ နှစ်ရာကျပေသည်။

ရှင်လုပ်ငန်းနားမလည်ပဲ ရှင်ပြုရရှာသော သူငယ်၌ ရည်ရွယ်ချက်မကိုက်ပဲ အကျိုးစီးပွား နည်းတတ်သည်။

ဆရာရဟန်းထံ၌ ရှင်လောင်းသားကောင်းတို့ကို အစောက ပို့သင့်၏၊ သာသနာ့ဘောင် မနေနိုင်သူတို့ အယုတ်ဆုံး တလ ထားသင့်၏။

သို့ပါမှသာ သာသနာနှင့်စပ်သော လုပ်ငန်းများ ဗဟုသုတ ပွားများရာသည်။

ဆရာတို့က သရဏဂုံ ပီသအောင် သင်ပေးသင့်၏။

ပစ္စဝေက္ခဏာများ ဉာဏ်သက် ဆင်ခြင်နိုင်အောင် ဆံရိတ်သောအခါ ဆင်ခြင်ရန် တစပဥ္စက ကမ္မဋ္ဌာန်း သင်ပေးသင့်၏။

အချိန်ရသလို ဥပဇ္ဈာယ်ယူပုံ, သီလခံယူပုံနှင့် ဆယ်ပါးသီလ၏ အဓိပ္ပာယ်, လိင်, ဒဏ်, သေခိယ စသည်တို့ သင်ပေးသင့်၏။

ရှင်ပြုပြီးစ သာမဏေကို ကုဋိတက်ပုံ, ဆွမ်းစားပုံ, သင်္ကန်းဝတ်ပုံ, ရွာတွင်းသွားလာပုံ စသည်တို့ နားပါးဝအောင် သင်ပေးသင့်၏။

ရှင်သာမဏေအား လူ့လောက၌ နေသောအခါ သာသနာကြည်ညိုတတ်အောင် ကပ္ပိပုံ, ဆွမ်းကပ်ပုံ, ဦးချပုံ, လျှောက်ပုံ, ဆရာထံ ဆည်းကပ်ပုံ စသော လက်တွေ့လုပ်ငန်းတို့ကို သင်ပေးသင့်၏။

သို့မှသာ အနာဂတ်သာသနာရေး မြော်ဘွေး၍ ကောင်းမွန်ဖွယ်ရှိမည်။